www.kelasa.org



ဒီကျမ်းငယ်မှာ ဗုဒ္ဓဝါဒအကြောင်း တင်ပြပုံက သူ တစ်ပါးကို မထိခိုက်ဘူး၊ ညင်သာတယ်။ ပြီးတော့ ရှင်းလင်းတယ်။ သီဟိုဠ်က ရဟန်းပညာရှင်တွေ ဆီမှာ စစ်ဆေးခံ ထားပြီးဖြစ်လို့ ကျမ်းဂန်နဲ့ ညီ ညွတ်မှုအနေနဲ့လည်း အာမခံတယ်။

ကံအကြောင်း၊ အနတ္တအကြောင်း၊ နိဗ္ဗာန် အယူအဆနဲ့ ဘဝသစ် ပြန်ဖြစ်ပုံကို ရှင်းပြထား တာတွေက ထိမိတယ်။ အဲဒီ ခေတ်အချိန်က သီဟိုဠ်နိုင်ငံ ရဟန်းလောကမှာ အလွန်ထင်ရှားပြီး ဩဇာတိက္ကမ ကြီးမားတဲ့ အရှင်သုမင်္ဂလမဟာ ထေရ်လို ပုဂ္ဂိုလ်ကြီးရဲ့ အသိအမှတ်ပြုခံရ (အောင် လက်မှတ်ရ)ကြောင်း ပထမဆုံး အကြိမ်ရိုက်တဲ့ ကျမ်း စာနိဒါန်းမှာ ဖော်ပြထားတာကို တွေ့ရလို့ ...

ရှေးအခါက အရှင်မဟာဗုဒ္ဓဃောသ မထေရ် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကို ရေးဖို့ သီဟိုဠ်က မထေရ် ကြီးတွေရဲ့ ခွင့်ပြုချက် ရယူရတယ် ဆိုတာကို အမှတ်ရမိသေးတော့တယ်။

(ဘာသာပြန်သူ)

www.kelasa.org

ဗုဒ္ဓဝါဒအမေးအဖြေကျမ်း

အရှင်ကေလာသ

မြန်မာပြန်သည်

# ဗုဒ္ဓဝါဒအမေးအဖြေကျမ်း

## ဟင်နရီ အက်စ် အိုလ်ကော့ (တ်)

# The Buddhist Catechism

## Henry S. Olcott

## အရှင်ကေလာသ

ဓမ္မာစရိယ၊ B.A (Philo) M.A. (Buddhism)

မြန်မာပြန်သည်

www.kelasa.org

www.kelasa.org



နောက်ဆက်တွဲ ၁၁၆–၁၂၂
စည်းလုံးညီညွတ်မှုရဲ့ အခြေခံဖြစ်တဲ့ မြောက်ပိုင်း
ဗုဒ္ဓဝါဒရော တောင်ပိုင်း ဗုဒ္ဓဝါဒကပါ
လက်ခံထားတဲ့ အချက်အလက် ၁၄ ခု

ကျမ်းကိုးစာရင်း ၁၂၃–၁၂၄

ဗုဒ္ဓဘာသာလူဦးရေ အခြေပြဇယားများ ၁၂၆

ဇယား (၁) ဗုဒ္ဓဘာသာဝင်ဦးရေ ရာခိုင်နှုန်း အများဆုံး
နိုင်ငံပေါင်း ၂၀ ၁၂၇

ဇယား (၂) ဗုဒ္ဓဘာသာဝင်ဦးရေ အရေအတွက် အများဆုံး
နိုင်ငံပေါင်း ၂၀ ၁၂၈

ဇယား (၃) အာဖရိကတိုက်ရှိ ဗုဒ္ဓဘာသာဝင် ဦးရေ ၁၂၉

ဇယား (၄) အာရှတိုက်ရှိ ဗုဒ္ဓဘာသာဝင် ဦးရေ ၁၂၉

ဇယား (၅) ဥရောပတိုက်ရှိ ဗုဒ္ဓဘာသာဝင် ဦးရေ ၁၂၉

ဇယား (၆) အမေရိကတိုက်ရှိ ဗုဒ္ဓဘာသာဝင် ဦးရေ ၁၃၀

ဇယား (၇) ပစိဖိတ်ကျွန်းရှိ ဗုဒ္ဓဘာသာဝင် ဦးရေ ၁၃၀

ဇယား (၈) ကမ္ဘာ့လူဦးရေနှင့် ဘာသာရေးအခြေပြ ၁၃၀

ဇယား (၉) ကမ္ဘာတစ်လွှား ဗုဒ္ဓဘာသာဝင်များ ၁၃၁–၁၃၃

www.kelasa.org

# ဗုဒ္ဓဝါဒအမေးအဖြေကျမ်း

ဟင်နရီ အက်စ် အိုလ်ကော့ (တ်)

# The Buddhist Catechism

Henry S. Olcott

အရှင်ကေလာသ
ဓမ္မာစရိယ၊ B.A (Philo) M.A. (Buddhism)
မြန်မာပြန်သည်

www.kelasa.org

www.kelasa.org

# မာတိကာ


ဘာသာပြန်သူရဲ့ နှုတ်ခွန်းဆက် င–ဆ

ကျမ်းပြုသူရဲ့ ရည်ညွှန်းချက် ဇ

ပထမအကြိမ် ပုံနှိပ်ခြင်း အမှတ်တရ ည

၃၃ ကြိမ်မြောက် ပုံနှိပ်ခြင်း နိဒါန်း ည–တ

၃၆ ကြိမ်မြောက် ပုံနှိပ်ခြင်း နိဒါန်း ဍ–ဎ

အကြိမ် ၄၀ မြောက် ပုံနှိပ်ခြင်း နိဒါန်း ဎ–ဏ

၄၂ ကြိမ်မြောက် ပုံနှိပ်ခြင်း နိဒါန်း တ

အခန်း ၁

မြတ်ဗုဒ္ဓရဲ့ ဘဝဖြစ်စဉ် ၁–၂၆

အခန်း ၂

ဓမ္မ သို့မဟုတ် ဗုဒ္ဓဟောကြား မြတ်တရား ၂၉–၇၆

အခန်း ၃

သံဃာ သို့မဟုတ် ရဟန်းတော်များ ၇၈–၈၅

အခန်း ၄

ဗုဒ္ဓဝါဒ တိုးတက် ပျံ့နှံ့လာခြင်း ၈၇–၉၈

အခန်း ၅

ဗုဒ္ဓဝါဒနဲ့ သိပ္ပံပညာ ၁၀၀–၁၁၄



ပုံနှိပ်ရာဇဝင်
254 N Wickiup Road
Apache Junction Junction, AZ 85219
(480) 288-0789


www.kelasa.org

www.kelasa.org

www.kelasa.org

## ကျမ်းပြုသူရဲ့ ရည်ညွှန်းချက်

ကျွန်ုပ်အနေနဲ့ ဟောဒီ ဗုဒ္ဓဝါဒ အမေးအဖြေကျမ်းရဲ့ တည်းဖြတ်ပြီးမှုကို ကျွန်ုပ်ရဲ့ ဆွေးနွေးတိုင်ပင်စရာ အကြံပေး ပုဂ္ဂိုလ်လည်းဖြစ်၊ နှစ်ပေါင်းများစွာ မိတ်ဆွေလည်း ဖြစ်ခဲ့တဲ့ သိရိပါဒကျောင်းတိုက်နဲ့ အနောက်ဖျားဒေသရဲ့ ပဓာနနာ–ယကနဲ့ အဆင့်မြင့်မထေရ် ဖြစ်တော်မူသော ဟိက္ကာဒုဝေ သုမင်္ဂလမထေရ်မြတ်အား လေးစားခြင်းနဲ့ ချစ်ခင်ရင်းနှီးခြင်း အမှတ်တရအဖြစ် အထူး ရည်ညွှန်းပါတယ်။

ဟင်နရီ စတီးလ် အိုလ်ကော့(တ်)
အရှာမြို့

## ဘာသာပြန်သူရဲ့ နှုတ်ခွန်းဆက်

လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၅၀ ကျော်အချိန်က အင်မတန် နှုတ်ရေးကောင်းတဲ့ သီရိလင်္ကာနိုင်ငံသား ရဟန်းငယ်တစ်ပါး ပေါ်ထွန်းခဲ့ဖူးတယ်။ ဘွဲ့အမည် အရှင်ဂုဏာနန္ဒတဲ့။ ခရစ်ယန် ဘုန်းကြီးတွေကို စိန်ခေါ်ပြီး မြို့တကာ နယ်တကာ လှည့်လည်ရင်း စကားစစ်ထိုးခဲ့တဲ့ အာဂသတ္တိခဲ ရဟန်းငယ်ပေါ့။ သမုဒ္ဒရာကမ်းခြေက ပနာဒုရလို့ခေါ်တဲ့ သာယာလှပတဲ့ သီရိလင်္ကာ မြို့ကလေးမှာ အေဒီ ၁၈၇၃ မှာ ကျင်းပခဲ့တဲ့ စကားစစ်ထိုးပွဲကတော့ ကမ္ဘာကျော်တယ်။။ အဲဒီအချိန်က အရှင်မြတ်က သက်တော် ၅၀ နှစ်ဖြစ်လို့ ဉာဏ်မီးတောက်တဲ့ အချိန်ပေါ့။

ခရစ်ယန်ဘက်က ပြောဆိုသူ ဘုန်းတော်ကြီး ဒေးဗစ် သီလဝ (အင်္ဂလိပ်လူမျိုး နှစ်ခြင်းခရစ်ယန် သာသနာပြု)ဟာ ပါဠိနဲ့ သက္ကတကို ကောင်းစွာ ပြောဆိုနိုင်လို့ ဗုဒ္ဓဘာသာ ဘုန်းကြီးတွေကို ပညာမတတ်ဘူးလို့ အထင်သေးသတဲ့။ တက်ရောက် နားထောင်သူ ပရိသတ် ၇၀၀၀ လောက်ကို ခံ့ညားတဲ့ စကားလုံးတွေနဲ့ ထိုးစစ်ဆင်ပေမယ့် ပရိသတ်အနည်းစုပဲ သူပြောတာကို နားလည်သတဲ့။ ဒါပေမယ့် ဗုဒ္ဓဝါဒ၊ ခရစ်ယန်ဝါဒ ကျမ်းတွေအပြင် သက္ကတဘာသာနဲ့ ရေးထားတဲ့ ဒိန္နာဂါရဲ့ ဉာယဗိန္ဒု၊ ဓမ္မကိတ္တိရဲ့ တက္ကသုတ္တရတို့လို ကျမ်းတွေကိုပါ နှံ့စပ်တဲ့ အရှင်ဂုဏာနန္ဒ မထေရ်က အများ နားလည်လွယ်တဲ့ နေ့စဉ်သုံး စကားလုံးတွေနဲ့ ပြန်ချေပလို့ သူ့တင်ပြချက်တွေကို ပရိသတ်ရဲ့ နှလုံးသားထဲ အရောက် ပို့ပေးနိုင်တယ်လို့ အဲဒီစကားစစ်ထိုးပွဲကို အကဲဖြတ်ကြတဲ့ ပညာရှင်တွေက သုံးသပ်ကြပါသတဲ့။ (Wikipedia)။

ဒီစကားရည် လုပွဲကြောင့် လူပ်လူပ်ရှားရှား ဖြစ်သွားပြီး သတင်းစာတွေမှာ ပြောကြဆိုကြ ရေးသားကြလို့ သတင်းတွေက အမေရိကထိ ပျံ့သွားခဲ့တယ်။ အဲဒီမှာ အစကတည်းက ဗုဒ္ဓဘာသာကို စိတ်ဝင်စားနေတဲ့ အမေရိကန်လူမျိုး ဗိုလ်မှူးကြီးဟောင်း၊ ရှေ့နေ ဟင်နရီ စတီးလ် အိုလ်ကော့(တ်)ဟာ ဒီသတင်းတွေနဲ့အတူ အဲဒီ စကားရည်လုပွဲမှာ နှစ်ဖက် ပညာရှိတို့ ပြောဆိုကြတာတွေကို J.M. Peebles အမည်ရှိ ပုဂ္ဂိုလ်

www.kelasa.org

www.kelasa.org



က *Buddhism and Christianity Face to Face* လို့အမည်တပ်ပြီး အမေရိကမှာ အင်္ဂလိပ်ဘာသာနဲ့ ထုတ်ဝေတဲ့ စာအုပ်ကို ဖတ်မိပြီး မိတ်ဆွေဖြစ်သူ အမေရိကန် သီအိုဆိုဖီအဖွဲ့ ခေါင်းဆောင် ရုရှားအမျိုးသမီးကြီး အိုင်ချ် ပီ ဗလာဘာစကီနဲ့အတူ သီရိလင်္ကာကို ရောက်လာခဲ့တယ်။ လေ့လာစုံစမ်း မေးမြန်းဆင်ခြင်ပြီး၊ နောက်ဆုံး ၁၈၈၀ ခုနှစ်မှာ ဂေါလေမြို့မှာ ဗလာဘာစကီနဲ့အတူ အရှင်ဂုဏာနန္ဒထံမှာ သရဏဂုံနဲ့ ငါးပါးသီလ ခံယူပြီး မိမိတို့ဟာ ဗုဒ္ဓဘာသာဝင်ဖြစ်ကြောင်း လူသိရှင်ကြား ကြေငြာလိုက်ကြတယ်။ (John Snelling, *The Buddhist Handbook,* p. 107)။

အိုလ်ကော့(တ်)လို ပုဂ္ဂိုလ်တစ်ယောက် ဗုဒ္ဓဝါဒီ ဖြစ်သွားခဲ့တာဟာ အဲဒီ စကားရည်လုပွဲရဲ့ အဖိုးမဖြတ်နိုင်တဲ့ အမြတ်ပါပဲ။ ဘာကြောင့်ဆို အိုလ်ကော့(တ်)ဟာ မိမိရဲ့ စည်းရုံးရေး စွမ်းရည်နဲ့ ထေရဝါဒ ဗုဒ္ဓသာသနာ ပြန့်ပွားအောင် များစွာ အားပေး ဆောင်ရွက်သွားလို့ပါပဲ။ သီဟိုဠ်နဲ့ အခြား ဗုဒ္ဓဘာသာ နိုင်ငံတွေမှာ သူ့နာမည်ဟာ အင်မတန် ထင်ရှားပါတယ်။ သူဟာ တောင်ပိုင်းနဲ့ မြောက်ပိုင်း ဗုဒ္ဓဝါဒနှစ်ခု စည်းလုံးညီညွတ်ဖို့လည်း ကြိုးပမ်းခဲ့တယ်။ အခု ဘုန်းကြီးတို့ တွေ့နေရတဲ့ သာသနာ့အလံဟာ အိုလ်ကော့(တ်)ရဲ့ ဦးနှောက်ထဲက စိမ့်ထွက်ခဲ့တာပေါ့။ ဟောဒီ ဗုဒ္ဓဝါဒအမေးအဖြေကျမ်း (The Buddhist Catechism)ကိုလည်း မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ မသိမ်းခင် ငါးနှစ်အလိုက သူပဲ ရေးခဲ့တာ။

ဒီဂန္ထဝင်ကျမ်းစာငယ် ဖြစ်ပေါ်လာဖို့ အကြောင်းဖန်ခဲ့ပုံကလည်း စိတ်ဝင်စားစရာ မကောင်းဘူးလား။ ဒီကျမ်းငယ်ကို သီရိလင်္ကာနိုင်ငံက ဗုဒ္ဓဘာသာ စာသင်ကျောင်းတွေမှာ ဖတ်စာအုပ်အနေနဲ့ ပြဋ္ဌာန်းထားတယ်။ ဒီကျမ်းငယ်ရဲ့ ၁၉၃၇ ခုနှစ်ထုတ် (ရေးပြီးနောက် ၅၆ နှစ်အကြာ)မှာ ကျမ်းပြုသူ ကိုယ်တိုင် ရေးတဲ့ အမှာစာအရ ဘာသာပေါင်း နှစ်ဆယ်ကျော်နဲ့ ပြန်ဆို ထုတ်ဝေထားကြောင်း သိရတယ်။ အဲဒါနဲ့ မြန်မာဘာသာနဲ့လည်း ရှိသင့်တဲ့ ကျမ်းငယ်ပဲလို့ ဘုန်းကြီး စဉ်းစားမိလို့ အခုစာဖတ်သူရဲ့ လက်ထဲကို ဒီကျမ်းစာငယ် ရောက်လာခဲ့ရတာပါ။

ဗိုလ်မှူးကြီး အိုလ်ကော့(တ်)ကို အမေရိကန်ပြည်ထောင်စု နယူးဂျာစီပြည်နယ်၊ အောရင့်ချ် (Orange)မြို့မှာ ၁၈၃၂–ခုနှစ်၊ ဩဂုတ်လ ၂–ရက်နေ့ မွေးတယ်။ နယူးယောက်စီတီးကောလိပ်နဲ့ ကောလံဘီယာ တက္ကသိုလ်တွေမှာ ပညာသင်ကြားခဲ့တယ်။ New York Tribune မှာ စိုက်ပျိုးရေး သတင်းထောက်၊ ရှေ့နေအဖြစ် သက်မွေးဝမ်းကျောင်း ပြုပြီး ပြည်တွင်းစစ်ကာလမှာ စစ်မှုထမ်းခဲ့တယ်။ ၁၈၆၀ မှာ မေရီ အက်ပလီ (Mary Epplee)နဲ့ အိမ်ထောင်ကျပြီး ကလေး ၄ ယောက် မွေးရာမှာ နှစ်ယောက်ပဲ အသက်ရှင်တယ်။ ၁၈၆၅ ခုနှစ်၊ သမ္မတ လင်ကွန်း လုပ်ကြံ ခံရတဲ့အခါ အထူး စုံစမ်းစစ်ဆေးရေး အရာရှိအဖြစ် ဆောင်ရွက်ခဲ့တယ်။ ၁၈၇၄ ခုနှစ်မှာ ဗလာဘာစကီနဲ့ တွေ့ဆုံမိရာကနေ ပြောပြထားတဲ့အတိုင်း သူ့ရဲ့ဘဝ တစ်ဆစ်ချိုး ပြောင်းလဲသွားခဲ့တယ်။ ၁၉၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇၊ အိန္ဒိယနိုင်ငံ အချာမြို့မှာ ကွယ်လွန်တယ်။



ဒီကျမ်းငယ်မှာ တင်ပြပုံက သူတစ်ပါးကို မထိခိုက်ဘူး၊ ညင်သာတယ်။ ပြီးတော့ ရှင်းလင်းတယ်။ သီဟိုဠ်က ရဟန်းပညာရှင်တွေဆီမှာ စစ်ဆေးခံထားပြီးဖြစ်လို့ ကျမ်းဂန်နဲ့ ညီညွတ်မှုအနေနဲ့လည်း အာမခံတယ်။ ကံအကြောင်း၊ အနတ္တ အကြောင်း၊ နိဗ္ဗာန်အယူအဆနဲ့ ဘဝသစ်ပြန်ဖြစ်ပုံကို ရှင်းပြထားတာတွေက ထိမိတယ်။ အဲဒီခေတ်အချိန်က သီဟိုဠ်နိုင်ငံ ရဟန်းလောကမှာ အလွန်ထင်ရှားပြီး ဩဇာတိက္ကမ ကြီးမားတဲ့ အရှင်သုမင်္ဂလမဟာထေရ်လို ပုဂ္ဂိုလ်ကြီးရဲ့ အသိအမှတ်ပြုခံရ (အောင်လက်မှတ်ရ)ကြောင်း ပထမဆုံး အကြိမ်ရိုက်တဲ့ ကျမ်းစာမှာ ဖော်ပြထားတာကို တွေ့ရလို့ ရှေးအခါက အရှင်မဟာဗုဒ္ဓဃောသမထေရ် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကို ရေးဖို့ သီဟိုဠ်က မထေရ်ကြီးတွေရဲ့ ခွင့်ပြုချက် ရယူရတယ်ဆိုတာကို အမှတ်ရမိသေးတော့တယ်။

ကဲ၊ ကျမ်းပြု ပုဂ္ဂိုလ်နဲ့ ကျမ်းစာအကြောင်း ဒီလောက် ပြောပြပြီးရင် သူဘာရေးထားသလဲ ဆိုတာကို အသေးစိတ်တော့ မိမိဘာသာပဲ ဖတ်ရှုကြည့်ပြီး ဆုံးဖြတ်ပါ။

အရှင်ကေလာသ

ဖေဖော်ဝါရီ ၂၃၊ ၂၀၁၂–ခုနှစ်။

www.kelasa.org



ဆင်သင့် ဖြစ်နေပါပြီ။ သီဟိုဠ်ဘာသာပြန် အသစ်ကိုလည်း ကိုလံဘိုမှာ ရိုက်ဖို့ ပြင်ဆင်နေပါတယ်။ *Fragments of a faith Forgotten, Pistis Sophia* နဲ့ အခြား ခရစ်ယန် မူရင်းကျမ်းစာတွေကို ရေးသားခဲ့တဲ့ ဂျီ အာရ် အက်စ် မိး (ဒ်)လို ရင်ကျက်တဲ့ ပညာရှင် တစ်ယောက်ကတောင် အဖိုးတန်ပုံကို စဉ်းစားရတဲ့ ဒီကျမ်းစာလေးက ဗုဒ္ဓဘာသာပါလို့ လူသိရှင်ကြား ကြေငြာထားသူ ကျွန်ုပ်လို ဗုဒ္ဓဝါဒီတစ်ယောက်ကို အတော် ဆွဲဆောင်နိုင်ပါလိမ့်မယ်။

မိး (ဒ်)က *Theosophical Review* စာစောင်မှာ 'ကျမ်းစာလေးကို ဘာသာစကား နှစ်ဆယ်ကျော်ထက် မနည်းနဲ့ ဘာသာပြန်ထားပြီး ဖြစ်တယ်။ (အခြား ဘာသာတရားတွေနဲ့) ဆန့်ကျင်ဘက် မရှိသလောက်ဘဲလို့ ဆိုနိုင်တယ်။ (အဲဒါကြောင့်ပဲ) ရှည်လျားပြီး ငြိးငွေ့ဖွယ်ကောင်းလှတဲ့ အဲဒီဓမ္မရဲ့ မှတ်တမ်း အစစ်အမှန်တွေနဲ့ ပတ်သက်ပြီး နှစ်ပေါင်းများစွာ အသုံးအဝင်ဆုံး ဗုဒ္ဓဝါဒဆိုင်ရာ သတင်းဖြန့်ချိရေး ကိရိယာ ဖြစ်ခဲ့တယ်။ ပညာတတ် သီဟိုဠ် ဗုဒ္ဓဝါဒီတွေဟာ ဗိုလ်မှူးကြီး အိုလ်ကော့(တ်)နဲ့ ၎င်းတို့(သီဟိုဠ်ဗုဒ္ဓဝါဒီတွေ)အတွက် ဆောင်ရွက်ပေးကြတဲ့ အခြားသော သီအိုဆိုဖီ အသင်းဝင်တွေအပေါ် တင်ရှိနေတဲ့ ကျေးဇူးကြွေးကို ပြန်ဆပ်နိုင်မယ့် အနည်းဆုံးအရာကတော့ မိမိတို့ရဲ့ ဌာနေဒေသခံတွေနဲ့ ဓမ္မအပေါ် အလင်းရောင်တစ်ခု ပစ်လွှင့်ဖို့ ကိုယ်တိုင် လှုပ်ရှားနိုးကြွဖို့ ဖြစ်ပါတယ်'လို့ ရေးသားခဲ့ပါတယ်။

အားလုံးနီးပါး ပညာတတ်တွေသာ ဖြစ်ကြတဲ့ ဗုဒ္ဓဝါဒီ သီဟိုဠ် ရဟန်းတော်တွေဆီက ဒီအကူအညီ ရရှိဖို့ ကျွန်ုပ်တို့ အကြာကြီး စောင့်ရဦးမှာကို ကျွန်ုပ် စိုးရိမ်ပါတယ်။ အနည်းဆုံးတော့ နှစ်ဆယ့်နှစ် ဆိုတဲ့ တိုတောင်းတဲ့ အချိန်ကာလအတွင်း အထွတ်အထိပ် ရောက်ဖို့ ကျွန်ုပ် စွမ်းနိုင်မှာ မဟုတ်ဘူး။ ပညာရှင် တစ်ယောက်အဖြစ် လုံးဝ ထင်မှတ်ထားခြင်းမရှိတဲ့ အမေရိကန် တစ်ယောက်အပေါ် မိမိတို့ရဲ့ ကလေးတွေကို ဓမ္မသင်ကြားရေးအတွက် ၎င်းတို့ကို ကူညီဖို့ သီဟိုဠ်သားတွေ အထင်သေးသင့်တယ်လို့ အမြဲတမ်း ကျွန်ုပ် ယူဆနေမိတယ်။

# ပထမအကြိမ် ပုံနှိပ်ခြင်း အမှတ်တရ

ဝိဇ္ဇောဒယကောလိပ်
ကောလံဘိုမြို့
ဇူလိုင် ၇-ရက်၊ ၁၈၈၁-ခုနှစ်။

ဘုန်းကြီးအနေနဲ့ ဗိုလ်မှူးကြီး အိပ်ချ် အက်စ် အိုလ်ကော့(တ်) စီစဉ်ရေးသားတဲ့ ဟောဒီ ဗုဒ္ဓဝါဒအမေးအဖြေကျမ်းရဲ့ သီဟိုဠ်ဘာသာပြန်ကို ဂရုတစိုက် စစ်ဆေးကြည့်ပြီးကြောင်းနဲ့ တောင်ပိုင်း (ထေရဝါဒ) ဗုဒ္ဓဝါဒမှာရှိတဲ့ ပါဠိတော် ကျမ်းဂန်တွေနဲ့လည်း ညီညွတ်ကြောင်း အသိအမှတ်ပြုပါတယ်။ ဗုဒ္ဓဘာသာကျောင်းတွေက ဆရာတွေအတွက်နဲ့ ငါတို့ဘာသာတရားရဲ့ အနှစ်သာရ အသွင်သဏ္ဌာန်နဲ့ ပတ်သက်လို့ သင်ယူခါစ ပုဂ္ဂိုလ်တွေကို သတင်းအချက်အလက် ဖြန့်ဖြူးလိုကြတဲ့ အခြားပုဂ္ဂိုလ် အားလုံးအတွက်ပါ ဟောဒီစာအုပ်ကို ဖတ်ရှုကြဖို့ ကျွန်ုပ် တိုက်တွန်းလိုက်ပါတယ်။

အိပ်ချ်၊ သုမင်္ဂလမထေရ်
သိရိပါဒနှင့် ဂေါလေကျောင်းတိုက် ပဓာနနာယက
ဝိဇ္ဇောဒယကျောင်း အဓိပတိ။

---------------------

ဝိဇ္ဇောဒယကောလိပ်
ဧပြီလ ၇-ရက်၊ ၁၈၉၇ ခုနှစ်။

သုံးဆယ့်သုံး ကြိမ်မြောက် ဗုဒ္ဓဝါဒအမေးအဖြေကျမ်း အင်္ဂလိပ်ဘာသာပြန်ကို ဘာသာပြန်သူတွေဆီက တစ်ဆင့် ကျွန်ုပ် စစ်ဆေးကြည့်ပြီးဖြစ်လို့ အင်္ဂလိပ်ဘာသာသင် ဘုန်းကြီးကျောင်းတွေမှာ အသုံးပြုဖို့အတွက် ကျွန်ုပ်ရဲ့ တိုက်တွန်းချက်ကို ထပ်မံ အတည်ပြုပါတယ်။

အိပ်ချ်၊ သုမင်္ဂလမထေရ်

-----------------------

www.kelasa.org

www.kelasa.org



## ၃၃ ကြိမ်မြောက် ပုံနှိပ်ခြင်း နိဒါန်း

ကျွန်ုပ်ရဲ့ မူလအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်တဲ့အနေနဲ့ ဒီအမေးအဖြေကျမ်းရဲ့ အသစ်ပြန်ရိုက်တဲ့ အင်္ဂလိပ်ဘာ ဖတ်စာအုပ်တိုင်းမှာ မေးခွန်းအသစ်တွေကို ထပ်ဖြည့်ပါတယ်။ (အဲဒီမေးခွန်းသစ်တွေ၊ အဖြေသစ်တွေဟာ) ဘာသာပြန်ပုဂ္ဂိုလ်တွေအနေနဲ့ ၎င်းတို့ အသုံးပြုတဲ့ အခြား ဘယ်ဘာသာစကားနဲ့မဆို ဘာသာပြန်ဆိုနိုင်ပါတယ်။ ရိုးသားတဲ့ ယေဘုယျ ရည်ရွယ်ချက်က ကျဉ်းပေမယ့် နားလည်လွယ်တဲ့ ဗုဒ္ဓဝါဒသမိုင်း၊ ကိုယ်ကျင့်တရား၊ ဒဿနတွေနဲ့ ပတ်သက်တဲ့ ရှင်တော်ဗုဒ္ဓ ဟောကြားတဲ့ မြင့်မြတ်တဲ့ အယူအဆတွေကို သင်ယူခါစ ပုဂ္ဂိုလ်တွေ နားလည်ပြီး နှစ်သက်မှုကို ပေးနိုင်ဖို့ အပြင်၊ ဒီလိုနဲ့ ဓမ္မကို အပြည့်အဝ လိုက်နာကျင့်သုံးရာမှာ ပိုမိုလွယ်ကူစေဖို့ ဖြစ်ပါတယ်။

ယခု အကြိမ် ပုံနှိပ်ထုတ်ဝေရာမှာ မေးခွန်းတွေ၊ အဖြေတွေ တော်တော်များများ ထပ်ဖြည့်ထားပါတယ်။ တစ်ချိန်တည်းမှာ အကြောင်းအရာကိုလည်း (၁) မြတ်ဗုဒ္ဓရဲ့ ဘဝဖြစ်စဉ် (၂) ဓမ္မ သို့မဟုတ် ဗုဒ္ဓဟောကြား မြတ်တရား (၃) သံဃာ သို့မဟုတ် ရဟန်းတော်များ (၄) ဗုဒ္ဓဝါဒသမိုင်းအကျဉ်း၊ သံဂါယနာတင်ပုံ ပြန့်ပွားပုံ (၅) သိပ္ပံနှင့် ဗုဒ္ဓဝါဒ နှိုင်းယှဉ်ခြင်းလို့ ကဏ္ဍငါးခု ခွဲလိုက်ပါတယ်။ အဲဒီလို ခွဲခြားလိုက်တာဟာ ဒီကျမ်းစာငယ်ရဲ့ တန်ဖိုးကို များစွာ တိုးတက်စေပြီး သီအိုဆိုဖီအဖွဲ့ရဲ့ အထွေထွေ ကြီးကြပ်မှုနဲ့ သီဟိုဠ်နိုင်ငံမှာ သီဟိုဠ်လူမျိုးတွေ ဖွင့်လှစ်ထားပြီးဖြစ်တဲ့ ဗုဒ္ဓဘာသာကျောင်းပေါင်း တစ်ရာကျော်မှာ အသုံးပြုဖို့လည်း ပိုမို သင့်လျော်စေမယ်လို့ ယုံကြည်ပါတယ်။ သုံးဆယ့်သုံးကြိမ်မြောက် ထုတ်ဝေရာမှာ ကျွန်ုပ်ရဲ့ မိတ်ဆွေဟောင်းကြီးတွေ၊ အရည်အချင်းပြည့်ဝတဲ့ သီဟိုဠ်လူမျိုး အပေါင်းအသင်းတွေဆီက အလွန်တန်ဖိုးကြီးမားတဲ့ အကူအညီတွေကို လက်ခံရရှိခဲ့ပါတယ်။

ဒီအမေးအဖြေကျမ်း မူရင်းကို ကိုလံဘို ပါဠိကောလိပ် လက်ထောက်ကျောင်းအုပ်၊ ဟေယန်တုဒုဝေရဲ့ အနုနာယက ဖြစ်ပြီး အလွန်



ထင်ရှားတဲ့ ပညာရှင် ရဟန်းတော် ပဓာနနာယက မထေရ်၊ အိပ်ချ်သုမင်္ဂလ မထေရ်နဲ့အတူ စကားလုံး တစ်လုံးချင်းစီ ကြည့်ရှု သုတ်သင်ခဲ့ပါတယ်။ ဒီပညာရှင် ရဟန်းတော်ကပဲ ဒီစာအုပ်ကိုလည်း ကြင်နာစွာ အသေးစိတ် စစ်ဆေးပြီး အဖိုးမဖြတ်နိုင်တဲ့ အချက်အလက်တွေကို ထည့်သွင်းဖို့ ပေးအပ်ခဲ့ပါတယ်။ သို့အတွက်ကြောင့် ဒီကျမ်းစာငယ်ဟာ ပင်မအနေနဲ့ ရှင်တော်ဗုဒ္ဓရဲ့ မူလတရားတော်တွေက ဆင်းသက်ခဲ့တဲ့ ထေရဝါဒ ဗုဒ္ဓဘာသာအတွက် သင့်မြတ်တဲ့ တင်ပြမှုတစ်ရပ် ဖြစ်ပါတယ်။ ဒီအမေးအဖြေကျမ်းကို အဓိကအားဖြင့် ဗုဒ္ဓဝါဒီတွေဖတ်ဖို့ ဘာသာပေါင်း နှစ်ဆယ်နဲ့ ထုတ်ဝေထားပြီး ဖြစ်ပါတယ်။

အိပ်ချ် အက်စ် အိုလ်ကော့ (တ်)
အချာမြို့ မေလ ၁၇–ရက်၊ ၁၈၉၇ ခုနှစ်။

---

## ၃၆ ကြိမ်မြောက် ပုံနှိပ်ခြင်း နိဒါန်း

တစ်ကြိမ်ပြီး တစ်ကြိမ် ထုတ်ဝေဖို့ တောင်းဆိုတာကို ကြည့်ရင် ဒီကျမ်းစာငယ်ရဲ့ လူသိများ ထင်ရှားမှုဟာ လျော့နည်းသွားပုံ မရသေးဘူး။ ဒီစာအုပ်ငယ်ကို သုံးဆယ့်သုံး ကြိမ်မြောက် ပုံနှိပ်နေတုန်းမှာ ပညာရှင် Dr. အဲရစ်ချ် ဗစ်(စ်)ကော့(ဖ်) (Dr. Erich Bischoff) ထပ်မံ ဘာသာပြန်တဲ့ ဂျာမန်ဘာသာပြန်ကို Griebens ကုမ္ပဏီက လစ်(ပ်)ဇစ် (Leipzig) မြို့မှာ ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပါတယ်။ ပြီးတော့ ကျွန်ုပ်ရဲ့ မိတ်ဆွေဟောင်း လုပ်ဖော်ကိုင်ဖက် ဗိုလ်ချုပ် ဒီအေ ကောမက်စ် (Courmes) ရဲ့ ပြင်သစ်ဘာသာပြန်လည်း တတိယအကြိမ် ပြင်သစ်မှာ ထွက်ဖို့ အာ

www.kelasa.org

www.kelasa.org



ပြီးတော့ စောစောက ရိုက်နှိပ်ခဲ့တဲ့ စာအုပ်တွေမှာ ကျွန်ုပ် ဆိုခဲ့ပြီးဖြစ်မယ်လို့ ယုံကြည်တဲ့အတိုင်း မည်သည့် ရဟန်းတော်ကမျှ ရေးသားမှာ မဟုတ်တာကို သိပြီးမှသာ 'ဗုဒ္ဓဝါဒအမေးအဖြေကျမ်း'ကို ရေးသားဖို့ ကျွန်ုပ် သဘောတူခဲ့ပါတယ်။ အကျိုးတရားက မည်သို့ ရှိစေ အနည်းဆုံး ကျွန်ုပ်ပြောနိုင်တာက ကျွန်ုပ်ရေးတဲ့ ကျမ်းစာနဲ့ ပတ်သက်တဲ့ ကျွန်ုပ်ဖတ်ထားတဲ့ ဗုဒ္ဓဝါဒ ကျမ်းဂန်တွေရဲ့ စာမျက်နှာ ၁၅၀၀၀ ရဲ့ အနှစ်သာရတွေ ဟောဒီ ကျမ်းစာငယ်မှာ ပါဝင်ကြောင်းပါပဲ။

အိပ်ချ် အက်စ် အိုလ်ကော့ (တ်)
အဍျာမြို့
ဖေဖော်ဝါရီလ ၇–ရက်၊ ၁၉၀၃ ခုနှစ်။

---

# အကြိမ် ၄၀ မြောက် ပုံနှိပ်ခြင်း နိဒါန်း

အင်္ဂလိပ်ဘာသာနဲ့ ဖြစ်စေ၊ အခြားဘာသာတွေနဲ့ ဖြစ်စေ အသစ် ထပ်မံ ရိုက်နှိပ်ဖို့ အဆက်မပြတ် တောင်းဆိုမှုတွေက ဒီကျမ်းစာငယ်ရဲ့ အသုံးများမှုကို သက်သေပြပါတယ်။ ယခုထုတ်ဝေတဲ့ စာအုပ်ကို ခြုံငုံကြည့်ရင် ပြင်ဆင်ဖို့ သို့မဟုတ် ထပ်ဖြည့်ဖို့ မဆိုစလောက်ဘဲ တွေ့ရတယ်။ ဘာဖြစ်လို့လဲ ဆိုရင် ဒီကျမ်းစာဟာ တောင်ပိုင်း ဗုဒ္ဓဝါဒ (ထေရဝါဒ)ရဲ့ သင်ကြားချက်အတွက် အလွန် သင့်မြတ်တဲ့ ယူဆချက်တွေ ပါဝင်နေလို့ ဖြစ်ပုံရတယ်။ ပြီးတော့ ကျွန်ုပ်ရဲ့ရည်ရွယ်ချက်က ဗုဒ္ဓဝါဒအကြောင်း ချဲ့ထွင် ရေးသားတဲ့ ကျမ်းစာ လုံးဝမဟုတ်လို့ ဘာသာရေးတွေကို

www.kelasa.org

www.kelasa.org



နှိုင်းယှဉ် လေ့လာတဲ့ ကျောင်းသားတစ်ယောက်ကို စိတ်ဝင်စားစေပေမယ့် အလယ်တန်း ကျောင်းသားတွေကို သင်ပြခြင်းအတွက် ကြောင်းကျိုး အစီအစဉ်မှာ အသုံးမတည့်တဲ့ အသေးစိတ် ရှင်းလင်းမှုတွေကို ကြိုးစားပြီး ရှောင်ကွင်းထားပါတယ်။

ကျွန်ုပ်လေးစားတဲ့ မိတ်ဆွေဖြစ်တဲ့ ကိုလံဘိုမြို့ အာနန္ဒ ဗုဒ္ဓကောလိပ် ကျောင်းအုပ်ကြီး ဒီ ဘီ ဇယတိလက (D. B. Jayatilaka) ထုတ်ဝေဖို့ ပြင်ဆင်နေပြီး (၈၈ ကြိမ်မြောက် ထုတ်ဝေတဲ့) သီဟိုဠ်ဘာသာပြန်ကို တစ်ချို့တစ်ဝက် ပုံနှိပ်ပြီးနေပေမယ့် မိတ်ဆွေမှာ အချိန် နည်းပါးတဲ့ အတွက် သူအားလပ်ချိန်ထိ အတော်အတန် စောင့်ရဦးမှာပါ။ တမီးလ်ဘာသာပြန် (၄၁ ကြိမ်မြောက်)ကို ထုတ်ဝေဖို့လည်း မဒရပ်မြို့ ပန်ချမ (Pañchama) အဖွဲ့ ခေါင်းဆောင်တွေ စီစဉ်နေကြပြီး မကြာခင် ပုံနှိပ်ပြီးစီးတော့မှာ ဖြစ်ပါတယ်။ စပိန်ဘာသာစကားနဲ့ (၃၉ ကြိမ်မြောက်) ကတော့ ကျွန်ုပ်မိတ်ဆွေ ဆန်ညို ဇီဖရေ (Seoñr Xifré) လက်ထဲကို ရောက်နေပါပြီ။ ဗိုလ်ချုပ် ကောမက်စ် တို့လည်း ပြင်သစ်ဘာသာပြန် (၃၇ ကြိမ်မြောက်) ကို ရိုက်ပြီးနေပြီ။

ဒါကြောင့် ကျမ်းစာငယ်ကတော့ ဆက်လက် ထုတ်ဝေနေရပြီး ဒီရိုးသားဖြူစင်တဲ့ အုပ်စုတွေကြောင့် ရှင်တော်ဗုဒ္ဓရဲ့ တရားဓမ္မကျွန်တွေကို ကမ္ဘာ အရပ်ရပ်သို့ သယ်ယူသွားနိုင်ပါစေသတည်။

ဟင်နရီ အက်စ် အိုလ်ကော့ (တ်)
အဍျာမြို့ ဇန်နဝါရီလ ၇–ရက်၊ ၁၉၀၅ ခုနှစ်။

---

## ၄၂ ကြိမ်မြောက် ပုံနှိပ်ခြင်း နိဒါန်း

ဟောဒီ ဗုဒ္ဓဝါဒအမေးအဖြေကျမ်းကို ရေးသားသူကတော့ ကမ္ဘာမြေပေါ်မှ ထွက်ခွာသွားပြီ ဖြစ်ပေမယ့် မကွယ်လွန်မီမှာ သူ့ကျမ်းစာထဲမှာ အမှားပြင်ဆင်ချက် အနည်းငယ်ကို ထည့်သွင်းဖို့ ရဟန်းတော် သုမင်္ဂလ မဟာထေရ်နဲ့ ပြင်ဆင်ခဲ့ပါတယ်။ အဲဒီ ပြင်ဆင်ချက်တွေကို အဲဒီ ဆရာတော်ရဲ့ ဆန္ဒအရ ယခု အကြိမ်ရိုက်တဲ့ စာအုပ်မှာ ထည့်သွင်းပြီး ၁၉၀၇ ခုနှစ်၊ နိုဝင်ဘာလမှာ ကိုလံဘိုမြို့မှာ ထပ်မံ ပုံနှိပ်ခဲ့ပါတယ်။

မေးခွန်းတွေရဲ့ နံပါတ်တွေကို ကျွန်ုပ် မပြောင်းလဲပါဘူး။ ဘာကြောင့်ဆို ကျောင်းသားအချို့က မူသစ်ရှိပြီး အချို့ မူဟောင်းရှိ နေရင် ရှုပ်ထွေးသွားနိုင်လို့ပါ။

အန်နီ ဘီဆင့်(တ်)
အဍျာမြို့ ဖေဖော်ဝါရီ ၁၇–ရက်၊ ၁၉၀၈ ခုနှစ်။

---

www.kelasa.org

www.kelasa.org



၁၃။ ဗုဒ္ဓရဲ့ အဓိပ္ပာယ်က ဘာလဲ။

ထိုးထွင်း၍ သိပြီးသော၊ သို့မဟုတ် အလုံးစုံ ပြီးပြည့်စုံသော ဉာဏ်ပညာရှိသူ။ ပါဠိစကားလုံးက သဗ္ဗညုတ ဖြစ်ပြီး အနိုင်းမဲ့ ဉာဏ်ပညာရှိသူ။ သက္ကတလို 'သာရဝဉာဏ' တဲ့။

၁၄။ ဒါဖြင့်ရင် ဗုဒ္ဓရဲ့ နာမည်ရင်းက ဘာပါလဲ။

သိဒ္ဓတ္ထဆိုတာ သူ့ရဲ့ မင်းသားနာမည်၊ အမျိုးအနွယ်ရဲ့ နာမည်က ဂေါတမ တဲ့။ မင်းသိဒ္ဓတ်ဟာ ကပိလဝတ္ထုရဲ့ မင်းသားဖြစ်ပြီး သောဠာရ (Solar) လူမျိုး၊ ထင်ရှားတဲ့ ဩက္ကာက မင်းမျိုးက ဆင်းသက်သူပါ။

၁၅။ ခမည်းတော်နဲ့ မယ်တော်က ဘယ်သူတွေလဲ။

ဘုရင် သုဒ္ဓေါဒနနဲ့ မယ်တော် မဟာမာယာ ဖြစ်ပါတယ်။

၁၆။ ဒီမင်းက ဘယ်လူမျိုးတွေကို အုပ်ချုပ်ခဲ့တာလဲ။

သကျလူမျိုးတွေကိုပါ။ အာရိယန် အနွယ်ဝင် ခတ္တိယတွေပေါ့။

၁၇။ ကပိလဝတ္ထုမြို့က ဘယ်မှာ ရှိသလဲ။

အိန္ဒိယနိုင်ငံမှာ ရှိတယ်။ ဗာရာဏသီမြို့ရဲ့ အရှေ့မြောက်ဘက် မိုင်တစ်ရာ အကွာ၊ ဟိမဝန္တာတောင်တန်းကနေ မိုင်လေးဆယ်လောက်ဝေးတဲ့ နေရာမှာ ရှိပါတယ်။ ယခုအခါ နီပေါနိုင်ငံ တာရေအိ အရပ်မှာ ရှိပြီး အပျက်အစီးတွေပဲ ကျန်တော့တယ်။

၁၈။ ဘယ်မြစ်နားမှာ ရှိပါသလဲ။

ယခုအခါ ကောဟန (Kohana)လို့ခေါ်တဲ့ ရောဟိနီ ဖြစ်နားမှာ ရှိပါတယ်။

## ဗုဒ္ဓဝါဒအမေးအဖြေကျမ်း

## အပိုင်း တစ်

## ဗုဒ္ဓရဲ့ ဘဝဖြစ်တော်စဉ်

၁။ ခင်ဗျားက ဘယ်ဘာသာ (Religion)[၁] ဝင်လဲ။

ဗုဒ္ဓဘာသာဝင်ပါ။

---

[၁] ရှေ့မှာ ကျွန်ုပ် ဖော်ပြထားတဲ့အတိုင်း Religion ဆိုတဲ့ စကားလုံးနဲ့ ယုံကြည်မှု ပဓာနဝါဒ မဟုတ်ဘဲ ကိုယ်ကျင့်တရား ဒဿနသာ ဖြစ်တဲ့ ဗုဒ္ဓဝါဒကို ခေါ်ဝေါ် သုံးနှုန်းတာဟာ သိပ်ပြီး မသင့်လျော်ဘူး။ ဒါပေမယ့် သုံးနေကျအတိုင်း ကိုယ်ကျင့်တရား အထူးကို ပြောဆိုသူ အားလုံး ဒီဝေါဟာရကို အသုံးပြုလို့ ကျွမ်းကျင်သူတွေက ဒီဝေါဟာရကို ရွေးချယ်ကြတယ်။ လက်တင်ဘာသာ ရင်းမြစ်ဖြစ်တဲ့ ဒီစကားလုံးရဲ့ ဝေါဟာရဗေဒနည်းနဲ့ ဆက်စပ်ပုံအရ ဥရောပ တိုက်သားတို့ အဓိပ္ပာယ် နားလည်ပုံနဲ့ ပတ်သက်ပြီး သီဟိုဠ် ဗုဒ္ဓဝါဒီတွေရဲ့ ထင်မြင်ချက် တစ်စုံတစ်ရာ မရှိသေးဘူး။ ၎င်းတို့ရဲ့ ယုံကြည်မှုအရ ခရစ်ယန်တို့ ယူဆသလို ကောင်းကင်မှာရှိတဲ့ ပုဂ္ဂိုလ်ဆီ ရောက်သွားတဲ့ ဖန်ဆင်းရှင်လိုအရာမျိုး မရှိဘူး။ ဗုဒ္ဓဝါဒနဲ့ ဗုဒ္ဓအကြောင်းဖော်ပြတဲ့ သီးသန့် ဝေါဟာရကတော့ 'အာဂမ' ဖြစ်ပါတယ်။ စင်ကြယ်တဲ့ သက္ကတ (ပါဠိ)ဘာသာစကားဖြစ်ပြီး ချဉ်းကပ်ခြင်း၊ ရောက်ရှိခြင်းလို့ အဓိပ္ပာယ်ရတယ်။ ဗုဒ္ဓရဲ့ အဓိပ္ပာယ်က ဗောဓိဉာဏ် ဖြစ်လို့ ၎င်းတို့ ဖော်ပြတဲ့ 'ဗုဒ္ဓါဂမ' ဆိုတဲ့ ပေါင်းစပ်စကားလုံးကို ဗောဓိဉာဏ်သို့ ချဉ်းကပ်ခြင်း၊ ဆိုက်ရောက်ခြင်းလို့ ဘာသာပြန်ရင် သင့်မြတ်ပါတယ်။ ဒါမှမဟုတ် သကျမုနိဗုဒ္ဓရဲ့ ဓမ္မကို လိုက်နာကျင့်သုံးခြင်းလို့ ဆိုရင်လည်း ဖြစ်နိုင်တာပဲ။ လွယ်လွယ်ကူကူ တွေ့ရတဲ့ အာဂမဆိုတဲ့ ဝေါဟာရကို (ခရစ်ယန်) သာသနာပြုပုဂ္ဂိုလ်တွေက ရီလီဂျင်း ဝေါဟာရနဲ့ ထပ်တူ ပြုလိုက်ကြတယ်။ ခရစ်ယန်ဝါဒကို 'ခရစ်ယန်အာဂမ'လို့ ရေးကြလို့ ခရစ်ယန်ဓမ္မလို့ ဖြစ်သွားရတယ်။ အမှန်ကတော့ 'ခရစ်ယန်ဗန္ဓန'လို့ပဲ ဖြစ်သင့်တယ်။ ဘာကြောင့်ဆို 'ဗန္ဓန'ပုဒ်ပဲ ရီလီဂျင်းဆိုတဲ့ စကားလုံးနဲ့ ညီမျှလို့ပါ။ ဗုဒ္ဓဝါဒီတစ်ယောက်ရဲ့ နောက်နာမည် တစ်မျိုးက 'ဝိဘဇ္ဇဝါဒီ' (ခွဲခြမ်းစိတ်ဖြာသူ)တဲ့။ 'အဒွယဝါဒီ'လို့လည်း ခေါ်တယ်။ ဒီရှင်းလင်းချက်နဲ့ပဲ ကျွန်ုပ်အနေနဲ့ သာမန်စာဖတ်သူ နားလည်အောင် ဗုဒ္ဓဒဿနကို ပြောဆိုတဲ့အခါ ရင်းနှီးပြီး စကားလုံး (Religion)ကို ဆက်လက် သုံးနှုန်းသွားပါမယ်။

www.kelasa.org

www.kelasa.org



၂။ ဗုဒ္ဓဘာသာဆိုတာ ဘာလဲ။

ဗုဒ္ဓဘာသာဆိုတာ ဗုဒ္ဓလို့ ထင်ရှားတဲ့ ပုဂ္ဂိုလ်မြတ်ကြီး ဟောကြားတော်မူခဲ့တဲ့ အဆုံးအမ အားလုံးကို ခေါ်ပါတယ်။

၃။ Buddhism (ဗုဒ္ဓဘာသာ) ဆိုတဲ့ အမည်က အဲဒီတရားနဲ့ အသင့်တော်ဆုံး အမည် ဟုတ်ပါရဲ့လား။

မသင့်လျော်ပါဘူး။ Buddhism ဆိုတာ အနောက်တိုင်း ဝေါဟာရပါ။ အသင့်တော်ဆုံး ဝေါဟာရက 'ဗုဒ္ဓဓမ္မ' ဖြစ်ပါတယ်။

၄။ ဗုဒ္ဓဝါဒီ မိဘနှစ်ပါးက မွေးဖွားလာရုံမျှဖြစ်တဲ့ ပုဂ္ဂိုလ် တစ်ယောက်ကို ဗုဒ္ဓဘာသာဝင်လို့ ခေါ်ရမှာလား။

မဟုတ်တာ သေချာပါတယ်။ ဗုဒ္ဓဝါဒီဆိုတာ ဗုဒ္ဓအား အမြင့်မြတ်ဆုံးဖြစ်တဲ့ ဆရာအရှင်၊ အဲဒီဆရာအရှင် ဟောကြားတဲ့ ဓမ္မနဲ့ အရိယာသံဃာတော်တွေကို ယုံကြည်ပါတယ်လို့ ဖွင့်ဟပြောဆိုရုံမက နေ့စဉ်ဘဝမှာ ကိုယ်ကျင့် သီလတွေကိုပါ ကျင့်သုံးသူကို ခေါ်ပါတယ်။

၅။ အမျိုးသား ဗုဒ္ဓဘာသာဝင်ကို ဘယ်လို ခေါ်ပါသလဲ။

ဥပါသက (ဥပါသကာ)လို့ ခေါ်ပါတယ်။

၆။ အမျိုးသမီး ဗုဒ္ဓဘာသာဝင်ကို ကျတော့ကော။

ဥပါသိကာလို့ ခေါ်ပါတယ်။

၇။ အဲဒီ ဗုဒ္ဓဓမ္မကို ဘယ်တုန်းက ဟောကြားခဲ့တာပါလဲ။

သေချာတဲ့ အချိန်ကာလနဲ့ ပတ်သက်ပြီး ယူဆချက် ကွဲလွဲတာတွေ နည်းနည်းပါးပါး ရှိပေမယ့် သီရိလင်္ကာရဲ့ မှတ်တမ်းစာတွေအရတော့ ရောက်ဆဲ ကလိယုဂ်က ၂၅၁၈ (ရှင်တော်ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း) ဖြစ်ပါတယ်။



၈။ ဗုဒ္ဓဝါဒကို တည်ထောင်သူ ရှင်တော်ဗုဒ္ဓရဲ့ နောက်ဆုံး မွေးဖွားမှုမှာ အရေးပါတဲ့ နေ့ရက်တွေကို ပြောပြပေးပါ။

ရှင်တော်ဗုဒ္ဓကို ကလိယုဂ် ၂၄၇၈ ခုနှစ်၊ မေးလရဲ့ ဝိသာခ နက္ခတ်နဲ့ ယှဉ်တဲ့ အင်္ဂါတစ်နေ့မှာ ဖွားမြင်ပါတယ်။ ကလိယုဂ် ၂၅၀၆ ခုနှစ်မှာ ထီးနန်းစွန့်ပြီး တောထွက်ခဲ့ပါတယ်။ ပြီးနောက် သက်တော် ရှစ်ဆယ်အရွယ် ကလိယုဂ် ၂၅၅၈ မှာ ဘဝဇာတ် ကုန်ဆုံးပြီး ပရိနိဗ္ဗာန် ဝင်စံတော်မူပါတယ်။ အဲဒီ အဖြစ်အပျက် အားလုံးဟာ ကဆုန်လပြည့်နေ့မှာချည်း ဖြစ်ခဲ့လို့ အဲဒါကို အကြောင်းပြုပြီး မေလမှာ ကျရောက်တဲ့ ကဆုန်လပြည့်နေ့မှာ အထိမ်းအမှတ်ပြု ပွဲတော်တွေ ကျင်းပကြတာ ဖြစ်ပါတယ်။

၉။ ဗုဒ္ဓဟာ ထာဝရသခင် ဖန်ဆင်းရှင် ဟုတ်ပါသလော။

မဟုတ်ပါဘူး။ ဗုဒ္ဓဓမ္မက ထာဝရဘုရားသခင်ရဲ့ ကောင်းကင်ဘုံမှာ ပြန်လည် မွေးဖွားတာကို မသင်ကြားပါဘူး။

၁၀။ ဗုဒ္ဓဟာ လူသားလား။

ဟုတ်ပါတယ်။ ဒါပေမယ့် (ဗုဒ္ဓဆိုတာ) လူသာမန် အားလုံး မလုပ်နိုင်ဘဲ ပွင့်တော်မူပြီး ဗုဒ္ဓဘုရားတွေသာ ဆောင်ရွက်နိုင်ပြီး၊ ဘဝပေါင်းများစွာ ကိုယ့်ကိုယ်ကို ပြီးပြည့်စုံအောင် ဆောင်ရွက်ပြီးဖြစ်တဲ့ ပညာအရှိဆုံး၊ အရိုးသားဆုံးနဲ့ အမြင့်မြတ်ဆုံး ပုဂ္ဂိုလ် ဖြစ်ပါတယ်။

၁၁။ ဗုဒ္ဓ (ဂေါတမ) မတိုင်ခင်က ဗုဒ္ဓဘုရားတွေ ရှိခဲ့သလား။

ဟုတ်ကဲ့၊ နောက်ပိုင်းမှာ ရှင်းပြပါမယ်။

၁၂။ ဗုဒ္ဓဆိုတာ သူ့ရဲ့ နာမည်ရင်းလော။

မဟုတ်ပါဘူး။ ဗုဒ္ဓဆိုတဲ့ နာမည်က တိုးတက်မှုရဲ့ အမြင့်ဆုံးအထိပ်ကို ရောက်ပြီးနောက် စိတ်၊ စိတ်ရဲ့ အခြေအနေ တစ်ခုရဲ့ အမည်ပါ။

www.kelasa.org

www.kelasa.org



စွန့်တာနဲ့ သတ္တဝါတွေအပေါ် ထားရှိတဲ့ မေတ္တာကို မရေတွက်နိုင်သော ဘဝတွေ အလွန်က ဒီပင်္ကရာ မြတ်စွာဘုရား လက်ထက် သုမေဓ ဗြဟ္မဏ အဖြစ်နဲ့ မွေးဖွားတဲ့ အချိန်မှာ (သူရနိုင်တဲ့) နိဗ္ဗာန်ချမ်းသာကို စွန့်လွှတ်ခြင်းက ဖော်ပြတယ်လို့ ဗုဒ္ဓဝါဒီတို့ ယုံကြည်ပါတယ်။ အဲဒီ အချိန်က သုမေဓာဟာ မိမိထက်ပိုပြီး သတ္တဝါတွေကို မချစ်ခဲ့ရင် နိဗ္ဗာန်ချမ်းသာကို မျက်မှောက်နိုင်တဲ့ အဆင့်ထိ ရောက်နေခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီ စွန့်လွှတ်မှုဟာ သတ္တဝါအားလုံးကို ဘဝသံသရာမှ လွတ်မြောက်ရေး လမ်းစဉ်ကို သင်ကြားရန်နှင့် ကမ္ဘာလောကအား ငြိမ်းချမ်းမှု ပေးအပ်ရန်ဆိုတဲ့ အကြောင်းကြောင့် ဗုဒ္ဓဖြစ်လာတဲ့အထိ လောကရဲ့ ဆင်းရဲဒုက္ခအဖုံဖုံ ကိုယ်ကျိုးမပါဘဲ သည်းခံနိုင်ဖို့ အသုံးချခဲ့ပါတယ်။

၁၃။ တောထွက်တဲ့အခါ သက်တော် ဘယ်လောက်ရှိပြီလဲ။

သက်တော် ၂၉ နှစ် ရှိပါပြီ။

၁၄။ လူသာမန်တို့ သိပ်လိုလား နှစ်သက်တဲ့အရာ အလားလုံးကို စွန့်ပြီး တောထွက်ဖို့ မင်းသိဒ္ဓတ်ကို နောက်ဆုံး တွန်းအားပေးတာ ဘာပါလဲ။

မင်းသိဒ္ဓတ် မြင်းရထားနဲ့ အပြင်ကို ထွက်တဲ့အခါ နတ်သားတစ်ယောက်[၁]က အချိန်ကာလ လေးခုမှာ မင်းသားကို ဆွဲဆောင်တဲ့ ပုံစံလေးမျိုးနဲ့ ကိုယ်ထင်ပြခဲ့ပါတယ်။

၁၅။ အဲဒီ ပုံစံ လေးမျိုးက ဘာပါလဲ။

အသက်အရွယ်ကြောင့် ယဲ့ယဲ့လေးသာ ကျန်တော့တဲ့ အဖိုးအို၊ နာမကျန်းသူ၊ ပုပ်ဆွေးနေတဲ့ သူသေနဲ့ တည်ကြည်တဲ့ ရသေ့။

[၁] နတ်ရဲ့ အဓိပ္ပာယ်ကို နောက်ပိုင်းမှာ ရှင်းပြထားပါတယ်။



၁၉။ မင်းသား သိဒ္ဓတ္ထ ဘယ်တုန်းက မွေးခွားခဲ့တယ် ဆိုတာကို ထပ်ပြီး ပြောပြပေးပါလား။

ခရစ်ယန်နှစ် မတိုင်ခင် ဘီစီ ခြောက်ရာနှစ်ဆယ့်သုံး ဖြစ်ပါတယ်။

၂၀။ မွေးဖွားတဲ့ နေရာကို သိပါသလား။

ခုတော့ အဲဒါကို မေးစရာမလိုလောက်အောင် သေချာတာ တွေ့ရတယ်။ အိန္ဒိယအစိုးရ ကျောက်စာဌာနက ရှေးဟောင်းသုတေသနပညာရှင် တစ်ဦးက ဗုဒ္ဓဘာသာဝင် အိန္ဒိယဧကရာဇ် အသောကမင်းက ရှင်တော်ဗုဒ္ဓ မွေးဖွားတဲ့ နေရာ အတိအကျကို မှတ်သားဖို့ စိုက်ထူခဲ့တဲ့ ကျောက်စာတိုင် တစ်ခုကို နီပေါနိုင်ငံ တာရေအိ အရပ်က တောထဲမှာ တွေ့ထားပြီး ဖြစ်ပါတယ်။ ထိုအချိန်အခါက အဲဒီနေရာကို လုမ္ဗိနီဥယျာဉ်လို့ ခေါ်ဝေါ်ခဲ့ကြပါတယ်။

၂၁။ မင်းသိဒ္ဓတ်မှာ အခြားသော မင်းသားတွေလို စည်းစိမ်နဲ့ ခမ်းနားမှုတွေ ရှိခဲ့ပါသလား။

ရှိခဲ့တာပေါ့။ ခမည်းတော် မင်းကြီးက နွေ၊ မိုး၊ ဆောင်း ဆိုတဲ့ အိန္ဒိယရဲ့ ရာသီဥတု သုံးမျိုးအတွက် ခမ်းနားပြီး အစဉ်အတိုင်း ကိုးထပ်၊ ငါးထပ်၊ သုံးထပ်မြင့်တဲ့၊ ပြီးတော့ သာယာ လှပအောင် တန်ဆာဆင်ထားတဲ့ နန်းတော်ဆောင် သုံးခု ဆောက်လုပ်ပေးပါတယ်။

၂၂။ အဲဒီ နန်းတော်တွေက ဘယ်လို အခြေအနေပါလဲ။

နန်းတော်တိုင်းကို တသွင်သွင် စီးနေတဲ့ ရေတံခွန်တွေ၊ တွန်မြည်နေကြတဲ့ ကျေးငှက် သာရကတွေ၊ မြေပေါ်မှာ တောင်ပံ ဖြန့်နေကြတဲ့ ဥဒေါင်းငှက်တွေရှိတဲ့ အလှပဆုံး ဥယာဉ်တွေ၊ နံ့သာပန်းတွေနဲ့ ဝန်းရံထားပါတယ်။

www.kelasa.org

www.kelasa.org



၂၃။ မင်းသိဒ္ဓတ် တစ်ဦးတည်းလော။

မဟုတ်ပါဘူး။ မင်းသား အသက် ဆယ့်ခြောက်နှစ်မှာ သုပ္ပဗုဒ္ဓမင်းရဲ့ သမီးတော် ယသော်ဓရာ မင်းသမီးနဲ့ လက်ထပ်ခဲ့ပါတယ်။ အကနဲ့ဂီတကို ကျွမ်းကျင်ကြတဲ့ လှပတဲ့ နန်းတွင်းသူ များစွာလည်း မင်းသားပျော်ရွှင်ဖို့ အလုပ်အကျွေး ပြုခဲ့ကြတယ်။

၂၄။ မင်းသိဒ္ဓတ်ဟာ သူ့ရဲ့ ကြင်ယာတော်ကို ဘယ်လို ရခဲ့တာလဲ။

ရှေးခေတ် ခတ္တိယ သို့မဟုတ် စစ်သူကြီးအနွယ်ရဲ့ ပုံစံအရ အားကစားအပြင် အသိဉာဏ်နဲ့ သတ္တိစွမ်းရည် အမျိုးမျိုး ယှဉ်ပြိုင်ကြရာမှာ အားလုံးကို အောင်နိုင်ပြီးနောက်၊ မိဘတွေက အဲဒီပြိုင်ပွဲကို ခေါ်ဆောင်လာတဲ့ မင်းသမီးတွေ အားလုံးထဲက ယသော်ဓရာကို ရွေးချယ်ပြီး ရခဲ့တာ ဖြစ်ပါတယ်။

၂၅။ အဲဒီ စည်းစိမ်ရင်ခွင်မှာ ရှိနေတဲ့ မင်းသား တစ်ယောက်ဟာ ဘယ်လို လုပ်ပြီး အလုံးစုံ ပညာရှိ ဖြစ်လာနိုင်ပါသလဲ။

မင်းသိဒ္ဓတ်မှာ ဝိဇ္ဇာသိပ္ပံ အတတ်တွေကို လုံးဝနီးပါး မသင်ယူဘဲကလေးအဖြစ်နဲ့ပဲ တတ်မြောက် နားလည်ထားပုံရတဲ့ မွေးရာပါ အသိပညာ ရှိခဲ့တယ်။ သူ့မှာ အကောင်းဆုံး ဆရာအရှင်တွေ ရှိပေမယ့် မင်းသိဒ္ဓတ်အနေနဲ့ ချက်ခြင်း နားလည်နေပုံရတဲ့အတွက် သူတို့ ဘာမှ မသင်နိုင် ဖြစ်ခဲ့ကြရတယ်။

၂၆။ မင်းသိဒ္ဓတ်ဟာ အဲဒီ ခမ်းနားတဲ့ နန်းတော်မှာ ဗုဒ္ဓဖြစ်ခဲ့တာလား။

မဟုတ်ပါဘူး။ မင်းသိဒ္ဓတ် အဲဒါတွေ အားလုံးကို စွန့်ပြီး တစ်ကိုယ်တည်း တောထွက်ခဲ့ပါတယ်။

၂၇။ ဘာကြောင့် တောထွက်ပါသလဲ။

တို့တွေ အားလုံးရဲ့ ဆင်းရဲဒုက္ခ ဖြစ်ကြောင်းနဲ့ အဲဒီ ဒုက္ခမှ လွတ်ဖို့နည်းလမ်းကို ရှာဖွေဖို့ တောထွက်တာပါ။



၂၈။ မင်းသိဒ္ဓတ် တောထွက်တာဟာ ကိုယ်ကျိုးဆန် အတ္တလွန်ကဲတာမဟုတ်ဘူးလား။

မဟုတ်ပါဘူး။ သတ္တဝါတွေ ကောင်းကျိုးအတွက် မိမိဘဝကို မြှုပ်နှံခဲ့တာဟာ အဲဒီ သတ္တဝါတွေ အပေါ် အနှိုင်းမဲ့ မေတ္တာကြောင့်ပါ။

၂၉။ ဒါဖြင့် မင်းသိဒ္ဓတ်က အဲဒီ အနှိုင်းမဲ့ မေတ္တာကို ဘယ်လိုလုပ် ရခဲ့တာလဲ။

ဘဝပေါင်း အနန္တနဲ့ နှစ်ကာလတွေ အသချေ်ကြာအောင် ဗုဒ္ဓဖြစ်ဖို့ မပြောင်းလဲတဲ့ အဓိဋ္ဌာန်ချက်နဲ့အတူ အဲဒီ မေတ္တာကို ပြုစုပျိုးထောင်ခဲ့ပြီးဖြစ်ပါတယ်။

၃၀။ အဲဒီ အချိန်က မင်းသိဒ္ဓတ် ဘာတွေ စွန့်ခဲ့တာလဲ။

လှပတဲ့ နန်းတော်၊ ပစ္စည်းဉစ္စာ၊ စည်းစိမ်နှင့် ပျော်ရွှင်စရာတွေ၊ နူးညံ့တဲ့ အိပ်ရာ၊ သပ်ရပ်တဲ့ ဝတ်စုံတွေ၊ ပြည့်စုံတဲ့ အစားအစာ၊ နိုင်ငံတော်တွေအပြင် ချစ်ဇနီးနှင့် တစ်ဦးတည်းသော သားတော် ရာဟုလာတို့ကို စွန့်ခဲ့တယ်။

၃၁။ ကျွန်ုပ်တို့ လူသားတွေရဲ့ အကျိုးအတွက် အဲဒါလောက် စွန့်လွှတ်ခဲ့တဲ့ အခြားသော လူသားတစ်စုံ တစ်ယောက် ရှိသေးသလား။

ယခု မျက်မှောက်ခေတ် ကမ္ဘာ့မှာတော့ ဘယ်သူမှ မရှိပါဘူး။ ဒါကြောင့်ပဲ ဗုဒ္ဓဘာသာဝင်တွေက သူ့ကို ချစ်ကြတာ၊ ကောင်းမြတ်တဲ့ ဗုဒ္ဓဝါဒီတွေက သူလိုဖြစ်အောင် ကြိုးစားကြတာပေါ့။

၃၂။ သို့ပေမယ့် မိမိရဲ့ နောက်လိုက်တွေအတွက် လောကီအရာ အားလုံးနှင့် အသက်ကိုပင် စွန့်သွားကြတဲ့ အခြားသော လူသားပုဂ္ဂိုလ်တွေ ရှိကြတယ် မဟုတ်ပါလား။

တကယ့်ကို ရှိတာပေါ့။ ဒါပေမယ့် ဟောဒီ အံ့ဩဖွယ် ကိုယ်ကျိုး

www.kelasa.org

www.kelasa.org



သူတို့က ဟိန္ဒူဘာသာ[၁] ကို ကိုးကွယ်တဲ့ ဗြဟ္မဏတွေပါ။

၄၉။ အဲဒီ ရသေ့တွေက ဘာတွေကို သင်ကြားပေးသလဲ။

ပြင်းထန်တဲ့ ခြိုးခြံခြင်းနဲ့ ကိုယ်ခန္ဓာကို ညှဉ်းဆဲခြင်းဖြင့် လူတစ်ယောက်ဟာ ပြီးပြည့်စုံတဲ့ ပညာကို ရနိုင်တယ်လို့ သင်ပေးကြပါတယ်။

၅၀။ မင်းသိဒ္ဓတ်ဟာ အဲဒီလို ကျင့်လို့ အဲဒီ ပြီးပြည့်စုံတဲ့ ပညာကို ရခဲ့သလား။

မရခဲ့ပါဘူး။ ဗုဒ္ဓလောင်းလျာ မင်းသိဒ္ဓတ်ဟာ အဲဒီ ရသေ့တွေရဲ့ နည်းလမ်းအားလုံးကို သင်ယူပြီး ခြိုးခြံတဲ့အကျင့် အားလုံးကို လေ့ကျင့် အားထုတ်ခဲ့တယ်။ ဒါပေမယ့် ဗုဒ္ဓလောင်းလျာဟာ အဲဒီလို ကျင့်လို့ လူသားတို့ ဒုက္ခရဲ့ အကြောင်းတရားနဲ့ လုံးဝ လွတ်မြောက်တဲ့ နည်းလမ်းကို မတွေ့ရှိနိုင်ခဲ့ပါဘူး။

၅၁။ အဲဒီနောက် မင်းသိဒ္ဓတ် ဘာလုပ်ခဲ့သလဲ။

ဗုဒ္ဓလောင်းလျာဟာ ဉရုဝေလာ တောအုပ်အနီးက တောကို ကြွတော်မူပြီး သူ့ရဲ့ ခန္ဓာကိုယ်ကို ညှဉ်းပန်း နှိပ်စက်တဲ့ အပြင်းထန်ဆုံး စည်းကမ်းကို လုပ်ဆောင်ရင်း နက်ရှိုင်းစွာ ကမ္မဋ္ဌာန်းဘာဝနာ အားထုတ်တာ ခြောက်နှစ် ကြာခဲ့တယ်။

၅၂။ ဗုဒ္ဓလောင်းလျာ တစ်ဦးတည်းလော။

မဟုတ်ပါဘူး။ ဗြဟ္မဏငါးဦးက သူ့ကို အလုပ်အကျွေးပြုခဲ့ပါတယ်။

---

[၁] Musalmāns တွေ (မူဆလင်တွေ ?)က ၎င်းတို့ အောင်နိုင်ခဲ့တဲ့ ဆင်းဒေသ (Sindh)က လူတွေကို ရည်ညွှန်း သုံးနှုန်းခဲ့တဲ့ ဟိန္ဒူဆိုတဲ့ ဝေါဟာရကို ယခုအခါ ဘာသာတရား အဓိပ္ပာယ်နဲ့ အသုံးပြုပါတယ်။



၃၆။ အဲဒီ လေးမျိုးကို မင်းသိဒ္ဓတ် တစ်ဦးတည်း မြင်ခဲ့တာလား။

မဟုတ်ပါဘူး။ သူ့ရဲ့ အလုပ်အကျွေးဖြစ်တဲ့ ဆန္နအမတ်လည်း မြင်ပါတယ်။

၃၇။ လူတိုင်းအဖို့ သိပ်ပြီး ရင်းနှီး ကျွမ်းဝင်တဲ့ အဲဒီ မြင်ကွင်းတွေက မင်းသိဒ္ဓတ်ကို ဘာလို့ တောထွက်ဖို့ ဖြစ်စေခဲ့တာလဲ။

တို့တွေ ဒီလိုမြင်ကွင်းကို မကြာခဏ တွေ့နေကြတာပဲ။ မင်းသိဒ္ဓတ်ကတော့ အဲဒီ မြင်ကွင်းတွေကို မမြင်ဖူးခဲ့ဘူး။ ဒါကြောင့် သူ့စိတ်ထဲမှာ သိပ်ပြီး နက်နက်ရှိုင်းရှိုင်း ခံစားမှု ဖြစ်ခဲ့တယ်။

၃၈။ သူက ဘာလို့ အဲဒါတွေကို အရင်က မမြင်ဖူးခဲ့တာလဲ။

မင်းသိဒ္ဓတ် ဖွားမြင်တဲ့အချိန်မှာ ရှေးဖြစ်ဟော ပုဏ္ဏားဆရာတွေက သူဟာ တစ်နေ့ နိုင်ငံတော်ကို အုပ်ချုပ်မှာဖြစ်ပြီး ဗုဒ္ဓဖြစ်လိမ့်မယ်လို့ ဟောကြတယ်။ ဒါကြောင့် ခမည်းတော်မင်းကြီးက မိမိရဲ့ နိုင်ငံတော်ကို အမွေခံမယ့်သူကို မဆုံးရှုံးလိုတဲ့အတွက် လူသားတို့ရဲ့ စိတ်ဆင်းရဲဖွယ်နဲ့ သေခြင်းတရားကို ရှင်းပြနိုင်ဖွယ်ရှိတဲ့ မြင်ကွင်းအားလုံးကို ဂရုတစိုက် တားဆီးထားလို့ပါပဲ။ အဲဒီမြင်ကွင်းမျိုးကို မင်းသိဒ္ဓတ်ရှေ့မှာ ပြောဆိုဖို့ကိုတောင် ဘယ်သူ့ကိုမျှ ခွင့်မပြုပါဘူး။ မင်းသိဒ္ဓတ်ဟာ နှစ်သက်ဖွယ် နန်းတော်တွေနဲ့ ပန်းဥယျာဉ်တွေ အကြားမှာ အကျဉ်းကျနေသလိုပါပဲ။ နန်းတော်တွေကို အုတ်တံတိုင်းမြင့်တွေနဲ့ ကာရံထားပြီး အတွင်းမှာတော့ အားလုံး လှပနေအောင် အစွမ်းကုန် ပြင်ဆင်ထားပါတယ်။ ကမ္ဘာလောကရဲ့ သောကတွေ၊ စိတ်ပျက်စရာတွေကို သွားကြည့်ရှုဖို့ ဆန္ဒမရှိအောင်လို့ပေါ့။

၃၉။ မင်းကြီးအနေနဲ့ သားတော်ကို ကမ္ဘာလောကအတွက် အရာအားလုံးကို တကယ် စွန့်ပစ်ချင်စိတ် ဖြစ်သွားမှာကို ကြောက်နိုင်လောက်အောင် မင်းသိဒ္ဓတ်ဟာ သိပ်ပဲ ကြင်နာတတ်တဲ့ နှလုံးသား ရှိပါသလား။

www.kelasa.org

www.kelasa.org



ဟုတ်ပါတယ်။ မင်းသိဒ္ဓတ်ရဲ့ အကြင်နာနဲ့ မေတ္တာတရားဟာ အဲဒီလောက်ထိ သတ္တဝါတွေအပေါ် ပြင်းပြင်းပြပြ ရှိနေခဲ့ပုံရပါတယ်။

၄၀။ မင်းသိဒ္ဓတ်ဟာ တောတောင်မှာ ဒုက္ခရဲ့အကြောင်းကို နားလည်ဖို့ ဘယ်လို မျှော်လင့်ခဲ့ပါသလဲ။

သောကရဲ့ အကြောင်းတရားနဲ့ လူ့သဘာဝအကြောင်း နက်နက်ရှိုင်းရှိုင်း စဉ်းစားမှုအား တားဆီးနိုင်မယ့် အရာအားလုံးကို ဝေးရာသို့ ဖယ်ရှားခြင်းဖြင့် နားလည်မယ်လို့ မျှော်လင့်ခဲ့ပါတယ်။

၄၁။ မင်းသိဒ္ဓတ်ဟာ နန်းတော်က ဘယ်လို ထွက်ခွာခဲ့ပါသလဲ။

အားလုံး အိပ်မောကျနေတဲ့ တစ်ည မင်းသိဒ္ဓတ် နိုးထ၊ အိပ်ပျော်နေတဲ့ ဇနီးနဲ့ မွေးကင်းစ သားငယ်ကို ချောင်းကြည့်၊ ဆန္နကို ခေါ်၊ စီးနေကျ ခဏ္ဍကာ လို့ခေါ်တဲ့ မြင်းကိုစီးပြီး နန်းတော်ဂိတ်ကို ထွက်တော်မူတယ်။ နတ်ဒေဝါတွေက ဂိတ်ကို စောင့်နေကြတဲ့ ဘုရင့် အစောင့်တွေ အိပ်မော ကျအောင် လုပ်ထားခဲ့တယ်။ ဒါကြောင့်ပဲ မြင်းခွာသံတွေကို ဂိတ်စောင့်တို့ မကြားနိုင်ခဲ့ကြဘူး။

၄၂။ ဒါဖြင့် ဂိတ်ကို သော့ခတ်ထားတယ် မဟုတ်လား။

ဟုတ်ပါတယ်။ ဒါပေမယ့် နတ်ဒေဝါတွေက အသံ တစ်စက်မှ မမြည်အောင် လုပ်ထားခဲ့လို့ မင်းသိဒ္ဓတ်ဟာ အမှောင်ထုထဲ မြင်းစီးပြီး ထွက်သွားခဲ့တယ်။

၄၃။ သူက ဘယ်ထိ သွားခဲ့တာလဲ။

ကပိလဝတ္ထု နေပြည်တော်က အဝေးတစ်နေရာမှာ ရှိတဲ့ အနောမာ လို့ခေါ်တဲ့ မြစ်ကို ရောက်အောင် သွားခဲ့ပါတယ်။

၄၄။ အဲဒီကို ရောက်တော့ သူဘာလုပ်လဲ။



မြင်းပေါ်ကဆင်း၊ ပါလာတဲ့ သန်လျက်နဲ့ လှပတဲ့ ဆံပင်ကို ဖြတ်၊ ရသေ့ရဟန်းတွေ ဝတ်တဲ့ အဝါရောင် ဝတ်ရုံကိုဝတ်၊ ပြီးနောက် ဝတ်လာတဲ့ အဝတ်အစားတွေနဲ့ မြင်းကို ဆန္နအမတ်ထံ ပေးအပ်ပြီး အဲဒါတွေကို ခမည်းတော် မင်းကြီးအား ပြန်ပေးဖို့ အမိန့်ပေးလိုက်တယ်။

၄၅။ အဲဒီနောက်ကော။

မဂဓဘုရင် ဗိမ္ဗိသာရရဲ့ မင်းနေပြည်တော်ဖြစ်တဲ့ ရာဇဂဟမြို့ကို ခြေကျင် သွားခဲ့တယ်။

၄၆။ အဲဒီမှာ မင်းသိဒ္ဓတ်ဆီကို ဘယ်သူ အလည်လာသလဲ။

ဘုရင် ဗိမ္ဗိသာရနဲ့ နန်းတော် တစ်ခုလုံး ရောက်လာပါတယ်[၁]။

၄၇။ အဲဒီကတစ်ဆင့် ဘယ်ကို ကြွသွားခဲ့သလဲ။

ယနေ့ခေတ် ဗုဒ္ဓဂယာမှာရှိတဲ့ မဟာဗောဓိစေတီတော် အနီးက ဥရုဝေလာတောကို ကြွတော်မူပါတယ်။

၄၈။ ဘာကြောင့် အဲဒီကို ကြွတော်မူတာလဲ။

ဥရုဝေလာမှာ သိပ်ပညာရှိကြတဲ့ ရသေ့တွေရှိတယ်။ နောက်တော့ မင်းသိဒ္ဓတ်ဟာ မိမိ ရှာဖွေနေတဲ့ အသိဉာဏ်ကို ရှာဖွေဖို့ အဲဒီ ရသေ့တွေဆီမှာ နည်းခံခဲ့တယ်။

၄၉။ အဲဒီ ရသေ့တွေက ဘယ်ဘာသာတရားကို ကိုးကွယ်ကြသလဲ။

---

[၁] ဒီတွေ့ဆုံ ဆွေးနွေးခန်းအကြောင်း မြတ်နိုးဖွယ် မှတ်တမ်းကို Dr. Paul Carus ရဲ့ *Gospel of Buddha* ကျမ်း၊ စာ-၂၀ (နောက်ရိုက်ကျမ်း၊ စာ-၂၆) တွင် ရှုပါ။

www.kelasa.org

www.kelasa.org



သိခဲ့ပါတယ်။ နေရဲ့ အရုဏ်ဦးရောင်ခြည်ဟာ ညရဲ့အမှောင်ကို ဖြိုးခွင်းပြီး သစ်ပင်တွေ၊ လယ်ကွက်တွေ၊ ကျောက်ခဲတွေ၊ မြစ်တွေ၊ ပင်လယ်တွေ၊ တိရစ္ဆာန်တွေ၊ လူသားတွေနဲ့ အရာအားလုံးကို မြင်နိုင်ဖို့ ဖွင့်ပေးလိုက်သလို ဗုဒ္ဓရဲ့ စိတ်တော်မှာ ပြီးပြည့်စုံတဲ့ ဉာဏ်အလင်းရောင် ဖြစ်ပေါ်သွားခဲ့ပါတယ်။ မြတ်ဗုဒ္ဓဟာ ဆင်ခြင်ကြည့်လိုက်တာနဲ့ လူတွေရဲ့ ဒုက္ခဖြစ်ကြောင်းနဲ့ ဒုက္ခမှ လွတ်တဲ့ လမ်းစဉ်ကို မြင်တော်မူပါတယ်။

၆၅။ သဗ္ဗညုတဉာဏ်ကို မရခင် ဗုဒ္ဓဟာ ကြီးမားတဲ့ ရုန်းကန်မှုတွေ ရှိခဲ့ပါသလား။

ရှိခဲ့တာပေါ့။ ကြီးမားပြီး ကြောက်ဖွယ် ရုန်းကန်မှုတွေပါ။ သစ္စာတရားကို မြင်ဖို့ အတားအဆီးတွေ ဖြစ်တဲ့ ခန္ဓာကိုယ်ထဲက သဘာဝ အားနည်းချက်တွေ၊ လူသားတို့ရဲ့ အာသာဆန္ဒတွေ၊ အလိုရမ္မက်တွေကို အောင်နိုင်ခဲ့ရတယ်။ မိမိ ပတ်ဝန်းကျင်က အပြစ်ရှိတဲ့ လောကရဲ့ လွှမ်းမိုးမှု အားလုံးကို ကျော်လွှားခဲ့ရတယ်။ စစ်သည်တော် တစ်ယောက်ဟာ စစ်မြေပြင်မှာ ရန်သူတွေကို သတ္တိရှိရှိ တိုက်ခိုက်ရသလို ကြိုးစားခဲ့ရတယ်။ အောင်မြင်တဲ့ သူရဲကောင်းလိုပဲ ဗုဒ္ဓဟာ မိမိရဲ့ ရည်မှန်းချက်ပန်းတိုင်ကို ရခဲ့ပါတယ်။ လူသားတို့ရဲ့ ဆင်းရဲဒုက္ခရဲ့ လျှို့ဝှက်ချက်ကို တွေ့ရှိသွားခဲ့ပါတယ်။

၆၆။ အဲဒီလို ရရှိခဲ့တဲ့ သူ့ရဲ့ အသိဉာဏ်ကို ဘယ်မှာ အသုံးချခဲ့သလဲ။

ပထမတော့ အရိုင်းကမ္ဘာက လူသားတွေကို ဟောကြားဖို့ တွန့်ဆုတ်ခဲ့ပါတယ်။

၆၇။ ဘာဖြစ်လို့လဲ။

သူသိထားတဲ့ အရာတွေက နက်နဲ အရေးပါပြီး သိမ့်မွေ့လွန်းနေလို့ပါပဲ။ လူမဆိုစလောက်သာ သူဟောကြားတာကို နားလည်နိုင်မှာကို မလိုလားလို့ ဖြစ်ပါတယ်။



၅၃။ သူတို့ကို ဘယ်လို ခေါ်ပါသလဲ။

ကောဏ္ဍည၊ ဘဒ္ဒိယ၊ ဝပ္ပ၊ မဟာနာမ နဲ့ အဿဇိ လို့ခေါ်ပါတယ်။

၅၄။ အမှန်တရား အားလုံးကို သိဖို့ သူ့စိတ် ပွင့်လင်းသွားအောင် မင်းသိဒ္ဓတ်ဟာ ဘယ်လို စိတ်ကမ်း သတ်မှတ်တဲ့ ဘယ်လို လမ်းစဉ်မျိုးကို ကျင့်သုံးခဲ့ပါသလဲ။

ဗုဒ္ဓလောင်းလျာဟာ တင်ပလ္လင်ခွေ ထိုင်ပြီး ဘဝရဲ့ အဆင့်မြင့်ပြဿနာတွေအပေါ် စိတ်ကို တည်ကြည်စွာ ထားလျက် ကမ္မဋ္ဌာန်းထိုင်ခဲ့တယ်။ သူ့ရဲ့ အတွင်းက တုံ့ပြန်မှုတွေကို နှောက်ယှက်ဖွယ်ရှိတဲ့ အမြင်အကြား အာရုံအားလုံးကို ပိတ်ထားလိုက်တယ်။

၅၅။ မစား မသောက်ဘဲ ကျင့်ခဲ့တာလား။

ဟုတ်ပါတယ်။ တစ်လျှောက်လုံးပါပဲ။ အစားအသောက်ကို လျှော့လျှော့ပြီး စားလိုက်တာ ရေကိုသာ သောက်တဲ့ထိပါပဲတဲ့။ နေ့တိုင်း ဆန်သို့မဟုတ် နှမ်းစေ့ တစ်စေ့ထက် ပိုပြီး မစားသလောက်ပါဘူး။

၅၆။ အဲဒီအကျင့်က ဗုဒ္ဓလောင်းလျာ ရချင်နေတဲ့ ပညာကို ပေးနိုင်ခဲ့ပါသလား။

မပေးနိုင်ခဲ့ပါ။ သူ့ခန္ဓာဟာ တဖြည်းဖြည်း ပိန်လာပြီး ခွန်အားတွေ လျော့နည်းသွားတယ်။ တစ်နေ့ ဖြေညှင်းစွာ လမ်းလျှောက်လှမ်းပြီး ကမ္မဋ္ဌာန်း ရှုမှတ်နေစဉ် ရုတ်တရက် အားပြတ်ပြီး မြေကြီးပေါ် လဲကျမေ့မြောသွားတဲ့ အထိပါပဲ။

၅၇။ အဲဒီလို ဖြစ်တော့ အလုပ်အကျွေးပြုနေတဲ့ သီတင်းသုံးဖော်တွေက ဘယ်လို ထင်ခဲ့ကြသလဲ။

သူကွယ်လွန်ပြီလို့ ထင်ခဲ့ကြတယ်။ ဒါပေမယ့် ဗုဒ္ဓလောင်းလျာဟာ ခဏကြာတော့ ပြန်သတိရလာတယ်။

www.kelasa.org

www.kelasa.org



၅၈။ အဲဒီနောက် ဘာဖြစ်သလဲ။

မစားမသောက်ကျင့်တာ ကိုယ်ခန္ဓာကို ညှဉ်းပန်း နှိပ်စက်တာတွေနဲ့ နားလည်မှု အသိကို လုံးဝ မရနိုင်ဘူးဆိုတဲ့ အတွေးဝင်သွားခဲ့တယ်။ စိတ်ကို ဖွင့်ထားမှသာ ပညာကို ရနိုင်တယ်လို့လည်း ဆင်ခြင်မိသွားတယ်။ ဗုဒ္ဓလောင်းလျာဟာ အစာတော်ပြတ်ပြီး သေခြင်းမှ သီသီကလေး လွတ်မြောက်ခဲ့ရပေမယ့် ပြီးပြည့်စုံတဲ့ ပညာကို မရခဲ့ပါဘူး။ ဒါကြောင့် ဗုဒ္ဓလောင်းလျာဟာ အနည်းဆုံး ပညာကို ရရှိသည်ထိ အသက်ရှည်နိုင်အောင် အစာစားဖို့ ဆုံးဖြတ်ခဲ့တယ်။

၅၉။ ဘယ်သူက ဗုဒ္ဓလောင်းလျာကို အစာ လှူဒါန်းခဲ့သလဲ။

ညောင်ပင်အောက်မှာ ထိုင်နေတဲ့ ဗုဒ္ဓလောင်းလျာကို မြင်သွားတဲ့ သူဌေးသမီး သုဇာတာဆီက ဆွမ်းကို ရရှိခဲ့ပါတယ်။ မင်းသိဒ္ဓတ်ဟာ နေရာမှ ထ၊ သပိတ်ကို လွယ်၊ နေရဉ္ဇရာမြစ်ထဲမှာ ရေချိုးပြီး၊ ဆွမ်းကို ဘုဉ်းပေးပြီးနောက် တောထဲကို ပြန်ဝင်သွားပါတယ်[၁]။

၆၀။ တောထဲမှာ သူဘာလုပ်သလဲ။

အဲဒီလို ဆင်ခြင်းပြီးတဲ့နောက်မှာ ဗုဒ္ဓလောင်းလျာဟာ ခိုင်မာတဲ့ အဓိဋ္ဌာန်ချက်ကို ပြုပြီး ညနေပိုင်းရောက်တဲ့အခါ ဗောဓိညောင်ပင် အနီးကို ကြွတော်မူပါတယ်။ အဲဒီ ဗောဓိညောင်ပင် ဆိုတာက ယနေ့ခေတ် မဟာဗောဓိစေတီတော် ရှိနေတဲ့ နေရာပေါ့။

၆၁။ အဲဒီမှာ သူ ဘာလုပ်တာလဲ။

---

[၁] ဗုဒ္ဓလောင်းလျာဟာ သုဇာတာရဲ့ ဆွမ်းကို ခံယူပြီး ရွှေဆွမ်းအုပ်ကို မြစ်ကမ်းမှာ ခဏချထား၊ မြစ်ထဲမှာ ရေချိုးပြီးမှ ၄၉ လုတ် ဘုဉ်းပေးတယ်။ ရွှေဆွမ်းအုပ်ကို အဓိဋ္ဌာန်ပြုပြီး မြစ်သို့ မျှောလိုက်တယ်။ အဲဒီနောက် အနီးက တောအုပ်မှာ နေ့အချိန်ကို ကုန်လွန်ပြီး ညနေကျမှ ဗောဓိမဏ္ဍိုင်ကို ကြွတော်မူတယ် (မ–ဋ္ဌ ၂။ ၈၇)။ (ဘာသာပြန်သူ)။



ဗောဓိဉာဏ်ကို မရမချင်း ဒီနေရာက မထတော့ဘူးလို့ အဓိဋ္ဌာန်ပြုခဲ့ပါတယ်။

၆၂။ ဗောဓိညောင်ပင်ရဲ့ ဘယ်အရပ်မှာ သူ ထိုင်တော်မူခဲ့ပါသလဲ။

အရှေ့ဖက်ကို မျက်နှာမူပြီး ထိုင်ပါတယ်[၁]။

၆၃။ အဲဒီ ညက ဗုဒ္ဓလောင်းလျာဟာ ဘာတွေကို ရရှိခဲ့သလဲ။

အတိတ်က ဘဝတွေကို သိတဲ့ဉာဏ်၊ ဘဝဖြစ်ကြောင်းတွေကို သိတဲ့ဉာဏ်[၂]၊ လောဘတဏှာ ချုပ်ငြိမ်းတဲ့ လမ်းစဉ်ကိုသိတဲ့ ဉာဏ်တွေကို ရရှိခဲ့ပါတယ်။ နောက်နေ့ အရုဏ် မတက်ခင်မှာ ဗုဒ္ဓလောင်းလျာရဲ့ စိတ်ဟာ ကုန်လုံပွင့် ကြာပန်းလို လုံးဝ ပွင့်လင်းသွားပါတယ်။ သစ္စာလေးပါးကို ထိုးထွင်းသိတဲ့ ဉာဏ်ရောင် လင်းလက်သွားပါတယ်။ မင်းသိဒ္ဓတ်ဟာ အလုံးစုံကိုသိတဲ့ သဗ္ဗညုဗုဒ္ဓအဖြစ်ကို ရရှိသွားပါတယ်။

၆၄။ ဗုဒ္ဓဟာ လူသားတွေရဲ့ ဒုက္ခဖြစ်ကြောင်းကို သိသွားခဲ့ပါသလား။

---

[၁] ပါဠိတော် ကျမ်းမြတ်တွေမှာ ဘာကြောင့် အရှေ့ဖက်ကို မျက်နှာမူရတယ်ဆိုတာကို အကြောင်း မပြဘူး။ သို့ပေမယ့် ဘုရင်ဂျီဘုန်းကြီး ဘီဂန်းဒက် (Bigandet)ရေးတဲ့ စာအုပ်တွေနဲ့ အခြား ဥရောပတိုက်သားတွေရဲ့ မှတ်ချက်တွေကို အခြေခံပြီး လူသိများတဲ့ ပုံပြင်တွေမှာ ရှင်းပြထားတာ တစ်ခုတော့ ရှိတယ်။ ကောင်းကင်ရဲ့ နေရာဌာန အမျိုးမျိုးဆီက ကျွန်ုပ်တို့ဆီကို လာတဲ့ လွှမ်းမိုးမှုတစ်ခု အမြဲတမ်း ရှိပါတယ်။ တစ်ခါတစ်ရံ ဌာနတစ်ခုမှ လာတဲ့ လွှမ်းမိုးမှုဟာ အကောင်းဆုံး ဖြစ်ပြီး နောက်တစ်ခုက နောက်တစ်နေရာမှ လာတယ်။ ဒါပေမယ့် ဗုဒ္ဓရှင်တော်မြတ်ကတော့ ပြည့်စုံတဲ့ လူသားတစ်ဦးဟာ အပြင်က လွှမ်းမိုးမှု အားလုံးထက် သာလွန်တယ်လို့ ယူဆခဲ့ပါတယ်။

[၂] ဒိဗ္ဗစက္ခုဉာဏ်ကို ဆိုလိုပုံရတယ်။ ‘အဝေးမှာရှိတဲ့ အဆင်းတွေကို မြင်နိုင်တဲ့ ဉာဏ်’ဆိုရင် ပိုသဘာဝကျ ပါလိမ့်မယ် (ဘာသာပြန်သူ)။

www.kelasa.org

www.kelasa.org



၈၄။ စိတ်ကူးနဲ့ လုပ်ရတဲ့ အဲဒီ တန်ခိုးဆိုတာ စိတ်ကူးယဉ်လား။

မဟုတ်ပါဘူး။ တစ်စုံတစ်ခုသော လေ့ကျင့်အားထုတ်မှုနဲ့ လူတိုင်း ရနိုင်စွမ်းရှိတဲ့ သဘာဝ တစ်ခုပါ။

၈၅။ ဗုဒ္ဓရှင်တော်မြတ်ဟာ တောထွက်လာပြီးနောက် သူ့မိသားစုနဲ့ ပြန်တွေ့သေးလား။

တွေ့တာပေါ့။ ခုနစ်နှစ် ကြာပြီးမှ ပြန်တွေ့တာ။ ရာဇဂြိုဟ်မှာ ဗုဒ္ဓ သီတင်းသုံးနေခိုက် ဗုဒ္ဓရဲ့ ခမည်းတော်မင်းကြီးက မိမိ နတ်ရွာ မစံခင် တစ်ဖန် တွေ့ဆုံဖို့ ကြွလာရန် တောင်းပန်စကား ပို့လိုက်ပါတယ်။

၈၆။ ဗုဒ္ဓ ကြွတော်မူခဲ့ပါသလား။

ဟုတ်ကဲ့။ ဖခင်မင်းကြီးဟာ ဆွေမျိုးတွေ အမတ်တွေ အားလုံးနဲ့ အတူ ဗုဒ္ဓကို သွားရောက်တွေ့ဆုံပြီး အလွန်ပျော်ရွှင်စွာ လက်ခံခဲ့တယ်။

၈၇။ ဗုဒ္ဓဟာ ယခင်က ရာထူးကို ပြန်ရယူဖို့ မျှော်လင့်ခဲ့သလား။

မမျှော်လင့်ခဲ့ပါဘူး။ အချိုသာဆုံး စကားလုံးတွေနဲ့ ဗုဒ္ဓရှင်မြတ်က မင်းသား သိဒ္ဓတ္ထဟာ ဘဝက လွတ်မြောက်သွားပြီ ဖြစ်ကြောင်း၊ အဲဒီလို ဖြစ်တဲ့အတွက် ယခုအခါ သတ္တဝါအားလုံးက ထပ်တူ ကြည်ညို မြတ်နိုးတဲ့ ဗုဒ္ဓ ဖြစ်သွားပြီးဆိုတာကို ရှင်းပြခဲ့တယ်။ လူမျိုးတစ်ခု နိုင်ငံ တစ်နိုင်ငံကို အုပ်ချုပ်မယ့်အစား လူသားအားလုံးရဲ့ ဘုရင်တစ်ဆူလို ဓမ္မ တစ်ဆင့် သူ့ရဲ့ တပည့်သာဝကဖြစ်ဖို့ လူသားအားလုံးရဲ့ နှလုံးသား နဲ့ ထပ်တူ ဖြစ်ပါလိမ့်မယ်။

၈၈။ ဗုဒ္ဓဟာ ယသော်ဓရာနဲ့ သားတော် ရာဟုလာကို တွေ့သေးလား။

ဟုတ်ကဲ့။ အနက်ရှိုင်းဆုံး မေတ္တာတရားနဲ့ သောကကို ရင်မှာ ပိုက်ထားခဲ့တဲ့ ကြင်ယာတော် မင်းသမီးဟာ နာကျင်စွာ ငိုကြွေးခဲ့တယ်။ မင်းသမီးဟာ သားတော် ရာဟုလာကို ဗုဒ္ဓထံက မင်းသားလေး ရသင့်



၆၈။ အဲဒီလို ယူဆပြီးနောက် ဘာလုပ်လဲ[၁]။

မြတ်ဗုဒ္ဓဟာ မိမိသိတော်မူပြီးတာကို အရှင်းလင်းဆုံး အရိုးသားဆုံး ဟောပြဖို့က မိမိတာဝန် ဖြစ်တယ်ဆိုတာကို မြင်တော်မူပြီး ပုဂ္ဂိုလ်တစ်ဦးချင်းစီရဲ့ ကံအလိုက် အချို့သော လူသားတို့ရဲ့ စိတ်ကို သစ္စာတရားက ဆွဲဆောင်လိမ့်မယ်လို့ ယုံကြည်ခဲ့ပါတယ်။ ဒီဓမ္မဟာ သတ္တဝါတွေကို ကယ်တင်ဖို့ တစ်ခုတည်းသော လမ်းစဉ်ဖြစ်ပြီး ဟောကြားအပ်တဲ့ ဓမ္မကို ခံစားဖို့ လူတိုင်းမှာ အခွင့်အရေးရှိတယ်။ ဒါကြောင့် ဗုဒ္ဓရှင်တော်မြတ်ဟာ အစာမစားဘဲ ကျင့်နေစဉ်က မိမိကို အလုပ်အကျွေးပြုခဲ့ကြတဲ့ သီတင်းသုံးဖော် ငါးဦးကို စတင်ဟောကြားဖို့ ဆုံးဖြတ်ခဲ့တယ်။

၆၉။ အဲဒီ ငါးယောက်ကို ဘယ်မှာ တွေ့ခဲ့တာလဲ။

ဗာရာဏသီမြို့အနီးက ဣသိပတန မိဂဒါဝုန်မှာ တွေ့ခဲ့ပါတယ်။

၇၀။ အဲဒီ မိဂဒါဝုန်ဆိုတာကို ယနေ့ခေတ်မှာ တွေ့ပြီးပြီလား။

တွေ့ပါပြီ။ အနည်းငယ် ပျက်စီးနေတဲ့ စေတီတော် တစ်ဆူ ယနေ့ထိ အဲဒီနေရာမှာပဲ တည်ရှိနေပါတယ်။

၇၁။ အဲဒီ သီတင်းသုံးဖော် ငါးဦးက ဗုဒ္ဓဟောတာကို လွယ်လွယ်နဲ့ နာယူကြသလား။

ပထမတော့ မနာယူကြဘူး။ ဒါပေမယ့် မကြာခင်မှာဘဲ အဲဒီငါးဦးဟာ စိတ်ပြန်လည်လာပြီး ဗုဒ္ဓရှင်တော်မြတ်ရဲ့ ရုပ်သွင် ကြည်လင်သပ္ပာယ်မှုဟာ ကြီးမားလျက် ဟောကြားချက်ကို အကောင်းဆုံး ဂရုစိုက်လာပြီး ယုံကြည်သွားကြတဲ့အထိ နှစ်သက်ဖွယ် ဖြစ်ခဲ့ပါတယ်။

---

[၁] ရှေးဝတ္ထုဖြစ်ရပ်အရ ဗြဟ္မာကြီးကိုယ်တိုင် ဗုဒ္ဓအား မြင့်မြတ်တဲ့ သစ္စာဓမ္မကို ဟောကြားဖို့ နောက်ဆန်မတင်းရန် လျှောက်ထားကြောင်း ဆိုတယ်။

www.kelasa.org

www.kelasa.org



၇၂။ အဲဒီ (ပထမဆုံး ဟောကြားတဲ့) ဒေသနာတော်က သိတင်းသုံးဖော် ငါးဦးကို ဘယ်လို အကျိုးဖြစ်ပေါ်စေခဲ့သလဲ။ သိသွားသူလို့ အဓိပ္ပာယ်ရတဲ့ အသက်အရွယ် ကြီးနေတဲ့ ကောဏ္ဍညဟာ မိမိရဲ့ သဘောထားပြင်းထန်မှုကို အရင်ဆုံးလျှော့ပစ်၊ ဗုဒ္ဓရဲ့ သင်ပြမှုကို လက်ခံ၊ ဗုဒ္ဓရဲ့ တပည့်အဖြစ် ခံယူပြီး ရဟန္တာ ဖြစ်သွားတယ်။ မကြာခင်မှာ ကျန်လေးဦးလည်း ကောဏ္ဍညအတိုင်း လုပ်ခဲ့ကြတယ်။

၇၃။ ဗုဒ္ဓရဲ့ ချေချွတ်ခြင်းကို နောက်ထပ် ဘယ်သူတွေ ခံယူခဲ့ကြသလဲ။

ယသလို့ခေါ်တဲ့ သူဌေးသားနဲ့ သူ့ဖခင် သူဌေးတို့ ဖြစ်ပါတယ်။ ဝါတွင်း သုံးလ ကုန်လွန်တဲ့အခါ ဗုဒ္ဓရဲ့ တပည့် ၆၀ ရှိလာပါတယ်။

၇၄။ ပထမဆုံး အမျိုးသမီး တပည့်က ဘယ်သူပါလဲ။

ယသရဲ့ မိခင်နဲ့ ဇနီးပါ။

၇၅။ အဲဒီ အချိန်က ဗုဒ္ဓ ဘာလုပ်ခဲ့သလဲ [၁]။

တပည့်အားလုံး ခေါ်ယူလျက် အပြည့်အစုံ လမ်းညွှန်ပြီးနောက် အရပ်အားလုံးမှာ ဗုဒ္ဓရဲ့ ဓမ္မကို ဟောကြားဖို့ မိန့်တော်မူပါတယ်။

၇၆။ အဲဒီလို မိန့်ကြားတဲ့ အနှစ်သာရက ဘာလဲ။

လွတ်မြောက်မှု လမ်းစဉ်ဟာ မြင့်မြတ်တဲ့ဘဝနဲ့ နေထိုင်ခြင်းနဲ့ နောက်ပိုင်းမှာ မိမိချမှတ်မယ့် ဝိနယ စည်းမျဉ်းတွေကို လိုက်နာမှုတွေ အပေါ်မှာ တည်နေတယ်ဆိုတဲ့ သဘောပါ။

[၁] ဟိန္ဒူ မဟုတ်သူများအား ဗြာဟ္မဏဝါဒကို မအေးအပ်ခြင်းလို့ ဗုဒ္ဓဝါဒဟာ အကျိုးဆက်အနေနဲ့ ကမ္ဘာပေါ်မှာ ရှေးအကျဆုံး သာသနာပြုလှုတ်တဲ့ ဘာသာတရား ဖြစ်ပါတယ်။ ရှေးဦး သာသနာပြုပုဂ္ဂိုလ်တွေဟာ ရက်စက်တာ၊ လုပ်ကြံခံရတာတွေရဲ့ ခက်ခဲမှုတိုင်းကို ခိုင်မြဲတဲ့ သတ္တိနဲ့ သည်းခံရတယ်။



၇၇။ အဲဒီ ဘဝနေနည်းကို ဘယ်လို ခေါ်တယ်ဆိုတာကို ပြောပြပါ။

မဂ္ဂင်ရှစ်ပါးလို့ ခေါ်ပါတယ်။

၇၈။ ပါဠိဘာသာနဲ့ ဘယ်လို ခေါ်ပါသလဲ။

'အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ' ဖြစ်ပါတယ်။

၇၉။ အဲဒီနောက် မြတ်ဗုဒ္ဓ ဘယ်ကို ကြွတော်မူပါသလဲ။

ဥရုဝေလာ အရပ်ကို ကြွသွားခဲ့ပါတယ်။

၈၀။ အဲဒီမှာ ဘာတွေ ဖြစ်ပျက်ခဲ့သလဲ။

အသိပညာကြောင့် ထင်ရှားပြီး မီးကို ရှိခိုးကိုးကွယ်ကြတဲ့ ဂိုဏ်းဖြစ်တဲ့ ဇဋိလ(ရသေ့တစ်မျိုး)တွေရဲ့ ခေါင်းဆောင်ဖြစ်သူ ကဿပ အမည်ရတဲ့ ပုဂ္ဂိုလ်ကို မိမိအဆုံးအမကို လက်ခံစေခဲ့ပါတယ်။ သူတို့အုပ်စုအားလုံး ဗုဒ္ဓရဲ့ တပည့်တွေ ဖြစ်သွားကြတယ်။

၈၁။ အဲဒီနောက် ဗုဒ္ဓရဲ့ တပည့်ဖြစ်သွားတဲ့ ပုဂ္ဂိုလ်ကြီးက ဘယ်သူလဲ။

မဂဓဘုရင် ဗိမ္ဗိသာရ ဖြစ်ပါတယ်။

၈၂။ အဲဒါနဲ့ တစ်ချိန်တည်းလောက်မှာ ဗုဒ္ဓရဲ့တပည့် ဖြစ်သွားကြတဲ့ ပညာအတတ်ဆုံးနဲ့ အကြည်ညိုဆုံး နှစ်ဦးက ဘယ်သူတွေလဲ။

သဉ္စယရသေ့ရဲ့ ခေါင်းဆောင် တပည့်ဟောင်းတွေ ဖြစ်ကြတဲ့ သာရိပုတ္တ နဲ့ မောဂ္ဂလာန်တို့ ဖြစ်ပါတယ်။

၈၃။ သူတို့ နှစ်ယောက်က ဘာလို့ ကျော်ကြားရတာလဲ။

သာရိပုတ္တက သူ့ရဲ့ နက်နဲတဲ့ ပညာကြောင့်၊ မောဂ္ဂလာန်ရဲ့ တန်ခိုး ဣဒ္ဓိပါဒ် ကြီးမားမှုကြောင့် ထင်ရှားပါတယ်။

www.kelasa.org

www.kelasa.org



ဝင်စားမှု ?) သို့ ရောက်သွားပြီးနောက် ပရိနိဗ္ဗာန် ဝင်စံတော်မူပါတယ်။

၁၀၀။ သာဝကတွေကို ဗုဒ္ဓ ဟောကြားတော်မူတဲ့ နောက်ဆုံးစကားတော်က ဘာတွေလဲ။

'ရဟန်းတို့၊ လူသားတို့ရဲ့ အစိတ်အပိုင်းတွေ စွမ်းရည်တွေဟာ ပြိုကွဲ ပျက်စီးရလိမ့်မယ်။ မမေ့မလျော့တဲ့ သတိတရားနဲ့ မိမိတို့ရဲ့ လွတ်မြောက်မှုအတွက် ကြိုးစားကြလော့'လို့ ဗုဒ္ဓ မိန့်ကြားခဲ့ပါတယ်။

၁၀၁။ သိဒ္ဓတ္ထမင်းသား ဘဝက ဖြစ်လာတဲ့ ဗုဒ္ဓဟာ သမိုင်းမှာ အမှန်တကယ်ရှိခဲ့သူ ဖြစ်တယ်ဆိုတာအတွက် ယုံကြည်နိုင်လောက်တဲ့ အထောက် အထားက ဘာလဲ။

သမိုင်းမှာ မြတ်ဗုဒ္ဓ အထင်အရှား ရှိခဲ့တယ်ဆိုတာဟာ အခြား မည်သည့် ရှေးဟောင်း သမိုင်းသွင်ပြင်ထက်မဆို ခိုင်လုံ ရှင်းလင်းစွာ သက်သေ ရှိပါတယ်။

၁၀၂။ သက်သေ အချို့ကို ပြောပြပေးပါလား။

(၁) ဗုဒ္ဓကို ကိုယ်တိုင် သိလိုက်တဲ့ ပုဂ္ဂိုလ်တွေရဲ့ ပြောပြချက်တွေ၊

(၂) ဗုဒ္ဓခေတ်အကြောင်း ပြောဆိုမှုတွေကို ဖော်ပြတဲ့ အဆောက်အအုံ အပျက်အစီးတွေ နေရာတွေကို ရှာဖွေတွေ့ရှိတာတွေ၊

(၃) ဗုဒ္ဓရဲ့ ဘဝအကြောင်းအရာကို အသေအချာ သိနိုင်လောက်အောင် အချိန်ကာလ နီးကပ်ခဲ့တဲ့ ဘုရင်တွေက ဗုဒ္ဓကို အထိမ်းအမှတ်ပြုဖို့ တည်ဆောက်ခဲ့တဲ့ ကျောက်စာ အရေးအသားတွေနဲ့ သဲကျောက်စေတီတော်တွေ၊

(၄) ဗုဒ္ဓ တည်ထောင်ခဲ့တဲ့ ရဟန်းသံဃာတွေ အစဉ်မပြတ် တည်ရှိနေပြီး အစောပိုင်း ကာလကတည်းက မျိုးဆက် တစ်ခုပြီး တစ်ခု ဆင်းသက်ခဲ့တဲ့ ဗုဒ္ဓရဲ့ ဘဝနဲ့ ပတ်သက်တဲ့ အချက်တွေ ရှိနေမှု၊

(၅) ဗုဒ္ဓ ပရိနိဗ္ဗာန် စံတဲ့နှစ်နဲ့ နှောင်းပိုင်းကာလ အချိန်တွေမှာ



တဲ့ အမွေး တောင်းခိုင်းတယ်။

၈၉။ ဘာဖြစ်ခဲ့သေးလဲ။

ဗုဒ္ဓဟာ သောကမျိုးစုံအတွက် ကုသရေးအနေနဲ့ ဓမ္မကို လူသားအားလုံးအား ဟောကြားပါတယ်။ ခမည်းတော်၊ သားတော်၊ ကြင်ယာတော်၊ အာနန္ဒာ (ညီတော် ဝမ်းကွဲ)၊ ဒေဝဒတ္တ (ညီဝမ်းကွဲနဲ့ ယောက်ဖတော်)တို့ အားလုံး တရားရသွားပြီး ဗုဒ္ဓရဲ့ သာဝကတွေ ဖြစ်သွားကြတယ်။ အခြား ထင်ရှားသူ နှစ်ယောက်ကတော့ နောင်အခါ သမာပတ်ဝင်စားရာမှာ အင်မတန် စွမ်းအင်ကြီးမားတဲ့ အနုရုဒ္ဓါ၊ ပြီးတော့ နောင်အခါ ဝိနည်းကို အင်မတန် ကျွမ်းကျင်သူ ဖြစ်လာမယ့် ဆံသလုလင် ဥပါလိတို့လည်း ဗုဒ္ဓရဲ့ သာဝကတွေ ဖြစ်ကုန်တယ်။ သူတို့အားလုံး ထင်ရှား ကျော်ကြားကြပါတယ်။

၉၀။ ပထမဆုံး ဘိက္ခုနီဖြစ်လာသူက ဘယ်သူလဲ။

မင်းသား သိဒ္ဓတ္ထရဲ့ အဒေါ် မွေးစား မယ်တော် မဟာပဇာပတိ ဖြစ်ပါတယ်။ မဟာပဇာပတိ ဂေါတမီ၊ ယသော်ဓရာမင်းသမီးနဲ့ အခြား အမျိုးသမီးတွေ ဘိက္ခုနီ သို့မဟုတ် ရဟန်းမိန်းမ ဖြစ်သွားခဲ့ကြတယ်။

၉၁။ သားတော်တွေ ဖြစ်တဲ့ သိဒ္ဓတ္ထ နှင့် အာနန္ဒ၊ တူတော် ဒေဝဒတ္တ၊ သာတော်ရဲ့ ကြင်ယာတော် ယသော်ဓရာနဲ့ မြေးတော် ရာဟုလာ ရှင်ရဟန်း ဖြစ်သွားကြတဲ့အခါ အသက်အရွယ် ကြီးရင့်နေတဲ့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးမှာ ဘယ်လို သက်ရောက်မှုတွေ ဖြစ်ခဲ့သလဲ။

အဲဒီလို ဖြစ်သွားတာအတွက် မင်းကြီးဟာ လွမ်းဆွေးခဲ့ရပြီး သားတော် ဗုဒ္ဓကို အဲဒီလို မလုပ်ဖို့ လျှောက်ထားခဲ့ပါတယ်။ အဲဒီနောက်မှာ ဗုဒ္ဓက မိဘတွေ အသက်ထင်ရှား ရှိနေသေးရင် သူတို့ရဲ့ သဘောတူညီချက် မရှိဘဲ အဲဒီအချိန်က စပြီး ရှင်ရဟန်း မပြုပေးရခဲ့တဲ့ ဝိနည်း စည်းကမ်း တစ်ရပ်ကို ချမှတ်တော်မူခဲ့ပါတယ်။

www.kelasa.org

www.kelasa.org



၄၂။ ဒေဝဒတ္တရဲ့ ကံကြမ္မာကို ပြောပြပါ။

ဒေဝဒတ္တဟာ သိပ် ဉာဏ်ပညာ ထက်မြက်သူဖြစ်ပြီး ဓမ္မနဲ့ ပတ်သက်တဲ့ ပညာကို အလွန်လျင်မြန်စွာ တိုးတက်ရရှိခဲ့ပါတယ်။ ဒါပေမယ့် အတိုင်းထက်အလွန် မျှော်မှန်းချက် ကြီးလွန်းသူဖြစ်လို့ ဗုဒ္ဓကို မနာလိုဖြစ်ရာကနေ မုန်းတီးလာပြီး ဗုဒ္ဓကို သတ်ဖို့တောင် ကြံစည်ခဲ့တယ်။ ဘုရင်ဗိမ္ဗိသာရရဲ့ သားတော် အဇာတသတ် မင်းသားကိုလည်း အရိယာသူတော်စင် ဖခင်မင်းကြီးကို သတ်ပြီးနောက် မိမိရဲ့ တပည့်ဖြစ်လာဖို့ တွန်းအားပေးခဲ့တယ်။

၄၃။ ဒေဝဒတ်ဟာ ဗုဒ္ဓကို နာကျင်ထိခိုက်အောင် လုပ်ခဲ့သလား။

များများ မလုပ်နိုင်ခဲ့ပါဘူး။ ဒါပေမယ့် ဗုဒ္ဓကို ဆန့်ကျင် လုပ်ကြံခဲ့တဲ့ မကောင်းမှုဟာ သူ့ကို ပြန်ရစ်ပတ်ခဲ့ပြီး ထူးဆန်းတဲ့ သေခြင်းမျိုးနဲ့ ရင်ဆိုင်သွားခဲ့ရတယ်။

၄၄။ ဗုဒ္ဓရှင်တော်ဟာ နှစ်ပေါင်း ဘယ်လောက် ကြာအောင် တရားဓမ္မ ဟောကြားပြီး နေထိုင်သွားခဲ့သလဲ။

နှစ်ပေါင်း ၄၅ နှစ်ကြာ နေထိုင်ခဲ့ပြီး အဲဒီအတွင်း သုတ္တန်ပေါင်း များစွာ ဟောကြားတော်မူခဲ့ပါတယ်။ ဗုဒ္ဓကိုယ်တိုင်နဲ့ တပည့်သာဝကတွေရဲ့ ထုံးစံက ခြောက်သွေ့ရာသီ ရှစ်လအတွင်း ခရီးသွားပြီး ဓမ္မဒေသနာတွေကို ဟောကြားရပါတယ်။ ဒါပေမယ့် မိုးရာသီမှာတော့ ဘုရင်မင်းတွေ လူကုန်ထံတွေ လှူဒါန်းတဲ့ ဂူတွေ ကျောင်းတိုက်တွေမှာ ရပ်နား သီတင်းသုံးကြပါတယ်။

၄၅။ အဲဒီ ဝိဟာရကျောင်းတိုက်တွေအနက် ဘယ်ကျောင်းတိုက်က အကျော်ကြားဆုံး ဖြစ်ပါသလဲ။

ဇေတဝနာရာမ၊ ဝေဠုဝနာရာမ၊ ပုဗ္ဗာရာမ၊ နိဂြောဓာရာမနှင့် ဣသိပတနာရာမ ကျောင်းတိုက်တို့ ဖြစ်ပါတယ်။



၄၆။ ဘယ်လို ပုဂ္ဂိုလ်တွေကို ဗုဒ္ဓနဲ့ ဗုဒ္ဓသာဝကတွေက ဟောကြား ဆုံးမတော်မူကြသလဲ။

လူတန်းစားမျိုးစုံ နိုင်ငံမျိုးစုံနဲ့ လူမျိုး အားလုံး၊ ဘုရင်တွေနဲ့ ကူလီ (အလုပ်သမား)တွေ၊ သူဌေး ဆင်းရဲသား၊ ဘဝင်မြင့်သူ နှိမ့်ချသူ၊ ပညာတတ်သူ ပညာမတတ်သူ .. အားလုံးပါပဲ။ ဗုဒ္ဓရဲ့ တရားတော်က လူအားလုံးနဲ့ သင့်တင့် လျောက်ပတ်ပါတယ်။

၄၇။ ဗုဒ္ဓ ပရိနိဗ္ဗာန်စံတဲ့ မှတ်တမ်းရှိရင် ပြောပြပေးပါ။

ဗုဒ္ဓဖြစ်ပြီးတဲ့နောက် လေးဆယ့် ငါးနှစ်မြောက် တစ်နှစ်မှာ မေလရဲ့ လပြည့်နေ့မှာ မိမိရဲ့ ဘဝသက်တမ်း ကုန်ဆုံးတော့မယ်ဆိုတာကို သိတော်မူလို့ ဗုဒ္ဓရှင်တော်မြတ်ဟာ ညနေခင်း တစ်ချိန်မှာ ဗာရာဏသီမြို့မှ မိုင်တစ်ရာ့နှစ်ဆယ်လောက် ဝေးတဲ့ ကုသိနာရုံ (မြို့)ကို ကြွတော်မူတယ်။ ကုသိနာရုံမြို့ရဲ့ ဥပဝတ္တန အရပ်မှာရှိတဲ့ မလ္လာမင်းတို့ရဲ့ အင်ကြင်းဥယျာဉ်ထဲက အင်ကြင်းပင် နှစ်ပင်အကြားမှာ ရှေးဟောင်း ဓလေ့အရ မြောက်ဖက်သို့ ဥခေါင်းပြုပြီး ခုတင်ညောင်စောင်းကို ခင်းစေတော်မူတယ်။ အဲဒီ ညောင်စောင်းပေါ်မှာ လဲလျောင်းပြီး သန့်ရှင်း စင်ကြယ်တဲ့စိတ်နဲ့ ဗုဒ္ဓဟာ တပည့်သာဝကတွေကို နောက်ဆုံး သင်ကြားမှုတွေကို ပေးပြီး နှုတ်ဆက်တော်မူပါတယ်။

၄၈။ ဗုဒ္ဓဟာ အဲဒီ နောက်ဆုံး ခရီးမှာလည်း လူသစ်တွေကို ဟောကြား ချေချွတ်မှု ပြုခဲ့သလား။

ပြုခဲ့ပါတယ်။ သုဘဒ္ဒလို့ ခေါ်တဲ့ သိပ်အရေးပါတဲ့ ပုဏ္ဏားပဏ္ဍိတ် တစ်ယောက်ပါပဲ။ ဗုဒ္ဓဟာ မလ္လာ မင်းသားတွေနဲ့ သူတို့ရဲ့ တပည့်တွေကိုလည်း တရားဒေသနာ ဟောကြားတော်မူပါတယ်။

၄၉။ အာရုံတက်အချိန်မှာ ဘာတွေ ဖြစ်ပျက်ခဲ့သလဲ။

ဗုဒ္ဓဟာ သမာဓိရဲ့ အနက်နဲဆုံး အခြေအနေ (နိရောဓသမာပတ်ကို

www.kelasa.org

www.kelasa.org



တည်ထောင်သူ ဗုဒ္ဓရှင်တော်မြတ် ဟောကြာတဲ့ တရားဓမ္မတွေရဲ့ စစ်မှန်မှုကို အတည်ပြုဖို့အတွက် သံဃာ့ အစည်းအဝေးတွေ ဆွေးနွေးပွဲတွေ ကျင်းပခဲ့တဲ့ အချက်။ အဲဒီ အတည်ပြုပြီးတဲ့ ဓမ္မတွေဟာ ဆရာစဉ်ဆက် ယနေ့ထိ ဆင်းသက်ခဲ့တဲ့ အချက်။

(၆) ဗုဒ္ဓကို မီးသင်္ဂြိုဟ်ပြီးနောက် ကြွင်းကျန်တဲ့ ဓာတ်တော်တွေကို ရှစ်ပြည်ထောင်မင်းတို့ ခွဲဝေယူသွားကြပြီး ရရှိတဲ့ ဓာတ်တော် ဝေစုနဲ့ စေတီ တစ်ဆူစီ တည်ခဲ့ကြတယ်။ အဇာတသတ်မင်းဟာ မိမိ ရရှိခဲ့ပြီး ရာဇဂြိုဟ်မြို့က စေတီမှာ ဌာပနခဲ့တဲ့ ဓာတ်တော်ဝေစုကို ရာစုနှစ် နှစ်ခုကြာပြီးနောက် အသောကမင်းကြီးက ရယူပြီး သူ့ရဲ့ နိုင်ငံတော် အနှံ့ ဖြန့်ပစ်လိုက်တယ်။ အသောက မင်းကြီးအနေနဲ့ အဲဒီ ဓာတ်တော်တွေဟာ ရှင်တော်ဗုဒ္ဓရဲ့ ဓာတ်တော် ဟုတ်မဟုတ်ဆိုတာကို သိဖို့ လုံလောက်တဲ့ နည်းလမ်းတွေ အမှန်ပဲ ရှိပါတယ်။ ဒါကြောင့် အဲဒီ ဓာတ်တော်တွေကို အစကတည်းက ပတ္တနား နေပြည်တော်က ဘုရင့်အိမ်တော်မှာ တာဝန်ယူ သိမ်းထားခဲ့တာပေါ့။

(၇) ရဟန္တာဖြစ်ပြီး အဲဒီလို အဘိညာဉ်တန်ခိုးနဲ့ ပြည့်စုံကြတဲ့ ဗုဒ္ဓရဲ့ တပည့်သာဝက များစွာတို့ဟာ သက်တော် အလွန်ရှည်ခဲ့မှာ သေချာတယ်။ အဲဒီအထဲက တစ်ပါးကိုတစ်ပါး ဆက်ခံခဲ့တဲ့ နှစ်ပါး သုံးပါးလောက်ဟာ ဗုဒ္ဓ ပရိနိဗ္ဗာန်စံချိန်နဲ့ အသောကမင်း လက်ထက် အကြား အချိန်ကာလ တစ်ခုလုံး မီမှာဖြစ်တဲ့အတွက် အသောကမင်းအနေနဲ့ မိမိလိုချင်တဲ့ ရှင်တော်ဗုဒ္ဓရဲ့ ဘဝဖြစ်တော်စဉ်နဲ့ ပတ်သက်တဲ့ ခေတ်ပြိုင် အထောက်အထားတိုင်းကို ရနိုင်ခဲ့တာပေါ့[၁]။

---

[၁] ဒုတိယသံဂါယနာမှာ နှစ်တစ်ရာကျော် သက်တော် ရှည်ကြတဲ့ အရှင်အာနန္ဒာရဲ့ တပည့်နှစ်ပါး ပါခဲ့တယ်။ အသောကမင်းရဲ့ တတိယသံဂါယနာမှာ အဲဒီ ဖော်ပြပြီး နှစ်ပါးရဲ့ တပည့်တွေ ပါခဲ့တယ်။

www.kelasa.org

www.kelasa.org



(၈) ကျွန်ုပ်တို့ သိရတဲ့ အလွန်ခိုင်လုံတဲ့ ရှေးဟောင်းသမိုင်းကျမ်း ဖြစ်တဲ့ မဟာဝံသကျမ်းမှာ ဗုဒ္ဓနဲ့ တစ်ချိန်တည်းလောက် ဖြစ်တဲ့ ဘီစီ ၅၄၃ အချိန်က ဝိဇယဘုရင် လက်ထက် သီဟိုဠ်သမိုင်း အဖြစ်အပျက်တွေကို မှတ်တမ်း တင်ထားပါတယ်။ ထင်ရှားတဲ့ ဗုဒ္ဓဘဝ ဖြစ်တော်စဉ်နဲ့ အသောကမင်း အကြောင်းအပြင် အခြား ဗုဒ္ဓဝါဒီ ဘုရင်များအကြောင်းကို မှတ်တမ်း တင်ထားပါတယ်။

၁၀၃။ ဗုဒ္ဓ ဘယ်လို နာမည်တွေနဲ့ လူတွေက လေးစားသမှု ခေါ်ဝေါ်ကြပါသလဲ။

သကျမုနိ (သကျမျိုး ပညာရှိ)၊ သကျသီဟ (သကျမျိုး ခြင်္သေ့မင်း)၊ သုဂတ (ပျော်ရွှင်သူ)၊ သတ္ထာ (လောကရဲ့ ဆရာအရှင်)၊ ဇိန (အောင်မြင်သူ)၊ ဘဂဝါ (ဘုန်းတော်ရှင်)၊ လောကနာထ (လောက၏ အရှင်)၊ သဗ္ဗညု (အလုံးစုံကို သိသူ)၊ ဓမ္မရာဇာ (တရားမင်း)၊ တထာဂတ (ကြီးမြတ်သူ) စသည်ဖြင့်ပေါ့ ..

____________________

www.kelasa.org

www.kelasa.org



၁၁၆။ မသိမှု အဝိဇ္ဇာက ဘာကြောင့် ဒုက္ခကို ဖြစ်စေတာလဲ။

ဘာကြောင့်ဆို အဲဒီအဝိဇ္ဇာဟာ တန်ဖိုးမရှိတာကို တန်ဖိုးရှိအောင်၊ ပူဆွေးသောက မဖြစ်သင့်တဲ့အခါ ဖြစ်အောင်၊ အစစ်အမှန် မဟုတ်ဘဲ လှည့်စားမှုမျှသာ ဖြစ်တဲ့အရာကို အစစ်အမှန်လို့ ထင်အောင်၊ စစ်မှန်တဲ့ တန်ဖိုးအရှိဆုံး အရာကို မသိကျိုးကျွံ ပြုပြီး တန်ဖိုးမဲ့တဲ့ အရာတွေကို ရှာဖွေရင်း ဘဝတွေကို ကျော်ဖြတ်ရအောင် ဖြစ်စေတယ်။

၁၁၇။ အဲဒီ တန်ဖိုးရှိတဲ့ အရာတွေ ဆိုတာ ဘာလဲ။

လူ့ဘဝ တည်ရှိမှုနဲ့ ကံကြမ္မာတွေရဲ့ လျှို့ဝှက်ချက် အလုံးစုံကို သိဖို့ ဖြစ်ပါတယ်။ အဲဒီလိုသိတော့ အစစ်အမှန် တန်ဖိုးထက် မပိုဘဲ ဒီဘဝ အပြင် ဒီဘဝနဲ့ ပတ်သက်တာတွေကို ကျွန်ုပ်တို့ ခန့်မှန်းနိုင်တယ်။ ကျွန်ုပ်တို့ ပတ်ဝန်းကျင် လူသားတွေနဲ့ ကျွန်ုပ်တို့ ကိုယ်တိုင်အတွက် အကြီးမားဆုံးသော ပျော်ရွှင်မှုနဲ့ ဒုက္ခ လျော့နည်းမှုအတွက် သေချာတဲ့ နည်းလမ်းနဲ့ ကျွန်ုပ်တို့ နေထိုင်နိုင်ပါတယ်။

၁၁၈။ ကျွန်ုပ်တို့ရဲ့ မသိမှု အဝိဇ္ဇာကို ပယ်ထုတ်နိုင်ပြီး ဆင်းရဲဒုက္ခ အားလုံးကို ဖယ်ရှားမယ့် အလင်းရောင်ဆိုတာ ဘာလဲ။

ဗုဒ္ဓရှင်တော်မြတ် ခေါ်ဝေါ်တော်မူတဲ့ နာမည်အရ သစ္စာလေးပါးကို သိခြင်း ဖြစ်ပါတယ်။

၁၁၉။ အဲဒီ သစ္စာလေးပါးဆိုတာကို ပြောပြပါလား။

၁) မွေးခြင်း သေခြင်းနှင့် ဘဝတစ်ခုပြီး တစ်ခုကို ဖြစ်ပေါ်စေတဲ့ အမြဲ ပြောင်းလဲနေတဲ့ ဘဝရဲ့ ဒုက္ခ အမှန်တရား။

၂) ဒုက္ခကို ဖြစ်ပေါ်စေတဲ့ အကြောင်းတရား။ အဆုံးသတ်ဖို့ ဘယ်တော့မှ မသေချာနိုင်သော၊ မိမိရဲ့ အတ္တကို နှစ်သက်စေသော၊ အမြဲတမ်း သစ်လွင်နေသော ကိုယ်ကျိုးဆန် အတ္တလွန် တဏှာ လောဘ။

## အခန်း နှစ်
## ဓမ္မ သို့မဟုတ် ဗုဒ္ဓဟောကြား မြတ်တရား

၁၀၄။ ဗုဒ္ဓဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်က ဘာလဲ။

ဗောဓိဉာဏ်ကို ရပြီးသူ၊ သို့မဟုတ် ပြည့်စုံတဲ့ အသိပညာရှိသူ။

၁၀၅။ ဟောဒီ (ဂေါတမဗုဒ္ဓ) မတိုင်က အခြားသော ဗုဒ္ဓတွေ ရှိခဲ့တယ်လို့ ခင်ဗျား ပြောခဲ့ပါသလား။

ပြောခဲ့ပါတယ်။ မောဟကြောင့် လူသားတွေ ဒုက္ခပင်လယ် ဝေရပြီး တရားဟောဖို့ ဗုဒ္ဓတစ်ဆူရဲ့ လုပ်ဆောင်ချက်ဖြစ်တဲ့ အသိပညာကို လိုအပ်တဲ့အချိန် ကြားကာလတွေမှာ တည်မြဲတဲ့ အကြောင်းတရားရဲ့ လုပ်ဆောင်မှုအရ ဗုဒ္ဓဘုရားရှင် တစ်ဆူ ပွင့်တော်မူတယ်လို့ ကျုပ်တို့က ယုံကြည်တယ်။ (မေးခွန်းအမှတ် ၁၁ ကိုလည်း ကြည့်ပါ။)

၁၀၆။ ဗုဒ္ဓ အဖြစ်သို့ရောက်ဖို့ ဘယ်လို တိုးတက်အောင် လုပ်ခဲ့ရသလဲ။

လူတစ်ယောက်ဟာ ကမ္ဘာမြေပေါ်မှာ ပွင့်တော်မူကြတဲ့ ဗုဒ္ဓတွေထဲက တစ်ဆူဆူကို ကြားနာရ ဖူးမြင်ရတဲ့အခါ တစ်ချိန်မှာ ဗုဒ္ဓဖြစ်ဖို့နဲ့၊ အချိန်တန်ရင် သတ္တဝါတွေ ဘဝသံသရာမှ ထွက်မြောက်ကြောင်း လမ်းညွှန်အတွက် သူလည်း ဗုဒ္ဓတစ်ဆူ ဖြစ်မယ်လို့ အဓိဋ္ဌာန်ပြုကြတယ်။

၁၀၇။ အဲဒီ ဗုဒ္ဓလောင်းလျာဟာ ဘာတွေ ဆက်လက်ဆောင်ရွက်သလဲ။

အဲဒီ ဘဝကစပြီး နောင်ဘဝတွေတိုင်းမှာ ကိုယ်တိုင်သိနဲ့ အသိပညာကို ရရှိဖို့၊ သူ့ရဲ့ လောဘ တဏှာကို လျှော့ဖို့နဲ့ သူ့ရဲ့ ဣန္ဒြေတွေကို တိုးတက်အောင်လုပ်ဖို့ ကြိုးစားတယ်။ ဒီလိုနဲ့ အသိပညာဒီဂရီ တဖြည်းဖြည်း မြင့်လာအောင်၊ ကိုယ့်ကျင့်တရားတွေ ပိုမို ကောင်းလာအောင်နဲ့

www.kelasa.org

www.kelasa.org



သီလစွမ်းအားတွေ ပိုမို အားကောင်းအောင်၊ နောက်ဆုံး ဘဝများစွာ လွန်ပြီးနောက် အဲဒီ ပုဂ္ဂိုလ်ဟာ အလုံးစုံ ပြည့်စုံသော၊ ဗောဓိဉာဏ်ကို ရရှိသော၊ သဗ္ဗညုတဉာဏ်ကို ပိုင်ဆိုင်သော၊ လူသားတို့ရဲ့ စံပြပုဂ္ဂိုလ် ဆရာသခင် ဖြစ်လာနိုင်တယ်။

၁၀၈။ ဘဝသံသရာမှာ အဲဒီလို တဖြည်းဖြည်း ပြည့်စုံအောင် ဆောင်ရွက်ဆဲမှာ အဲဒီ ပုဂ္ဂိုလ်ကို ဘယ်လို ခေါ်ပါသလဲ။

ဗောဓိသတ္တ သို့မဟုတ် ဘုရားလောင်းလို့ ခေါ်ပါတယ်။ ဒါကြောင့်ပဲ မင်းသား သိဒ္ဓတ္ထကို ဗုဒ္ဓဂယာမှာရှိတဲ့ ဗောဓိညောင်ပင်အောက်မှာ ဗုဒ္ဓ မြဖြစ်မီ အချိန်ထိ ဗောဓိသတ္တလို့ ခေါ်ပါတယ်။

၁၀၉။ သူ့ရဲ့ ဗောဓိသတ္တအဖြစ်နဲ့ ဖြစ်ဖူးတဲ့ မှတ်တမ်း ရှိပါသလား။

ဘုရားလောင်းတွေရဲ့ တောထွက်မှုတွေ အကြောင်းကို ဖော်ပြတဲ့ အကြောင်းတွေ ပါတဲ့ ဇာတကအဋ္ဌကထာကျမ်းမှာ အဲဒီလို အကြောင်း အရာတွေ ရာပေါင်းများစွာ ပါရှိတယ်။

၁၁၀။ အဲဒီ ဇာတ်ဝတ္ထုတွေက ဘာတွေကို သင်ကြားပေးပါသလဲ။

လူတစ်ယောက်ဟာ ရှည်လျားတဲ့ ဘဝပြန်လည်ဖြစ်စဉ် (ဘာဝသံ သရာ) တစ်လျှောက်လုံး ဆိုးဝါးတဲ့ အာသာ ဆန္ဒတွေကို ဖယ်ရှားပြီး ကောင်းမြတ်တဲ့ ဆန္ဒတွေကို တိုးတက်အောင်လုပ်ဖို့ စွမ်းနိုင်ပြီး ကြီး မြတ် ကောင်းမွန်တဲ့ ရည်ရွယ်ချက်တွေကို သယ်ယူ သွားနိုင်ပါတယ်။

၁၁၁။ ဗောဓိသတ် တစ်ယောက်ဟာ သူဗုဒ္ဓအဖြစ်ကို မရောက်ခင် တွေ့ ကြုံရမယ့် ဘဝသံသရာရဲ့ အရေအတွက်ကို အတိုးအလျှော့ လုပ်လို့ ရ နိုင်ပါသလား။

ဘယ်လိုမှ မရနိုင်ပါဘူး။ အဲဒါက သူ့ရဲ့ သဘာဝ ရှိနေတဲ့ စရိုက်၊ သူက အခြား ဗုဒ္ဓတစ်ဆူထံမှာ အဓိဋ္ဌာန်ပြုတဲ့အခါ သူရောက်နေတဲ့ တိုး



တက်မှုအဆင့်နဲ့ အခြားအရာတွေကို အခြေခံပါတယ်။

၁၁၂။ ဗောဓိသတ်တွေကို အမျိုးအစား ခွဲခြားတဲ့ နည်းလမ်း ရှိပါသ လား။ ရှိတယ်ဆိုရင် အဲဒါကို ရှင်းပြပါ။

ဗောဓိသတ်လို့ ခေါ်တဲ့ ဘုရားလောင်း သုံးမျိုးရှိတယ်။

၁၁၃။ ဆက်ရှင်းပါအုံး။ အဲဒီ ဗောဓသတ်တွေကို နာမည် ဘယ်လို ခေါ် ပါသလဲ။

ပညာဓိက သို့မဟုတ် ဥဂ္ဃဋိတညူ။ ဒီပုဂ္ဂိုလ်မျိုးက ဗောဓိဉာဏ်ကို ရတာ အကြာဆုံး ဖြစ်တယ်။ သဒ္ဓါဓိက သို့မဟုတ် ဝိပစ္စိတညူ။ ဒီပုဂ္ဂိုလ် မျိုးက ဗောဓိဉာဏ်ကို ရတာ ကြာတယ်။ ဝီရိယဓိက ဧေယျ။ ဒီပုဂ္ဂိုလ် မျိုးက ဗောဓိဉာဏ်ကို ရတာ မြန်တယ်။ ပညာဓိက ဘုရားက အသိ ပညာကို အဓိကပြုတယ်။ သဒ္ဓါဓိက ဘုရားက ယုံကြည်မှုကို အဓိကပြု တယ်။ ဝီရိယဓိကကျတော့ ကြိုးစားမှု အဓိကပြုတယ်။ ပထမ ပုဂ္ဂိုလ် က အသိပညာရဲ့ ဦးဆောင်မှုကို ရယူပြီး သင်ယူ နာထောင်မှု မပြု၊ ဒုတိယ ပုဂ္ဂိုလ်က ယုံကြည်မှု ပြည့်ဝပြီး ပညာရဲ့ လမ်းပြမှုကို ဂရုမပြု။ တတိယ ပုဂ္ဂိုလ်က ကောင်းတာ မှန်ရင် လုပ်ဖို့ လက်မနှေးဘူး။ မိမိရဲ့ အကျိုးကို ဂရုမစိုက်ဘဲ လုပ်သင့်တဲ့ ကောင်းတဲ့ အလုပ်ကို လုပ်ဖို့ တွေ့ရင် ကြုံရင် မလွတ်တမ်း လုပ်တယ်။

၁၁၄။ ကျွန်ုပ်တို့ရဲ့ ဘုရားလောင်း ဗုဒ္ဓဖြစ်တဲ့အခါ သူ သိမြင်ခဲ့တာက လူ သားတို့ ဒုက္ခဖြစ်ခြင်းရဲ့ အကြောင်းတရား မဟုတ်လား။ စကားလုံး တစ်လုံးတည်းနဲ့ ရှင်းပြပေးပါလား။

သစ္စာကို မသိမှု အဝိဇ္ဇာ ဖြစ်ပါတယ်။

၁၁၅။ အဝိဇ္ဇာကို ကုသတဲ့ ဆေးက ဘာလဲ။

အဝိဇ္ဇာကို ထုတ်ပစ်ရင် ပညာ ဖြစ်ပါတယ်။

www.kelasa.org

www.kelasa.org



တဏှာဆိုတဲ့ သဘာဝတရားရဲ့ တစ်နည်းနည်းနဲ့ သက်ရောက်မှုကြောင့် ဖြစ်ရတာလား။

ဟုတ်ပါတယ်။ ပြီးတော့ ကျွန်ုပ်တို့နဲ့ မကွဲမကွာ ရှိနေတဲ့ (ကျွန်ုပ်တို့ လုပ်ထားတဲ့)ကောင်းမှု မကောင်းမှုတွေကြောင့်ပေါ့။

၁၃၃။ ကျွန်ုပ်တို့ရဲ့ ကောင်းမှု မကောင်းမှုတွေက ကျွန်ုပ်တို့ ပြန်လည်မွေးဖွားရမယ့် အဆင့် သို့မဟုတ် အခြေအနေ သို့မဟုတ် ပုံစံကို ထိန်းချုပ်ထားပါသလား။

ဟုတ်တာပေါ့။ ယေဘုယျ နားလည်မှု တစ်ရပ်က အကယ်၍ ကုသိုလ် အကျိုးပေးခွင့် သာရင် နောက်တစ်ကြိမ်မှာ ကောင်းမွန် ပျော်ရွှင်တဲ့ ဘဝမှာ ပြန်မွေးရတယ်၊ အကုသိုလ် ကျိုးပေးခွင့် သာသွားရင်တော့ နောင်ဘဝမှာ ဆိုးရွားပြီး ဒုက္ခနဲ့ ကြုံရမယ်လို့ ဖြစ်ပါတယ်။

၁၃၄။ ဗုဒ္ဓဓမ္မရဲ့ အဓိက သင်ကြားချက်က အကျိုးတရားတိုင်းဟာ စစ်မှန်တဲ့ အကျိုးတရား တစ်ခုရဲ့ အကျိုးဆက် ဖြစ်တယ်၊ ဒီလိုလား။

ဟုတ်ပါတယ်၊ အနေးနဲ့ အမြန်ပါပဲ။

၁၃၅။ အဲဒီ အကြောင်းတရားကို ဘယ်လို ခေါ်သလဲ။

လူတိုင်းမှာ ထက်ကြပ်မကွာ ရှိနေတာက ကံလို့ခေါ်တဲ့ လုပ်ဆောင်ချက် ဖြစ်ပါတယ်။ ဆိုလိုတာက ကျွန်ုပ်တို့ရဲ့ လှုပ်ရှားမှုတွေ လုပ်ဆောင်ချက်တွေဟာ ကျွန်ုပ်တို့ ခံစားရတဲ့ ပျော်ရွှင်မှု ဝမ်းနည်းမှု မှန်သမျှကို ဖြစ်ပေါ်စေတယ်လို့ ဖြစ်ပါတယ်။

၁၃၆။ လူတစ်ယောက်ဟာ ကံရဲ့ အကျိုးသက်ရောက်မှု စက်ကွင်းက လွတ်မြောက်နိုင်ပါသလား။

ဓမ္မပဒပါဠိတော်မှာ ‘ကမ္ဘာမြေပေါ်မှာ ဖြစ်စေ၊ ကောင်းကင်မှာ ဖြစ်စေ၊ သမုဒ္ဒရာထဲမှာ ဖြစ်စေ၊ တောင်ခေါင်းထဲမှာ ဖြစ်စေ မကောင်းမှုကို



၃) တဏှာ ကုန်ဆုံးသွားခြင်း၊ သို့မဟုတ် အဲဒီ တဏှာမှ မိမိရဲ့ အတ္တကို ထုတ်ပစ်ခြင်း။

၄) ယင်း တဏှာကုန်ဆုံးမှုကို ရကြောင်း နည်းလမ်း။

၁၂၀။ ဒုက္ခကို ဖြစ်ပေါ်စေတဲ့ အကြောင်းတရားတွေကို ပြောပြပါ။

မွေးဖွားခြင်း၊ အိုမင်းခြင်း၊ နာမကျန်းခြင်း၊ သေခြင်း၊ ချစ်ခင် နှစ်သက်သော အရာတွေနဲ့ ကွေကွင်းရခြင်း၊ မချစ်ခင် မနှစ်သက်ရတဲ့ အရာတွေနဲ့ ပေါင်းဆုံရခြင်း၊ မရနိုင်တာကို တွယ်တာခြင်း။

၁၂၁။ အဲဒီ တရားတွေက လူတစ်ဦးစီမှာ ခြားနားမှု ရှိပါသလား။

ရှိပါတယ်။ လူသားအားလုံး အနည်းအများ ဒီဂရီအလိုက် အဲဒါတွေကို ခံစားကြရပါတယ်။

၁၂၂။ မပြည့်စုံတဲ့ အလိုဆန္ဒနဲ့ မသိမိုက်မဲတဲ့ တပ်မက်မှုကြောင့် ဖြစ်ပေါ်လာရတဲ့ ဒုက္ခတွေက ကျွန်ုပ်တို့ ဘယ်လို လွတ်မြောက်နိုင်ပါသလဲ။

ဒုက္ခကို ဖြစ်ပေါ်စေတဲ့ ဘဝနဲ့၊ ဘဝရဲ့ ပျော်ရွှင်မှုတွေအပေါ် ငမ်းငမ်းစွဲ တပ်မက်မှုတွေကို အကြွင်းမဲ့ ဖျက်ဆီး အောင်နိုင်ခြင်းဖြင့် လွတ်မြောက်နိုင်ပါတယ်။

၁၂၃။ အဲဒီလို အောင်နိုင်မှုမျိုးကို ဘယ်လိုနည်းနဲ့ ရရှိနိုင်ပါသလဲ။

ဗုဒ္ဓထုတ်ဖော် ညွှန်ပြခဲ့တဲ့ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်ကို လိုက်နာကျင့်သုံးခြင်းဖြင့် ရရှိနိုင်ပါတယ်။

၁၂၄။ မဂ္ဂင်ရှစ်းပါးဆိုတာ ဘာလဲ။ အဲဒီ ရှစ်ပါးက ဘာတွေလဲ။

အစိတ်အပိုင်း ရှစ်ခုရှိတဲ့ လမ်းစဉ်လို့ အဓိပ္ပာယ်ရပါတယ်။ အဲဒါတွေက ..

www.kelasa.org

www.kelasa.org



၁) သမ္မာဒိဋ္ဌိ (မှန်သော အမြင်) ၂) သမ္မာသင်္ကပ္ပ (မှန်သော အကြံ) ၃) သမ္မာဝါစာ (မှန်သော စကား) ၄) သမ္မာကမ္မန္တ (မှန်သော အလုပ်) ၅) သမ္မာအာဇီဝ (မှန်သော သက်မွေးဝမ်းကျောင်း) ၆) သမ္မာဝါယာမ (မှန်သော လုံ့လ) ၇) သမ္မာသတိ (မှန်သော သတိ) ၈) သမ္မာသမာဓိ (မှန်သော တည်ကြည်မှု)။ အဲဒီ အချက် ရှစ်ခုကို စိတ်မှာ သိမ်းထားပြီး လိုက်နာကျင့်သုံးတဲ့ ပုဂ္ဂိုလ်ဟာ သောက ကင်းဝေးပြီး လုံးဝ ဘေးကင်းသွားပါတယ်။

၁၂၅။ ဘေးကင်းသွားတယ် ဆိုတဲ့စကားလုံးအတွက် ဒီထက်ကောင်းတဲ့ ဝေါဟာရတစ်ခု ပေးနိုင်မလား။

ပေးနိုင်ပါတယ်။ ဝိမုတ္တိ သို့မဟုတ် လွတ်မြောက်မှု ဖြစ်ပါတယ်။

၁၂၆။ ဒါဖြင့် ဘယ်က လွတ်မြောက်သွားတာပါလဲ ခင်ဗျ။

ဒီကမ္ဘာမြေပေါ်မှာ ဖြစ်တည်ရခြင်း၊ ပြန်လည် မွေးဖွားရခြင်းကြောင့် ဖြစ်ရတဲ့ ဘဝအမောတွေ၊ မသိမှု အဝိဇ္ဇာနဲ့ မစင်ကြယ်တဲ့ ရမ္မက်တွေကြောင့် ဖြစ်ရတဲ့ ဆင်းရဲဒုက္ခ အဖုံဖုံက လွတ်မြောက်သွားတာပဲ။

၁၂၇။ ဘယ်အခါမှာ ဒီ ဘေးကင်းသွားခြင်း သို့မဟုတ် ဝိမုတ္တိ ဆိုတာကို ရပါသလဲ၊ ဘယ်ကို ရောက်သွားတာလဲ။

နိဗ္ဗာကို ရတဲ့အခါ လွတ်မြောက်သွားပါတယ်။

၁၂၈။ နိဗ္ဗာန်ဆိုတာ ဘာလဲ။

ပြောင်းလဲမှုတွေ လုံးဝ ပြတ်စဲသွားတဲ့ အခြေအနေ၊ ပြီးပြည့်စုံတဲ့ အနားယူမှု၊ တဏှာ မောဟနဲ့ သောက ချုပ်ငြိမ်းခြင်း၊ ရုပ်ခန္ဓာကို ဖြစ်ပေါ်စေမယ့် အရာအားလုံး လုံးဝ အမြစ်ပါမကျန်တော့ခြင်း ဖြစ်ပါတယ်။ နိဗ္ဗာန်ကို မရမီ လူတွေဟာ ဘဝသံသရာမှာ အဆက်မပြတ် ပြန်လည် မွေးဖွားရပြီး နိဗ္ဗာန်ကို ရတာနဲ့ ပြန်မမွေးတော့ဘူး။



၁၂၉။ နိဗ္ဗာန်ဆိုတဲ့ စကားလုံးရဲ့ နားလည်နိုင်တဲ့ ဆွေးနွေးမှုနဲ့ ရှေးဟောင်း ပါဠိတော်တွေမှာ အဲဒီ စကားလုံးကို အဓိပ္ပာယ် ဖွင့်ဆိုထားပုံ အရ အခြား အမည်တွေကို ဘယ်မှာ တွေ့နိုင်ပါသလဲ။

ကွယ်လွန်သူ မစ္စတာ အာ စီ ချိုင်လ်ဒါစ် (Mr. R.C. Childers) ရေးသားတဲ့ နာမည်ကျော် ပါဠိအဘိဓာန်ကျမ်း (Dictionary of the Pali Language) မှာ အပြည့်အစုံ ပါပါတယ်[၁]။

၁၃၀။ ဒါပေမယ့် အချို့လူတွေက နိဗ္ဗာန်ဆိုတာကို ကောင်းကင်ဘုံ သို့မဟုတ် သုခဘုံတစ်မျိုးလို့ ထင်ကြပါတယ်။ ဗုဒ္ဓဝါဒက အဲဒီလို သင်ကြားပါသလား။

မသင်ပါဘူး။ ကူဋဒန္တ ပုဏ္ဏားက နိဗ္ဗာန် ဘယ်မှာလဲလို့ မေးလျှောက်တဲ့အခါ ဗုဒ္ဓက ကိုယ်ကျင့်တရားတွေကို ကျင့်ကြံတဲ့ နေရာမှာ ရှိတယ်လို့ ဖြေကြားပါတယ်။

၁၃၁။ ဘယ်အရာက ကျွန်ုပ်တို့ကို ပြန်လည်မွေးဖွားအောင် လုပ်သလဲ။

ရုပ်လောကအတွင်း တစ်ကိုယ်ရေ ဘဝတည်ရှိမှု အခြေအနေက ပိုင်ဆိုင်တဲ့ အရာတွေကို မရောင့်ရဲနိုင်တဲ့ အလိုရမ္မက် (တဏှာ) ဖြစ်ပါတယ်။ ရုပ်ဘဝ တည်ရှိမှုအတွက် မရောင့်ရဲနိုင်တဲ့ အဲဒီ ဆာလောင်မှုဟာ ဖိအားတစ်ရပ်ဖြစ်ပြီး သတ္တဝါတွေကို ဘဝတွေ ပြန်ဖြစ်အောင် တွန်းပို့တဲ့အထိ အားပြင်းတဲ့ စွမ်းရည်လည်း သူ့မှာ ရှိပါတယ်။

၁၃၂။ ကျွန်ုပ်တို့ရဲ့ ဘဝပြန်ဖြစ်မှုတွေဟာ ကျွန်ုပ်တို့ရဲ့ မရောင့်ရဲနိုင်တဲ့

---

[၁] Mr. R.C. Childers ဟာ နိဗ္ဗာန်ရဲ့ အဓိပ္ပာယ်ကို ဘာမှ မရှိတော့ခြင်းလို့ အဓိပ္ပာယ် ပြန်ပြီး နိဗ္ဗာန်အခြေအနေနဲ့ ပတ်သက်ပြီး မကောင်းမြင် ရှုထောင့်က နေ သုံးသပ်ခဲ့ပါတယ်။ နောင်ခေတ် လေ့လာသူတွေက သူ့ရဲ့ အယူအဆကို လက်မခံကြဘူး။

www.kelasa.org

www.kelasa.org



အဲဒါတွေကို တိသရဏလို့ ခေါ်တဲ့ ဖော်မြူလာနဲ့ ဖော်ပြပါတယ်။
'ကျွန်ုပ်သည် ကျွန်ုပ်၏ လမ်းညွှန်အဖြစ် ဗုဒ္ဓကို ဆည်းကပ်ပါ၏'။
'ကျွန်ုပ်သည် ကျွန်ုပ်၏ လမ်းညွှန်အဖြစ် ဓမ္မကို ဆည်းကပ်ပါ၏'။
'ကျွန်ုပ်သည် လမ်းညွှန်အဖြစ် သံဃာကို ဆည်းကပ်ပါ၏'။

---

ဆိုတဲ့ စကားလုံးကို ဒီနေ့ထိ အနောက်တိုင်းသား ပါဠိပညာရှင်တွေက ကိုးကွယ်ရာ (Refuge) လို့ အလွန် မသင့်တော် မှားယွင်းစွာ ဘာသာပြန်ကြတယ်။ ဒေသခံ ပါဠိပညာရှင်တွေကလည်း အဲဒီဘာသာပြန်ချက်ကို မဆင်မခြင် လက်ခံကြတယ်။ ဝေါဟာရ ဗေဒအရရော ဗုဒ္ဓဝါဒ ဒဿနအရပါ အဲဒီဘာသာပြန်ဟာ မမှန်ပါဘူး။ Refuge ဆိုတဲ့ ဝေါဟာရက ထွက်ပြေးနေရသူတွေရဲ့ နေရာ ဆိုတဲ့ အဓိပ္ပာယ်နဲ့ဆိုရင် လူတိုင်း ကိုယ်တိုင်ရဲ့ လွတ်မြောက်မှုကို ကြိုးပမ်းရတဲ့ ဗုဒ္ဓဝါဒ အစစ်အမှန်နဲ့ အတော် ခြားနားပါတယ်။ ပါဠိဘာသာအရ သရ ဓာတ် (ရင်းမြစ်) အဓိပ္ပာယ်က ရွေ့ခြင်း၊ သွားခြင်း ဖြစ်ပါတယ်။ ဒါကြောင့် သရဏ ဆိုတာကို ရွေ့လျားခြင်း သို့မဟုတ် အကူအညီ သို့မဟုတ် လမ်းညွှန် နောက်တစ်ယောက်နဲ့ အတူတကွ ရွေ့လျားသူလို့ အဓိပ္ပာယ် ဖွင့်နိုင်ပါတယ်။ ကျွန်ုပ်အနေနဲ့ 'ဗုဒ္ဓံ၊ ရှင်တော်ဗုဒ္ဓကို။ သရဏံ၊ ကျွန်ုပ်ရဲ့ လမ်းညွှန် ကူညီသူ အဖြစ်နဲ့။ ဂစ္ဆာမိ၊ အတူတကွ သွားပါ၏'လို့ အဓိပ္ပာယ် ဖွင့်လိုပါတယ်။ တိသရဏ ဆိုတဲ့ စကားလုံးကို Three Refuges လို့ ဘာသာပြန်တာဟာ မှားမှားယွင်းယွင်း နားလည်မှုကို များစွာ မြင့်တက်စေပြီး ဗုဒ္ဓဝါဒကို ဆန့်ကျင်သူတွေက ဗုဒ္ဓဝါဒီ မဟုတ်သူတွေကို ခိုလှုံစရာပေးတယ်၊ မစစ်မှန်တာတွေကို ယုံကြည်တယ်လို့ မဟုတ်တန်းတရား ဆိုပြီး ဗုဒ္ဓဝါဒီတွေကို လှောင်ပြောင်ဖို့ ကောင်းသော ယိုးမယ်ဖွဲ့ခြင်းကို ဖြစ်စေပါတယ်။ Refuge ဆိုတဲ့ ဝေါဟာရက သရဏ ဆိုတဲ့ပုဒ်နဲ့ အဓိပ္ပာယ်တူဖြစ်တဲ့ နိဗ္ဗာန်အတွက် ပိုမိုသင့်မြတ်ပါတယ်။ အဆင့်မြင့် တရားဟော ဆရာတော် အရှင်သုမင်္ဂလ မထေရ်ကလည်း သရ ဓာတ်ရဲ့ ဒုတိယ အဓိပ္ပယ်ကို သတ်ဖြတ်ခြင်း ဖျက်ဆီးခြင်း ဖြစ်တယ်လို့ မိန့်ဖူးတာကို အမှတ်ရပါတယ်။ ဒါကြောင့် 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ = 'ဗုဒ္ဓက ဓမ္မကို ဟောကြားလို့၊ ဓမ္မက မဖောက်မပြန် မှန်ကန်လို့၊ သံဃာက များစွာသော စံနမူတွေနဲ့ ကိုယ်ကျင့်သီလရှိလို့' ဗုဒ္ဓ ဓမ္မနဲ့ သံဃာကို ငါ့ရဲ့ အကြောက်တရားတွေကို ဖျက်ဆီးသူအဖြစ် ကျွန်ုပ် မှတ်ယူပါတယ်'လို့ ဘာသာပြန်နိုင်ပါတယ်။



ပြုသူဆီ မကောင်းကျိုးက လွတ်နိုင်တဲ့ နေရာ မည်သည့် နေရာတွင်မျှ မရှိဘူး'လို့ မြတ်ဗုဒ္ဓ ဟောတော်မူပါတယ်။

၁၃၇။ လူကောင်း တစ်ယောက်ကော လွတ်နိုင်သလား။

ဆန်းပြားတဲ့ ကုသိုလ်ရဲ့ အကျိုးကြောင့် ဆိုးတဲ့ကံရဲ့ အကျိုးတရားတွေကို ဖယ်ရှားပြီး အဆင့်မြင့် ပြောင်းလဲမှုကို ကူညီပေးနိုင်တဲ့ တိုးတက်မှုအတွက် နောက်တစ်ဆင့် အခြေအနေကို ညွှန်ကြားပေးပြီးတော့ လူတစ်ယောက်ဟာ ပတ်ဝန်းကျင်၊ နေရာ၊ ရုပ်သွင်တွေရဲ့ ထူးခြားမှုတွေကို ရောက်နိုင်တယ်။

၁၃၈။ အဲဒါတွေကို ဘယ်လို ခေါ်ပါသလဲ။

ဂတိသမ္ပတ္တိ၊ ဥပဓိသမ္ပတ္တိ၊ ကာလသမ္ပတ္တိ၊ ပယောဂသမ္ပတ္တိ လို့ ခေါ်ပါတယ်။

၁၃၉။ အဲဒါတွေက အများအမြင် သို့မဟုတ် ခေတ်သစ် သိပ္ပံရဲ့ သင်ကြားချက်တွေနဲ့ ညီညွတ်ပါသလား၊ သို့တည်းမဟုတ် မညီညွတ်ဘူးလား။

လုံးဝ ညီညွတ်ပါတယ်။ အဲဒါအတွက် သံသယ မရှိနိုင်ပါဘူး။

၁၄၀။ လူသား အားလုံး ဗုဒ္ဓ ဖြစ်လာနိုင်ပါသလား။

ဗုဒ္ဓ ဖြစ်လာဖို့ အခြေခံသဘာဝက လူသားတိုင်းမှာ မရှိဘူး။ ဘာကြောင့်ဆို အချိန်ကာလတွေ များစွာ ကြာပြီး၊ မသိသေးတဲ့ နိဗ္ဗာန်ရောက်ကြောင်း လမ်းစဉ်ကို ညွှန်ပြဖို့ ဗုဒ္ဓလို ဆရာအရှင် တစ်ဆူကို လူ့လောကက လုံးဝလိုအပ်တဲ့ အချိန်မှာ ဗုဒ္ဓအဖြစ်သို့ ရောက်ရှိတိုးတက်အောင် လုပ်ခဲ့ရတယ်။ ဒါပေမယ့် လူတိုင်းဟာ မောဟကို အောင်နိုင်ရင်း အသိပညာကို ရရှိခြင်းဖြင့် သတ္တဝါတိုင်းဟာ နိဗ္ဗာန်ကို တူညီစွာ ရောက်နိုင်ပါတယ်။

www.kelasa.org

www.kelasa.org



၁၄၁။ ဗုဒ္ဓဝါဒဟာ ကျွန်ုပ်တို့ရဲ့ ကမ္ဘာမြေပေါ်မှာသာ ပြန်လည် မွေးဖွားနိုင်ပါသလား။

ယေဘုယျ ပြောရရင်တော့ အကြောင်းလားလျော်စွာ ဖြစ်တာပါပဲ။ လူ့ဘဝအဆင့်ရဲ့ အခြားတစ်ဖက်ကို ရောက်အောင် တိုးတက်သွားတဲ့ အထိပါပဲ။ ဒါပေမယ့် ဖြစ်ခဲ့ရတဲ့ ဘဝတွေက မရေတွက်နိုင်ဘူး။ လူတစ်ယောက် နောက်ဘဝ အနေနဲ့ ဖြစ်ရမယ့် လောကကို သာမက အဲဒီ ပြန်လည် မွေးဖွားတဲ့ ဘဝကိုပါ ပုဂ္ဂိုလ်အသီးသီးရဲ့ ကောင်းမှု မကောင်းမှုဆိုတဲ့ ဖိအားတွေက ဆုံးဖြတ်ပါတယ်။ နောက်တစ်မျိုး ပြောရရင် အဲဒီ အခြေအနေကို သိပ္ပံက ဖော်ပြတဲ့အတိုင်း သို့မဟုတ် ကျွန်ုပ်တို့ ဗုဒ္ဓဝါဒီတွေ ပြောတဲ့အတိုင်း သူ့ရဲ့ စိတ်ဝင်စားမှုတွေက ထိန်းချုပ်ပါလိမ့်မယ်။

၁၄၂။ ကျွန်ုပ်တို့ ကမ္ဘာမြေပေါ်က လူသားတွေထက် ပြီးပြည့်စုံတဲ့ သို့မဟုတ် ကျွန်ုပ်တို့လောက် မပြည့်စုံတဲ့ အခြားသော ဘဝလောကတွေ ရှိပါသေသလား။

ကျွန်ုပ်တို့ထက် မြင့်တဲ့ သို့မဟုတ် နိမ့်တဲ့ စကြဝဠာတွေ ရှိတယ်၊ အဲဒီ စကြဝဠာမှာ တိုးတက်ဖြစ်ထွန်းခြင်းနဲ့ ကိုယ်စားပြုတဲ့ နေထိုင်သူ သတ္တဝါ အသီးသီးရှိတယ်လို့ ဗုဒ္ဓဝါဒက သင်ကြားပါတယ်။

၁၄၃။ ပါဠိဂါထာ သို့မဟုတ် ပါဠိကဗျာ တစ်ပုဒ်တည်းနဲ့ မိမိရဲ့ ဓမ္မကို အနှစ်ချုပ်ပြီး ဗုဒ္ဓဟောထားတာ မရှိဘူးလား။

ရှိတာပေါ့။

၁၄၄။ ‘အဲဒါလေးကို တစ်ဆိတ် ရွတ်ပြပါ။

သဗ္ဗပါပဿ အကရဏံ၊
ကုသလဿူပ သမ္ပဒါ။
သစိတ္တပရိယောဒပနံ၊
တေံ ဗုဒ္ဓါနသာသနံ။



မကောင်းမှု အားလုံးကို မပြုလုပ်ရခြင်း၊
ကောင်းမှု မှန်သမျှကို ပြုလုပ်ရခြင်း၊
မိမိရဲ့ စိတ်ကို စင်ကြယ်အောင် ထားခြင်း၊
အဲဒီသုံးမျိုးက ဗုဒ္ဓဘုရားရှင်တွေရဲ့ အဆုံးအမပါပဲ’ တဲ့။

၁၄၅။ အဲဒီ ဂါထာထဲမှာ ပထမ စာကြောင်း သုံးလိုင်းအတွက် အလွန်နှစ်သက်ဖွယ်ကောင်းတဲ့ လက္ခဏာတွေ ရှိပါသလား။

ဟုတ်ကဲ့။ ပထမ စာကြောင်းက ဝိနယပိဋကက တစ်ခုလုံးကို ကိုယ်စားပြုပါတယ်။ ဒုတိယစာကြောင်းက သုတ္တပိဋက၊ တတိယစာကြောင်းက အဘိဓမ္မပိဋကကကို ကိုယ်စားပြုပါတယ်။ စကားလုံး ရှစ်လုံးပဲ ပါရှိပေမယ့် မှုန်ဝါးဝါး အလင်းပြောက်ဟာ ကြယ်တွေကို ကိုယ်စားပြုသလို အဲဒီစကားလုံးတွေဟာလည်း ဗုဒ္ဓဓမ္မရဲ့ အနှစ်သာရ အားလုံးကို လင်းလက်ပြပါတယ်။

၁၄၆။ အဲဒီ ကိုယ်ကျင့်တရားတွေက ဗုဒ္ဓဝါဒဟာ ပြုလုပ်ရမယ့် ဘာသာတရား သို့မဟုတ် အပြုခံဘာသာ တရားဆိုတာကို ပြတာလား။

‘အပြစ်က လွတ်ဖို့’အတွက် ဆိုရင် အပြုခံ ဘာသာတရားလို့ ခေါ်နိုင်ပေမယ့် ‘ကိုယ်ကျင့်တရားကို ရရှိဖို့’နဲ့ ‘ကိုယ့်နှလုံးသားကို စင်ကြယ်စေဖို့’ဆိုရင်တော့ အားလုံး ပြုကျင့်ရမယ့် အရည်အချင်းတွေပါပဲ။ လူဆိုးတစ်ယောက် မဟုတ်ရုံမျှမက ကောင်းတာကို ကျင့်သုံးတဲ့ လူကောင်းတစ်ယောက် ဖြစ်ဖို့ ဗုဒ္ဓရှင်တော်မြတ်က ဟောကြားပါတယ်။

၁၄၇။ ဗုဒ္ဓဝါဒီတစ်ယောက် လိုက်နာကျင့်သုံးသင့်တဲ့ ‘လမ်းညွှန် သုံးမျိုး’[၁] က ဘာတွေလဲ။

---

[၁] သရဏံ။ Wijesinha Mudliar က ကျွန်ုပ်ဆီကို ဒီလို ရေးခဲ့ပါတယ် ‘သရဏ

www.kelasa.org

www.kelasa.org



မြင့်ပြီး ကျယ်ပြောသော အိပ်ရာ နေရာကို အသုံးပြုခြင်းမှ ရှောင်ကြဉ်ပါ၏။

ဒီနေရာမှာ ဖော်ပြတဲ့ အိပ်ရာနေရာ ဆိုတာက အိမ်ရာတည်ထောင်သူတို့ အသုံးတဲ့ ပျော်ရွှင်မှုနဲ့ ကာမဂုဏ်အတွက် ဇိမ်ခံလိုတဲ့ ရည်ရွယ်ချက်နဲ့ အသုံးပြုတဲ့ ပစ္စည်းတွေ ဖြစ်ပါတယ်။ ဗြဟ္မစရိယကို ကျင့်သုံးသူဟာ အဲဒါတွေကို ရှောင်ကြဉ်ရပါမယ်။

၁၅၆။ စစ်မှန်တဲ့ ကုသိုလ်ကို ဗုဒ္ဓဝါဒီတစ်ယောက်အနေနဲ့ ဘယ်လို ဖော်ပြမလဲ။

မည်သည့် အပေါ်ယံ ဆောင်ရွက်မှုနဲ့ မဆို ကုသိုလ် များများ မရနိုင်ပါဘူး။ အားလုံးဟာ မိမိပြုတဲ့ အမှုကို ကိုယ်စားပြုတဲ့ စေတနာပါတဲ့ အပြုအမူ အပေါ်မှာပဲ တည်မှီပါတယ်။

၁၅၇။ နမူနာလေး တစ်ခု ပေးပါ။

ချမ်းသာသူ တစ်ယောက်ဟာ စေတီပုထိုးတွေ ဘုန်းကြီးကျောင်းတွေ အများကြီး ဆောက်ခြင်း၊ ဗုဒ္ဓဆင်းတုတော်တွေ အများကြီး ထုလုပ် ပူဇော်ခြင်း၊ ပွဲတော်တွေ အခမ်းအနားတွေ ပြုလုပ်ခြင်း၊ ရဟန်းသံဃာတွေကို ကျွေးမွေးခြင်း၊ ဆင်းရဲသားတွေကို အလှူဒါနပြုခြင်း၊ ဒါမှမဟုတ် သစ်ပင်စိုက်မျိုးခြင်း၊ ရေကန်တွေ တူးခြင်း၊ လမ်းဘေးမှာ ခရီးသွားတွေအတွက် ဇရပ်တွေ ဆောက်လုပ်ခြင်းတွေနဲ့ ငွေကြေး များစွာ အကုန်အကျ ခံပေမယ့် အကယ်၍ သူ့နေနဲ့ ဖော်ပြရုံသက်သက်၊ ဒါမှမဟုတ် လူတွေ ချီးမွမ်းတာကို ကြားရရုံသက်သက်၊ ဒါမှမဟုတ် အခြား ကိုယ်ကျိုးဆန် ရည်ရွယ်ချက် သက်သက်နဲ့ လုပ်ခဲ့မယ်ဆိုရင် အကျိုး မများနိုင်ပါဘူး။ ဒါပေမယ့် ကြင်နာတဲ့ နှလုံးသားနဲ့၊ ဥပမာ လူသားတွေ အပေါ် ထားရှိရမယ့် မေတ္တာတရားနဲ့ အဲဒီပမာဏရဲ့ အနည်းငယ်မျှ လုပ်မယ်ဆိုရင် ကုသိုလ် အများကြီးရပါတယ်။ ဆိုးတဲ့ ရည်ရွယ်



အမှန်တော့ အဲဒီသုံးမျိုးက ဗုဒ္ဓ၊ ဓမ္မနဲ့ သံဃာပါပဲ။

၁၄၈။ ဒီဝါကျ သုံးကြောင်း ရွတ်ဆိုတဲ့သဘောက ဘာအဓိပ္ပာယ်လဲ။

အဲဒီ ပုဂ္ဂိုလ်ဟာ မိမိသည် ဗုဒ္ဓကို အတုမဲ့ ဆရာအရှင်၊ မိတ်ဆွေ၊ စံပြပုဂ္ဂိုလ်အနေနဲ့၊ ဓမ္မကို မျှတမှုနဲ့ သစ္စာတရားအတွက် မရှိမဖြစ်လိုအပ်သော အတုယှဉ်ဖွယ်ဖြစ်သော အခြေခံစည်းမျဉ်းတွေ ပါရှိတဲ့ အရာ၊ ဒီကမ္ဘာမြေပေါ်မှာ လုံးဝစိတ်ချမ်းသာမှုကို နားလည်စေတဲ့ လမ်းစဉ်အနေနဲ့၊ သံဃာကို ဗုဒ္ဓဟောကြားတဲ့ အမြတ်ဆုံးဖြစ်တဲ့ ဓမ္မကို သင်ပြသူ စံပြပုဂ္ဂိုလ်များအနေနဲ့ အသိအမှတ်ပြုတယ်လို့ ဆိုလိုပါတယ်။

၁၄၉။ ဒါပေမယ့် ဒီသံဃာထဲမှာ ပါသူအချို့ဟာ အသိပညာအရရော ကိုယ်ကျင့် တရားအရပါ လူတွေထက် ညံ့ကြတယ် မဟုတ်လား။

ဟုတ်ပါတယ်။ ဒါပေမယ့် ဗုဒ္ဓရှင်တော်မြတ်က သံဃာဆိုတာ ကိုယ်ကျင့်သီလကို ဖြောင့်မှန်စွာကျင့်သူ၊ စိတ်ကို စည်းကမ်းသတ်မှတ်ထားသူ၊ အရိယာ မဂ်ဖိုလ်ရှစ်ဆင့်က တစ်ခုကို ရောက်ဖို့ အားထုတ်ဆဲ အားထုတ်ပြီးသူတွေပဲ ဖြစ်တယ်လို့ ဟောကြားပါတယ်။ တိသရဏထဲမှာ ရည်ညွှန်းတာက အဋ္ဌအရိယပုဂ္ဂလ မဂ်ဖိုလ် ရှစ်ဆင့်အနက် တစ်ဆင့်ကို ရောက်ပြီးတဲ့ အရိယပုဂ္ဂိုလ် ဖြစ်ပါတယ်။ အဝါရောင် သင်္ကန်းကို ဝတ်ရုံမျှ၊ သို့မဟုတ် ရဟန်းပြုရုံမျှနဲ့ သူ့ကို စင်ကြယ်သူ၊ သို့မဟုတ် ပညာရှိ၊ သို့တည်းမဟုတ် အလေးအစားပြုခံ ခေါင်းစဉ် မတပ်ပါဘူး။

၁၅၀။ ဒါဖြင့်ရင် စစ်မှန်တဲ့ ဗုဒ္ဓဝါဒီတစ်ယောက်ဟာ မိမိ အဲဒီလို မထိုက်တန်သူတွေကို မိမိရဲ့ လမ်းညွှန်သူအနေနဲ့ အသိအမှတ် ပြုစရာ မလိုဘူးပေါ့။

သေချာပါတယ်။ မလိုပါဘူး။

၁၅၁။ ပဉ္စသီလလို့ ခေါ်တဲ့ ယေဘုယျအနေနဲ့ လူဥပါသကာတွေ စောင့်

www.kelasa.org

www.kelasa.org



ထိန်းရမယ့် စောင့်သုံးစရာ ငါးမျိုး၊ သို့မဟုတ် အများသုံး သီလငါးမျိုး က ဘာလဲ။

အဲဒါတွေက ဘုန်းကြီးကျောင်းတွေမှာ ဗုဒ္ဓဝါဒီတို့ ကျယ်ကျယ်ပြန့်ပြန့် ရွတ်ဆိုကြတဲ့ အောက်ဖော်ပြပါ ငါးမျိုး ဖြစ်ပါတယ် ...

သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။
သူတစ်ပါး ဥစ္စာကို ခိုးယူခြင်းမှာ ရှောင်ကြဉ်ပါ၏။
သူများ သားမယားကို ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ပါ၏[၁]။
လိမ်ညာ ဖြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။
သေအရက် မူးယစ်ဆေးဝါ သုံးစွဲခြင်းမှာ ရှောင်ကြဉ်ပါ၏။

၁၅၂။ အဲဒီ သီလတွေကို စောင့်သုံးတဲ့ အသိပညာနဲ့ ပြည့်စုံသူ တစ်ဦး အဖို့ ဘယ်လို အကျိုးကို ရပါသလဲ။

အဲဒီ သီလကို အတိအကျ လိုက်နာသူဟာ လူ့လောကရဲ့ စိတ်ဆင်းရဲဖွယ် အကြောင်းတရား မှန်သမျှကို ကျော်လွှားနိုင်တယ်။ သမိုင်းကို လေ့လာရင် အဲဒီအကြောင်း ငါးမျိုးထဲက တစ်ခုခုကြောင့်ပဲ ဒုက္ခအထွေထွေ ဖြစ်ရတာကို တွေ့နိုင်တယ်။

---

[၁] အမှန်တော့ ဒီသတ်မှတ်ချက် ပုံစံက ငါးပါးသီလကို စောင့်ထိန်းဖို့ မြွက်ဆိုတဲ့ လူဝတ်ကြောင်ကို ရည်ညွှန်းတယ်။ ရဟန်းတစ်ပါး အနေနဲ့တော့ အိမ်ထောင် သားမွေး မလုပ်ရဘူး။ အဲဒီလိုပဲ နေ့ထူးရက်မြတ်တွေမှာ ရှစ်ပါး ဆယ်ပါးသီလကို ဆောက်တည်ဖို့ ကိုယ့်ကိုယ်ကို ဆုံးဖြတ်ထားတဲ့ လူပုဂ္ဂိုလ်တွေလည်း အဗြဟ္မစရိယ သိက္ခာပုဒ်ကို ဆောက်တည်ရတယ်။ (ဒီသိက္ခာပုဒ်ကို) ဆောက်တည်ထားစဉ်အတွင်း မေထုန်ကို ရှောင်ရတယ်။ ငါးပါးသီလကိုတော့ လူအားလုံးအတွက် ဗုဒ္ဓရှင်တော်မြတ် ချမှတ်ထားတာ ဖြစ်ပါတယ်။ ငါးပါးသီလ ရှစ်ပါးသီလတွေကို လုံခြုံအောင် ဆောက်တည်ထားပေမယ့် အဲဒီပုဂ္ဂိုလ်ကို ဗုဒ္ဓဝါဒီလို့ မဆိုနိုင်သေးဘူး။ ဗုဒ္ဓဝါဒီပါလို့ အတိအကျ ဆိုနိုင်ဖို့ကတော့ သရဏဂုံသုံးပါးကို ဆောက်တည်ခြင်း ဖြစ်ပါတယ်။



၁၅၃။ မြတ်ဗုဒ္ဓရဲ့ အနာဂတ်ကို ကြိုမြင်နိုင်တဲ့ ဉာဏ်တော်ကို ဘယ်သီလတွေမှာ အရှင်လင်းဆုံး တွေ့နိုင်ပါသလဲ။

ပထမ၊ တတိယနှင့် ပဉ္စမသီလတွေမှာ တွေ့ရပါတယ်။ သူ့အသက်ကို သတ်တာ၊ သူ့အိမ်ယာကို ပြစ်မှားတာ၊ အရက်သေစာ သောက်စားတာတွေဟာ လောက လူသားတွေမှာ ခံစားရတဲ့ ဒုက္ခတွေရဲ့ အနည်းဆုံး ကိုးဆယ့်ငါး ရာနှုန်းလောက်ကို ဖြစ်ပေါ်စေပါတယ်။

၁၅၄။ အဲဒီ သီလတွေကို စောင့်သုံးခြင်းကြောင့် လူတစ်ယောက်ဟာ အဘယ်မျှသော အကျိုးတရားတွေကို ရနိုင်ပါသလဲ။

အဲဒီ သီလတွေကို စောင့်သုံးပုံ၊ အချိန်ကာလ၊ စောင့်သုံးတဲ့ သိက္ခာပုဒ် အရေအတွက်အလိုက် အနည်းနဲ့အများတော့ ကုသိုလ်ရတယ်လို့ ဆိုနိုင်တယ်။ ဆိုလိုတာက သီလတစ်ပါးကိုပဲ ဆောက်တည်ပြီး အခြားလေးခုကို ချိုးဖောက်ရင် စောင့်သုံးသူအနေနဲ့ အဲဒီ စောင့်သုံးတဲ့ သိက္ခာပုဒ်ရဲ့ အကျိုးကိုပဲ ရမှာပေ့ါ။ ပြီးတော့ အဲဒီ သိက္ခာပုဒ်ကို ကြာကြာစောင့်ရင် စောင့်သလောက် အကျိုးကြီးမှာပေ့ါ။ သိက္ခာပုဒ် အားလုံးကို မချိုးဖောက်ဘဲ လုံအောင် စောင့်သုံးသူကတော့ စောင့်သုံးချိန်ကစပြီး ကိုယ့်ကိုယ်ကို ပိုမို အဆင့်မြင့်ပြီး ပိုမိုပျော်စရာကောင်းတဲ့ ဘဝတစ်ခုကို ရရှိစေပါလိမ့်မယ်။

၁၅၅။ လူဥပါသကာ တစ်ယောက်အနေနဲ့ မိမိဆန္ဒနဲ့ စောင့်သုံးနိုင်တဲ့ ကုသိုလ်အကျိုးရတယ်လို့ ဆိုတဲ့ အခြား ကျင့်သုံးစရာတွေက ဘာလဲ။

ဖော်ပြပြီး ငါးမျိုးထဲမှာ (တတိယသိက္ခာပုဒ်မှာ မေထုန်မှီဝဲခြင်း နှင့် အစားထိုးပြီး) နောက်ထပ် သုံးမျိုး ထည့်သွင်းရတယ်။ အဲဒါတွေက ..

နေလွဲ ညစာစားခြင်းမှ ရှောင်ပါ၏။
ကခုန်၊ သီဆို၊ နားထောင်၊ ကပွဲကြည့်၊ ပန်းပန် (အလှဆင်) အမွှေးနံ့သာ လိမ်း စသည်မှ ရှောင်ကြည်ပါ၏။

www.kelasa.org

www.kelasa.org



၁၆၉။ ဘာကြောင့်ပါလဲ။

ဘာကြောင့်ဆိုရင် လူတိုင်းဟာ ကိုယ်လုပ်ထားတဲ့ ကံရဲ့စီမံခန့်ခွဲမှု အတိုင်း ထပ်တူ အပိုအလို မရှိဘဲ ကောင်းကျိုး သို့မဟုတ် ဆိုးကျိုးကို အတိအကျ ရရှိတယ်လို့ အဲဒီ (ဗုဒ္ဓရဲ့)ဓမ္မက သင်ကြားလို့ပါပဲ။ ဘယ်လောက်နည်းတဲ့ ကုသိုလ်မှုပဲဖြစ်ဖြစ်၊ ဘယ်လို လျှို့ဝှက်ပြီး ကျူးလွန်တဲ့ အကုသိုလ်ပဲ ဖြစ်ဖြစ် ကိုယ်လုပ်တဲ့ အလုပ်ရဲ့ ညီမျှတဲ့ အကျိုးကနေ မလွတ်နိုင်ဘူး။

၁၇၀။ ကမ္မ (ကံ) ဆိုတာ ဘာလဲ[၁]။

ကိုယ် နှုတ် နှလုံး သုံးပါးနဲ့ ပတ်သက်တဲ့ ကိုယ်ကျင့်တရားကို အခြေခံ ဖြစ်ပေါ်စေတဲ့ ကြောင်းကျိုး ဖြစ်စဉ်ပါပဲ။ ဗုဒ္ဓဝါဒီတွေက လူသားနဲ့ ပတ်သက်တဲ့ ကိစ္စတွေမှာ တန်းခိုး(ရှင်) မရှိဘူးလို့ ဆိုပါတယ်။ လူတစ်ယောက် စိုက်ပျိုးထားတဲ့အရာဟာ သူရိတ်သိမ်းရမယ့် အရာပါပဲ။

၁၇၁။ ဗုဒ္ဓဝါဒရဲ့ အနှစ်သာရကို ငုံမိအောင် အသုံးပြုနိုင်တဲ့ သင့်မြတ်တဲ့ နောက်ထပ် စကားလုံးတွေက ဘာပါလဲ။

'ကိုယ့်ကိုယ်ကို ယဉ်ကျေးအောင် လုပ်ခြင်း'နဲ့ 'မေတ္တာတရား'။

၁၇၂။ အဘယ် ဓမ္မက ဗုဒ္ဓဝါဒကို ဂုဏ်သိက္ခာ မြင့်စေပြီး ကမ္ဘာ့ဘာသာတရား စာရင်းမှာ နေရာပေးဖို့ ဖြစ်စေပါသလဲ။

ရန်သူမိတ်ဆွေ မခွဲခြားဘဲ ကြင်နာတဲ့ မေတ္တာတရား ဖြစ်ပါတယ်။

---

[၁] ကမ္မဆိုတာကို လူတစ်ယောက်ရဲ့ ပြုမူ ပြောဆို ကြံစည်မှု အားလုံးရဲ့ အစုအပေါင်းလို့ အဓိပ္ပာယ် ဖွင့်ဆိုတယ်။ ကြောင်းကျိုး ဆက်စပ်မှု ဖြစ်စဉ်ကို 'ပဋိစ္စသမုပ္ပါဒ်'လို့ ခေါ်ပါတယ်။ အင်္ဂုတ္တရနိကာယ်မှာ ရှင်တော် ဗုဒ္ဓက ကံသာလျှင် မိမိပိုင်တဲ့ ဥစ္စာ၊ မိမိရဲ့ အမွေခံ၊ ကံသာလျှင် မိမိကို မွေးဖွားတဲ့ အရာ၊ ဆွေမျိုး၊ မိမိရဲ့ ကိုးကွယ်ရာဖြစ်တယ်လို့ ဟောတော်မူပါတယ်။



ချက်နဲ့ လုပ်တဲ့ ကုသိုလ်က အခြားလူတွေ အကျိုးရှိပေမယ့် လုပ်သူမှာ ကုသိုလ် မရပါဘူး။ အခြားလူတစ်ယောက် လုပ်တဲ့ ကုသိုလ်ကို သဘောတူ သာဓုခေါ်သူလည်း အကယ်လို့ မိမိရဲ့ ကရုဏာ တရားဟာ စစ်မှန်ပြီး အတုအယောင် မဟုတ်ရင် ထပ်တူညီတဲ့ အမျှကုသိုလ်ကို ရရှိပါတယ်။ မကောင်းမှု လုပ်ရာမှာလည်း အဲဒီအတိုင်းပါပဲ။

၁၅၈။ ဒါဖြင့်ရင် ကုသိုလ်တွေ အားလုံးထဲမှာ ဘယ်ကုသိုလ်က အသာလွန်ဆုံးလဲ။

ဓမ္မပဒ ကျမ်းစာတော်မှာ 'ဓမ္မကို ဖြန့်ဖြူးလို့ ရရှိတဲ့ ကုသိုလ်ဟာ အခြား ကုသိုလ် အားလုံးထက် သာလွန်တယ်'လို့ ဟောကြားပါတယ်။

၁၅၉။ ရှင်တော် ဗုဒ္ဓ ဟောကြားတဲ့ အသာလွန်ဆုံးသော အသိပညာတွေ ပါဝင်တဲ့ ကျမ်းစာတွေ ဘယ်လောက်ရှိပါသလဲ။

ခြင်းတောင်းသုံးခုလို့ အဓိပ္ပာယ်ရတဲ့ ပိဋကတ် သုံးပုံ ရှိပါတယ်။

၁၆၀။ အဲဒီ ပိဋကတ်သုံးပုံ ဒါမှမဟုတ် ကျမ်းစာ အုပ်စုသုံးခုရဲ့ အမည်က ဘာလဲ။

ဝိနယပိဋက၊ သုတ္တန္တပိဋက နဲ့ အဘိဓမ္မပိဋက ဖြစ်ပါတယ်။

၁၆၁။ အဲဒီ ပိဋကတ်တွေမှာ ဘယ်အကြောင်းအရာတွေ ပါဝင်သလဲ။

ဝိနယပိဋကမှာ ရဟန်းသံဃာတော်တွေရဲ့ နေထိုင်ရေးအတွက် ကိုယ်ကျင့်တရားနဲ့ စည်းမျဉ်း စည်းကမ်းတွေ အားလုံးပါဝင်ပါတယ်။ သုတ္တန်ပိဋကမှာ လူသားအားလုံး အသုံးချနိုင်တဲ့ ကိုယ်ကျင့်တရားရေးရာ ဆွေးနွေး ဟောကြားချက်တွေ ပါဝင်ပါတယ်။ အဘိဓမ္မပိဋကမှာတော့ မြတ်ဗုဒ္ဓရဲ့ စိတ်ပိုင်းဆိုင်ရာ သင်ကြားချက်တွေ၊ သဘာဝတရားရဲ့ လုပ်ဆောင်ပုံတွေကို ရှင်းပြတဲ့ ကြောင်းကျိုးဆက်စပ်ပုံ နှစ်ဆယ့်လေးမျိုး ပါဝင်တယ်။

www.kelasa.org

www.kelasa.org



၁၆၂။ ဗုဒ္ဓ ဘာသာဝင်တွေဟာ အဲဒီကျမ်းစာတွေကို ကောင်းကင်ဘုံမှာ ရှိနေတဲ့ ဘုရားသခင်က ချမှတ်ပေးတဲ့ ကျမ်းစာတွေ ဖြစ်တယ်လို့ ယုံကြည်ကြပါသလား။

မယုံကြည်ကြပါဘူး။ ဒါပေမယ့် ဗုဒ္ဓဝါဒီတွေဟာ အဲဒီကျမ်းစာတွေမှာပါတဲ့ အစိတ်အပိုင်း အားလုံးကို သာလွန်ထူးကဲတဲ့ ဓမ္မအဖြစ် ဖော်ပြကြပါတယ်။ အဲဒီဓမ္မကို သိမြင်ခြင်းဖြင့် ဘဝသံသရာမှ လွတ်မြောက်နိုင်တယ်လို့လည်း ယုံကြည်ကြပါတယ်။

၁၆၃။ ပိဋကတ်သုံးပုံလုံးမှာ စကားလုံးတွေ ဘယ်လောက် များများ ပါဝင်ပါသလဲ။

ဒေါက်တာ ရေးစ် ဒေးဗစ်စ် (Dr. Rhys Davids)က စာလုံးပေါင်း ၁၇၅၂၈၀၀ ခန့် လို့ ခန့်မှန်းပါတယ်။

၁၆၄။ ပိဋကတ်တော်ကို ဘယ်အချိန်တုန်းက စတင်ပြီး အရေးအသားနဲ့ မှတ်တမ်း တင်ခဲ့ကြပါသလဲ။

ဘီစီ ၈၈–၇၀ ရာစု၊ သီဟိုဠ်ဘုရင် ဝဋ္ဋဂါမဏိမင်း လက်ထက် တစ်နည်းဆိုရင် ရှင်တော်ဗုဒ္ဓ ပရိနိဗ္ဗာန်စံလွန်ပြီးနောက် နှစ်ပေါင်း သုံးရာ့ သုံးဆယ်အကြာမှာ အက္ခရာနဲ့ ရေးခဲ့ပါတယ်။

၁၆၅။ ဗုဒ္ဓ ဟောကြားခဲ့တာတွေ အကုန်လုံးကို ကျွန်ုပ်တို့ သိတယ်လို့ ယုံကြည်ဖို့ သာဓက ယုတ္တိ ရှိပါရဲ့လား။

မရှိလောက်ပါဘူး။ ရှိတယ်ဆိုရင်လည်း ဆန်းနေမှာပဲ။ ဗုဒ္ဓဖြစ်ပြီးနောက် လေးဆယ့်နှစ်တာ ကာလအတွင်းမှာ ရှင်တော်ဗုဒ္ဓဟာ ရာပေါင်းများစွာသော ဟောပြော ဆွေးနွေးချက်တွေ ရှိဖို့ သေချာတယ်။ မှန်ပါတယ်။ စစ်ပွဲတွေ၊ နှိပ်ကွပ်မှုတွေ ကာလအတွင်းမှာ အများကြီး ပျောက်ဆုံးသွားဖွယ်လည်း ရှိတယ်။ ဝေးစွာသော နိုင်ငံတွေဆီမှာ အများကြီး ပျံ့ကျဲ နေဖွယ်လည်း ရှိတယ်။ အဓိပ္ပာယ်တွေလည်း အများကြီး ပြောင်း



ပြောင်းလဲသွားပြီး ဖြစ်ဖွယ်လည်း ရှိတယ်။ ဗုဒ္ဓဓမ္မကို ရန်ပြုသူတွေဟာ အုန်းပင်လောက် မြင့်တဲ့ ကျမ်းစာအုပ်ပုံကြီးကို မီးရှို့ပစ်ကြကြောင်းလည်း သမိုင်းက ဆိုတယ်။

၁၆၆။ ဗုဒ္ဓဘာသာဝင်တွေဟာ ရှင်တော်ဗုဒ္ဓအပေါ် ရှင်တော်ဗုဒ္ဓရဲ့ တန်ခိုးနဲ့ ကျွန်ုပ်တို့ အသီးသီးရဲ့ ပြစ်မှု အကျိုးဆက်မှ ကျွန်ုပ်တို့ကို ကယ်မနိုင်သူအနေနဲ့ ယူဆကြပါသလား။

အဲဒီလို လုံးဝ မယူဆပါဘူး။ လူသားဟာ ကိုယ့်ကိုယ်ကိုပဲ လွတ်မြောက်အောင် လုပ်ရတယ်။ လွတ်မြောက်မှုကို မရမချင်း လူသားဟာ သတ္တဝါအဖြစ်နဲ့ ထပ်ခါထပ်ခါ ဖြစ်နေရဦးမယ်။ မသိမှုအဝိဇ္ဇာနဲ့ မငြိမ်းသတ်နိုင်တဲ့ လောဘရဲ့ သားကောင်တွေ ဖြစ်နေဦးမှာ။

၁၆၇။ ဒါဖြင့်ရင် ဗုဒ္ဓရှင်တော်မြတ်ဟာ ကျွန်ုပ်တို့နဲ့တကွ အခြားသော သတ္တဝါ အားလုံးတို့အတွက် ဘယ်လို သဘောမျိုးပါလဲ။

အရာအားလုံးကို မြင်နိုင်သူ၊ အလုံးစုံ အသိပညာနဲ့ ပြည့်စုံတဲ့ လမ်းညွှန်သူ၊ ဘေးကင်းလမ်းစဉ်ကို ရှာတွေ့ပြီး လမ်းညွှန်သူ၊ လူသားတို့ရဲ့ ဒုက္ခဖြစ်ရခြင်း အကြောင်း၊ အဲဒီဒုက္ခကို ကုစားမယ့် နည်းလမ်းကို ညွှန်ကြားသူ ဖြစ်ပါတယ်။ လူသားတို့အား လမ်းကို ညွှန်ကြားခြင်း၊ အန္တရာယ်ကို ဘယ်လို ရှောင်ရမယ်ဆိုတာကို ပြသရင်း ရှင်တော်ဗုဒ္ဓဟာ ကျွန်ုပ်တို့ရဲ့ လမ်းညွှန် ဖြစ်သွားပါတယ်။ ဗုဒ္ဓရှင်တော်မြတ်ဟာ ကျွန်ုပ်တို့အဖို့ မျက်မမြင် တစ်ယောက်ကို လှုပ်ရမ်းနေပြီး မြင့်မားတဲ့ စမ်းချောင်းတံတား ကျဉ်းကလေးကို ဖြတ်ကျော်ဖို့ ခေါင်းဆောင် ခေါ်သွားပြီး အဲဒီနည်းနဲ့ သူ့အသက်ကို ကယ်တင်ပေးသလိုပါပဲ။

၁၆၈။ အကယ်၍ ဗုဒ္ဓရှင်တော်မြတ်ရဲ့ ဓမ္မအနှစ်ချုပ်ကို စကားတစ်လုံးတည်းနဲ့ ကိုယ်စားပြုနိုင်မယ်ဆိုရင် ဘယ်စကားလုံးကို ရွေးချယ်မလဲ။

မျှတခြင်း (အစွန်းမရောက်ခြင်း) ပါပဲ။

www.kelasa.org

www.kelasa.org



လန်းစေတဲ့ အဲဒီလို ဆုတောင်း ပူဇော်မှုတွေနဲ့ အပေါ်ယံ လုပ်ဆောင်မှုတွေကို အစကတည်းက ရှင်တော်ဗုဒ္ဓ မနှစ်သက်ခဲ့ပါဘူး။

၁၈၃။ ငြင်းခုန်မှုတွေနဲ့ ပတ်သက်၍ကော ဗုဒ္ဓ ဘယ်လို မြင်ပါသလဲ။

သုတ္တန်တွေ တော်တော် များများမှာ ရှင်တော်ဗုဒ္ဓဟာ ငြင်းခုန်တဲ့ ဝါသနာကို အပြင်းထန်ဆုံး ဆန့်ကျင်ခဲ့ပါတယ်။ ရှင်တော်မြတ်က တွေးခေါ်ကြံဆတာ၊ ရုပ်လွန် တန်းခိုးတွေနဲ့ ပတ်သက်ပြီး အချေအတင် ငြင်းခုန်ပြီး အချိန်ဖြုန်းရင်း တရားထူး ထိုးထွင်းသိမြင်မှုကို ဆုတ်ယုတ်စေကြတဲ့ ရဟန်းတော်တွေအတွက် အပြစ်ပေးမှုတွေကို ချမှတ်ခဲ့ပါတယ်။

၁၈၄။ ပီယဆေးတွေ၊ ဂါထာမန္တာန် ရွတ်ဖတ်မှုတွေ၊ ကံကောင်းချိန်ကို စောင့်ဆိုင်းမှု (ယတြာချိန် ရွေးချယ်မှု) တွေ၊ နတ်ကနားစီးမှုတွေဟာ ဗုဒ္ဓဝါဒရဲ့ အစိတ်အပိုင်းတွေလား။

အဲဒါတွေက ဗုဒ္ဓဝါဒရဲ့ အခြေခံ ညွှန်ကြားချက်တွေနဲ့ ဆန့်ကျင်ပါတယ်။ မျက်ကန်း ယုံကြည်မှု၊ ဖန်ဆင်းရှင် တန်းခိုးရှင် ကိုးကွယ်မှုနဲ့ အခြားဘာသာတွေရဲ့ ယုံကြည်မှု အကြွင်းအကျန်တွေ ဖြစ်နိုင်ပါတယ်။ ဗြဟ္မဇာလသုတ်တော်မှာ ရှင်တော်ဗုဒ္ဓက အဲဒီ ယုံကြည်မှုတွေအကြောင်းနဲ့ ကျဉ်းမြောင်းပြီး မမှန်ကန်တဲ့ ပေဂန် (ပျော်ရွှင်မှုစံပြုဝါဒီ) တွေ[၁] လို

[၁] ဒီပညာရပ်တွေ အကျင့်တွေနဲ့ ဗုဒ္ဓဝါဒ ရောထွေးနေခြင်းဟာ ဗုဒ္ဓဝါဒ ဆုတ်ယုတ်ဖို့အတွက် အမှတ်လက္ခဏာပါပဲ။ ၎င်းတို့နဲ့ ပတ်သက်တဲ့ အချက်အလက်တွေ သွင်ပြင်တွေက စစ်မှန်ပြီး သိပ္ပံနည်းနဲ့ စပ်သပ်ခံနိုင်ပါတယ်။ အတ္တဆန်တဲ့ ရည်ရွယ်ချက်နဲ့ အခြားတစ်ယောက်အပေါ် မကောင်းတဲ့ လွှမ်းမိုးမှုနဲ့ ဆွဲဆောင်ဖို့ စီမံပြီး စိတ်ပိုင်းဘဝ တိုးတက်မှုကို နှောင့်ယှက်ခဲ့ရင် အဲဒီ ပညာရပ်တွေဟာ 'မျက်လှည့်'ဆိုတဲ့ ဝေါဟာရထဲမှာ အကျုံးဝင်တယ်။ ထိခိုက်မှု မရှိဘဲ နာမကျန်းသူကို ကုသပေးပြီး အသက်ကို ကယ်ဖို့ စတဲ့ အကျိုးရှိတဲ့ ရည်ရွယ်ချက်နဲ့ အသုံးချမယ်ဆိုရင်တော့ အဲဒီ ပညာရပ်တွေကို အသုံးချဖို့ ရှင်တော် ဗုဒ္ဓ ခွင့်ပြုခဲ့ပါတယ်။



ဒီ(မေတ္တာ)တရားရဲ့ အရေးပါမှုကို နောင်ပွင့်တော်မူမယ့် ဘုရားရှင်ရဲ့ ဘွဲ့တော်က 'မေတ္တေယျ' ဖြစ်နေတာကို ကြည့်ပြီး သိနိုင်တယ်။

၁၈၃။ ခင်ဗျား ရှင်းပြထားတဲ့ ဓမ္မအချက်အလက် အားလုံးကို ရှင်တော်ဗုဒ္ဓဟာ ဗောဓိပင်အနီးမှာ ဆင်ခြင်ပြီး သိမြင်တော်မူခဲ့ပါသလား။

ဟုတ်ပါတယ်။ အဲဒီ ဓမ္မတွေ အပါအဝင် ဗုဒ္ဓဝါဒ ကျမ်းစာတွေမှာ ဖတ်ရှုနိုင်တဲ့ အခြား များစွာသော ဓမ္မတွေကိုလည်း အဲဒီမှာပဲ ဆင်ခြင်ခဲ့ပါတယ်။ ဗုဒ္ဓဝါဒ တစ်ခုလုံးဟာ ရှင်တော်ဗုဒ္ဓရဲ့ သဗ္ဗညုတဉာဏ်ကို ထိုးထွင်း သိမြင်မှုကြောင့် ဖြစ်လာရတာပါ။

၁၈၄။ ရှင်တော် ဗုဒ္ဓဟာ ဗောဓိပင်အနီးမှာ ဘယ်လောက် ကြာကြာ သီတင်းသုံးတော်မူခဲ့ပါသလဲ။

လေးဆယ့်ကိုးရက် ကြာပါတယ်။

၁၈၅။ ရှင်တော် ဗုဒ္ဓရဲ့ သီတင်းသုံးဖော် ငါးယောက်ကို ဟောကြားခဲ့တဲ့ ပထမဆုံးသော တရားဒေသနာရဲ့ နာမည်က ဘာပါလဲ။

ဗုဒ္ဓဓမ္မရဲ့ အဓိက မဏ္ဍိုင်ကို အဓိပ္ပာယ် ဖွင့်ဆိုတဲ့ ဓမ္မစက္ကပ္ပဝတ္တန သုတ္တန် ဖြစ်ပါတယ်[၁]။

၁၈၆။ ဒီသုတ္တန်မှာ ရှင်တော် ဗုဒ္ဓဟာ ဘယ်လို အကြောင်းအရာတွေကို ရှင်းပြခဲ့ပါသလဲ။

[၁] ပထမအကြိမ် (ဒီစာအုပ်ကို) ပုံနှိပ်ပြီးနောက် 'ဓမ္မစက္ကပ္ပဝတ္တန'ရဲ့ ပိုမိုကောင်းမွန်ဖွယ်ရှိတဲ့ ဘာသာပြန်ကို ကွယ်လွန်သူ သီဟိုဠ် ပါဠိပညာရှင် L. Corneille Wijesinha ထံမှ ကျွန်ုပ် ရရှိခဲ့ပါတယ်။ သူက 'ဓမ္မစိုးမိုးမှုကို တည်ဆောက်ခြင်း'လို့ ဆိုတယ်။ ပါမောက္ခ ရေးစ်ဒေးဗစ်ကတော့ 'ဓမ္မနိုင်ငံတော်ရဲ့ အုတ်မြစ်'လို့ ပြန်တာကို နှစ်သက်တယ်။ Mr. Wijesinha က 'ဓမ္မနိုင်ငံတော်' လို့လည်း ဆိုနိုင်ပါတယ်။ ဒါပေမယ့် အဲဒါက ကိုယ်ကျင့်

www.kelasa.org

www.kelasa.org



သစ္စာလေးပါးနဲ့ မဂ္ဂင်ရှစ်ပါးကို ရှင်းပြပါတယ်။ (အဲဒီခေတ်)ရသေ့ရဟန်းတို့ရဲ့ ကိုယ်ခန္ဓာကို အပြင်းအထန် ညှဉ်းပန်းမှုနဲ့ ကာမအာရုံတွေကို အလွန်အကျူး ခံစားမှုဆိုတဲ့ အစွန်းတရာတွေကို ရှောင်ကြဉ်ဖို့ ညွှန်ကြားပြီး တစ်ချိန်တည်းမှာ အလယ်အလတ် လမ်းစဉ်လို့ခေါ်တဲ့ မဂ္ဂင်ရှစ်ပါးကို ကျင့်ကြံဖို့ တိုက်တွန်းတော်မူပါတယ်။

၁၇၇။ ရှင်တော်ဗုဒ္ဓဟာ စိတ်ကူးယဉ် နတ်ဘုရားတွေရဲ့ ရုပ်တုဆင်းတုကိုးကွယ်မှုကို တိုက်တွန်းခဲ့ပါသလား။

မတိုက်တွန်းခဲ့ပါဘူး။ ဆန့်ကျင်ခဲ့ပါတယ်။ တန်ခိုးရှင်၊ နတ်ကွန်း၊ သစ်ပင် စတာတွေကို ပူဇော်ပသတာမျိုးကို ပြစ်တင်တော်မူပါတယ်။ အဆင့်မြင့် ဘဝတစ်ခုကို ရလိုသူဖြစ်ခဲ့ရင် အဲဒီပုဂ္ဂုလ်အနေနဲ့ ပြင်ပအရာတွေကို ကိုးကွယ်မှုဟာ ဖျက်ဆီးပစ်ရမယ့် ဆူးပြောင့်ခလုတ်ပါပဲ။

၁၇၈။ ဒါဖြင့်ရင် ဗုဒ္ဓဝါဒီတွေဟာ ဗုဒ္ဓဘုရားရဲ့ ဆင်းတု၊ ဓာတ်တော်နဲ့ အဲဒါတွေကို ဌာပနာထားတဲ့ စေတီတွေရှေ့မှာ ဦးညွှတ်ပြီး အရိုအသေပေးကြတယ် မဟုတ်လား။

ဟုတ်တယ်လေ။ ဒါပေမယ့် ရုပ်တု ဆင်းတု ကိုးကွယ်မှု ပုံစံမျိုးနဲ့ ရှိခိုး ဦးညွှတ်ကြတာ မဟုတ်ပါဘူး။

၁၇၉။ ဘာကွာခြားပါသလဲ။

ကျွန်ုပ်တို့ရဲ့ နောင်တော် ပေဂန်ဝါဒီဟာ သူ့ရဲ့ဆင်းတုကို မမြင်ရတဲ့

တရား ဒေသနကိုထက် ဒေသိယ အယူအဆကို ပိုပြီး ဖော်ညွှန်းတယ်။ 'ဓမ္မစိုးမိုးမှုကို တည်ဆောက်ခြင်း'လို့ ခေါင်းစဉ်ရှိတဲ့ ဒေသနာတော်ဟာ 'ဓမ္မစက္ကပ္ပဝတ္တနသုတ္တန်'ပါပဲ လို့လည်း ကျွန်ုပ်ဆိုကို ရေးပါတယ်။ ဒီစာကို သံဃရာဇာ ဆရာတော်ကို ပြတဲ့အခါ ၎င်းအနေနဲ့ Mr. Wijesinha ရဲ့ ဘာသာပြန်ကို နှစ်သက်တာကို တွေ့လို့ ကျွန်ုပ် ပျော်မိပါတယ်။



ဘုရားသခင်ကို မြင်နိုင်တဲ့ ဆင်းတုနဲ့ ကိုယ်စားပြုပြီး အဲဒီ ရုပ်တုကိုထားရှိသည်သာ သာမက ပူဇော်ပသရာမှာ ကောင်းကင်ဘုံက ဘုရားသခင်ရဲ့ အစိတ်အပိုင်း (စွမ်းအင်)တွေ အဲဒီ ဆင်းတုမှာ ပျံ့နှံ့နေတယ်လို့ယူဆတာ ဖြစ်လို့ ရုပ်တုဆင်းတု ကိုးကွယ်သူလည်း ဖြစ်ပါတယ်။

၁၈၀။ ဗုဒ္ဓဝါဒီတွေက ဘယ်လို ယူဆပါသလဲ။

ဗုဒ္ဓဝါဒီတွေ ဗုဒ္ဓဆင်းတုတော်နဲ့ ခင်ဗျားပြောတဲ့ အခြားအရာတွေကိုရှိခိုး ဦးညွှတ်တာက ဒီကပ်ကမ္ဘာမှာ အကြီးမြတ်ဆုံး၊ ပညာအရှိဆုံး၊ မေတ္တာ ကရုဏာ အကြီးမားဆုံး လူသားပုဂ္ဂိုလ်အဖြစ် အမှတ်ရရုံ သက်သက်ပါ။ တစ်နည်းနည်းနဲ့ ကြီးမြတ်တယ်လို့ ယူဆခံရတဲ့ မိန်းမယောကျ်ား မည်သူမဆိုရဲ့ သင်္ချိုင်းဂူကြွင်းနဲ့ အမှတ်တရ အရာတွေကို လူတွေ၊ အမျိုးအနွယ်တွေ အားလုံး အရိုအသေပြုကြ၊ တန်ဖိုးထားကြပြီးအလေးပြုကြတာပဲလေ။ ကျွန်ုပ်တို့ အဖို့တော့ ဒုက္ခကို သိမြင်ကြတဲ့ လူသားတိုင်း အခြားမည်သူထက်မဆို ရှင်တော်ဗုဒ္ဓကို ပိုမိုပြီး လေးစားပြီးချစ်မြတ်နိုးကြတယ်လို့ ထင်ပါတယ်။

၁၈၁။ ဒီကိစ္စနဲ့ ပတ်သက်ပြီး သေချာတဲ့ သင်ကြားချက် တစ်ခုခုကို ရှင်တော်ဗုဒ္ဓက ကျွန်ုပ်တို့အတွက် ပေးထားခဲ့ပါသလား။

ထားခဲ့ပါတယ်။ မဟာပရိနိဗ္ဗာသုတ္တန်မှာ ရှင်တော်မြတ်က မဂ္ဂင်ရှစ်ပါးကျင့်စဉ်ကို ကျင့်ပြီး မြင့်မြတ်တဲ့ ဘဝတစ်ခုနဲ့သာ လွတ်မြောက်မှုကိုရနိုင်ကြောင်း၊ အပြင်ပန်း ပူဇော်ပသရုံ (အာမိသပူဇာ)နဲ့ ရှင်တော်မြတ်ကိုယ်တိုင် သို့မတည်းမဟုတ် တစ်ယောက်ယောက်ကို ဒါမှမဟုတ်ဆင်းတုတွေကို မြတ်နိုးရုံနဲ့ မရနိုင်ကြောင်း ဟောတော်မူပါတယ်။

၁၈၂။ ပူဇော်ပသမှုတွေ ဆုတောင်းမှုတွေနဲ့ ပတ်သက်တဲ့ ဗုဒ္ဓရှင်တော်မြတ်ရဲ့ ထင်မြင်ချက်က ဘယ်လိုပါလဲ။

စိတ်ပိုင်းဘဝကို ပိတ်ဖုံးစေပြီး အသက်မရှိတဲ့ ပုံစံတွေကိုသာ စွဲ

www.kelasa.org

www.kelasa.org



ထားတယ်လို့ ထင်ရလောက်အောင် နှစ်သက်စရာ ကောင်းတယ် ဆိုရုံမျှနဲ့၊ ကျွန်ုပ်တို့ ဆောင်ရွက်နိုင်ဖွယ်ရှိတဲ့ သေချာပြီး အာမခံချက်ပေးတဲ့ ယူဆချက်မှ ဆင်းသက်တဲ့အတွက် ခိုင်လုံတယ် ဆိုရုံမျှနဲ့၊ ကြောင်းကျိုးယုတ္တိရှိတယ် ဆိုရုံမျှနဲ့ မယုံကြည်ဖို့၊ ဆရာရင်းတွေ အရှင်သခင်တွေ ပြောရုံမျှနဲ့ ကိစ္စတစ်ရပ်ကို မယုံရဘူးလို့ မိန့်ပါတယ်။

၁၉၄။ ဒါဖြင့်ရင် ဘယ်တော့မှ ယုံကြည်ရမှာတုန်း။

ရေးထားတဲ့ တရားဓမ္မ သို့မဟုတ် ဟောပြောထားတဲ့ အရာတွေဟာ ကျွန်ုပ်တို့ကိုယ်တိုင်ရဲ့ ယုတ္တိနဲ့ သိမြင်မှုနဲ့ တစ်ထပ်တည်းကျမှပဲ ယုံကြည်ရမယ်။ ရှင်တော်ဗုဒ္ဓက နိဂုံးချုပ်အနေနဲ့ ‘ဒါကြောင့်ပဲ ကြားရုံမျှနဲ့ လက်မခံဖို့ သင်တို့ကို ဟောကြားတာ ဖြစ်တယ်။ ဒါပေမယ့် သင့်ရဲ့ ကိုယ်ပိုင်ဉာဏ်အရ ယုံကြည်ပြီးမှ အဲဒီတရားအတိုင်း အားရပါးရ လက်တွေ့ကျင့်သုံးရမယ်’လို့ မိန့်ပါတယ် (အင်္ဂုတ္တရနိကာယ်၊ ကာလာမသုတ်နဲ့ မဟာပရိနိဗ္ဗာနသုတ်တွေကို ကြည့်ပါ)။

၁၉၅။ ဗုဒ္ဓကိုယ်တိုင်က သူ့ကိုယ်သူ ဘယ်လို ခေါ်ဝေါ်ပါသလဲ။

ရှင်တော်ဗုဒ္ဓ မိန့်တော်မူတာက မိမိနဲ့ အခြားဗုဒ္ဓတွေဟာ နည်းလမ်းကို ညွှန်ပြတဲ့ ‘နည်းပြသူ’တွေပဲ ဖြစ်လို့ ကျွန်ုပ်တို့ ကိုယ်တိုင်ကတော့ ကိုယ့်ဟာကိုယ် ကြိုးစား အားထုတ်ရမယ်လို့ ဖြစ်ပါတယ်။

၁၉၆။ ဘယ်ကျမ်းဂန်မှာ အဲဒီလို မိန့်တော်မူပါသလဲ။

ဓမ္မပဒ အခန်း နှစ်ဆယ်မှာပါ။

၁၉၇။ ဗုဒ္ဓဝါဒဟာ ကိုယ့်ကျင့်သီလ မရှိဘဲ ရှိဟန်ဆောင်တဲ့ ကြောင်သူတော် အလုပ်မျိုးကို အားပေးပါသလား။

ဓမ္မပဒမှာ ရှင်တော် ဗုဒ္ဓက ‘အနံ့မရှိတဲ့ ရောင်စုံ အလှပန်းတစ်ပွင့်လိုပဲ ဓမ္မနဲ့အညီ လိုက်နာကျင့်သုံးခြင်း မရှိသူတစ်ယောက်ရဲ့ လှပချော



အယူသည်းမှု အမျိုးမျိုးကို ဖော်ပြထားပါတယ်။

၁၈၅။ ဗုဒ္ဓဝါဒနဲ့ ဘာသာရေး (Religion)လို့ ခေါ်နိုင်တဲ့အရာ နှစ်မျိုးရဲ့ အဓိက ခြားနားချက်တွေက ဘယ်အရာပါလဲ။

ဘာသာတရားတွေ ထဲမှာတော့ ဗုဒ္ဓဝါဒဟာ ဖန်ဆင်းရှင်မရှိဘဲ အမြင့်ဆုံး ချမ်းသာတရား၊ ထာဝရတည်ရှိနေသူ (တန်ခိုးရှင်)ဖြစ်တဲ့ ခန္ဓာကိုယ် အပြင်ပက သဘာဝလွန် ဝိညာဉ်ကောင်ရဲ့ အယူသည်း အတ္တဆန်တဲ့ သင်ပြမှုကို မနာခံဘဲ ဘဝရှင်သန်မှု၊ အထူးရည်ရွယ်တဲ့ ကောင်းကင်ဘုံ မရှိတဲ့ ပျော်ရွှင်မှု၊ ကံကြမ္မာကို စီမံခန့်ခွဲသူ ကယ်တင်ရှင် မရှိဘဲ ဒုက္ခမှ လွတ်မြောက်ကြောင်း နည်းလမ်း၊ မိမိရဲ့ အပြစ်ကို ဆုတောင်း အသနားခံခြင်း ပြစ်ဒဏ်ခံယူခြင်း တောင်းပန်ပေးသူ ကြားခံ ဘုန်းကြီးတွေ မရှိဘဲ မိမိကိုယ်တိုင် ဖျောက်နိုင်ခြင်း၊ ပြီးတော့ ဒီဘဝမှာပင် စင်ကြယ်ပြီး ကိုယ်ကျိုးမဖက်တဲ့ပညာ သတ္တဝါအားလုံးအပေါ် ထားရှိတဲ့ ကရုဏာတရားတွေကို လေ့ကျင့်အားထုတ်ခြင်းဖြင့် နောက်ဆုံးပန်းတိုင်ဖြစ်တဲ့ နိဗ္ဗာန်တရားကို ဟောကြားပါတယ်။

၁၈၆။ လောဘကို ငြိမ်းစေပြီး အသိဉာဏ်ထူးကို ရရှိစေတဲ့ အဓိက ကမ္မဋ္ဌာန်းဘာဝနာ ရှုမှတ်မှု နှစ်မျိုးအကြောင်းကို ရှင်းပြစေချင်တယ်။

အဲဒီ နှစ်မျိုးက သမထနဲ့ ဝိပဿနာ ဖြစ်ပါတယ်။ (၁) ကာမအာရုံတွေ လျော့နည်းစေရန် မြင့်မြတ်တဲ့ဘဝနဲ့ (သမာဓိအားကောင်းအောင်) အဆက်မပြတ် အားထုတ်ပြီး ရာဂကို ထိန်းချုပ်ခြင်း (၂) ထပ်ခါထပ်ခါ (သတိဖြင့်) နှလုံးသွင်း ဆင်ခြင် ပွားများခြင်းဖြင့် အသိဉာဏ်ထူးကို ရရှိခြင်း။ အဲဒီ နှစ်မျိုးလုံးမှာ အစိတ်အပိုင်း နှစ်ဆယ်စီ[၁] ရှိပေမယ့် ကျွန်ုပ်အနေနဲ့ အဲဒါတွေ အားလုံးကို ရှင်းပြဖို့ မလိုပါဘူး။

---

[၁] အဲဒီ နှစ်ဆယ်က ဘာလဲဆိုတာကို စဉ်းစား၍ မရပါ (ဘာသာပြန်သူ)။

www.kelasa.org

www.kelasa.org



၁၈၇။ (တရားအားထုတ်သူ) တစ်ယောက် ရရှိနိုင်တဲ့ အဆင့်လေးဆင့်က ဘာတွေပါလဲ။

(၁) သောတာပတ္တိ = ပထမဆုံးအဆင့် သို့မဟုတ် သစ္စာလေးပါးကို ရှင်းလင်းစွာ သိမြင်ပြီးနောက် ရရှိသွားတဲ့ အဆင့် (၂) သကဒါဂါမိ = လောဘ ဒေါသ မောဟကို လျှော့ပါစေတဲ့ အဆင့်၊ ဒီကမ္ဘာလောကကို တစ်ကြိမ်သာ ပြန်လာသူ (၃) အနာဂါမိ = အတ္တ မာနကို အောင်နိုင်ပြီးနောက် ဒီလူ့ဘောင်သို့ ပြန်မလာသူတွေ ရရှိတဲ့ အဆင့် (၄) အရဟန္တ = ပူဇော်အထူးကို ခံထိုက်သူ အဆင့်၊ ဘဝသစ် ပြန်လည်မွေးဖွားခြင်း မရှိတဲ့အပြင် ပြီးပြည့်စုံတဲ့ အသိပညာ၊ မသိမလိမ္မာသူ ဒုက္ခသည်တွေအပေါ် အနိုင်းမဲ့ သနားကြင်နာမှုနဲ့ သတ္တဝါ အားလုံးအပေါ် အနန္တမေတ္တာတွေကို ရရှိခံစားဖို့ စွမ်းရည်ရှိသူတွေ ရရှိတဲ့ အဆင့်။

၁၈၈။ ထင်ပေါ် ကျော်ကြားတဲ့ ဗုဒ္ဓဝါဒဟာ အမှန်တရား သစ္စာလေးပါးမှ တစ်ပါး ဘာမှ မရှိတော့ဘူးလား၊ သိပ္ပံပညာနဲ့ကော ညီညွတ်ရဲ့လား။

နိုင်ငံများစွာမှာ တည်ရှိနေတဲ့ အခြား ဘာသာတရားတွေလိုပဲ ဗုဒ္ဓဝါဒမှာလည်း အမှန်တရားတွေထဲမှာ မမှန်တဲ့အရာတွေ ရောဝင်ခဲ့ဖူးတယ်၊ ရွှေမှာ အညစ်အကြေးတွေ ရောနှောသလိုပါပဲ။ ကဗျာဆန်ဆန်စိတ်ကူးယဉ်မှု၊ မျက်နှာလိုက်တဲ့ ဒါမှမဟုတ် အသိဉာဏ်နည်းတဲ့ ဗုဒ္ဓဝါဒီတွေရဲ့ အယူသည်းမှုတွေကြောင့် ခေတ်အဆက်ဆက် ဒေသအသီးသီးမှာ ရှင်တော်ဗုဒ္ဓရဲ့ အခြေခံကိုယ်ကျင့်တရား အဆုံးအမတွေဟာ အနည်းနဲ့အများပဲ ကောင်းကျိုးအတွက် ထုတ်ပစ်ရဖွယ်ရှိတဲ့ အရာတွေနဲ့ ပေါင်းစပ်ဖို့ ဖြစ်စေခဲ့ဖူးပါတယ်။

၁၈၉။ ဘယ်တုန်းက အဲဒီလို လွဲမှားမှုတွေကို တွေ့ရှိခဲ့ပါသလဲ၊ ဗုဒ္ဓရဲ့ အစစ်အမှန် ဆန္ဒတော်က ဘာပါလဲ။

စစ်မှန်တဲ့ ဗုဒ္ဓဝါဒီဟာ အမှန်တရားနဲ့ တစ်ခြားစီ ဖြစ်တဲ့ အမှားကို သိမြင်ပြီး ဖြစ်နိုင်မယ်ဆိုရင် ကူညီဖို့ အမြဲတမ်း အဆင့်သင့် စိတ်အား



ထက်သန်နေသင့်ပါတယ်။ မရိုးမသား ထည့်သွင်းထားတာ အားလုံးထဲက ဗုဒ္ဓဓမ္မ အစစ်အမှန်ကို သန့်စင်ထုတ်ယူဖို့ အဓိက ရည်ရွယ်ပြီး သံဂါယနာ သုံးကြိမ် တင်ခဲ့ပြီး ဖြစ်ပါတယ်။

၁၉၀။ ဘယ်တုန်းက တင်ခဲ့တာလဲ။

ရှင်တော်ဗုဒ္ဓ ပရိနိဗ္ဗာန် စံတော်မူလို့ မကြာခင်မှာပဲ သတ္တပဏ္ဏိလိုဏ်ဂူမှာ ပထမသံဂါယနာ၊ ဝေသာလီမြို့ ဝေဠုကာရာရကျောင်းမှာ ဒုတိယသံဂါယနာ၊ ဗုဒ္ဓ ပရိနိဗ္ဗာန်စံလွန်ပြီးနောက် ၂၃၅ နှစ်အကြာ ပါဋလိပုတ္တမြို့ အသောကာရာမကျောင်းတိုက်မှာ တတိယသံဂါယနာ။

၁၉၁။ မှန်ကန်သော ဓမ္မအတွင်း ပေါ်ပေါက်လာဖွယ်ရှိတဲ့ အဲဒီလို မှားယွင်းမှုတွေအတွက် ဗုဒ္ဓကိုယ်တိုင် ကျွန်ုပ်တို့ကို ဘယ်သုတ္တန်မှာ သတိပေး ဟောကြားထားခဲ့ပါသလဲ။

သံယုတ္တနိကာယ်မှာ ဟောကြားခဲ့ပါတယ်။

၁၉၂။ ယုံကြည်မှုအနေနဲ့ လက်ခံဖို့ လိုအပ်တဲ့ လျှို့ဝှက်နက်နဲသော တရားသော ယူဆချက်မျိုး ဗုဒ္ဓဝါဒမှာ ရှိသလား။

မရှိပါဘူး။ ကျမ်းမြတ်တွေမှာ ရေးထားလို့၊ အစဉ်အဆက် ပြောကြားလာခဲ့လို့၊ သို့တည်းမဟုတ် ပညာရှင်တွေ သင်ကြားထားခဲ့လို့ ဆိုတာတွေကြောင့် (မျက်စိမှိတ်) ယုံကြည်ရမယ့် ဟာမျိုးကို လက်မခံဖို့ ကျွန်ုပ်တို့ကို အလေးအနက် ညွှန်ကြားပါတယ်။

၁၉၃။ အဲဒီ လုပတဲ့ မူကို ဗုဒ္ဓကိုယ်တိုင် တကယ် ဟောကြားပါသလား။

ဟုတ်ပါတယ်။ ဗုဒ္ဓရှင်တော်မြတ်က သူများတွေ ပြောလို့ဆိုတာလောက်နဲ့၊ အစဉ်အလာအရ ပဝေသဏီက ဆင်းသက်လာတဲ့ အတွက်ကြောင့် ဆိုရုံမျှနဲ့၊ ကောလာဟလ ပြောသံကြားရုံမျှနဲ့၊ ပညာရှိတွေရဲ့ ရေးသားချက် ဖြစ်ရုံမျှနဲ့၊ ပညာရှိတွေ ရေးသားတယ်ဆိုရုံမျှနဲ့၊ နတ်တွေ ရေး

www.kelasa.org

www.kelasa.org



သီလကို ညွှန်းဆိုရာ)မှာ တစ်လင်တစ်မယား လက်ထပ်မှုနဲ့ အချင်းချင်း သစ္စာမဖောက်မှုကို (မှားယွင်းတဲ့) ကာမအာရုံမှ ရှောင်ကြဉ်မှုအဖြစ် ယူရတယ်။ အဝိဇ္ဇာကို အားပေးပြီး ရာဂကို တိုးပွားစေတဲ့အတွက် ဇနီးမယားတွေ အများကြီး ယူတာကို ရှင်တော်ဗုဒ္ဓ ငြင်းဆိုပါတယ်။

၂၀၄။ ဘယ်သုတ္တန်မှာ ဟောကြားခဲ့ပါသလဲ။

အင်္ဂုတ္တရနိကာယ်၊ စတုက္ကနိပါတ်၊ သုတ္တန်အမှတ် ၅၅ (ပဌမ သမဇီဝိသုတ်)မှာ ဟောကြားခဲ့ပါတယ်။

၂၀၅။ သားသမီးတွေအပေါ် မိဘတွေရဲ့ တာဝန်ဝတ္တရားအနေနဲ့ ဗုဒ္ဓဝါဒက ဘာကို သင်ကြားပါသလဲ။

သားသမီးတွေကို အပြောအဆိုကို ထိန်းနိုင်အောင် လေ့ကျင့်ပေးခြင်း၊ ကိုယ်ကျင့်တရား ကောင်းအောင် လေ့ကျင့်ပေးခြင်း၊ ဝိဇ္ဇာနဲ့ သိပ္ပံပညာတွေကို သင်ကြားပေးခြင်း၊ သင့်တင့် လျောက်ပတ်သူနဲ့ လက်ထပ်ထိမ်းမြားပေးခြင်း၊ ပြီးတော့ အမွေ ပေးဝေခြင်း။

၂၀၆။ သားသမီးတွေရဲ့ တာဝန်က ဘာတွေပါလဲ။

မိဘတွေ အိုမင်းကြီးရင့်လာချိန်မှာ ဒါမှမဟုတ် မိမိတို့ကို လိုအပ်ချိန်မှာ ကူညီထောက်ပံ့ရခြင်း၊ မိမိဘတွေနဲ့ ပတ်သက်တဲ့ မိသားစုတာဝန်တွေကို ကူညီ ထမ်းဆောင်ခြင်း၊ မိဘရဲ့ စည်းစိမ်ဥစ္စာကို စောင့်ရှောက်ခြင်း၊ ကိုယ့်ကိုယ်ကို အမွေခံထိုက်အောင် ပြုမူခြင်း၊ မိဘတွေ ကွယ်လွန်တဲ့အခါ ပူဇော်ဂုဏ်ပြုခြင်း။

၂၀၇။ တပည့်တွေက ဆရာတွေကို ဆောင်ရွက်ရမယ့် ဝတ္တရားတွေက ဘာတွေပါလဲ။

ဆရာတွေကို ရိုသေ လေးစားမှုကို ပြရမယ်။ အလုပ်အကျွေး ပြုရမယ်။ စကားကို နားထောင်ရမယ်။ ဆရာ့ လိုအပ်ချက်တွေကို ဆောင်



မွတ်တဲ့ စကားလုံးတွေဟာလည်း အကျိုးမရှိပါဘူး'လို့ ဟောကြားခဲ့ပါတယ်။

၁၉၈။ ဗုဒ္ဓဝါဒက ကျွန်ုပ်တို့ကို အဆိုးကို အဆိုးနဲ့ တုံ့ပြန်ဖို့ ဟောကြားပါသလား။

ဓမ္မပဒပါဠိတော်မှာပဲ 'လူတစ်ယောက်က ကိုယ့်အပေါ် မိုက်မိုက်မဲမဲ အမှားအယွင်းတစ်ခု လုပ်ရင်တောင် အမုန်းမပွားဘဲ မေတ္တာနဲ့ သူ့အပေါ် တုံ့ပြန်မယ်။ သူ့ဆီက မကောင်းတာတွေ လာလေ ကိုယ့်ဖက်က ကောင်းတာနဲ့ တုံ့ပြန်လေပါပဲ'လို့ ရှင်တော်ဗုဒ္ဓ ဟောကြားပါတယ်။ ဒါက သူတော်စင် ရဟန္တာ[၁] တို့ရဲ့ လမ်းစဉ်ပါပဲ။

---

[၁] တစ်စုံတစ်ခုသော အတိုင်းအတာထိ လေ့ကျင့်အားထုတ်ပြီး အဆင့်မြင့်စိတ်ပိုင်းဘ၀နဲ့ အသိပညာပိုင်း တိုးတက်မှုကို ရရှိပြီးဖြစ်တဲ့ ဗုဒ္ဓဝါဒရဲ့ သူတော်စင်။ သမထယာနိကနဲ့ ဝိပဿနာယာနိကလို့ ရဟန္တာဟာ ယေဘုယျ အနေနဲ့ အုပ်စုနှစ်မျိုး ကွဲပြားတယ်။ ပထမအမျိုးအစားက ရာဂကို ဖျက်ဆီးပြီး ၎င်းတို့ရဲ့ အသိပညာ စွမ်းရည်၊ သို့မဟုတ် တန်းခိုး စွမ်းရည်ကို လုံး၀ ပွားများ အားထုတ်ထားသူ။ ဒုတိယ ပုဂ္ဂိုလ်လည်း ရာဂကို ထပ်တူ ပယ်သတ်ပြီးသူဖြစ်ပေမယ့် အဆင့်မြင့် စိတ်ပိုင်းဘ၀ စွမ်းရည် (အဘိညာဉ်တန်းခိုး)ကို မရရှိဘူး။ ပထမ အမျိုးအစားက သဘာဝလွန်တွေ လုပ်ဆောင်နိုင်ပေမယ့် ဒုတိယအမျိုးအစားက မလုပ်နိုင်ဘူး။ ပထမ ရဟန္တာမျိုးက လုံး၀ အားထုတ်ပြီးတဲ့အခါ ကာမဂုဏ် အာရုံတွေရဲ့ လှည့်စားမှုကို မခံရတော့ဘူး။ ရာဂစတဲ့ ကိလေသာတွေရဲ့ ကျေးကျွန်လည်း မဖြစ်နိုင်တော့ဘူး။ အဲဒီလို ရဟန္တာ အရှင်ဟာ ကောင်းဆိုး ခွဲခြမ်းမှု နောက်သို့ မလိုက်ဘဲ သူ့စိတ်ထဲက ရှိတဲ့ ဘယ်လို ရည်ရွယ်ချက်မျိုးရဲ့ အကြောင်းတရားကိုမဆို ထွင်းဖောက်ပြီး သိမြင်တယ်။ အရှင်မြတ်ရဲ့ ကိုယ့်ကိုယ်ကို ထိန်းချုပ်အောင်နိုင်မှုဟာ လုံး၀ ပြီး ပြည့်စုံတယ်။ ပြီးတော့ သာမန် လူသားတစ်ယောက်ကို နှိပ်စက်ပြီး အပြုခံ ကျေးကျွန် ဖြစ်စေတဲ့ စိတ်လှုပ်ရှားမှုတွေ ရမ္မက်တွေအစား 'နိဗ္ဗာန်'လို့ ဝေါဟာရပြုထားတဲ့ အရာနဲ့ အကောင်းဆုံး ဖော်ပြထားတဲ့ အခြေအနေ တစ်ရပ်

www.kelasa.org
www.kelasa.org

www.kelasa.org



၁၉၉။ ဗုဒ္ဓဝါဒဟာ ရက်စက် ကြမ်းကြုတ်မှုကို အားပေးပါသလား။

လုံးဝ အားမပေးပါဘူး။ ငါးပါးသီလနဲ့ အခြား မည်သည့် ဗုဒ္ဓရဲ့ တရား ဓမ္မတွေမှာမဆို သတ္တဝါ အားလုံးအပေါ် သနားကရုဏာ ရှေ့သွားပြုရန်၊ သတ္တဝါအားလုံးကို ပျော်ရွှင်အောင် ဖန်တီးရန်၊ ယင်းတို့ အားလုံးကို ချစ်မြတ်နိုးရန်၊ သတ်ဖြတ်ခြင်း သို့မဟုတ် သတ်ဖြတ်မှုကို သဘောတူခြင်း သို့မဟုတ် သတ်ဖြတ်အောင် အားပေးခြင်းတွေကို ရှောင်ကြဉ်ရန် ရှင်တော်ဗုဒ္ဓက ကျွန်ုပ်တို့ကို ဟောကြားခဲ့ပါတယ်။

၂၀၀။ ဘယ်သုတ္တန်မှာ ဒီအဓိပ္ပာယ်ကို ဖော်ပြခဲ့ပါသလဲ။

ဆီသို့ ဆိုက်ရောက်သွားတယ်။ ‘ယခုခေတ်မှာ ရဟန္တာအဖြစ်ကို ရရှိဖို့ မဖြစ်နိုင်တော့ဘူး၊ ဗုဒ္ဓရှင် ပရိနိဗ္ဗာန်စံလွန်ပြီးနောက် နှစ်တစ်ထောင်အကြာမှာ အဲဒီ စွမ်းရည်တွေ ကွယ်ပျောက်သွားလိမ့်မယ်လို့ ဗုဒ္ဓကိုယ်တိုင် ဟောကြားခဲ့တယ် ဆိုတဲ့ မမှန်ကန်တဲ့ ယူဆချက်တစ်ရပ် သီဟိုဠ်ကျွန်းမှာ ခေတ်စားနေတယ်။ အဲဒီ မမှန်သတင်းအပြင် အိန္ဒိယ နေရာအတော်များများ ကြားရတဲ့ အလားတူ တစ်ခုက ‘ယခုအခါဟာ အမှောင် ကလိယုဂ်ကာလ ဖြစ်လို့ ယောဂဝိဇ္ဇာ အကျင့် သို့မဟုတ် လူတို့ရဲ့ ကုသိုလ်ကမ္မပထတရားထက် လွန်မြတ်တဲ့ စိတ်ပိုင်းဘဝ လေ့ကျင့်မှု အတတ်ပညာဟာ မဖြစ်နိုင်တော့ဘူး’လို့ ဖြစ်ပါတယ်။ ကျွန်ုပ် အနေနဲ့ စင်ကြယ်ပြီး (ဗုဒ္ဓဝါဒနဲ့ မပတ်သက်ပေမယ့် အလွန် သင့်တော်တဲ့ ဝေါဟာရအနေနဲ့ အသုံးပြုနိုင်တဲ့) စိတ်ပိုင်းအရ ၎င်းတို့ ဘိုးဘေးတွေလို ပညာရှိရမှာ ဖြစ်ပေမယ့် အဲဒီလို မဟုတ်ဘဲ၊ မဟုတ်တဲ့ အတွက်ကြောင့်ပင် သွေဖည်မှုကို ရှာဖွေကြသူတွေရဲ့ အသုံးချမှုကြောင့် ဖြစ်မယ်လို့ ကျွန်ုပ် ယူဆပါတယ်။ ရှင်တော်ဗုဒ္ဓအနေနဲ့တော့ (အဲဒါနဲ့) အတော် ဆန့်ကျင်တဲ့ အတွေးအမြင်ကို ဟောတော်မူခဲ့တာပါ။ ဒီဃနိကာယ်မှာ ‘သုဘဒ္ဒ နားထောင်လော့၊ ငါဘုရားရဲ့ သာသနာတော်မှာ ဘိက္ခုတွေ သီလသိက္ခာပုဒ်တွေကို မှန်ကန်စွာ ကျင့်သုံးနေသရွေ့ ကမ္ဘာပေါ်မှာ ရဟန္တာပုဂ္ဂိုလ်တွေ ပျောက်ကွယ် သွားမည် မဟုတ် (ဣမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ အသုညော လောကော အရဟန္တေဟိ အဿ။ ဒီ ၂၊ ၁၂၅) လို့ ဟောတော်မူပါတယ်။



ဓမ္မိကသုတ္တန်မှာ ရှင်တော်ဗုဒ္ဓက ‘သူတစ်ပါးအသက်ကို လုံးဝ မ ဖျက်ဆီးရ၊ ပျက်စီးအောင် မလုပ်ရ သို့မဟုတ် သူ့သက်သတ်သူတွေရဲ့ အပြုအမူကို အလိုတူအလိုပါပြုခြင်း လုံးဝ မပြုရ၊ ဘယ်သတ္တဝါကို မဆို နှိပ်စက် ညှဉ်းပန်းတာကို ရှောင်ရမယ်’လို့ ဟောကြားခဲ့ပါတယ်[၁]။

၂၀၁။ ဗုဒ္ဓဝါဒအနေနဲ့ အရက်သောက်တာကို ထောက်ခံပါသလား။

ဓမ္မိကသုတ္တန်မှာပဲ အရက် မသောက်ဖို့၊ အခြားသူတွေကို အရက်သောက်ပါလို့ မတိုက်တွန်းဖို့၊ အရက် သောက်သူတွေရဲ့ အပြုအမူကို အားပေး ထောက်ခံမှု မပြုဖို့ မိန့်ကြားခဲ့ပါတယ်[၂]။

၂၀၂။ ယစ်မူးစေတတ်တဲ့ အရာက ကျွန်ုပ်တို့ကို ဘယ်ဆီကို ဦးဆောင် သွားနိုင်ပါသလဲ။

အကောင်းရဲ့ ဆန့်ကျင်ဘက်၊ ရာဇဝတ် ပြစ်မှု၊ စိတ်ပိုင်းဆိုင်ရာ ယုတ်ညံ့မှုနဲ့ ပြန်လည်မွေးဖွားခြင်းရဲ့ အဓိက အကြောင်းရင်းဖြစ်တဲ့ မောဟတွေဆီသို့ ဦးဆောင်သွားပါတယ်။

၂၀၃။ အိမ်ထောင်ပြုတာကို ဗုဒ္ဓဝါဒက ဘယ်လို သင်ကြားပါသလဲ။

စိတ်ပိုင်းဘဝရဲ့ အလုံးစုံ တိုးတက်မှု အခြေအနေ တစ်ရပ်ဖြစ်တဲ့ မေထုန်မှ လုံးဝရှောင်ကြဉ်မှုကို တိုက်တွန်းထားပေမယ့် ဒီနေရာ (ငါးပါး

[၁] Kolb ရေးတဲ့ *History of Culture* (ယဉ်ကျေးမှုသမိုင်း) ကျမ်းစာထဲမှာ ‘စစ်ပွဲကြောင့် သတ်ဖြတ်ခံနေကြရတဲ့ အကျဉ်းသားတွေ အသက်ချမ်းသာ ရကြတာဟာ ဗုဒ္ဓဝါဒကြောင့်ပါ။ အောင်မြင်တဲ့ နယ်မြေက ဒေသခံတွေရဲ့ ကျေးကျွန်ပြုခံရမှု တည်ရှိနေတာကို ရပ်စဲပစ်နိုင်တာလည်း ဗုဒ္ဓဝါဒကြောင့်ပဲ’လို့ ဆိုထားတယ်။

[၂] သေရည် သေရက်နဲ့ လုံးဝ ယစ်မူးသွားတတ်တဲ့ မူးယစ်ဆေးသမားတွေရဲ့ ကျေးကျွန် ဖြစ်သွားမှုကို ငါးခုမြောက် သီလထဲမှာ ရည်ညွှန်းထားပါတယ်။

www.kelasa.org
www.kelasa.org

www.kelasa.org



လုံးဝ မဟုတ်ပါဘူး။ အချိန် အပိုင်းအခြားက အဲဒီလူရဲ့ အကုသိုလ်ကံ အပေါ်မှာ တည်မှီပါတယ်။

၂၂၁။ ဗုဒ္ဓဝါဒကို မယုံကြည်သူတွေ အနေနဲ့ မယုံကြည်းခြင်းဆိုတဲ့ အကြောင်းကြောင့် ငရဲကို မဖြစ်မနေ သွားရမယ်လို့ ဗုဒ္ဓဝါဒက သတ်မှတ်ထားပါသလား။

မသတ်မှတ်ပါဘူး။ ၎င်းတို့ရဲ့ မကုန်ခမ်းသေးတဲ့ တဏှာကြောင့် ဘဝသံသရာမှာ မလည်ရခင် (၎င်းတို့ ပြုထားတဲ့) ကုသိုလ်ကံတွေကြောင့် ကန့်သတ်ချိန် တစ်ခုထိ ပျော်ရွှင်မှုကို ခံစားနိုင်ပါတယ်။ ဘဝသံသရာက လွတ်မြောက်ဖို့အတွက်တော့ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်ကို ကျင့်ကိုကျင့်ရပါလိမ့်မယ်။

၂၂၂။ ဗုဒ္ဓဝါဒီတွေ အကြားမှာ အမျိုးသမီးတွေရဲ့ စိတ်ပိုင်းဘဝ အဆင့်အတန်းက ဘာပါလဲ။

ကျွန်ုပ်တို့ရဲ့ ဗုဒ္ဓဝါဒအလိုအရ အမျိုးသမီးတွေဟာ ယောကျ်ားတွေနဲ့ လုံးဝတူညီတဲ့ အခြေခံပေါ်မှာ တည်ရှိပါတယ်။ ဗုဒ္ဓရှင်တော်က စူဠဝေဒလ္လသုတ်တော်မှာ ‘အမျိုးသားတွေ ရနိုင်တဲ့ အမြင့်ဆုံး အဆင့်ဖြစ်တဲ့ ရဟန္တာအဖြစ်ကို အမျိုးသမီးတွေ ရနိုင်တယ်’လို့ ဟောပါတယ်။

၂၂၃။ အမျိုးသမီးတွေအပေါ် ဗုဒ္ဓဝါဒရဲ့ သက်ရောက်မှုနဲ့ ပတ်သက်ပြီး မျက်မှောက်ခေတ်ရဲ့ မှတ်ချက်တစ်ခုက ဘာလဲ။

အဲဒါက ဆာ လီပယ်လ် ဂရစ်ဖင် (Sir Lepel Griffin)ရဲ့ ‘အမျိုးသမီးတွေရဲ့ ပျော်ရွှင်မှုနဲ့ လွတ်လပ်မျှတမှုကို အခြားမည်သည့် အယူဝါဒအုပ်စုထက်မဆို ဗုဒ္ဓဝါဒမှာ ပိုတွေ့ရတယ်’လို့ ဖြစ်ပါတယ်။

၂၂၄။ အမျိုးဇာတ်နဲ့ ပတ်သက်ပြီး ဗုဒ္ဓဝါဒက ဘယ်လို သင်ကြား ပါသလဲ။

www.kelasa.org



ရွက်ပေးရမယ်။ သင်ကြား ဆုံးမတာတွေကို နာခံရမယ်။

၂၀၈။ ဇနီးမယားတွေအပေါ် ခင်ပွန်းတွေရဲ့ တာဝန်က ဘာလဲ။

ဇနီးမယားအပေါ် ချစ်မြတ်နိုးရမယ်၊ လေးစား ကြင်နာခြင်းမှုတွေနဲ့ ဆက်ဆံရမယ်၊ ဇနီးမယားအပေါ် သစ္စာရှိရမယ်၊ အခြားသူတွေက လေးစားအောင် ဆောင်ရွက်ရမယ်၊ သင့်မြတ် လျောက်ပတ်တဲ့ အဝတ်တန်ဆာတွေနဲ့ ဆင်ယင်ပေးရမယ်။

၂၀၉။ ခင်ပွန်းတွေအပေါ် ဇနီးမယားတွေ ပြုကျင့်ရမယ့် တာဝန်တွေက ဘာတွေလဲ။

ခင်ပွန်းအပေါ် ချစ်မြတ်နိုးတဲ့ မေတ္တာကို ပြသရမယ်၊ အိမ်မှုကိစ္စတွေကို ကျေပွန်အောင် ဆောင်ရွက်ရမယ်၊ ဧည့်တွေအပေါ် ဧည့်ဝတ်ကျေပွန်ရမယ်၊ မိစ္ဆာစာရ ကျူးလွန်မှု မပြုရဘူး၊ ရရှိတဲ့ စီးပွားဥစ္စာကို ထိမ်းသိမ်းရမယ်၊ အရာအားလုံးမှာ စေ့စပ်သေချာရမယ်။

၂၁၀။ အဲဒီ ကျင့်ဝတ်တွေကို ဘယ်သုတ္တန်မှာ ဟောကြားခဲ့ပါသလဲ။

သိင်္ဂါလောဝါဒ သုတ်တော်မှာ ဟောကြားခဲ့တာပါ။

၂၁၁။ ချမ်းသာမှုတွေက လူတစ်ယောက်ရဲ့ အနာဂတ်ကို ပျော်ရွှင်အောင် လုပ်ပေးနိုင်ပါသလား။

ဓမ္မပဒပါဠိတော်မှာ ရှင်တော်ဗုဒ္ဓက ‘လောကီ စည်းစိမ်ကို သွားတဲ့ လမ်းကြောင်းတစ်ခု၊ နောက်တစ်ခုက နိဗ္ဗာန်ကို သွားတဲ့ လမ်းကြောင်း’ လို့ ဟောတော်မူပါတယ်။

၂၁၂။ လူချမ်းသာတစ်ယောက်က နိဗ္ဗာန်ကို မရောက်နိုင်ဘူးလို့ ဆိုတာ ပါလား။

အဲဒါကတော့ သူရဲ့ ဘာကို ပိုနှစ်သက်သလဲဆိုတဲ့ အပေါ်မှာ တည်

www.kelasa.org

www.kelasa.org



မှိုပါတယ်။ အကယ်၍ ချမ်းသာတဲ့သူဟာ သူ့ရဲ့ ပစ္စည်းဥစ္စာကို လူသား ကောင်းကျိုးအတွက် အသုံးချတယ်ဆိုရင်၊ ဆိုပါတော့ ဒုက္ခရောက်နေသူ တွေ၊ နိမ့်ကျနေသူတွေ၊ အသိပညာ မရှိသူတွေအတွက် အသုံးပြုတယ် ဆိုရင် သူ့ရဲ့စည်းစိမ်ဥစ္စာက သူ့ကို ကုသိုလ်ရစေနိုင်တာပေါ့။

၂၁၃။ အဲဒါရဲ့ ဆန့်ကျင်ဘက်ကို လုပ်ရင်ကော။

အကယ်၍ ချမ်းသာသူအနေနဲ့ ပိုင်ဆိုင်မှုကို အကြောင်းပြုပြီး ပိုက်ဆံ ငွေကြေးအပေါ် လောဘတကြီး ခင်တွယ် စုဆောင်းရင်တော့ ၎င်းရဲ့ ကိုယ်ကျင့်တရားကို အားနည်းစေမယ်၊ ပြစ်မှုတွေ ကျူးလွန်ဖို့ လွယ်ကူ စေမယ်၊ ဒီလိုနဲ့ ဒီဘဝမှာပဲ နာကျင်မှုတွေကို ခံစားရမယ်၊ အကျိုးရလဒ် တွေက နောက်ဘဝထိ လိုက်သွားပါလိမ့်မယ်။

၂၁၄။ မောဟအကြောင်းကို ဓမ္မပဒကျမ်းစာမှာ ဘယ်လို ဟောကြား တော်မူထားပါသလဲ။

မောဟ(မသိမှု)ဟာ လူသားတစ်ယောက် ကိုယ့်ကိုယ်ကို ပြုလုပ် နိုင်တဲ့ အညစ်အကြေးအားလုံးထက် ပိုမိုဆိုးရွားကြောင်း ဟောပါတယ်။

၂၁၅။ သူတစ်ပါးတို့အပေါ် မကြင်နာတတ်ခြင်းနဲ့ ပတ်သက်ပြီး အဲဒီ ကျမ်း (ဓမ္မပဒ)မှာ ဘယ်လို့ မိန့်ပါသလဲ။

သူတစ်ပါးရဲ့ အမှားကို မြင်ဖို့ လွယ်ကူပေမယ့် ကိုယ့်အမှားကို တော့ မြင်ဖို့ခက်တယ်၊ လူဟာ အခြားတစ်ယောက်ရဲ့ အမှားကို ရွက် ခြောက်တွေလို မှုတ်လွင့်တတ်ပေမယ့် ကိုယ့်အမှားကိုတော့ ဖုံးကွယ် ထားတတ်တယ်၊ မရိုးမသားလုပ်တတ်သူဟာ လောင်းကစားလုပ်သူ မမြင်အောင် ကြွေအန်ကို ဖွက်ထားသလိုပါပဲလို့ မိန့်တော်မူပါတယ်။

၂၁၆။ ဆင်းရဲသူတွေအပေါ် ပြုကျင့်ရမယ့် ဝတ္တရားအနေနဲ့ ဗုဒ္ဓက ကျွန်ုပ်တို့ကို ဘယ်လို သင်ကြားခဲ့ပါသလဲ။



ရှင်တော်ဗုဒ္ဓက လူတစ်ယောက်ရဲ့ ဝင်ငွေကို လေးပုံပုံဖို့နဲ့ အဲဒီထဲ က တစ်ပုံကို စေတနာနဲ့ ပေးကမ်းဖို့ ရည်ရွယ်ချက်နဲ့ သိမ်းဆည်းထား ဖို့ ဟောတော်မူပါတယ်။

၂၁၇။ အဘယ် သက်မွေးဝမ်းကျောင်း ငါးမျိုးကို နိမ့်ကျ ညံ့ဖျင်းတယ် လို့ ဟောတော်မူပါသလဲ။

အရက်ရောင်းတာ၊ တိရစ္ဆာန်တွေကို သားသတ်ရုံသို့ ရောင်းတာ၊ အဆိပ်ရောင်းတာ၊ သေစေတတ်တဲ့ လက်နက်တွေကို ရောင်းတာ၊ ကျေးကျွန်တွေကို အရောင်းအဝယ် လုပ်တာလို့ ငါးမျိုး ဖြစ်ပါတယ်။

၂၁၈။ စိတ်ပိုင်းဘဝ လေ့ကျင့်အားထုတ်ခြင်းရဲ့ တိုးတက်မှုကို မရစေနိုင် တာတွေက ဘာတွေပါလဲ။

မိဘနှစ်ပါးကို သတ်သူ၊ ရဟန္တာတွေကို သတ်သူ၊ သံဃာသင်းကွဲ အောင် လုပ်တဲ့ ရဟန်းတွေ၊ သက်တော် ထင်ရှား ရှင်တော်ဗုဒ္ဓကို သွေး စိမ်းတည်အောင် လုပ်သူ၊ သေပြီး ဘဝပြတ်တယ်ဆိုတဲ့ အယူကို အစွန်းရောက်အောင် စွဲကိုင်ထားသူ၊ ကာမအာရုံတွေကို အစွန်းရောက် အောင် လိုက်စားသူတွေ စိတ်ပိုင်းလေ့ကျင့်လို့ မတိုးတက်နိုင်ဘူး။

၂၁၉။ ဒီဘဝ ခန္ဓာကိုယ်ကို စွန့်သွားပြီးနောက် လူဆိုးတစ်ယောက်ရဲ့ အ ကုသိုလ်ကံက ပစ်ချမယ့် နှိပ်စက်ညှဉ်းပန်းခံရမယ့် နေရာ သို့မဟုတ် အခြေအနေကို ဗုဒ္ဓဝါဒက ဖော်ပြပါသလား။

ဖော်ပြပါတယ်။ အဲဒါတွေက သဉ္ဇိုး၊ ကာလသုတ်၊ သင်္ဃာတ၊ ရောရုဝ၊ မဟာရောရုဝ၊ တာပန၊ မဟာတာပန၊ အဝီစိလို့ (ငရဲကြီး) ရှစ်မျိုး ဖြစ်ပါတယ်။

၂၂၀။ အဲဒီ နှိပ်စက်ခံရမယ့် နေရာ (ငရဲကြီး)တွေမှာ မလွတ်တမ်း ထာ ဝရ ခံရမှာလား။

www.kelasa.org

www.kelasa.org



၂၃၂။ ခန္ဓာ ဘယ်နှစ်ပါး ရှိပါသလဲ။
ငါးပါး ရှိပါတယ်။

၂၃၃။ အဲဒီ ငါးပါးရဲ့ နာမည်ကို ဖော်ပြပေးပါလား။
ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ။

၂၃၄။ အဲဒီ ငါးမျိုးကို အကျဉ်းရုံး ရှင်းပြပေးပါလား။

---

တစ်စုံတစ်ယောက်ရဲ့ စိတ်ပိုင်း အရည်အချင်းတွေနဲ့ ကိုယ်ကျင့်တရား ကိုင်းညွတ်မှုတွေရဲ့ အစုအပေါင်း ဖြစ်တဲ့အတွက်ကြောင့် ပါမောက္ခကြီး ရေးစ် ဒေးဗစ်စ် ခေါ်ဝေါ်တဲ့ 'မျှော်လင့်ချက်မဲ့ လျှို့ဝှက်ချက် အဆုံးစွန် (the desperate expedient of a mystery, *Buddhism*, p. 101)'ဆိုတဲ့ အရာကို (အကယ်၍ ကျွန်ုပ်တို့အနေနဲ့ ဘဝဖြစ်စဉ်ဆိုတာကို သတ္တဝါတစ်ယောက် အဖြစ်၊ သီးခြား ပုဂ္ဂိုလ် တစ်ယောက်အနေနဲ့ အသီးသီးသော ပြန်လည်မွေးဖွားမှု ပေါ်ပေါက်လာခြင်းရဲ့ အစီအရီအဖြစ် ယူဆခဲ့ရင်) ထုတ်မပစ်နိုင်ဘူးလား။ အဲဒီ ယူဆချက်နှစ်ရပ်ကို ခွဲခြားဖို့ စကားလုံး နှစ်လုံး ရှိရမှာဖြစ်ပြီး ကျွန်ုပ် ရွေးထားတဲ့ ဝေါဟာရ နှစ်ခုလောက် ရှင်းလင်းပြီး အဓိပ္ပာယ် ပြည့်ဝတဲ့ စကားလုံးကို ရှာမတွေ့မိဘူး။ လုံးဝ ပြီးပြည့်စုံတဲ့ ပုဂ္ဂိုလ် (individual)ကတော့ ဗုဒ္ဓဝါဒီတစ်ယောက် အနေနဲ့ ပြောရရင် ရှင်တော်ဗုဒ္ဓလို့ပဲ ကျွန်ုပ် ပြောရလိမ့်မယ်။ ဘာကြောင့်ဆို တန်ခိုးစွမ်းရည်ကို မပြောဘဲ အနည်းဆုံးတော့ လူလောကရဲ့ ရှားပါးတဲ့ အသီးအပွင့် ဖြစ်လို့ပါ။ ပြီးတော့ ဗုဒ္ဓအဖြစ်သို့ ပြောင်းလဲတိုးတက်သွားဖို့ မရေတွက်နိုင်တဲ့ ဘဝတွေ (Fausboll နဲ့ Rays David တို့ရဲ့ *Buddhist Birth Stories* No. 13 အရ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း) ကြာပြီး ဗုဒ္ဓတစ်ဆူဖြစ်လိုတဲ့ အဲဒီ သံမဏိဆန္ဒဟာ ဘဝသံသရာ တစ်လျှောက် ဆက်တိုက် ရှိခဲ့ရတဲ့အတွက် အဲဒီလို ဆန္ဒနဲ့ ဇွဲကို ကျွန်ုပ်တို့ ဘယ်လို ခေါ်သင့်သလဲ။ Character (ဗီဇသွင်ပြင်)လား individual (ပုဂ္ဂိုလ်သတ္တဝါ)လား။ ရုပ်နာမ် အပေါင်းအစည်း (individuality) တစ်ခု၊ သို့သော် ဘဝတစ်ခု မွေးဖွားမှုတိုင်းမှာ တစ်စိတ် တစ်ပိုင်း ပုံသဏ္ဌာန် ပေါ်လာတဲ့ အရာ၊ ဘဝတွေ အားလုံးက ရရှိတဲ့ အစိတ်အပိုင်းတွေရဲ့ အစုအပုံ ဖြစ်ပါတယ်။



မွေးရာပါ အကြောင်းတရားကြောင့် လူဟာ အနိမ့်ဆုံး ပန်းမှိုက်သွန် အမြင့်ဆုံး ဗြာဟ္မဏဆိုပြီး ဇာတ်ကွဲပြားမှု ဖြစ်မလာနိုင်ဘူး၊ သူ့ရဲ့ အပြုအမူကြောင့်ပဲ ဖြစ်ရတယ်၊ သူလုပ်တဲ့ အလုပ်ကြောင့် အယုတ်အမြတ် ကွဲပြားသွားရတယ်လို့ ဗုဒ္ဓ ဟောကြားပါတယ် (ဝေသလသုတ်)။

၂၂၅။ အဲဒါကို သရုပ်ဖော်တဲ့ ဝတ္ထုကြောင်းလေးတစ်ခု ပြောပြပါလား။
အရှင်အာနန္ဒဟာ ရေတွင်းအနီးကို ဖြတ်သွားတဲ့အခါ ရေဆာလာပြီး သူတောင်းစား ဇာတ်နိမ့် မိန်းမငယ် တစ်ယောက်ကို ရေတစ်ခွက်ပေးပါလို့ တောင်းတယ်၊ အဲဒီတော့ မိန်းကလေးက မိမိလက်ထဲက ရေကိုယူရင် မိမိမှာ အဲဒီလို ဇာတ်နိမ့်မျိုးဖြစ်လို့ (အရှင်မြတ်အနေနဲ့) နိမ့်ကျသွားလိမ့်မယ်လို့ လျှောက်တယ်။ အဲဒီတော့ အရှင်အာနန္ဒာက 'ငါသည် အမျိုးဇာတ်ကို တောင်းခံခြင်း မဟုတ်ဘဲ ရေကို တောင်းခံခြင်းသာ ဖြစ်တယ်'လို့ မိန့်တော်မူတဲ့အခါ သူတောင်းစား အမျိုးသမီးလေး ဝမ်းပန်းတသာ ဖြစ်သွားပြီး ရေကို ပေးလိုက်တယ်။ ရှင်တော်ဗုဒ္ဓက သူတောင်းစား မိန်းကလေးကို ချီးကျူးတော်မူတယ်။

၂၂၆။ ဝသလသုတ်တော်မှာ ရှင်တော်ဗုဒ္ဓက ဇာတ်နိမ့်သူ သောပါကနဲ့ ပတ်သက်ပြီး ဘယ်လို ဟောကြားတော်မူပါသလဲ။
ကိုယ့်ရဲ့ ကုသိုလ် ကောင်းမှုတွေကြောင့် အမြင့်ဆုံး ကျော်ကြားရပြီး ဗြာဟ္မဏတွေက သူ့ကို အလုပ်အကျွေးပြုကြတယ်၊ သေလွန်ပြီးတဲ့နောက်မှာ ဗြဟ္မာ့ဘုံမှာ မွေးဖွားရတယ်၊ အဲဒီလိုပဲ မကောင်းမှုလုပ်တဲ့ ဗြာဟ္မဏတွေကတော့ ငရဲဘုံမှာ မွေးဖွားရတယ်လို့ ဟောကြားပါတယ်။

၂၂၇။ ဗုဒ္ဓဝါဒဟာ ထာဝရမသေတဲ့ ဝိညာဉ်ကောင် အသက် လိပ်ပြာဆိုတာကို ဟောကြားပါသလား။
ဝိညာဉ်ကောင် အသက် လိပ်ပြာဆိုတဲ့ ဝေါဟာရက ရှားယွင်းတဲ့ ယူဆမှုတစ်ရပ်ကို ထုတ်ပြဖို့ မသိနားမလည်သူတွေက သုံးစွဲတာပါ။ အ

www.kelasa.org

www.kelasa.org



ရာခပ်သိမ်းဟာ ပြောင်းလဲနေတဲ့အတွက် လူသားတွေလည်း ပါဝင်တဲ့ အတွက် လူသားတစ်ယောက်ရဲ့ စိတ်ပိုင်းဘဝ အစိတ်အပိုင်းလည်း ပြောင်းလဲ သို့မဟုတ် မမြဲဘဲ ရှိရမှာပေ့ါ။ ပြောင်းလဲမှု သဘောရှိတဲ့ အရာဟာ မတည်မြဲဘူး။ ဒီတော့ ပြောင်းလဲမှုသဘောရှိတဲ့ အရာတစ်ခု မှာ ထာဝရတည်မြဲတဲ့ အကြွင်းအကျန်တစ်ခု မရှိနိုင်ပါဘူး[၁]။

၂၂၈။ ဝိညာဉ်ကောင် အတ္တ လိပ်ပြာ (soul) ဆိုတဲ့ ဝေါဟာရထဲမှာ ဘာ ငြင်းဆိုစရာ ရှိလို့လဲ။

လူဟာ အခြား အစိတ်အပိုင်းတွေ အားလုံးက၊ ပြီးတော့ စကြ ဝဠာ တစ်ခုလုံးရဲ့ တည်ရှိမှုက ခွဲထွက်သွားတဲ့ အစိတ်အပိုင်းတစ်ခု ဖြစ် နိုင်တယ်ဆိုတဲ့ အယူအဆ (ရှိတယ်)။ အဲဒီ ခွဲထွက် သီးခြား အရာဝတ္ထု အယူအဆက ကြောင်းကျိုး ဆီလျော်မှု မရှိဘူး။ ယုတ္တိဗေဒနည်းနဲ့ သက်သေ မပြနိုင်သလို သိပ္ပံနည်းနဲ့လည်း မဖော်ပြနိုင်ပါဘူး။

၂၂၉။ ဒါဖြင့်ရင် သီးခြားဖြစ်တဲ့ 'ငါ' 'ငါ့ဥစ္စာ'ဆိုတဲ့ အရာ မရှိဘူးလား။

သေချာပါတယ်။ ဒီအတိုင်းပါပဲ။

၂၃၀။ တကယ်လို့ သီးခြား ခွဲထွက်သွားတဲ့ လူသားရဲ့ ဝိညာဉ်ကောင် အယူအဆကို ငြင်းတယ်ဆိုရင် လူသားတစ်ယောက်ကို တည်မြဲတဲ့ ပုဂ္ဂိုလ်အရာဝတ္ထု တည်ရှိမှုအတွက် စွဲမှတ်နေစေတဲ့အရာက ဘာလဲ။

တဏှာ သို့မဟုတ် ဘဝတည်ရှိမှုအတွက် မရောင့်ရဲနိုင်တဲ့ ရမ္မက် ဖြစ်ပါတယ်။ အနာဂတ်မှာ မိမိ စံစား ဒါမှမဟုတ် ခံစားရမယ့် အရာ

[၁] ဝိညာဉ်ကောင် (soul) ဆိုတဲ့ ဝေါဟာရက ဂရိဝေါဟာရ (pauche)နဲ့ ညီမျှ တယ်။ 'ရုပ်ဝတ္ထု'ဆိုတဲ့ ဝေါဟာရမှာ ကိုယ်ခန္ဓာရဲ့ ရုပ်အခြေခံဝတ္ထုအပြင် အခြားသော ရုပ်ရဲ့ အခြေအနေတွေလည်း ပါဝင်တယ်။



တွေ (ကံတွေ)ကို ပြုပြီး တဏှာရှိတဲ့ သတ္တဝါဟာ ကံရဲ့ လွှမ်းမိုးကြောင့် ပြန်လည် မွေးဖွားရလိမ့်မယ်။

၂၃၁။ ပြန်လည် မွေးဖွားလာတယ်ဆိုတဲ့ အရာက ဘာလဲ။

ခန္ဓာသစ်တစ်ခု ပေါင်းစုခြင်း တစ်နည်းပြောရင် သေခါနီး လူတစ် ယောက်ရဲ့ ဘဝသစ်ကို ဖြစ်ပေါ်နိုင်စွမ်းရှိတဲ့ နောက်ဆုံး စိတ်က ဖြစ်ပေါ် စေတဲ့ သတ္တဝါသစ် (ဘဝသစ်)[၁] ပါပဲ။

[၁] ပြန်လည် စဉ်းစားသုံးသပ်ပြီးနောက် ပထမအကြိမ် ထုတ်ဝေစဉ်က ကျွန်ုပ် အနေနဲ့ ပုဂ္ဂိုလ် (individuality) ဆိုတဲ့ ဝေါဟာရအစား သတ္တဝါ (personality) ဆိုတဲ့ ဝေါဟာရကို အစားထိုးလိုက်ပါတယ်။ တစ်ကမ္ဘာ သို့မဟုတ် ကမ္ဘာ ပေါင်း များစွာမှာ စဉ်ဆက်မပြတ် ဖြစ်ပေါ်လာမှုတွေ၊ သို့တည်းမဟုတ် သတ္တ ဝါ တစ်ဦးတစ်ယောက်ရဲ့ ခန္ဓာအစိတ်အပိုင်း မျိုးဆက်များ ဆင်းသက်ဖြစ်ပေါ် မှုတွေဟာ သတ္တဝါတွေ ဆက်ခံ ဖြစ်ပေါ်နေခြင်းတစ်ရပ် ဖြစ်ပါတယ်။ မွေးဖွား မှုတိုင်းမှာ အဲဒီ သတ္တဝါဟာ ယခင် သို့မဟုတ် လာမယ့် ဆက်ခံဘဝ အခြေ အနေနဲ့ မတူခြားနားပါတယ်။ အပြင် ဗိအားဖြစ်တဲ့ ကံစွမ်းအင်ကပဲ မျက်နှာ ဖုံးစွပ် သို့မဟုတ် ရောင်ပြန်ဟပ် ပေးလိုက်တယ်။ ဒီလိုနဲ့ ပညာရှိတစ်ဦးရဲ့ ရုပ်ပုံလွှာဟာ အနုပညာရှင် စသည်အနေနဲ့ ဘဝသံသရာ အလျဉ်မှာ နောက် ထပ်တစ်ဖန် ဖြစ်ရတယ်။ သတ္တဝါ ရုပ်ပုံလွှာတွေဟာ အမြဲတမ်း ပြောင်းလဲနေ ရပေမယ့် ပုတီးလုံးလေးတွေလို နှောင်ကြိုးရှိနေတဲ့ ဘဝရဲ့ အစဉ်အတန်း တစ်ခုကတော့ မပြတ်မစဲဘဲ သွားတယ်။ အဲဒီ ဖြစ်စဉ်ဟာ အခြားတစ်မျိုး မဟုတ်ဘဲ အမြဲတမ်း တစ်ခုတည်းသော အစဉ်အတန်းပါပဲ။ ဒါကြောင့် ဒီ အစဉ်အတန်း (ရုပ်နာမ်ဖြစ်စဉ်)ဟာ အသီးသီးသော သတ္တဝါရဲ့ အခြေခံ ရွေ့ လျား ဖြစ်စဉ်ပါပဲ။ ကမ္မသတ္တိရဲ့ တွန်းအား၊ တဏှာရဲ့ စီမံဖန်တီးတဲ့ လမ်း ညွှန်မှုတွေနဲ့ ဦးတည်ချက်ရှိတဲ့ သဘာဝ ဘက်တော်သား အနေနဲ့ အဲဒီဖြစ် စဉ်ကပဲ ဆောင်ကြဉ်းသွားပြီး များစွာသော ပြောင်းလဲမှု စက်ဝန်းပေါ်မှာ ထပ် ခါထပ်ခါ ဖြစ်ရတယ်။ ပါမောက္ခ ရေးစ် ဒေးဗစ်စ်က အဲဒါကို သတ္တဝါတိုင်းရဲ့ 'ကွင်းဆက်ကြိုး(chain)' 'ဗီဇသွင်ပြင်(charcter)' 'လုပ်ဆောင်မှု(doing)' လို့ ခေါ်တယ်။ အဲဒီ 'ဗီဇသွင်ပြင်'ဟာ ရုပ်လွန် အခြေခံအနေနဲ့ မဟုတ်ရုံမက

www.kelasa.org

www.kelasa.org



အရတော့ အတူတူပါပဲ၊ ဒါပေမယ့် အသက် ဆယ့်ရှစ်နှစ်သား ဦးကကြီးဟာ သူ့ခန္ဓာကိုယ်ရဲ့ အဆက်မပြတ် အဟောင်းကိုစွန့် အသစ်ပေါ်လာခြင်းနှင့် စိတ်ပိုင်းနဲ့ အကျင့်စရိုက် ပြောင်းလဲမှုအရ တစ်ခြားစီ ဖြစ်သွားတယ်။ သို့ပေမယ့် အသက်အရွယ် ကြီးရင့်လာသူတစ်ယောက်ဟာ သူ့ဘဝရဲ့ လွန်ခဲ့တဲ့ အစိတ်အပိုင်းတွေတိုင်းက အတွေးတွေ ဆောင်ရွက်မှုတွေကြောင့် အကျိုးဆက်ဖြစ်တဲ့ ခံစားမှုဆုလာဘ်ကို မျှတစွာ ပြန်ပြီး ရရှိတယ်။ ဒါကြောင့် ဘဝသစ်ရဲ့ သတ္တဝါသစ်ဟာ အပေါ်မှာ ပြထားတဲ့ အတိုင်း တူညီတဲ့ ပုဂ္ဂိုလ်ဖြစ်ပေမယ့် ပြောင်းလဲခဲ့တဲ့ ပုံစံ သို့မဟုတ် ခန္ဓာတို့ရဲ့ အသစ်ဖြစ်တည်မှုအရ လွန်ခဲ့သော ဘဝရှိ အပြုအမူ အတွေး အမြင်တွေရဲ့ အကျိုးဆက်ကို မျှတစွာ ပြန်လည် ရရှိတာ ဖြစ်တယ်။

၂၃၉။ ဒါပေမယ့် အသက်ကြီးသူဟာ ရုပ်ပိုင်းနဲ့ စိတ်ပိုင်းဘဝ ပြောင်းလဲပြီး ဖြစ်သော်ငြား သူငယ်ငယ်က ဖြစ်ရပ်တွေကို အမှတ်ရတယ် မဟုတ်လား။ ဒါဖြင့်ရင် ဘာကြောင့် လွန်ခဲ့တဲ့ဘဝက ကျွန်ုပ်တို့ ယူဆောင်လာခဲ့တဲ့ လွန်ခဲ့တဲ့ဘဝ အဖြစ်အပျက်တွေကို ဒီဘဝကို မယူနိုင်ခဲ့တာလဲ။

အမှတ်သညာဆိုတာ ခန္ဓာအတွင်းမှာ ပါနေတာ၊ ခန္ဓာတွေဟာ ပြန်လည် မွေးဖွားခြင်းဖြင့် ပြောင်းလဲသွားပြီး ဖြစ်သဖြင့် အဲဒီဘဝရဲ့ မှတ်တမ်း ဖြစ်တဲ့ မှတ်ဉာဏ်အသစ်ဟာ တိုးတက်တယ်။ လွန်ခဲ့တဲ့ လူသားဘဝ အားလုံးရဲ့ မှတ်တမ်း သို့မဟုတ် ပြန်ပြောင်းသတိရဖွယ်ဟာ ကြွင်းကျန်ရမယ်၊ ဘာကြောင့်ဆို မင်းသိဒ္ဓတ် ဗုဒ္ဓဖြစ်လာတဲ့အခါ သူ့ရဲ့ လွန်ခဲ့တဲ့ ဘဝဖြစ်စဉ် အားလုံးကို ရှင်တော်ဗုဒ္ဓ မြင်တော်မူတယ်။ အကယ်၍ ၎င်းတို့ရဲ့ အတွေ့အကြုံ အမျိုးမျိုးဟာ သဲလွန်စ မကျန်ခဲ့ရင် အဲဒီလို ဖြစ်ဖွယ် မရှိဘူး။ ဘာကြောင့်ဆို ရှင်တော်ဗုဒ္ဓအဖို့ အဲဒီမှာ ဘာမှ မြင်တွေ့စရာ ရှိမှာ မဟုတ်လို့ပါပဲ။ ပြီးတော့ စတုတ္ထဈာန်အဆင့်ကိုရရင် မည်သူမဆို သူ့ဘဝဖြစ်စဉ် နောက်ကြောင်းကို ပြန်ပြောင်း ဆင်ခြင်နိုင်တယ်။

၂၄၀။ ပုံစံအရ အဲဒီ ပြောင်းလဲမှု ဖြစ်စဉ်အားလုံး ဦးတည်သွားနေတဲ့



ရူပက္ခန္ဓာ ဆိုတာ ရုပ်တရားတွေ (၂၈ ပါး)။ ဝေဒနာက္ခန္ဓာ ဆိုတာ ဝေဒနာ စေတသိက်။ သညာက္ခန္ဓာ ဆိုတာ သညာစေတသိက်။ သင်္ခါရက္ခန္ဓာ ဆိုတာ (ဝေဒနာ သညာကကြွင်းတဲ့) စေတသိက်တွေ။ ဝိညာဏက္ခန္ဓာ ဆိုတာ သိစိတ် (၈၉ ပါး၊ သို့မဟုတ် ၁၂၁ ပါး)။ ကျွန်ုပ်တို့ရဲ့ ကိုယ်မှာ အဲဒါတွေ ရှိတယ်။ အဲဒီ ငါးပါးကိုပဲ ဘဝရယ်လို့ သိကြတာ။ အဲဒီ ငါးမျိုးနဲ့ပဲ လောကလူသားတွေကို ကျွန်ုပ်တို့ ဆက်သွယ်ကြရတာ။

၂၃၅။ ပုဂ္ဂိုလ် အသီးသီးတိုင်းကို အခြားပုဂ္ဂိုလ် အသီးသီးတိုင်းနဲ့ ကွဲပြားခြားနားစေတဲ့ ခန္ဓာငါးပးရဲ့ အစိတ်အပိုင်းတွေထဲက မတူညီမှုတွေရဲ့ အကြောင်းတရားက ဘယ်အရာ ဖြစ်ပါသလဲ။

အဲဒီပုဂ္ဂိုလ်ရဲ့ ဖြစ်ရာဘဝတွေမှာ အကျိုးပေးဖို့ ရင့်သန်ပြီးဖြစ်တဲ့ ၎င်းရဲ့ လုပ်ဆောင်ချက် ကံတရားကြောင့် ဖြစ်ပါတယ်။

---

ဗုဒ္ဓရှင်တော်မြတ်ရဲ့ အတ္တ ဝိညာဉ်ကောင် (soul)ကို ငြင်းဆိုမှု (သုတ္တပိဋက၊ သံယုတ္တနိကာယ်မှာ ရှုပါ) ဆိုတာက မှားယွင်းပြီး အများသိဖြစ်တဲ့ အမြဲအမြဲအခိုင်မဲ့ ပုဂ္ဂိုလ်သတ္တဝါကောင် (individuality)ကို ယုံကြည်မှုကို ညွှန်းတယ်။ ဘဝတစ်ခု ကုန်ဆုံးပြီးနောက် ပြည့်စုံတဲ့ အရာအနေနဲ့ ထာဝရ စံစား သို့ မဟုတ် ခံစားရမယ့် သတ်မှတ်နေရာ သို့မဟုတ် အခြေအနေသို့ သွားမယ့် ဘဝရဲ့အခြေခံ (entity)ပါပဲ။ ဗုဒ္ဓညွှန်ပြတာက 'ငါ'ဆိုတဲ့ သိစိတ်ဟာ ထာဝရ တည်မြဲတယ်လို့ ယူဆကြသလို ဆီလျော်တဲ့ ကြောင်းကျိုး ယုတ္တိ မရှိနိုင်ဘူး။ ဘာကြောင့်ဆို အဲဒီ ငါဆိုတဲ့ အရာကို တည်ဆောက်ထားတဲ့ အခြေခံတွေက အဆက်မပြတ် ပြောင်းလဲနေပြီး မွေးဖွားမှုတစ်ခုရဲ့ 'ငါ'ဆိုတဲ့ အရာ အခြား မွေးဖွားမှုတိုင်းရဲ့ 'ငါ'ဆိုတဲ့အရာနဲ့ ခြားနားနေလို့ ဖြစ်ပါတယ်။ ဒါပေမယ့် ဗုဒ္ဓဝါဒမှာ ကျွန်ုပ် လေ့လာတွေ့ရှိပြီးသမျှ အရာအားလုံးဟာ များပြားလှတဲ့ မွေးဖွားခြင်းနဲ့ ပတ်သက်တဲ့ အတွေ့အကြုံတွေအရ ဗုဒ္ဓဆိုတဲ့ ပြီးပြည့်စုံတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ တဖြည်းဖြည်း တိုးတက် ပြောင်းလဲခြင်း အဆိုနဲ့ ကိုက်ညီမှု ရှိပါတယ်။ ပြီးတော့ ဆိုထားတဲ့ မွေးဖွားမှု ကွင်းဆက် အဆုံးမှာ ဗုဒ္ဓအဖြစ်ကို ရရှိတဲ့၊ သို့မဟုတ် စတုတ္ထ

www.kelasa.org

www.kelasa.org



၂၃၆။ သတ္တဝါအသစ် ဖြစ်ပေါ်လာစေဖို့ ကံတရားရဲ့ လမ်းညွှန်မှု အောက်မှာ စီမံဖန်တီးပေးတဲ့ တွန်းအား သို့မဟုတ် စွမ်းအင်က မည်သည့်အရာပါလဲ။

ဘဝရှင်သန်မှုကို တပ်မက်တဲ့ တဏှာ[1] ဖြစ်ပါတယ်။

ချာန်အဆင့်ကို ရရှိပြီးဖြစ်တဲ့၊ သို့မဟုတ် ထူးဆန်း နက်နဲစွာ ကိုယ့်ကိုယ့်ကို တိုးတက်အောင် လုပ်ပြီးဖြစ်တဲ့ အဲဒီပုဂ္ဂိုလ်ရဲ့ သိစိတ်ဝိညာဉ်ထဲမှာ၊ နောက်ဆုံးဘဝရဲ့ ဒီဖက်မှာရှိတဲ့ မည်သည့် ဘဝမှာမဆို အဲဒီ ဘဝဖြစ်စဉ် အားလုံးရဲ့ မြင်ကွင်းတွေကို မြင်နိုင် သိနိုင်တယ်။ ပါမောက္ခ ရေးစ် ဒေးဗစ်စ် ဘာသာပြန်ထားတဲ့ အင်မတန် ကောင်းမွန်လှတဲ့ ဇာတကတ္ထဝဏ္ဏနာ (ဇာတကအဋ္ဌကထာ)ကျမ်းမှာ အဆက်မပြတ် တွေ့ရတဲ့ 'ထိုနောက် ရှင်တော်ဗုဒ္ဓသည် ဘဝသံသရာတွင် တိမ်မြုပ်နေသည့် ဘဝဟောင်းကို ထုတ်ဖော်တော်မူ၏' ဆိုတဲ့ ဖော်ပြချက်တစ်ခုအရပဲ ဖော်ပြထားတဲ့ အတွေးအမြင်ကို ထောက်ခံမယ်လို့ ကျွန်ုပ် ထင်ပါတယ်။ ဗုဒ္ဓဝါဒရဲ့ အစောပိုင်း အချိန်က အာကာသ အတွင်း ထာဝရတည်မြဲတဲ့ အမှတ်အသားတစ်ခုနဲ့ ပုဂ္ဂိုလ်တစ်ယောက် သစ္စာတရားကို ထိုးထွင်း သိမြင်တဲ့အဆင့်သို့ ပြောင်းလဲသွားတဲ့အခါ နောက်ကြောင်းကို ပြန်မြင်ဖို့ ဖြစ်နိုင်ခြေရှိတဲ့ လူသားစွမ်းရည်ကို ပြတ်သားစွာ ဆုပ်ကိုင်ထားခဲ့ကြပါတယ်။ သေဆုံးခါနီး စိတ်အစဉ် အားနည်းနေချိန် ဇောစိတ်ဟာ အလိုဆန္ဒရဲ့ နောက်ဆုံး ဖန်တီးခဲ့တဲ့ အာရုံဆီသို့ ပြောင်းပေးလိုက်ပါတယ်။ ဘဝတည်ရှိလိုတဲ့ တပ်မက်မှုဟာ အတွေးအာရုံ အားလုံးကို အရာဝတ္ထုတွေအဖြစ် လှုပ်ရှားလာစေဖို့ ဆောင်ကြဉ်းလိုက်တယ်။

[1] လေ့လာသူအနေနဲ့ ဒီဖော်ပြချက်နဲ့ ပတ်သက်ပြီး ရှိုပင်ဟာဝါ (Schopen-haur) နဲ့ ဆွေးနွေးရင် အကျိုးရှိနိုင်တယ်။ အကျော်ကြားဆုံး စွမ်းရည်ရှိသူ ခေတ်သစ် ဂျာမန်တွေးခေါ်ရှင် အာသာ ရှိုပင်ဟာဝါက 'သဘာဝတရားနဲ့ လူသားရဲ့ ခန္ဓာကိုယ်အပါအဝင် အခြားအရာတွေ အားလုံးရဲ့ အခြေခံတရားဟာ ကျွန်ုပ်တို့ ကိုယ်ခန္ဓာထဲအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် သဘာဝအရ အသိဆုံး အရာဖြစ်တဲ့ တက်မက်မှု ဆန္ဒပါပဲ။ အသိပညာ ဉာဏ်ရည်ဆိုတာ အခြေခံ အနေနဲ့ တည်ရှိနေတဲ့ အလိုဆန္ဒရဲ့ ဒုတိယ စွမ်းရည်ဖြစ်ပါတယ်။ ဒီအလိုဆန္ဒဟာ ဦးနှောက်ထဲမှာ သဘာဝအရ သူ့ကိုယ်သူ ထင်ရှားနေစေပြီး မှန်တစ်ခု ထဲမှာလို အရာဝတ္ထုနဲ့ ခန္ဓာကိုယ်ကို ထင်ဟပ်နေစေတဲ့ ဦးနှောက်ရဲ့ လုပ်ဆောင်ချက် တစ်ခု ဖြစ်ပါတယ်။ အသိပညာဟာ ဒုတိယ ဖြစ်ပေမယ့် သူတော်စင်တွေ အနေနဲ့တော့ ဘဝသံသရာ ရှိသရွေ့ အလိုဆန္ဒရဲ့ လုံးဝလွတ်မြောက်မှုဆီသို့ ဦးဆောင်သွားပြီးနောက် အဲဒီ အလိုဆန္ဒဟာ နိဗ္ဗာန်မှာ ငြိမ်းချုပ်သွားမှာ ဖြစ်ပါတယ် (L.L. Sanders in *The Theosophist* for May 1882, p. 213)'လို့ ရေးခဲ့ပါတယ်။



၂၃၇။ ပြန်လည် မွေးဖွားမှု ဘဝသံသရာ ဆိုတာကို ဘယ်ဓမ္မအပေါ် အခြေခံပါသလဲ။

ပြီးပြည့်စုံခြင်း၊ မျှတခြင်း၊ တန်းတူညီခြင်း၊ မခွဲခြားခြင်း ဆိုတာတွေဟာ သဘာဝရဲ့ သမားရိုးကျ ဖြစ်စဉ်မှာ ပါဝင်တဲ့ အရာတွေ ဖြစ်ပါတယ်။ ဗုဒ္ဓဝါဒီတွေ အနေနဲ့ ဘဝတစ်ခုဟာ (နှစ်တစ်ရာ နှစ်ငါးရာတိုင် ရှည်ခဲ့ရင်တောင်) လူတစ်ယောက် အပြုအမူတွေရဲ့ အကျိုး သို့မဟုတ် အပြစ်အတွက် လုံလောက်တယ်လို့ မယုံကြည်ဘူး။ မွေးဖွားဖြစ်စဉ် စက်ဝန်းကြီးဟာ ပုဂ္ဂိုလ်အသီးသီးရဲ့ ဘဝများစွာက စင်ကြယ်မှု မစင်ကြယ်မှုတွေကြောင့် အနည်းနဲ့အများ အလျင်အမြန် ဖြစ်ပါလိမ့်မယ်။

၂၃၈။ အဲဒီ အသစ်ဖြစ်တဲ့ ခန္ဓာဖွဲ့စည်းခြင်း သို့မဟုတ် ပုဂ္ဂိုလ်အသစ်ဟာ ၎င်းအား တဏှာက ဘဝသစ်ကို ရယူပေးခဲ့တဲ့ ယခင်ဘဝ သတ္တဝါနဲ့ အတူတူပဲလား။

ရှုထောင့်တစ်ခုအရ အဲဒါဟာ သတ္တဝါအသစ်ပါ။ နောက် ရှုထောင့်တစ်ခုအရကတော့ သတ္တဝါအသစ် မဟုတ်ဘူး။ ပါဠိဘာသာနဲ့ဆိုရင် 'န စ သော န စ အညော (မိလိန္ဒ၊ ၄၁)'၊ အဓိပ္ပာယ်က 'အတူတူ မဟုတ်၊ အခြားတစ်မျိုးလည်း မဟုတ်'။ ဒီဘဝအတွင်း ခန္ဓာတွေဟာ အမြဲတမ်း ပြောင်းလဲနေတယ်[1]။ လေးဆယ်အရွယ် ဦးကကြီးဟာ ပုဂ္ဂိုလ်ရဲ့ သွင်ပြင်

[1] စိတ်ပညာအရ လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ဟာ ခုနစ်နှစ် တစ်ကြိမ် လုံးဝ ပြောင်းလဲတယ်။

www.kelasa.org



အခက်ခဲဆုံး အပိုင်းပါ။ အမှန်ကတော့ အဲဒီဖြစ်စဉ်ရဲ့ အဓိပ္ပာယ်နဲ့ အတိုင်းအတာ အပြည့်အစုံဟာ စိတ်ပိုင်းဘဝ လေ့ကျင့်အားထုတ်မှု မပြီးပြည့်စုံသေးသူတွေရဲ့ သိနိုင်မှု စွမ်းရည်ကို ကျော်လွန်ပါတယ်။

၂၅၁။ အဋ္ဌကထာ ဆရာကြီး အရှင်မဟာဗုဒ္ဓဃောသက အဲဒီ ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဘယ်လို မိန့်မြွက်ခဲ့ပါသလဲ။

မိမိ (အဋ္ဌကထာဆရာ)သည်ပင် သမုဒ္ဒရာ ရေပြင်မှာ မျောနေရသူလို အတွေးသမုဒ္ဒရာ ပြင်ကျယ်မှာ ကူညီသူမဲ့ ဖြစ်နေရပါတယ်လို့ မိန့်မြွက်ခဲ့ပါတယ် (အဘိ–ဋ္ဌ ၂။ ၁၂၃။ ဝိသုဒ္ဓိ ၂။ ၁၄၅)။

၂၅၂။ ဒါဖြင့်ရင် ဗုဒ္ဓရှင်တော်မြတ်က ပရိနိဗ္ဗာနသုတ်မှာ 'ဗုဒ္ဓအနေနဲ့ လူမသိအောင် ကွယ်ဝှက် သိမ်းဆည်းထားတဲ့ အာစရိယမုဋ္ဌိ မရှိပါဘူးလို့ ဘာလို့ ဟောတော်မူပါသလဲ။ အကယ်၍ သူ့ရဲ့ ဟောကြားချက်တွေကို အားလုံးသူ နားလည်နိုင်ဖို့ ဖွင့်ထားပါတယ်ဆိုရင် ဗုဒ္ဓဃောသလို ကြီးကျယ်တဲ့ ဉာဏ်ရှင်ပုဂ္ဂိုလ်က ပဋိစ္စသမုပ္ပါဒ်ဟာ နားလည်ဖို့ ခက်ခဲတယ်လို့ ဘာဖြစ်လို့ မိန့်ဆိုရပါသလဲ။

ရှင်တော် ဗုဒ္ဓက အားလုံးကို လွတ်လွတ်လပ်လပ် ဟောကြားခဲ့တာ ထင်ရှားပါတယ်။ ဒါပေမယ့် မိမိရဲ့ နားလည်နိုင်မှု အသိပညာ စွမ်းရည် ပြီးပြည့်စုံပြီးသူသာ စစ်မှန်တဲ့ ဓမ္မရဲ့ အခြေခံကို နားလည်နိုင်တဲ့အရာ အညီအမျှ ပါရှိပါတယ်။ ဒါကြောင့် သာမန်ပုဂ္ဂိုလ်၊ မဂ်ဖိုလ်ဉာဏ်ထူးကို မရသေးသူတွေအဖို့ နားလည်ဖို့ ခက်ခဲတယ်။

၂၅၃။ အဲဒီ ယူဆချက်ကို ဗုဒ္ဓရဲ့ ဟောကြားချက်က ဘယ်လို ထောက်ခံပါသလဲ။

ရှင်တော် ဗုဒ္ဓဟာ လူတိုင်းရဲ့ နှလုံးသားထဲကို ဝင်ကြည့်ပြီး လူတစ်ဦးစီရဲ့ စရိုက်၊ ကြားနာသူရဲ့ စိတ်ပိုင်း တိုးတက်မှုအလိုက် ဟောကြားတော်မူပါတယ်။

---



နောက်ဆုံးမှတ်က ဘာပါလဲ။

အဲဒါက နိဗ္ဗာန်ပါပဲ။

၂၄၁။ ဗုဒ္ဓဝါဒဟာ နိဗ္ဗာန်ကို ဆိုက်ရောက်ဖို့ဆိုတဲ့ အယူအဆနဲ့ ကုသိုလ်ကောင်းမှုကို ပြုရမယ်လို့ သင်ကြားပါသလား။

မဟုတ်ပါဘူး။ နိဗ္ဗာန်ဆိုတာက ငွေ၊ အာဏာ၊ သို့မဟုတ် အခြားကာမအာရုံ ပျော်ရွှင်မှုတွေကို ရဖို့ မျှော်လင့်ချက်တွေကြောင့် ဖြစ်ရတဲ့ နောက်ဆုံး ပျော်ရွှင်နှစ်မှု မဟုတ်ဘူး။ နိဗ္ဗာန်ကို အလှူပေးရုံနဲ့လည်း မရောက်နိုင်ဘူး။ ပြီးတော့ ပညာမဲ့တဲ့ အကျိုးအမြတ် မျှော်လင့်သူဟာ စိတ်မချမ်းသာခြင်းတွေနဲ့ မလွဲမသွေ ကြုံတွေ့ရလိမ့်မယ်။

၂၄၂။ နည်းနည်းလောက် ပိုမို ရှင်းပြပေးပါအုံးလား။

နိဗ္ဗာန်ဆိုတာ အတ္တဆန်မှု မရှိခြင်းနဲ့ ပရိယာယ်တူ ဝေါဟာရ၊ သစ္စာတရားဆီမှာ အတ္တအဖြစ်ကို လုံးဝ အရှုံးပေးခြင်း ဖြစ်ပါတယ်။ မောဟပိတ်ဖုံးနေတဲ့ လူဟာ အနည်းငယ်မျှသော ၎င်းရဲ့ သဘာဝ ယူဆချက်မရှိဘဲ နိဗ္ဗာန်ရဲ့ သန္တိသုခသဘောကို ရည်မှန်းတယ်။ အတ္တလွန်လောဘ မရှိခြင်းဟာ နိဗ္ဗာန်ပါပဲ။ အကျိုးတရားတွေကို ရရှိဖို့ ရည်ရွယ်ချက်နဲ့ ကောင်းမှုတွေကို ပြုလုပ်ခြင်း သို့တည်းမဟုတ် နတ်ပြည်သုခကို ရဖို့ ရည်ရွယ်ချက်နဲ့ ဗြဟ္မစရိယကို ကျင့်ခြင်းဟာ ဗုဒ္ဓခံစား သိရှိခဲ့တဲ့ မြင့်မြတ်တဲ့ဘဝ မဟုတ်ပေဘူး။ အကျိုးကို မမျှော်လင့်ဘဲ ဗြဟ္မစရိယကို ကျင့်သုံးရတယ်၊ အမြင့်ဆုံးဘဝဆိုတာ အဲဒါပါပဲ။ နိဗ္ဗာန်အခြေအနေကို ဒီမျက်မှောက်ဘဝမှာပင် ရနိုင်ပါတယ်။

၂၄၃။ နှောင်ဖွဲ့မှု သံယောဇဉ်လို့ ခေါ်တဲ့ တိုးတက်မှုရဲ့ ဆူးငြောင့်ခလုတ်ဆယ်မျိုးရဲ့ အမည်နာမတွေကို ပြောပြပါလား။

ငါကောင်သူကောင် အထင်မှားမှု (သက္ကာယဒိဋ္ဌိ)၊ ယုံမှားသံသယ (ဝိစိကိစ္ဆာ)၊ မှားယွင်းတဲ့ ယုံကြည်စွဲလမ်းမှု (သီလဗ္ဗတပရာမာသ)၊ ကာ

www.kelasa.org

www.kelasa.org



ကာမဂုဏ် ဆန္ဒ (ကာမစ္ဆန္ဒ)၊ စိတ်ဆိုး အမျက်ဒေါသ (ပဋိဃ)၊ ရူပဘဝကို တပ်မက်မှု (ရူပရာဂ)၊ အရူပဘဝကို တပ်မက်မှု (အရူပရာဂ)၊ ထောင်လွှားမှု (မာန)၊ စိတ်ပျံ့လွင့်မှု (ဥဒ္ဒစ္စ)၊ အသိပညာမဲ့မှု (မောဟ)။

၂၄၄။ ရဟန္တာဖြစ်ဖို့ အဲဒီ သံယောဇဉ်တွေထဲက ဘယ်လောက်ကို ပယ်သတ်ပစ်ရမှာလဲ။

အားလုံးကို ပယ်သတ်ပစ်ရမယ်။

၂၄၅။ (ကုသိုလ်တရားကို) ပိတ်ဆို့ တားဆီးမှု (နီဝရဏ) ငါးပါးဆိုတာ ဘာတွေပါလဲ။

ကာမစ္ဆန္ဒ (ကာမအလို)၊ စိတ်ဆိုး ဒေါသ (ဗျာပါဒ)၊ ကိုယ်၏ ထိုင်းမှိုင်းခြင်း (ထိန)၊ စိတ်၏ ထိုင်းမှိုင်းခြင်း (မိဒ္ဓ)၊ သံသယ (ဝိစိကိစ္ဆာ)။

၂၄၆။ ဗုဒ္ဓရဲ့ ဟောကြားချက်တွေမှာ ဒါလောက် များများ အသုံးပြုတဲ့ ခံစားမှု၊ စိတ်ရဲ့ ဖိအား၊ စိတ်ရဲ့ အလုပ်လုပ်ပုံ၊ တိုးတက်မှုအတွက် အနှောင့်အယှက်နဲ့ အကူအညီတွေ အကြောင်း အသေးစိတ် ခွဲခြားမှုကို ဘာဖြစ်လို့ ကျွန်ုပ်တို့ တွေ့ရတာလဲ။ အဲဒါဟာ အခြေခံ လေ့လာသူတစ်ယောက်အဖို့ ရှုပ်ထွေးလှပါတယ်။

လုပ်ဆောင်မှုတိုင်းကို အသေးစိတ် သိမှတ်ဖို့၊ ကျွန်ုပ်တို့ရဲ့ စိတ်ကို လေ့ကျင့်ပြီး ကျွန်ုပ်တို့ ကိုယ်တိုင်ရဲ့ အသိပညာကို ရရှိဖို့နဲ့၊ ကျွန်ုပ်တို့ကို ကူညီပေးဖို့ ဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကို အသေးစိတ် လေ့လာဆန်းစစ်တဲ့ နည်းစနစ်ကို လိုက်နာရင်း ကျွန်ုပ်တို့တွေ နောက်ဆုံးမှာ အသိပညာကို ရရှိပြီး သစ္စာတရားကို အရှိအတိုင်း နားလည်လာပါတယ်။ ဒါကတော့ ပညာရှိတဲ့ ဆရာတိုင်း သူ့တပည့်ရဲ့ စိတ်တိုးတက်မှုကို ရရှိစေတဲ့ ကျင့်စဉ်ပါပဲ။

၂၄၇။ ထူးမြတ်တဲ့ အရည်အချင်းတွေအတွက် ထူးခြားစွာ ကျော်ကြားခဲ့ကြတဲ့ ဗုဒ္ဓရဲ့ တပည့်သာဝကတွေ ဘယ်လောက် များများ ရှိပါသလဲ။

အဲဒီလို ထင်ရှားတဲ့ တပည့်အရေအတွက် ရှစ်ဆယ် ရှိတယ်။ အဲဒီ တပည့်တွေကို 'အသီတိ မဟာသာဝက' လို့ ခေါ်ပါတယ်။



၂၄၈။ ဗုဒ္ဓရဲ့ ဉာဏ်တော်က ဘယ်လောက်ထိ ကျယ်ပြန့်ပါသလဲ။

ရှင်တော် ဗုဒ္ဓဟာ သိစရာ မသိစရာ၊ ဖြစ်နိုင်ခြေရှိ မရှိ၊ ကုသိုလ် အကုသိုလ် အကျိုးတွေရဲ့ သဘာဝကို သိတော်မူပါတယ်။ သတ္တဝါအားလုံးရဲ့ စိတ်ကို သိနိုင်စွမ်းနိုင်တယ်။ လောကရဲ့ သဘာဝ၊ အာရုံတရားတွေရဲ့ လှည့်စားမှုနဲ့ အလိုဆန္ဒကို ထိန်းချုပ်နည်းတွေကို သိမြင်တော်မူတယ်။ ပုဂ္ဂိုလ် အသီးသီးနဲ့ အခြားသတ္တဝါတွေရဲ့ ဒီဘဝ နောင်ဘ တွေကို သိမြင်တော်မူတယ်။

၂၄၉။ ဗုဒ္ဓရဲ့ ဟောကြားချက် အားလုံးကို တည်ဆောက်ထားတဲ့ အခြေခံ တရားဓမ္မကို ဘယ်လို ခေါ်ပါသလဲ။

ပဋိစ္စသမုပ္ပါဒ (ကြောင်းကျိုး ဖြစ်စဉ်)[၁] လို့ ခေါ်ပါတယ်။

၂၅၀။ အဲဒီ ဖြစ်စဉ်ကို လွယ်လွယ်နဲ့ နားလည်နိုင်ပါသလား။

[၁] အဲဒီ အခြေခံ ဓမ္မကို ပါဠိပါဘာသာနဲ့ နိဒါန (ကြောင်းကျိုး ကွင်းဆက်) သို့မဟုတ် စာပေနည်းနဲ့ 'အကြောင်းကြောင့် အကျိုးဖြစ်ခြင်း' လို့ အဓိပ္ပာယ်ဖွင့်နိုင်ပါတယ်။ အကြောင်းတရား (နိဒါန) ၁၂ မျိုး ရှိတယ်။ အဝိဇ္ဇာ (သဘာယုံကြည်မှုရဲ့ အမှန်တရားကို မသိခြင်း)၊ သင်္ခါရ (အကြောင်းကို ဖြစ်ပေါ်စေတဲ့ ပြုမှု ဆောင်ရွက်ချက်၊ ကမ္မ)၊ ဝိညာဏ (ငါပဲဆိုတဲ့ ပုဂ္ဂိုလ်အနေနဲ့ သိမှု)၊ နာမနာရူပ (နာမ်နဲ့ ရုပ်)၊ သဠာယတန (အာရုံ ခြောက်ပါး)၊ ဖဿ (ထိတွေ့မှု)၊ ဝေဒနာ (ခံစားမှု)၊ တဏှာ (တပ်မက်မှု)၊ ဥပါဒါန (စွဲလမ်းမှု)၊ ဘဝ (ဘဝကိုပါ ဖြစ်ပေါ်မှု)၊ ဇာတိ (ပဋိသန္ဓေနေမှု)၊ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ (အိုခြင်း သေခြင်း စိုးရိမ်ခြင်း ပူဆွေးခြင်း ဆင်းရဲ စိတ်မချမ်းသာ ပူပန်ခြင်း)။

www.kelasa.org

www.kelasa.org



တယ်လို့ လူတွေကို လိမ်ညာ ပြောဆိုခြင်း၊ မေထုန်မှီဝဲခြင်း၊ မမှန်တာကို ပြောဆိုခြင်း၊ အရက်သေစာ မူးယစ်ဆေး သုံးစွဲခြင်း၊ နေလွဲ ညအချိန် စားသောက်ခြင်း၊ ကခုန် သီဆိုတီးမှုတ် ပွဲလမ်းသဘင် ကြည့်ရှုခြင်း၊ ပန်းနံ့သာ ရေမွှေးစတာတွေ အသုံးပြုခြင်း၊

မြင့်တဲ့နေရာ ဇိမ်ခံအိပ်ရာနေရာ သုံးခြင်း၊ ရွှေငွေ သီးရွက်အစိမ်း သားစိမ်း ငါးစိမ်း အမျိုးသမီး အလုပ်အကျွေး ကျေးကျွန် ကျွဲနွား ဆင်း စတာတွေကို အလှူခံခြင်း၊

သွားပုပ်လေလွင့် ပြောဆိုခြင်း၊ ကြမ်းကြုတ် ခက်ထန်စွာ ပြောဆိုခြင်း၊ အဓိပ္ပာယ်မဲ့ စကားကို ဆိုခြင်း၊ အနှစ်သာရ မရှိတဲ့ ပုံပြင် ဝတ္ထုတွေကို ဖတ်ရှု နားထောင်ခြင်း၊ လူတွေဆီက အတင်းအဖျင်းကို တစ်ဦးဆီက တစ်ဦးဆီ သယ်ယူခြင်း၊

အရောင်းအဝယ် လုပ်ခြင်း၊ လှည့်ဖျားခြင်း၊ လာဘ်စားခြင်း၊ ဖြားယောင်းခြင်း၊ ကောက်ကျစ်ခြင်း၊ သူတစ်ပါးကို အကျဉ်းအကြပ် လုပခြင်း၊ လုယက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊

ဗေဒင် ဟောခြင်း၊ နက္ခတ်နည်းနဲ့ ရှေးဖြစ်ဟောခြင်း၊ လက္ခဏာ ဖတ်ခြင်း စတာတွေလို မျက်လှည့်ခြင်း ခေါင်းစဉ် အောက်မှာ ပါဝင်တဲ့ အချို့သော သိပ္ပံအတတ်တွေကို လုပ်ဆောင်ခြင်း၊

အဲဒီအထဲက မည်သည့် လုပ်ဆောင်ချက်မဆို နိဗ္ဗာန်ကို ရရှိဖို့ ရည်ရွယ်သူ တစ်ယောက်ရဲ့ တိုးတက်မှုကို တားဆီးပါလိမ့်မယ်။

၂၅၉။ ဥပါသကာတွေအပေါ် ရဟန်းတော်တွေ ပြုလုပ်ရမယ့် တာဝန်ဝတ္တရားတွေက ဘာတွေပါလဲ။

ယေဘုယျဆိုရင် အဆင့်မြင့် ကိုယ်ကျင့်တရားရဲ့ စံနမူ ဖြစ်စေရန်၊ ၎င်းတို့ကို သင်ကြား လမ်းညွှန်ရန်၊ ဓမ္မကို ဟောကြား ရှင်းပြရန်၊ နာမကျန်းသူတွေအတွက်နဲ့ လူအများ ကပ်ဘေးဆိုက်ရောက်စဉ် လိုအပ်ရင် အများပြည်သူအတွက် ပရိတ်တရားတော်တွေ ရွတ်ဖတ်ရန်၊ ကောင်းတဲ့ အလုပ်တွေကို မပြုလုပ်ရေး အတွက် လူအများကို မပြတ်မလပ် တိုက်

www.kelasa.org

www.kelasa.org

# အပိုင်း ၃
# သံဃာ သို့မဟုတ် ရဟန်းတော်များ

၂၅၄။ ဗုဒ္ဓဝါဒီ ဘိက္ခု (ရဟန်း)တွေနဲ့ အခြားသော ဘာသာတရားတွေမှာ ရှိတဲ့ ဓမ္မဆရာတွေ ဘယ်လို ခြားနားပါသလဲ။

အခြား ဘာသာတရားတွေမှာ ရဟန်းတွေက ပြစ်မှုအတွက် ခွင့်လွှတ်မှုကို ရရှိစေဖို့ လူသားနဲ့ ဘုရားသခင်အကြား ကြားဝင် တောင်းပန်ပေးသူလို့ ဆိုတယ်။ ဗုဒ္ဓဝါဒီ ရဟန်းတွေက မည်သည့် ပြင်ပမှာရှိတဲ့ ဘုရားသခင်ရဲ့ အကူအညီကိုမှ မမျှော်လင့်ပါဘူး။

၂၅၅။ အကယ်၍ ရဟန်းတွေက အခြားဘာသာရေးက ရဟန်းတွေ လုပ်သလို မလုပ်ကြရင် လူအများစုက ခွဲထုတ်ပြီး ဟောဒီ သံဃာ့အဖွဲ့ အစည်းကို ဘာကြောင့် တည်ထောင်ရတာလဲ။

ယေဘုယျဆိုရရင် ကိုယ်ကျင့်တရား သိပ်ကောင်းပြီး အသိပညာနဲ့ ကိုယ်ကျိုးမဆန်တဲ့ စိတ်ပိုင်းဘဝ လေ့ကျင့်မှုအတွက် စိတ်ထက်သန်သူတွေအနေနဲ့ ယင်းတို့ရဲ့ ကာမအာရုံနဲ့ အခြားသော ကိုယ်ကျိုးဆန် အတ္တလွန်ကဲတဲ့ ဆန္ဒတွေကို သဘာဝအရ အားပေးတဲ့ လူမှုပတ်ဝန်းကျင်မှ ခွာရှောင်ရင်း မိမိတို့ရဲ့ဘဝကို အမြင့်ဆုံး အသိပညာကို ရရှိခြင်းအတွက် မြှုပ်နှံပြီး၊ အခြား ပုဂ္ဂိုလ်တွေကိုလည်း ဆင်းရဲဒုက္ခသို့ ဦးတည်စေတဲ့ ပျော်ရွှင်ဖွယ် ဘဝထဲက ပျော်ရွှင်မှုအစစ်နဲ့ နောက်ဆုံး လွတ်မြောက်မှုဆီသို့ ရောက်ရှိစေမယ့် ခက်ခဲတဲ့ လမ်းစဉ်ကို သင်ကြား လမ်းညွှန်ရန် ကိုယ့်ကိုယ်ကို စွန့်လွှတ်ဖို့ ဖြစ်ပါတယ်။

၂၅၆။ ရှစ်ပါးသီလ အပြင် ရဟန်းတွေ နောက်ထပ် မဖြစ်မနေ ကျင့်သုံး ရတဲ့ သီလနှစ်မျိုးက ဘာတွေပါလဲ။



ကခုန်ခြင်း၊ သီချင်းဆိုခြင်း၊ ပွဲလမ်းသဘင် ကြည့်ရှုခြင်းမှ ရှောင်ကြဉ်တဲ့ သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။ ရွှေငွေကို လက်ခံ ရယူခြင်းမှ ရှောင်ကြဉ်တဲ့ သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။ ဆယ်ပါးသီလ သို့မဟုတ် ဘိက္ခုသီလ သို့မဟုတ် သာမဏေသီလ အားလုံးကို ရဟန်း သို့မဟုတ် သာမဏေတွေက ဆောက်တည်ရပေမယ့် လူတွေကတော့ မကျင့်ဘဲ နေနိုင်တယ်။ အဋ္ဌင်္ဂသီလ (ရှစ်ပါးသီလ)ကတော့ နတ်ပြည် ဗြဟ္မာ့ပြည်ထက်[၁] သာလွန်တဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးနောက် သိရှိခံစားရတဲ့ အဆင့်ကို လိုလားကြသူတွေ အတွက် ဖြစ်ပါတယ်။

၂၅၇။ ရဟန်းသံဃာတော်တွေအတွက် စည်းမျဉ်း လမ်းညွှန်အနေနဲ့ အခြား သီးခြား သိက္ခာပုဒ်တွေ ရှိပါသေးသလား။

ရှိပါတယ်။ ၂၅၀ (၂၂၇ ?) ရှိပြီး အောက်ပါ ခေါင်းစဉ် အောက်မှာ အားလုံး အကျုံးဝင်ပါတယ်။

ပါတိမောက္ခသံဝရသီလ (ပါတိမောက်ကို ကျင့်သုံးခြင်း)

ဣန္ဒြိယသံဝရသီလ (ဣန္ဒြေငါးပါးကို စောင့်သုံးခြင်း)

ပစ္စယသန္နိဿိတသီလ (ပစ္စည်းလေးပါး မျှတစွာ မှီဝဲခြင်း)

အာဇီဝပါရိသုဒ္ဓိသီလ (သက်မွေးဝမ်းကျောင်း စင်ကြယ်ခြင်း)

၂၅၈။ ရဟန်းတွေကို မကျူးလွန်ဖို့ အထင်အရှား တားမြစ်ထားတဲ့ ပြစ်မှု အချို့ကို စာရင်းလုပ်ပြပါလား။

စစ်မှန်တဲ့ ရဟန်းတော်တွေဟာ အောက်ပါ အလုပ်တွေကို ရှောင်ကြဉ်ကြတယ် ...

သက်ရှိတွေကို သတ်ဖြတ်ခြင်း၊ ခိုးခြင်း၊ ဈာန်မဂ်ဖိုလ်ကို မရဘဲ ရ

---

[၁] ဥပသကာ (အမျိုးသား) ဥပါသိကာ (အမျိုးသမီး)တွေဟာ ဗုဒ္ဓဝါဒ ဥပုသ်နေ့တွေမှာ အဲဒီ သီလတွေကို စောင့်သုံးကြတယ်။ အဲဒါကတော့ ပက္ခတိုင်းရဲ့ ရှစ်ရက်၊ ၁၄ ရက်၊ ၁၅ ရက်မြောက်နေ့တွေ ဖြစ်ပါတယ်။

www.kelasa.org

www.kelasa.org



| | | |
|---|---|---|
| ကာယာနုပဿနာ | = | ကိုယ်ခန္ဓာကို ရှုမှတ်ခြင်း |
| ဝေဒနာနုပဿနာ | = | ခံစားရမှုကို ရှုမှတ်ခြင်း |
| စိတ္တာနုပဿနာ | = | စိတ်ကို ရှုမှတ်ခြင်း |
| ဓမ္မာနုပဿနာ | = | ဓမ္မကို ရှုမှတ်ခြင်း |

၂၇၁။ သမ္မပဓာန် လေးပါးရဲ့ ရည်ရွယ်ချက်က ဘာပါလဲ။
လူတစ်ယောက်ရဲ့ တိရစ္ဆာန်ဆန်တဲ့ စိတ်ဆိုးစိတ်ရိုင်းတွေကို အကောင်းဘက်မှာ တိုးတက်လာအောင် ဖိနှိပ်ဖို့ ဖြစ်ပါတယ်။

၂၇၂။ ရဟန်းတစ်ပါး အမြင့်ဆုံး သစ္စာတရားကို သိမြင် နားလည်သွားတာဟာ အကောင်းဆုံး ဖြစ်သွားတာ၊ သို့မဟုတ် အလိုလို ထိုးထွင်းပြီး သိမြင်သွားတာလို့ ဆိုနိုင်ပါသလား။
အလိုလို ထိုးထွင်း သိမြင်သွားတာပါ။ မိမိနှစ်သက်တဲ့ မည်သည့် အမှန်တရားကိုမဆို အဆက်မပြတ် ဆုပ်ကိုင်ထားပြီးဖြစ်တဲ့ စိတ်ပိုင်း အခြေအနေ တစ်ရပ်ကို ရရှိသွားခြင်းပါပဲ။

၂၇၃။ အဲဒီ (စိတ်ပိုင်း) တိုးတက်မှုကို ဘယ်တော့ ရနိုင်မှာလဲ။
ဈာန်တရားကို လေ့ကျင့်အားထုတ်ပြီး လေးခုမြောက် ဈာန်အဆင့်ကို ရောက်သွားတဲ့အခါ ပေါ့။

၂၇၄။ ဈာန်ရဲ့ နောက်ဆုံးအဆင့်ဖြစ်တဲ့ သမာဓိလို့ခေါ်တဲ့ အခြေအခြေမှာ စိတ်ဟာ ကွက်လပ်ကြီး ဖြစ်နေပြီး အတွေးတွေကို ဖမ်းချုပ်ထားတယ်လို့ ယူဆရမှာလား။
အဲဒီလို မဟုတ်ပါဘူး။ အဲဒီအချိန်မှာ သိစိတ်ဟာ အတက်ကြွဆုံး လှုပ်ရှားနေပြီး အကျယ်ပြန့်ဆုံး အသိပညာကို ရရှိဖို့ စွမ်းအင်လည်း အပြင်းထန်ဆုံး ဖြစ်နေတယ်။



တွန်း ဟောကြားရန်တို့ ဖြစ်ပတယ်။ ရဟန်းတွေဟာ ဒကာဒကာမတွေ မကောင်းမှုမှ ရှောင်ကြဉ်ဖို့၊ သနာကရုဏာ ရှိကြဖို့၊ နှလုံးသား နူးညံ့ကြဖို့နဲ့ သတ္တဝါ အားလုံးရဲ့ ကောင်းကျိုး တိုးတက်မှုကို ရှာဖွေဖို့ တိုက်တွန်းရပါတယ်။

၂၆၀။ ရဟန်းဘောင်သို့ ဝင်ရောက်ဖို့ စည်းမျဉ်း စည်းကမ်းတွေက ဘာတွေပါလဲ။
အသက် နှစ်ဆယ် မပြည့်ခင် ရဟန်းပြုခွင့် မရှိဘူး။ မိဘတွေရဲ့ သဘောတူညီချက် ရှိရတယ်။ နူနာရောဂါ မရှိရပါဘူး။ ထွတ်မြင်း အနာအိုင်းအမာ ရောဂါမရှိရဘူး။ ကူစက်ရောဂါ ရူးသွပ်ရောဂါတွေ မရှိရဘူး။ လွတ်လပ်သူ ဖြစ်ရမယ်။ အကြွေး မရှိရဘူး။ ရာဇဝတ်ပြစ်မှု ကျူးလွန်သူ ကျေးကျွန် ဘုရင့်ဝန်ထမ်းတွေ မဖြစ်ရဘူး။

၂၆၁။ ကိုရင်ကို ဘယ်လို ခေါ်ပါသလဲ။
သာမဏေလို့ ခေါ်ပါတယ်။

၂၆၂။ သာမဏေဟာ ဘယ်အသက်အရွယ်မှာ ရဟန်းပြုခွင့် ရပါ သလဲ။
အသက် နှစ်ဆယ် မပြည့်ခင် ဝင်ခွင့် မရှိဘူး။

၂၆၃။ ရဟန်းပြုဖို့ အဆင်သင့် ဖြစ်တဲ့အခါ ဘယ်လို လုပ်ရပါသလဲ။
ရဟန်းတွေ စည်းဝေးပြီး ရဟန်းလောင်းဟာ အခြား ရဟန်းတစ်ပါးက အရည်အချင်း ပြည့်စုံကြောင်း အသိပေးတဲ့ အဆိုတင်သွင်းသူ (ရဟန်းလောင်း ဆုံးမတဲ့ အနုသာသကဆရာ)ရဲ့ ရှေ့မှောက်မှာ ရဟန်းလောင်းက ‘တပည့်တော်သည် သံဃာ့အထံမှ ဥပသမ္ပဒ ရဟန်းအဖြစ်ကို တောင်းပန်ပါသည်’စသည်ဖြင့် ဆိုရတယ်။ အဲဒီနောက် အနုသာ–သက ရဟန်းတော်က ခွင့်ပြုကြောင်း မှတ်ချက်ပြုပြီး ရဟန်းလောင်းကို လက်ခံလိုက်ပါတယ်။

www.kelasa.org

www.kelasa.org



၂၆၄။ အဲဒီနောက် ဘာဖြစ်လဲ။

အဲဒီနောက် အဲဒီ ရဟန်းလောင်း သင်္ကန်းကို ဝတ်ပြီး သရဏဂုံ သုံးပါးနဲ့ ဆယ်ပါးသီလကို (ဆရာဘုန်းကြီး နောက်မှ) လိုက်ဆိုတယ်။

၂၆၅။ စောင့်သုံးရမယ့် အဓိက လိုအုပ်ချက် နှစ်ခုက ဘာပါလဲ။

ဆင်းရဲခြင်းနဲ့ အဖြူဟွှစရိယ (မေထုန် မမှီဝဲခြင်း)။ ရဟန်းပြုမယ့်သူ တစ်ယောက်ဟာ ရဟန်းမပြုခင်မှာ သင်္ကန်း၊ ခါးပန်းကြိုး၊ သပိတ်၊ ရေစစ်၊ ဓား၊ ချုပ်အပ်၊ ယပ်တောင်၊ ညှပ်ဖိနပ်ဆိုတဲ့ ရှစ်မျိုးကို[၁] ပိုင် ဆိုင်ရတယ်။ ဝိနယစည်းကမ်းတွေမှာ အထူး သတ်မှတ်ထားတဲ့ ခွင့်ပြုချက် ကန့်သတ်ဘောင် အတွင်းမှာ ရဟန်းတော်ဟာ အခြား ပစ္စည်း အချို့ကိုလည်း သုံးဆောင်နိုင်ပါတယ်။

၂၆၆။ ပြုမိတဲ့ အမှားတွေအတွက် ရဟန်းတစ်ပါးဟာ (ရဟန်း) ပရိသတ်ရဲ့ ရှေ့မှာ ဝန်ချပုံက ဘယ်လိုပါလဲ။

လပြည့် လကွယ်တိုင်းမှာ ပါတိမောက် ရွတ်ဆိုမှု လုပ်ရတယ်။ အဲဒီအချိန်မှာ ရဟန်းတိုင်းဟာ မိမိ ကျူးလွန်မိတဲ့ အာပတ်တွေကို အချင်းချင်း ဖွင့်ပြောပြီး ဖော်ပြထားဖွယ်ရှိတဲ့ ပြဒဏ်ကို ခံယူရတယ်။

---

[၁] တိစီဝရဉ္စ ပတ္တော စ၊
ဝါစိ သူစိ စ ဗန္ဓနံ။
ပရိဿာဝနေန အဋ္ဌေတေ၊
ယုတ္တယောဂဿ ဘိက္ခုနော။

အဋ္ဌကထာကျမ်းတွေ (ဒီ–ဋ္ဌ ၁၊ ၁၈၄ စသည်)မှာ ဖော်ပြတဲ့ ရဟန်းအသုံးအဆောင်(ပရိက္ခရာ) ၈–မျိုးက တိစီဝရိုက်လို့ခေါ်တဲ့ သင်္ကန်း သုံးထည် (ဒုကုဋ်၊ ကိုယ်ရုံ၊ သင်းပိုင်)၊ သပိတ်၊ ဓား၊ အပ်၊ ခါးပန်းကြိုး၊ ရေစစ် ဖြစ်ပါတယ်။ သင်္ကန်း သုံးထည်ကို တစ်မျိုးစီယူပြီး ကျန်တဲ့ ငါးမျိုးနဲ့ ၈–မျိုး ဖော်ပြတယ်။ ယပ်တောင်နဲ့ ညှပ်ဖိနပ်က ပရိက္ခရာ ၈– မျိုးထဲမှာ မပါဘူး။



၂၆၇။ ရဟန်းတစ်ပါး လိုက်နာရမယ့် နေ့စဉ် ဆောင်ရွက်မှုက ဘာလဲ။

အရုဏ်မတက်ခင် အိပ်ယာမှ ထတယ်။ ကိုယ်လက် သုတ်သင်ပြီး ကျောင်းပတ်ဝန်းကျင်နဲ့ ကျောင်းအနီးမှာ ရှိနေတဲ့ ဗောဓိညောင်ပင်ကို တံမြက်လှည်းတယ်။ တစ်နေ့စာ သောက်သုံးရေကို ယူဆောင်ပြီး တည်ထားတယ်။ ကမ္မဋ္ဌာန်းဘာဝနာ ရှုမှတ်တယ်။ စေတီ သို့မဟုတ် ဗောဓိပင်မှာ ပန်းတော် ကပ်လှူတယ်။ အဲဒီနောက် သပိတ်ကို လွယ်ပြီး တစ်အိမ်ပြီး တစ်အိမ် ဆွမ်းခံထွက်တယ်။ ဆွမ်းခံတဲ့အခါ ရဟန်းတော်က တောင်းလို့ မဟုတ်ဘဲ လှူဥပသကာတွေက စေတနာသက်သက်နဲ့ သူ့သပိတ်ထဲကို လောင်းလှူလို့ အစားအစာကို ရရှိတာဖြစ်တယ်။ ပြန်လာပြီးနောက် ရေမိုးချိုးပြီး စားပြီးတဲ့အခါ ကမ္မဋ္ဌာန်း ထိုင်ပြန်တယ်။

၂၆၈။ ပူဇော်ဂုဏ်ပြုတဲ့အနေနဲ့ ပန်းတွေ လှူတဲ့အတွက် ကုသိုလ် မရဘူးလို့ ကျွန်ုပ်တို့ ယုံကြည်ရမည်လား။

လုပ်နေကျအတိုင်း အဲဒီလို လုပ်ဆောင်ရုံလောက်နဲ့ ကုသိုလ် မရနိုင်ဘူး။ ဒါပေမယ့် အကယ်၍ မြင့်မြတ်သူတစ်ဦးကို နှစ်လုံးသားထဲမှာ အကောင်းဆုံး အစင်ကြယ်ဆုံး အမူအယာနဲ့ ရိုသေမှုပြုရင် အမှန်ပဲ အဲဒီလို လှူဒါန်းမှုဟာ မြင့်မြတ်တဲ့ ပူဇော်မှုပြုခြင်း ဖြစ်ပါတယ်။

၂၆၉။ ရဟန်းတစ်ပါးဟာ နောက်ပြီး ဘာတွေ လုပ်သေးလဲ။

ရဟန်းတော်ဟာ ဓမ္မကို တတ်မြောက်အောင် သင်ယူရတယ်။ နေဝင်ချိန်မှာ မြင့်မြတ်တဲ့ နေရာတော်တွေကို တံမြက်လှည်းတယ်။ မီးပူးဖော်တယ်။ ဥပဇ္ဈာယ်ဆရာတော်ရဲ့ သင်ကြား ဩဝါဒတွေကို နာယူတယ်။ ပြီးတော့ သူ ချိုးဖောက်မိဖွယ်ရှိတဲ့ အပြစ် (အာပတ်)တွေကို ဖွင့်ပြော (ဒေသနာကြား)တယ်။

၂၇၀။ ရဟန်းတော်တစ်ပါး အရေးတကြီး ကျင့်သုံးတဲ့ အရေးပါတဲ့ ကမ္မဋ္ဌာန်း လေးပါးက ဘာတွေပါလဲ။

www.kelasa.org

www.kelasa.org



၂၈၀။ ဒါဖြင့်ရင် ဗုဒ္ဓဝါဒ အံ့သြဖွယ် ပြန့်နှံ့သွားခြင်းရဲ့ လျှို့ဝှက်ချက်က ဘာပါလဲ။

ဒါကတော့ ဗုဒ္ဓဝါဒရဲ့ သဘာဝအရ ထူးခြား သာလွန်ခြင်း၊ သစ္စာတရားအတွက် ကိုယ်တိုင်မျက်မြင် ရှိခြင်း၊ မြင့်မြတ်တဲ့ ကိုယ်ကျင့်တရားရေးရာ သင်ကြားချက်နဲ့ လူသားအားလုံးရဲ့ လိုအပ်ချက်အတွက် လိုလောက်ခြင်းက လွဲပြီး တစ်ခြား မဖြစ်နိုင်ပါဘူး။

၂၈၁။ ဗုဒ္ဓဝါဒ ဘယ်လို ပြန့်နှံ့သွားခဲ့ပါသလဲ။

ဆရာအရှင် အနေနဲ့ လေးဆယ့်ငါးနှစ်တာ ပတ်လုံး ဗုဒ္ဓရှင်တော်မြတ်ဟာ အိန္ဒိယတစ်ခွင် ကျယ်ပြန့်စွာ ခရီးဒေသစာရီ ကြွချီပြီး ဓမ္မကို ဟောကြားတော်မူခဲ့ပါတယ်။ ရှင်တော် ဗုဒ္ဓဟာ ပညာအရှိဆုံးနဲ့ အတော်ဆုံး တပည့်သာဝကတွေကို အဲဒီဓမ္မကို ဟောကြား ဖြန့်ဖြူးဖို့ အိန္ဒိယ တစ်ခွင်ကို စေလွှတ်ခဲ့ပါတယ်။

၂၈၂။ ဗုဒ္ဓရဲ့ ရှေးဦး သာသနာပြု ပုဂ္ဂိုလ်တွေကို ဘယ်အချိန်က စေလွှတ်ခဲ့ပါသလဲ။

သီတင်းကျွတ် လပြည့်နေ့ (အောက်တိုဘာ)မှာ စေလွှတ်ခဲ့တယ်။

၂၈၃။ သာသနာပြု ရဟန်းတွေကို ဗုဒ္ဓက ဘယ်လို မိန့်ကြားပါသလဲ။

ရှင်တော် ဗုဒ္ဓဟာ သာသနာပြု ကြွတော်မူကြမယ့် ရဟန်းတော်တွေအားလုံးကို ခေါ်ပြီး ဒီလိုမိန့်ကြားတော်ပါတယ် 'ဘိက္ခုတို့၊ လောကသားတို့အား ဓမ္မကို ဟောကြားကြလော့။ အခြားပုဂ္ဂိုလ်တွေ အတွက်ရော သင်တို့အတွက်ပါ ဆောင်ရွက်ကြလော့။ လူသားတိုင်းဆီသို့ ဝမ်းမြောက်ဖွယ် သတင်းစကားကို ယူဆောင်ကြလော့။ တစ်ကြောင်းသောလမ်းကို နှစ်ပါးစီ မသွားကြနှင့်'။

၂၈၄။ ခရစ်မပေါ်ခင် ဘယ်လောက်အလွန်က အဲဒါ ဖြစ်ပျက်ခဲ့ပါသလဲ။



၂၇၅။ ဥပမာလေးတစ်ခု ပေးနိုင်ပါသလား။

သာမန် နိုးကြွနေတဲ့အချိန်မှာ လူတစ်ယောက်ရဲ့ အသိပညာ အတွေးအမြင်ဟာ တောင်ကုန်းတွေကြားက လမ်းမှာ လျှောက်လှမ်းသူ တစ်ယောက်ရဲ့ မြင်ကွင်းလို ကန့်သတ်ချက် ရှိတယ်။ ဈာန်သမာဓိရဲ့ အအဆင့်မြင့် စိတ်အခြေအနေမှာ လင်းယုန်ငှက်တစ်ကောင်ရဲ့ ရပ်ခွင်တစ်ခုလုံးကို မြုံကြည့်နိုင်တဲ့ ကောင်းကင်ပေါ်က မြင်ကွင်းလိုပါပဲ။

၂၇၆။ ဗုဒ္ဓဘုရားရှင်ရဲ့ အဲဒီဉာဏ်စွမ်းအကြောင်းကို ကျမ်းစာတွေမှာ ဘယ်လို ဖော်ပြပါသလဲ။

ကျမ်းစာတွေမှာ နံနက်တိုင်း ရှင်တော်ဗုဒ္ဓရဲ့ အဘိညာဉ် အမြင်နဲ့ လောကတစ်ခုလုံးကို ကြည့်ရှုတော်မူလေ့ရှိပြီး သစ္စာတရားကို မြင်နိုင်တဲ့ ပုဂ္ဂိုလ်များကို တွေ့မြင်တော်မူကြောင်း ဖော်ပြပါတယ်။ အဲဒီနောက် ရှင်တော် ဗုဒ္ဓဟာ ဖြစ်နိုင်မယ်ဆိုရင် အဲဒီ ပုဂ္ဂိုလ်တွေဆီကို ရောက်အောင် ကြွဖို့ စိုင်းပြင်းတော်မူတယ်။ သတ္တဝါတွေ ရှင်တော် ဗုဒ္ဓဆီကို ရောက်လာရင် အတွင်းစိတ်ကို ကြည့်ရှုပြီး ၎င်းတို့ရဲ့ လျှို့ဝှက် ရည်ရွယ်ချက်တွေကို သိမြင်တော်မူတယ်။ အဲဒီနောက် ၎င်းတို့ရဲ့ လိုအပ်ချက်အလိုက် တရားဒေသနာ ဟောကြားတော်မူပါတယ်။

---

www.kelasa.org

www.kelasa.org

## အခန်း ၅
## ဗုဒ္ဓဝါဒ တိုးတက် ပြန့်ပွားလာခြင်း

၂၇၇။ လိုက်နာကျင့်သုံးသူတွေရဲ့ အရေအတွက်အရ ယနေ့ခေတ်မှာ ဗုဒ္ဓဝါဒကို အခြားအဓိက ဘာသာတရားတွေနဲ့ ဘယ်လိုနှိုင်းယှဉ်မလဲ။

ဗုဒ္ဓဓမ္မကို လိုက်နာကျင့်သုံးသူ အရေအတွက်ဟာ အခြားဘာသာတရားတွေအောက် မလျော့ပါဘူး။

၂၇၈။ ခန့်မှန်းခြေ ဘယ်လောက် ရှိပါသလဲ။

သန်းပေါင်း ငါးရာလောက် ရှိပါတယ်။ ဒါဟာ ခန့်မှန်းခြေအားဖြင့် တစ်ကမ္ဘာလုံး လူဦးရေ (၁၉ ရာစု)ရဲ့ ၁၃ ပုံ ငါးပုံခန့် ဖြစ်ပါတယ်[၁]။

၂၇၉။ ဗုဒ္ဓဓမ္မကို ပျံ့နှံ့စေဖို့ စစ်ပွဲတွေ ဘယ်လောက် များများ တိုက်ခိုက်ခဲ့၊ ဘယ်နှစ်နိုင်ငံလောက် အောင်နိုင်ခဲ့ပြီး ဘယ်လောက်တောင် လူတွေ သွေးမြေ ကျမှု ဖြစ်ပွားခဲ့ပါသလဲ။

ကျွန်ုပ်တို့ရဲ့ ဘာသာတရားကို ပြန့်ပွားအောင် လုပ်ဖို့ ကျူးလွန်ခဲ့တဲ့ ကြမ်းတမ်း ရက်စက်မှုတွေအကြောင်း အစအနတောင် သမိုင်းမှာ မှတ်တမ်းတင်ခဲ့တာ မရှိပါဘူး။ ကျွန်ုပ်တို့ သိရသလောက် ဗုဒ္ဓဝါဒဟာ သွေးစက်ကလေး တစ်စက်တောင် ကျအောင် မဖြစ်စေခဲ့ပါဘူး။

---

[၁] Wikipedia အဆိုအရ ယနေ့ခေတ် (၂၀၀၇ စာရင်း)မှာ ကမ္ဘာ့လူဦးရေ ၆.၈ ဘီလီယံ အနက် ခရစ်ယန် ၂.၁ ဘီလီယံ၊ အစ္စလမ် ၁.၅ ဘီလီယံ၊ ဘာသာမဲ့ ၁.၁ ဘီလီလံ၊ ဟိန္ဒူ သန်းပေါင်း ၉၀၀၊ တရုတ်ရိုးရာ ၃၉၄ သန်း၊ ဗုဒ္ဓဘာသာ ၃၇၆ သန်း၊ နတ်ကိုးကွယ်မှု သန်း ၃၀၀၊ အင်ဂလိကန် သန်း ၁၀၀၊ ဆစ်ခ် ၂၃ သန်း၊ ဂျူး ၁၄ သန်း စသည် ဖြစ်ကြောင်း ဖော်ပြပါတယ်။ နောက်ဆက်တွဲ ဗုဒ္ဓဘာသာဝင် လူဦးရေအခြေပြ ဇယားတွေကို ရှုပါ (ဘာသာပြန်သူ)။

www.kelasa.org

www.kelasa.org



တမ်းကို ထိန်းသိမ်းသူတွေက မဟာဝံသကျမ်းမှာ အပြည့်အစုံ မှတ်တမ်း တင်ထားခဲ့ပါတယ်။

၂၉၆။ ယနေ့တိုင် တွေ့မြင်နိုင်သေးတဲ့ သံဃမိတ္တာ သာသနာပြုအဖွဲ့ရဲ့ သက်သေအချို့ကို တွေ့နိုင်ပါသလား။

တွေ့နိုင်ပါတယ်။ ရှင်တော် ဗုဒ္ဓ ဗောဓိဉာဏ်ကို ရစဉ်က ထိုင်နေခဲ့ခဲ့တဲ့ ဗောဓိညောင်ပင်ရဲ့ အကိုင်းတစ်ခုကို သီဟိုဠ်ကျွန်းကို ဆောင်ယူခဲ့ပြီး အဲဒီ ညောင်ပင်ဟာ ယနေ့တိုင် ထင်ရှားရှိနေဆဲပါပဲ။

၂၉၇။ ဘယ်မှာလဲ။

အနုရာဓပုရမြို့မှာ ရှိပါတယ်။ အဲဒီ ဗောဓိညောင်ပင်ရဲ့ သမိုင်းကို ယနေ့တိုင် တရားဝင် ထိန်းသိမ်းထားဆဲ ဖြစ်ပါတယ်။ ဘီစီ ၃၀၆ ခုနှစ်မှာ စိုက်ပျိုးခဲ့ပြီး ကမ္ဘာပေါ်မှာ ရှေးအကျဆုံး သမိုင်းဝင် သစ်ပင်တော် ဖြစ်ပါတယ်။

၂၉၈။ ထိုအချိန်က အုပ်ချုပ်နေတဲ့မင်းက ဘယ်သူပါလဲ။

ဒေဝါနံပိယတိဿ မင်းကြီး ဖြစ်ပါတယ်။ ဒီမင်းရဲ့ မိဖုရား အနုဠာဒေဝီက အရှင်မသံဃမိတ္တာကို ပင့်ခေါ်လိုက်ပြီး ဘိက္ခုနီသာသနာကို စတင်ဖို့ ဖိတ်ကြားခဲ့ပါတယ်။

၂၉၉။ သံဃမိတ္တာနဲ့အတူ ဘယ်သူ ပါလာပါသလဲ။

အခြားဘိက္ခုနီတွေ အများကြီး ပါလာတယ်။ အချိန်တန်တဲ့အခါ သံဃမိတ္တာဟာ မိန်းမပျိုငါးရာ အပါအဝင် အနုဠာဒေဝီနဲ့ အခြား များစွာသော အမျိုးသမီးတွေကို သာသနာ့ဘောင်သို့ သွပ်သွင်းပေးခဲ့ပါတယ်။

၃၀၀။ အင်ပိုင်ယာ အသောကမင်းကြီးရဲ့ ပြည်ပသာသနာပြု ပုဂ္ဂိုလ်တွေရဲ့ သာသနာပြုလုပ်ငန်း ထိရောက်မှုကို ခြေရာခံနိုင်ပါသလား။



ရာစုနှစ် ခြောက်ခု အလွန်လောက်ကပါ။

၂၈၅။ ဘုရင်တွေက ဘယ်လုပ်ပြီး ထောက်ပံ့ခဲ့ကြပါသလဲ။

ဇာတ်နိမ့်တွေအပြင် မင်းတွေ၊ ရာဇာတွေ၊ မဟာရာဇာတွေ၊ ဗုဒ္ဓဝါဒီတွေ ဖြစ်သွားကြပြီး ဘာသာတရား ပြန့်ပွားဖို့ ပံ့ပိုးကူညီကြပါတယ်။

၂၈၆။ ဘုရားဖူးတွေ အကြောင်း ပြောပြပါလား။

အကြားအမြင် ဗဟုသုတရှိကြတဲ့ ဘုရားဖူးတွေဟာ နိုင်ငံအသီးသီးက အိန္ဒိယကို လာကြပြီး ကျမ်းစာတွေ သင်ကြားမှုနှင့်အတူ မိမိတို့နိုင်ငံသို့ ယူဆောင်သွားကြတယ်။ ဒါကြောင့် တဖြည်းဖြည်း တစ်နိုင်ငံလုံး မိမိတို့ရဲ့ ယုံကြည်မှုကို ရှာဖွေရင်း ဗုဒ္ဓဝါဒီတွေ ဖြစ်သွားကြတယ်။

၂၈၇။ ဗုဒ္ဓဓမ္မ ထာဝစဉ် တည်တံ့မှုအတွက် မည်သူ့ကို ကမ္ဘာက အများဆုံး ကျေးဇူးကြွေး ပေးဆပ်ရန် ရှိပါသလဲ။

တစ်ခါတစ်ရံ ပိယဒဿိ၊ ဓမ္မာသောကလို့ လေးစားစွာ ခေါ်ဆိုကြတဲ့ အင်ပိုင်ယာ အသောကမင်းကြီး ဖြစ်ပါတယ်။ မင်းကြီးဟာ မဂဓတိုင်းရဲ့ ဘုရင် ဗိန္ဒုသာရမင်းရဲ့ သားတော်ဖြစ်တဲ့အပြင် ဂရိတွေကို အိန္ဒိယ မြေပေါ်က နှင်ထုတ်ခဲ့တဲ့ စန္ဒဂုတ္တမင်းရဲ့ မြေးတော် ဖြစ်ပါတယ်။

၂၈၈။ ဒီမင်းက ဘယ်အချိန်က ထီးနန်းစိုက်ခဲ့ပါသလဲ။

ဘီစီ သုံးရာစု၊ ဗုဒ္ဓရှင်တော်မြတ် ပရိနိဗ္ဗာန်စံလို့ နှစ်ပေါင်း နှစ်ရာလောက် အကြာမှာ ဖြစ်ပါတယ်။ သမိုင်းဆရာတွေက သူ့ရဲ့ခေတ်အချိန် အတိအကျကို သဘောမတူနိုင်ဘဲ ရှိကြပေမယ့် သိပ် မကြီးမားပါဘူး။

၂၈၉။ အသောကမင်းက ဘာကြောင့် ကြီးကျယ်ခဲ့ရပါသလဲ။

အသောကမင်းဟာ အိန္ဒိယနိုင်ငံသမိုင်းမှာ စစ်သူကြီးရဲ့ နိုင်ငံ့ခေါင်းဆောင်အဖြစ် ဘုန်းတန်ခိုး အကြီးကျယ်ဆုံး ဘုရင် ဖြစ်ပါတယ်။ ဒါပေ

www.kelasa.org

www.kelasa.org



မယ့် မင်းကြီးရဲ့ မြင့်မြတ်တဲ့ သွင်ပြင်တွေက အမှန်တရားကို မြတ်နိုးမှု၊ တရားမျှတမှု၊ ဘာသာဝါဒ မတူညီမှုတွေအပေါ် သည်းခံမှု၊ အုပ်ချုပ်ရေး သာတူညီမျှ ရှိမှု၊ နာမကျန်းသူ ဆင်းရဲသူနဲ့ တိရိစ္ဆာန်တွေအပေါ် ကြင်နာတတ်မှုတွေ ဖြစ်ပါတယ်။ သူ့ရဲ့ အမည်နာမကို ဆိုက်ဗေးရီးယားကနေ သီဟိုဠ်ထိ သိကြတယ်။

၂၉၀။ ဗုဒ္ဓဝါဒီအနေနဲ့ သူကို မွေးဖွားခဲ့တာလား။

မဟုတ်ပါဘူး။ ဘုရင်မင်းအဖြစ် ဘိသိက်ခံပြီးလို့ ဆယ်နှစ်အကြာမှာ နိဂြောဓလို့ ခေါ်တဲ့ ရဟန္တာ သာမဏေငယ်ရဲ့ အဆုံးအမကြောင့် ဗုဒ္ဓဝါဒီ အဖြစ်ကို ခံယူခဲ့ပါတယ်။

၂၉၁။ ဒီမင်းကြီးက ဗုဒ္ဓဝါဒအတွက် ဘာတွေ လုပ်ခဲ့ပါသလဲ။

မင်းကြီးဟာ ရဟန်းစစ် မဟုတ်သူတွေကို (သာသနာ့ဘောင်မှ) နှင့်ထုတ်ပြီး ရဟန်းစစ်တွေကို အားပေးခဲ့ပါတယ်။ နေရာတိုင်းမှာ ဘုန်းကြီးကျောင်းတိုက်တွေ စေတီတွေ တည်ဆောက်တယ်။ ဥယျာဉ်တွေ စိုက်ပျိုးတယ်။ လူတွေနဲ့ တိရိစ္ဆာန်တွေအတွက် ဆေးရုံတွေ ဖွင့်လှစ်တယ်။ ဓမ္မကို ပြန်လည်သုတ်သင်ပြီး တည့်တံ့စေရန် ပါဋလိပုတ်မြို့မှာ တတိယ သံဂါယနာတင်တယ်။ အမျိုးသမီးတွေရဲ့ ဘာသာရေး အသိပညာကို တိုးတက်အောင် လုပ်ပေးတယ်။ ဂရိဘုရင် ငါးဦးနဲ့ မိတ်ဆွေတွေနဲ့ အုပ်ချုပ်ခံ အိန္ဒိယနယ်မြေ အားလုံးဆီသို့ ဗုဒ္ဓဓမ္မကို သင်ကြားဖို့ သံတမန်တွေ စေလွှတ်တယ်။ ဘုရားဖူးသွားဖို့ နေရာတွေ များစွာ ရှိတဲ့ အနက် အဓိကနေရာ လေးခုဖြစ်တဲ့ ကပိလဝတ္ထု၊ ဗုဒ္ဓဂယာ၊ ဣသိပတန၊ ကုသိနာရုံ (အရပ်)တွေမှာ ကျောက်စာတိုင်းကြီးတွေ စိုက်ထူခဲ့တာဟာ အသောက မင်းကြီးပါပဲ။

၂၉၂။ မင်းကြီးရဲ့ မြင့်မြတ်တဲ့ စရိုက်လက္ခဏာနဲ့ ပတ်သက်လို့ အထင်ရှားဆုံး ဘယ်အထောက်အထားတွေ ရှိပါသလဲ။



မကြာမီ နှစ်တွေအတွင်း အိန္ဒိယနေရာဒေသ အနှံ့အပြားမှာ တည်ရှိဆဲ့ ကျောက်တိုင်တွေမှာ ရေးထိုးထားတဲ့ ကျောက်စာ ဆယ့်လေးခုနဲ့ မင်းကြီးရဲ့ အမိန့်နဲ့ စိုက်ထူခဲ့တဲ့ ကျောက်စာတိုင် ရှစ်ခုကို တွေ့ရှိခဲ့ပါတယ်။ အဲဒီ ကျောက်စာတိုင်တွေက မင်းကြီးကို ပညာအရှိဆုံး ပုဂ္ဂိုလ်တွေထဲက တစ်ယောက်ဖြစ်ကြောင်းနဲ့ နှလုံးစိတ်ဝမ်း အကြီးမြတ်ဆုံး ဘုရင်မင်းတရား ဖြစ်ကြောင်း အပြည့်အဝ ဖော်ပြပါတယ်။

၂၉၃။ အဲဒီ ကျောက်စာတွေအရ ဗုဒ္ဓဝါဒရဲ့ ဘယ်လို အသွင်လက္ခဏာမျိုးကို ဖော်ပြပါသလဲ။

အဲဒီ ကျောက်စာတွေက ဗုဒ္ဓဝါဒဟာ မြင့်မြတ်ပြီး သည်းခံမှု ပြည့်ဝတဲ့၊ လူသား အားလုံးကို မိသားစုအဖြစ် ယူဆတဲ့၊ မှန်ကန်မျှတမှုကို သင်ပြတဲ့ ဘာသာတရား ဖြစ်ကြောင်း ဖော်ပြပါတယ်။ အဲဒီ ကျောက်စာတွေမှာ ကိုယ်ကျိုးဆန်လွန်းခြင်း၊ သည်းမခံနိုင်ခြင်းတွေနဲ့ ညစ်နွမ်းနေမှုတွေ မပါဘူး။ ယနေ့ အနောက်နိုင်ငံက ပဏ္ဍိတ်ကြီးတွေ ခံယူထားတဲ့ ဗုဒ္ဓဝါဒအပေါ် လေးစားမှုအတွက် အခြား မည်သည့်အရာထက်မဆို အဲဒီ ကျောက်စာတွေက ဆောင်ကျဉ်းပေးပြီး ဖြစ်ပါတယ်။

၂၉၄။ ဓမ္မာသောက မင်းကြီးဟာ ဗုဒ္ဓဝါဒအတွက် ဘယ်လို အဖိုးမဖြတ်နိုင်တဲ့ လက်ဆောင်ကို ပေးခဲ့ပါသလဲ။

မင်းကြီးဟာ သူချစ်တဲ့ သားတော် မဟိန္ဒနဲ့ သမီးတော် သံဃမိတ္တာကို သာသနာ့ဘောင်ထဲ သွတ်သွင်းပြီး ဗုဒ္ဓသာသနာပြုဖို့ သီဟိုဠ်ကျွန်းကို စေလွှတ်ခဲ့တဲ့ အချက်ဖြစ်ပါတယ်။

၂၉၅။ ဒီအကြောင်းအရာကို သီဟိုဠ်ရာဇဝင်မှာ မှတ်တမ်းတင်ထားခဲ့ပါသလား။

တင်ထားခဲ့တာပေါ့။ အဲဒါ အားလုံးကို အဲဒီအချိန်က အသက်ရှင်လျက်ရှိပြီး သာသနာပြု ပုဂ္ဂိုလ်တွေကို တွေ့မြင်ခဲ့ကြတဲ့ ရာဇဝင်မှတ်

www.kelasa.org

www.kelasa.org



၁၁၂။ စိတ်ပိုင်းဘဝ ဆုတ်ယုတ်ခြင်း၊ သံဃာတော်တွေရဲ့ အကျင့်ပျက်ခြင်းနဲ့ အဆင့်မြင့် စံပြပုံစံအဖြစ်မှ ပညာမဲ့တဲ့ ရုပ်တုဆင်းတု ကိုးကွယ်မှုဆီသို့ လူတွေရဲ့ တုံ့ပြန်မှုတွေအပြင် နောက်ထပ် ကျန်သေးသလား။

ကျန်ပါသေးတယ်။ အနောက်ဖက်က တ္တနိဝါဒီ (ဖန်ဆင်းရှင်ကို မျက်စိမှိတ် ယုံကြည်သူ)တွေ ကျူးကျော်ဝင် ရောက်ခဲ့ပြီး အိန္ဒိယရဲ့ နေရာအများစုကို တိုက်ခိုက် သိမ်းယူခဲ့တယ်။ နေရာတိုင်းက ဗုဒ္ဓဝါဒကို ဖျောက်ပစ်ဖို့လည်း အကြီးအကျယ် ပြုလုပ်ခဲ့ကြတယ်။

၁၁၃။ တ္တနိဝါဒီတွေဟာ ဘယ်လို ရက်စက် ကြမ်းကြုတ်မှုတွေကို ပြုလုပ်ခဲ့ကြပါသလဲ။

သူတို့ ဗုဒ္ဓဝါဒီ ဘုန်းကြီးကျောင်းတွေကို မီးရှို့ ဖျက်ဆီးပစ်ခဲ့ကြတယ်။ ရဟန်းတွေကို အစုလိုက် အပြုံလိုက် ပတ်ပစ်ခဲ့ကြတယ်။ ဗုဒ္ဓဝါဒဆိုင်ရာ ကျမ်းစာတွေကို မီးရှို့ခဲ့ကြတယ်။

၁၁၄။ ဗုဒ္ဓဝါဒ ကျမ်းစာတွေ အားလုံးကို အိန္ဒိယမြေပေါ်မှာ လုံးဝ ဖျက်ဆီးပစ်နိုင်ခဲ့ကြသလား။

လုံးဝ ကုန်သွားအောင်တော့ မဖျက်ဆီးနိုင်ခဲ့ကြပါဘူး။ ရဟန်းတော် အများစုဟာ မိမိတို့ရဲ့ ကျမ်းစာအုပ်တွေကို ယူဆောင်ပြီး နယ်စပ်မှတစ်ဆင့် တိဗက်နဲ့ အခြားလုံခြုံ ဘေးကင်းတဲ့ နေရာတွေဆီကို ထွက်ပြေးခဲ့ကြတယ်။

၁၁၅။ မကြာမီက အဲဒီကျမ်းစာတွေရဲ့ သဲလွန်စတွေကို နောက်ကြောင်းခံ နိုင်ခဲ့ပါသလား။

ဟုတ်ပါတယ်။ ထင်ရှားတဲ့ ဘင်္ဂါလီ ပညာရှိ ရာဘာဒို ဆာရတ်စန္ဒြဒါသ ပုဂ္ဂိုလ်)ဟာ တိဗက်ဘုန်းကြီးကျောင်း စာကြည့်တိုက်တစ်ခုက သိပ်အရေးပါတဲ့ ကျမ်းစာ မူပွားအချို့ကို ယူဆောင်ခဲ့ပြီး အဲဒီစာအုပ်တွေကို အိန္ဒိယအစိုးရက တည်းဖြတ် ထုတ်ဝေဖို့ ပြင်ဆင်နေပါတယ်။



အသောကမင်းကြီးရဲ့ သားတော် သမီးတော်တွေဟာ သီဟိုဠ်မှာ ဗုဒ္ဓဝါဒကို စတင်ခဲ့ပါတယ်။ မင်းကြီး စေလွှတ်တဲ့ ရဟန်းတော်တွေဟာ အိန္ဒိယ မြောက်ပိုင်း တစ်ခုလုံး၊ အိန္ဒိယနယ်နိမိတ် အပြင်ဖက်ရှိ အိန္ဒိယ လက်အောက်ခံ နိုင်ငံခြား တိုင်းပြည် ဆယ့်လေးခု၊ ဂရိဘုရင် ငါးဦး၊ မိမိရဲ့ ဘာသာတရား သင်ပြချက်တွေကို လက်ခံဖို့ ဆက်ဆံရေး တိုးမြှင့်ခဲ့တဲ့ မဟာမိတ်တွေဆီသို့ ဗုဒ္ဓဓမ္မကို ပေးအပ်ခဲ့ကြတယ်။

၁၀၁။ အဲဒီ ဂရိငါးနိုင်ငံရဲ့ အမည်နာမကို ဖော်ပြနိုင်ပါသလား။

ဆီရီးယားဘုရင် အင်တီယောကပ်စ် (Antiochus of Syria)၊ အီဂျစ်ဘုရင် တိုလာမီ (Ptolemy of Egypt)၊ မက်ဆီဒိုနီယန်ဘုရင် အင်တီ ဂိုနပ်စ် (Antigonus of Maccedon)၊ ဆိုင်ရီးနီ(မြို့)မှ မာဂါဘုရင်များ (Margas of Cyrene)နဲ့ အင်ပိုင်းရပ်(မြို့)မှ အလက်စန္ဒာဘုရင် (Alexander of Epirus)တို့ ဖြစ်ပါတယ်။

၁၀၂။ ဒီအကြောင်းအရာကို ဘယ်က သိရပါသလဲ။

ယနေ့တိုင် တည်ရှိဆဲဖြစ်ပြီး အဲဒီနေရာတွေကို အလည်အပတ်သွားရောက်ဖို့ ရွေးချယ်သူတိုင်း တွေ့မြင်နိုင်သေးတဲ့ ကျောက်တောင်တွေ ကျောက်တိုင်တွေမှာ အသောကမင်းကြီး ကိုယ်တိုင် ရေးထွင်းထားခဲ့တဲ့ ကျောက်စာတွေဆီက သိရတာပါပဲ။

၁၀၃။ ဗုဒ္ဓဓမ္မဟာ အဘယ် အနောက်တိုင်း ဘာသာရေးဆိုင်ရာ ဘုန်းကြီးများအား အနောက်တိုင်း အတွေးအခေါ်နှင့် ရောနှောစေခဲ့သလဲ။

အီဂျစ်မှ သာရာပီယတ်(Therapeut) ဂိုဏ်း[၁] နဲ့ ပါလက်စတိုင်းရဲ့ အတွင်းပိုင်း အယူအဆတွေဆီမှာ တွေ့ရပါတယ်။

---

[၁] အီဂျစ်မှာရှိတဲ့ ဂျူးလူမျိုးတွေရဲ့ အတွေးအမြင်ကို မွေးစားထားတဲ့ အလက်စန္ဒြီယားမြို့တော်မှ ဘုန်းကြီးကျောင်းဆန်ဆန် အုပ်စု (ဘာသာပြန်သူ)။

www.kelasa.org

www.kelasa.org



၁၀၄။ ဗုဒ္ဓဝါဒကျမ်းဂန်တွေကို ဘယ်အချိန်က တရုတ်ပြည်ကို ယူဆောင်သွားခဲ့ပါသလဲ။

အစောဆုံး ဘီစီ နှစ်ရာစု သို့မဟုတ် သုံးရာစု အချိန်က ဖြစ်ပါတယ်။ ပါဠိကျမ်းဂန်း နှစ်ခုဖြစ်တဲ့ သမန္တပါသာဒိကာ (ဝိနယအဋ္ဌကထာ)နဲ့ သာရတ္ထဒီပနီဋီကာ (ယင်းအဋ္ဌကထာရဲ့ အဖွင့်) ကျမ်းတွေမှာ ဓမ္မာသောကမင်းရဲ့ သာသနာပြုရဟန်းတော် ငါးပါးကို တရုတ်နိုင်ငံရဲ့ ဒေသကြီး ငါးခုသို့ စေလွှတ်ခဲ့ကြောင်း[၁] ပြဆိုပါတယ်။

၁၀၅။ ဗုဒ္ဓဝါဒ ကိုရီးယားကို ဘယ်တုန်းက ရောက်သွားတာလဲ။

အေဒီ ၃၇၂ ခန့်မှာ တရုတ်ပြည်က တစ်ဆင့် ရောက်သွားခဲ့တယ်။

၁၀၆။ ဂျပန်ကိုကော ဘယ်အချိန်က ရောက်ရှိသွားခဲ့ပါသလဲ။

အေဒီ ၅၅၂ မှာ ကိုရီးယားမှတစ်ဆင့် ရောက်သွားခဲ့တယ်။

၁၀၇။ ကိုချင်ချိုင်းနား၊ ဖော်မိုဆာ၊ ဂျာဗား၊ မွန်ဂိုလီးယား၊ ယောကန် (Yorkand or Yarkand, China)၊ ဖော်လ်ကာ (Balk)၊ ဗိုခရာ (Bokhara)၊ အာဖဂန်နစ္စတန်နဲ့ အခြား အာရှအလယ်ပိုင်း ဒေသတွေဆီကိုကော ဘယ်တုန်းက ဗုဒ္ဓဝါဒ ပြန့်နှံ့သွားခဲ့ပါသလဲ။

အေဒီ လေးရာစု၊ ငါးရာစုမှာ ရောက်ရှိခဲ့တာ ထင်ရှားပါတယ်။

၁၀၈။ သီဟိုဠ်ကတစ်ဆင့် ဘယ်ဒေသကို ဘယ်တုန်းက ဗုဒ္ဓဝါဒ ရောက်ရှိခဲ့ပါသလဲ။

---

[၁] ဝိနယအဋ္ဌကထာမှာ ဟိမဝန္တာဒေသကို မဇ္ဈိမထေရ်၊ ကဿပဂေါတ္တထေရ်၊ အဋ္ဌကဒေဝထေရ်၊ ဒုန္ဒုဿရထေရ်၊ မဟာဒေဝထေရ် ပေါင်း ငါးပါး ကြွတော်မူကြောင်း ပြဆိုတာကို ရည်ရွယ်ပုံရတယ် (ဘာသာပြန်သူ)။



အေဒီ ၄၆၀ မှာ မြန်မာနိုင်ငံကို ရောက်သွားပြီး အဲဒီကတစ်ဆင့် တဖြည်းဖြည်း ရခိုင်၊ ကမ္ဘောဇနဲ့ ပဲခူးဒေသတွေဆီကို ရောက်သွားခဲ့တယ်။ အေဒီ ခုနစ်ရာစု (၆၃၈ အေဒီ)မှာ ရှမ်းနိုင်ငံ (ယိုးဒယား)ကို ပြန့်နှံ့သွားခဲ့ပြီး ယခု အဲဒီ အချိန်ကစပြီး အဲဒီဒေသမှာ ဗုဒ္ဓဝါဒဟာ ယနေ့ထိ အမြဲတမ်း နိုင်ငံတော်ဘာသာ ဖြစ်နေပါတယ်။

၁၀၉။ ကက်ရှ်မီးယား (ကသ္မီရ)ဒေသကနေ တရုတ်မှတစ်ပါး အခြား ဘယ်ဒေသတွေဆီကို ဗုဒ္ဓဝါဒ ပြန့်နှံ့ခဲ့ပါသလဲ။

နီပေါနဲ့ တိဗက်ကို ပြန့်နှံ့သွားခဲ့တယ်။

၁၁၀။ တစ်ချိန်တစ်ခါက အိန္ဒိယနိုင်ငံတစ်လွှား လွှမ်းမိုးခဲ့တဲ့ ဗုဒ္ဓဝါဒဟာ ယနေ့ခေတ်မှာ ဘာဖြစ်လို့ လုံးဝနီးပါး မတည်ရှိရတော့တာလဲ။

အစပိုင်းမှာ ဗုဒ္ဓဝါဒဟာ ရှင်တော်ဗုဒ္ဓရဲ့ ဟောကြားတော်မူတဲ့ အတိုင်း စင်ကြယ် သန့်ရှင်းပါတယ်။ သံဃာတော်တွေဟာ ကိုယ်ကျင့်တရားကောင်းပြီး ဝိနည်းစည်းကမ်းတွေကို လိုက်နာ စောင့်သုံးကြတယ်။ သံဃာတော်တွေဟာ နံနက်ခင်း လင်းရောင်ခြည်ဟာ ပန်းပွင့်တွေကို လန်းဆန်းစေသလို လူအားလုံးရဲ့ ကြည်ညိုမှု ရရှိခဲ့ကြပြီး နိုင်ငံများစွာက လူတွေဆီကို နှစ်သက်မှုကို ဖြန့်ဝေနိုင်ခဲ့ကြတယ်။ ဒါပေမယ့် ရာစုနှစ် အနည်းငယ် လွန်ပြီးနောက် ယုတ်မာသူတွေ ရဟန်းအဖြစ်ကို ရရှိသွားကြရာကနေ ချမ်းသာလာပြီး ပျင်းရိရုံမက ကာမအာရုံတွေကို နှစ်သက်လာကြတယ်။ ဗုဒ္ဓဓမ္မဟာ လာဘ်ယူ ခြစားခြင်းခံရပြီး အိန္ဒိယနိုင်ငံဟာ ဗုဒ္ဓဝါဒကို စွန့်ခွာခဲ့ကြတယ်။

၁၁၁။ အေဒီ ကိုးရာစု သို့မဟုတ် ဆယ်ရာစုလောက်မှာ ဗုဒ္ဓဝါဒ မြန်မြန်ကျဆင်းအောင် တစ်ခုခု ဖြစ်ပျက်ခဲ့ပါသလား။

ဖြစ်ပျက်ခဲ့ပါတယ်။

www.kelasa.org

www.kelasa.org

## အခန်း ၅
## ဗုဒ္ဓဝါဒနှင့် သိပ္ပံပညာ

၁၂၃။ ဗုဒ္ဓဝါဒမှာ သိပ္ပံနည်းကျတဲ့ ဘာသာတရားလို့ ယူဆဖို့၊ သို့မဟုတ် (ယင်းသို့) ထုတ်ဖော်ခံရတဲ့ ဘာသာတစ်ခုအဖြစ် အဆင့်တန်း သတ်မှတ်ဖို့ အခွင့်အလမ်း ရှိပါသလား။

အဓိကအနေနဲ့ ပြောရရင် ဘုရားသခင် ချမှတ်တဲ့ ဘာသာတရား မဟုတ်ပါဘူး။ ဗုဒ္ဓရှင်တော်က အဲဒီလို မဟောကြားပါဘူး၊ နားမှုလည်း မရှိပါဘူး။ အဲဒါနဲ့ ပြောင်းပြန်ပြောရရင် ဗုဒ္ဓရှင်တော်ဟာ ဘာသာတရား ဆိုတာကို ထာဝရသစ္စာအနေနဲ့ ထုတ်ဖော်ခဲ့ပါတယ်။ အဲဒီ သစ္စာတရားကိုပဲ ရှင်တော်မြတ်ရဲ့ တပည့်တွေက ဟောကြားကြပါတယ်။

၁၂၄။ တစ်စုံတစ်ယောက်ရဲ့ ယုတ္တိနဲ့ အတွေ့အကြုံအရ လက်တွေ့ ခံစားနိုင်ခြင်းမရှိဘဲ ထုဖော် ဟောကြားသူ တစ်ယောက်ကို မယုံကြည်ဖို့ ရှင်တော်ဗုဒ္ဓ ဟောကြားတဲ့ သုတ္တန်ရဲ့ အမည်ကို နောက်တစ်ကြိမ် ပြောပြပါလား။

အင်္ဂုတ္တရနိကာယ်မှာ လာတဲ့ ကာလာမသုတ်တော် ဖြစ်ပါတယ်။

၁၂၅။ အရာခပ်သိမ်းကို ဘုရားသခင်ပဲ ဖန်ဆင်းတယ်ဆိုတဲ့ သီအိုရီကို ဗုဒ္ဓဝါဒက လက်ခံပါသလား။

ရှင်တော်ဗုဒ္ဓက အာကာသနဲ့ နိဗ္ဗာန်ဆိုတဲ့ အရာနှစ်မျိုးဟာ အကြောင်း မရှိဘူးလို့ ဟောကြားပါတယ်။ အရာခပ်သိမ်းဟာ ပါဝင်နေတဲ့ လှုပ်ရှားနိယာမအရ အာကာသက ပေါက်ဖွားလာခဲ့တာ ဖြစ်ဖြစ်ပြီး တည်ရှိမှု တစ်ခုပြီးနောက်မှာ ပျက်သွားပါတယ်။ အရာခပ်သိမ်းဟာ အကြောင်းမဲ့ ဖြစ်ပေါ်လာသည် မဟုတ်။ ကျွန်ုပ်တို့က တန်ဖိုးကို မယုံပါ



၁၁၆။ ဘယ်နိုင်ငံမှာ ရှေးဟောင်း ဗုဒ္ဓဝါဒကျမ်းစာတွေကို အစစ်မှန်ဆုံးနဲ့ ပျက်ယွင်းမှု အနည်းဆုံး ဖြစ်အောင် ထိန်းသိမ်းထားတယ်လို့ ယုံကြည်ရလောက်တဲ့ အကြောင်းတရားကို တွေ့ရှိနိုင်ပါသလဲ။

သီဟိုဠ်မှာပါ။ ဖြိတိသျှစွယ်စုံကျမ်းအရ ဒီသီဟိုဠ်ကျွန်းမှာ ထူးခြားတဲ့အကြောင်း တရားတွေကြောင့် 'ဗုဒ္ဓဝါဒဟာ ယနေ့ခေတ် တိုင်အောင် အားလုံးနီးပါး ယခင်အတိုင်း စင်ကြယ်စွာ ရှိနေတယ်'လို့ သိရတယ်။

၁၁၇။ ယနေ့ခေတ်မှာ တိပိဋကက ပါဠိတော်တွေရဲ့ ပြန်လည် တည်းဖြတ်သုတ်သင်ထားတဲ့ စာမူတွေ ရှိပါသလား။

ရှိပါတယ်။ အေဒီ ၁၈၇၅ သီဟိုဠ်မှာ ဘိက္ခု သုမင်္ဂလမထေရ် ဦးဆောင်တဲ့ ပိဋကတ် တတ်ကျွမ်းတဲ့ ရဟန်းတော်တွေ စည်းဝေးပြီး ဝိနယပိဋကကို ပြန်လည် သုတ်သင် တည်းဖြတ်မှုကို အထူးဂရုတစိုက် ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။

၁၁၈။ တောင်ပိုင်းနဲ့ မြောက်ပိုင်း ဗုဒ္ဓဘာသာနိုင်ငံတွေအကြား ဗုဒ္ဓဝါဒကို စိတ်ဝင်တစားနဲ့ ရင်းနှီးစွာ အပြန်အလှန် ဆက်ဆံမှုတွေ ရှိပါသလား။

အေဒီ ၁၈၉၁ မှာ အုပ်စု နှစ်ခုလုံးက အသိအမှတ်ပြု သင်ကြားတဲ့ ဗုဒ္ဓဝါဒ အခြေခံယုံကြည်မှုတွေကို ခြုံငုံပြီး အဆို ၁၄ ချက်ကို လက်ခံ သဘောတူညီချက်ရဖို့ အဲဒီအုပ်စုကြီး နှစ်စုရဲ့ ခေါင်းဆောင် ပဓာနနာယကမထေရ်တွေ စည်းဝေးဖို့ အောင်မြင်တဲ့ ကြိုးပမ်းမှုတစ်ရပ် ရှိခဲ့တယ်။ ဗိုလ်မှူးကြီး အိုလ်ကော့တ် အကြမ်း ရေးပေးလိုက်တဲ့ အဲဒီ မူကြမ်းကို ဂရုတစိုက် မြန်မာ၊ သီဟိုဠ်နဲ့ ဂျပန်ဘာသာ ပြန်ခဲ့ပြီး တစ်ခုပြီး တစ်ခု ဆွေးနွေးခဲ့ကြတယ်။ ကွဲလွဲချက်မရှိဘဲ လုံးဝ သဘောတူ လက်ခံခဲ့ကြပြီး ခေါင်းဆောင် ရဟန်းတွေ လက်မှတ်ထိုးခဲ့ကြပြီး ၁၈၉၂ ခုနှစ်၊ ဇန်နဝါရီ လမှာ ပုံနှိပ် ထုတ်ဝေခဲ့ပါတယ်။

၁၁၉။ အဲဒီလို လုပ်တော့ ဘယ်လို အကျိုးရပါသလဲ။

www.kelasa.org

www.kelasa.org



ယနေ့ တည်ရှိနေတဲ့ ကောင်းမွန်တဲ့ နားလည်မှုကြောင့် ဂျပန်ရဟန်းတော်နဲ့ သာမဏေ အများအပြားကို ပါဠိနဲ့ သက္ကတကို သင်ယူရန် သီဟိုဠ်နဲ့ အိန္ဒိယကို စေလွှတ်ခဲ့ပါတယ်။

၃၂၀။ ဗုဒ္ဓဘာသာ မဟုတ်တဲ့ နိုင်ငံတွေ[၁] မှာ ဗုဒ္ဓဓမ္မပြန့်ပွားနေတဲ့ လက္ခဏာကောင်းတွေ တွေ့ရသလား။

တွေ့ရပါတယ်။ ကျွန်ုပ်တို့ရဲ့ အဖိုးတန်ကျမ်းစာ ဘာသာပြန်တွေ ရှိနေပါတယ်။ များစွာသော ပြန်လှန်သုံးသပ်တဲ့ ဆောင်းပါး စာတမ်းတွေ၊ မဂ္ဂဇင်းတွေနဲ့ သတင်းစာတွေကို ပုံနှိပ်ထုတ်ဝေထားပြီး ဖြစ်ပါတယ်။ ပြီးတော့ ထင်ရှား ကျော်ကြားတဲ့ ကျမ်းပြုပုဂ္ဂိုလ်တွေ ရေးသားတဲ့ အလွန် ကောင်းမွန်တဲ့ မူရင်းကျမ်းဂန်တွေ ပုံနှိပ်စာအဖြစ်သို့ ရောက်ရှိနေပါပြီ။ ဒ့ါအပြင် အနောက်နိုင်ငံတွေမှာ ဗုဒ္ဓဝါဒီရော၊ ဗုဒ္ဓဝါဒီ မဟုတ်သူတွေပါ ဗုဒ္ဓဘာသာ အကြောင်းကို ဟောပြောပို့ချပြီး ကျယ်ကျယ်ပြန့်ပြန့် လူသိရှင်ကြား ဖော်ထုတ်နေကြပါတယ်။ ဂျပန် ရှင်ရှု (Shin Shu) ဗုဒ္ဓဝါဒ ဂိုဏ်းဝင်တွေ ဟိုနိုလူလူ၊ ဆန်ဖရန်စစ္စကို၊ ဆက္ကရာမန်တို (မြို့)နဲ့ အခြား အမေရိက နေရာတွေမှာ သာသနာပြုဌာနတွေ ဖွင့်လှစ်နေပါပြီ။

၃၂၁။ အရေးပါတဲ့ အဘယ် ဗုဒ္ဓဝါဒအတွေးအခေါ် နှစ်ရပ်က အနောက်တိုင်းသားတွေရဲ့ စိတ်ကို အဓိက ဆုပ်ကိုင်ထားပါသလဲ။

ကံ (ကမ္မ)နဲ့ နိက္ခမ္မ (စွန့်လွှတ်ခြင်း) ဖြစ်ပါတယ်။ ၎င်း (အနောက်တိုင်းသား)တို့ရဲ့ လက်ခံယုံကြည်မှု မြန်ဆန်ခြင်းက အံ့သြစရာပါပဲ။

၃၂၂။ ဒီအကြောင်း ရှင်းလင်းချက်ကို ဘယ်လို ယုံကြည်ရမလဲ။

အဲဒီ တရားတွေရဲ့ သဘာဝအရ မျှတမှု တည်ရှိနေခြင်း၊ ကြောင်းကျိုးဆီလျော်မှု ထင်ရှားခြင်းတွေ ရှိနေလို့ပါပဲ။

---

[၁] နောက်ဆက်တွဲကို ရှုပါ။

---

www.kelasa.org

www.kelasa.org



၃၃၉။ ဗုဒ္ဓရဲ့ ခန္ဓာကိုယ်မှ အဲဒီလို ကြီးမြတ်တဲ့ တောက်ပတဲ့ ရောင်ခြည်အကြောင်းကို အခြားဘယ်မှာ ဖတ်ရှုရပါသလဲ။

ဇာတကအဋ္ဌကထာ နိဒါနကထာမှာလာတဲ့ သုမေဓနဲ့ ဒီပင်္ကရဗုဒ္ဓတို့အကြောင်း ဝတ္ထု၊ သို့မဟုတ် ဂေါတမဗုဒ္ဓ လောင်းလျာရဲ့ တောထွက်ခြင်း အကြောင်းတွေမှာ ဖတ်ရှုရပါတယ်။

၃၄၀။ အဲဒီမှာ ဘယ်လို ဖော်ပြပါသလဲ။

တစ်လံမျှလောက်သော ရောင်ခြည်လို့ ဖော်ပြပါတယ်။

၃၄၁။ ဟိန္ဒူတွေက အဲဒါကို ဘယ်လို ခေါ်ပါသလဲ။

ဟိန္ဒူတွေက ပြာကာသျှလို့ခေါ်ပြီး အဓိပ္ပာယ်က ရောင်ခြည်ပါပဲ။

၃၄၂။ အဲဒီ ရောင်ခြည်ကို ဥရောပတိုက်သားတွေက ယခုအခါ ဘယ်လိုခေါ်ပါသလဲ။

လူသားရဲ့ ရောင်ခြည် (human aura) လို့ ခေါ်ပါတယ်။

၃၄၃။ အဘယ် သိပ္ပံပညာရှင်ကြီးက အဲဒီ လူသားရဲ့ အလင်းရောင်တည်ရှိမှုအကြောင်းကို အထူးဂရုစိုက် သုတေသနလုပ်ခဲ့တဲ့ အတွေ့အကြုံနဲ့ သက်သေပြခဲ့ပါသလဲ။

ဗာရန် ဘွန် ရိုင်ချင်ဗက်ချ် (Baron Von Reichenbach) ပါ။ သူ့ရဲ့ အတွေ့အကြုံတွေကို ၁၈၄၄–၄၅ ခုနှစ်မှာပုံနှိပ်ထုတ်ဝေခဲ့တဲ့ သုတေသနစာတမ်းတွေမှာ အပြည့်အစုံ ဖော်ပြထားပါတယ်။ ပဲရစ်မြို့က ဒေါက်တာ ဗာရာဒု(က်) (Dr. Baraduc) က အဲဒီအလင်းရောင်ကို သိပ်မကြာခင်က ဓာတ်ပုံရိုက်ခဲ့ပါတယ်။

၃၄၄။ အဲဒီ တောက်ပြောင်တဲ့ အလင်းရောင်ဟာ တန်းခိုးကြောင့် ဖြစ်တာလား သဘာဝအရ ရှိနေတာလား။



ဘူး။ ဒါကြောင့် ဖန်းဆင်းမှုဆိုတာကို လက်မခံပါဘူး။ ပြီးတော့ အကြောင်းမဲ့ တစ်ခုခုကို ဖန်ဆင်းတယ်ဆိုတာကို မယုံကြည်ပါဘူး။ ဘယ်အရာမှ ထာဝရ မတည်တံ့ပါဘူး။ အရာခပ်သိမ်းဟာ အဆက် မပြတ်တဲ့ ဖြစ်စဉ်အတွင်း ပြောင်းလဲပြီး ပြန်ဖြစ်၊ ဆင့်ကဲပြောင်းလဲမှု ဖြစ်စဉ် နိယာမ အရ အဲဒီလိုပဲ ဆက်ဖြစ်နေပါတယ်။

၃၂၆။ ဗုဒ္ဓဝါဒဟာ ပညာသင်ကြားမှုကို ဆန့်ကျင်ပြီး သိပ္ပံအတတ်ပညာကို သင်ကြားမှုကို တားမြစ်ပါသလား။

မတားမြစ်ပါဘူး။ ရှင်တော်ဗုဒ္ဓ ဟောကြားတဲ့ သိင်္ဂါလောဝါဒသုတ်မှာ ဆရာတစ်ယောက်ဟာ မိမိတပည့်တွေကို သိပ္ပံနဲ့ ဝိဇ္ဇာအတတ်ပညာကို သင်ပေးတာကို တာဝန်တစ်ရပ်အနေနဲ့ အထူးပြု ဟောကြားခဲ့ပါတယ်။ ဗုဒ္ဓရဲ့ အဆင့်မြင့် ဟောကြားမှုတွေက မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရရှိဖို့နဲ့၊ ဆင်ခြင် တွေးတောခြင်းအတွက် ဖြစ်ပါတယ်။

၃၂၇။ ဗုဒ္ဓဝါဒနဲ့ သိပ္ပံပညာ သဟဇာတဖြစ်မှုအတွက် နောက်ထပ် သာဓက ပြနိုင်ပါသလား။

လူသားမျိုးနွယ်ရဲ့ ဗီဇတွေနဲ့ လူတွေအကြား ခြားနားမှုရဲ့ အခြေခံတွေ၊ ပုဂ္ဂိုလ်အချို့ဟာ အခြားသူတွေထက် မဂ်ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို အလျင်အမြန် ဆိုက်ရောက်ဖို့ စွမ်းရည်ပိုရှိကြောင်းတွေကို ရှင်တော်ဗုဒ္ဓရဲ့ တရားတွေမှာ သင်ကြားပါတယ်။

၃၂၈။ ကျန်ရှိပါသေးသလား။

ဗုဒ္ဓဝါဒဟာ (ကံ) စွမ်းအင်ကို ဖျက်ဆီးလို့ မရနိုင်ပုံကြောင်း သင်ကြားချက်ကို ထောက်ခံတယ်။

၃၂၉။ ဗုဒ္ဓဝါဒကို သိပ္ပံအဆိုတစ်ရပ် သို့တည်းမဟုတ် ကိုယ်ကျင့်တရားဥပဒေတစ်ခုလို့ ခေါ်သင့်ပါသလား။

www.kelasa.org

www.kelasa.org



သင့်တင့်စွာ ဆိုရရင် သန့်ရှင်းတဲ့ ကိုယ်ကျင့်တရားရေးရာ ဒဿန၊ ကိုယ်ကျင့်တရားနဲ့ သာလွန်ထူးကဲတဲ့ စိတ်ပိုင်းဆိုင်ရာ နည်းစနစ် ဖြစ်ပါတယ်။ မာလုကျ (အမည်ရှိသူ)က အရာဝတ္ထုတွေရဲ့ မူလဘူတကို မေးမြန်းတဲ့အခါ ရှင်တော်ဗုဒ္ဓဟာ ဆိတ်ဆိတ် နေတော်မူတဲ့အထိ လက်တွေ့ကျတာတော့ သိပ်ထင်ရှားတယ်။

၃၃၀။ ဗုဒ္ဓက ဘာလို့ မဖြေဘဲ နေခဲ့တာလဲ။

ဘာကြောင့်ဆို ရှင်ဗုဒ္ဓက ငါတို့ရဲ့ အဓိက ရည်ရွယ်ချက်က ကျွန်ုပ်တို့ ပတ်ဝန်းကျင်မှာရှိတဲ့ အရာတွေကို အရှိအတိုင်း တည်ရှိနေတာကို သိမြင်ဖို့၊ ပိုမို ကောင်းအောင် ပြုပြင်ဖို့နဲ့ ကြံစည်တွေးခေါ်ရုံနဲ့ အချိန်ဖြုန်း မနေဖို့ ဟောကြားလို့ပါ။

၃၃၁။ ရုံဖန်ရံခါ ယုတ်မာ ဆိုးသွမ်းတဲ့ မိဘတွေဆီက အလွန်တော်ပြီး ပညာရှိတဲ့ သားသမီးတွေ မွေးဖွားခြင်းနဲ့ အလွန်ကောင်းတဲ့ မိဘတွေဆီက သားဆိုး သမီးဆိုးတွေ မွေးဖွားတာနဲ့ ပတ်သက်ပြီး ဗုဒ္ဓဝါဒက ဘယ်လို အကြောင်းပြပါသလဲ။

အဲဒါက သားသမီးတွေနဲ့ မိဘတွေရဲ့ ကိုယ်ပိုင်ကံရဲ့ အကျိုးဆက်ကြောင့်ပါပဲ။ အဲဒီ အကြောင့် ပုံမှန်မဟုတ်တဲ့ ဆက်ဆံ ပတ်သက်မှုတွေကို ဒီမျက် မှောက်ဘဝမှာ တွေ့ရနိုင်တယ်။

၃၃၂။ ဗုဒ္ဓရဲ့ ခန္ဓာကိုယ်က အရောင်အလင်း ထွက်တာနဲ့ ပတ်သက်ပြီး တစ်ခုခု ဆိုထားပါသလား။

ဆိုထားပါတယ်။ ရှင်တော်ဗုဒ္ဓရဲ့ တန်ခိုးအာနုဘော်ကြောင့် ခန္ဓာကိုယ်က ရောင်ခြည်တွေ ထွက်ပါတယ်။

၃၃၃။ ပါဠိလို ဘယ်လို ခေါ်ပါသလဲ။

ဗုဒ္ဓရံသီ (ဗုဒ္ဓရဲ့ ရောင်ခြည်)လို့ ခေါ်ပါတယ်။



၃၃၄။ အရောင်ဘယ်နှစ်မျိုး တွေ့ရပါသလဲ။

ခြောက်မျိုး တွေ့ရပါတယ်။

၃၃၅။ ခြောက်မျိုးက ဘာတွေပါလဲ။

နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ၊ မဉ္ဇိဋ္ဌ၊ ပဘဿရ ဖြစ်ပါတယ်။

၃၃၆။ အခြားလူတွေကော အဲဒီလို လင်းရောင်တွေ ထုတ်လွှင့်ပါသလား။

ထုတ်လွှင့်ပါတယ်။ ရဟန္တာတွေပေါ့။ အမှန်က အဲဒီအလင်းရောင်ဟာ လူတစ်ယောက်ရဲ့ စိတ်ပိုင်းဘဝ တိုးတက်မှုအလိုက် ပိုမိုအားကောင်းပြီး တောက်ပြောင်ပါတယ်။

၃၃၇။ အဲဒီ အရောင်ခြောက်မျိုးကို ကိုယ်စားပြုထားတာကို ယနေ့ခေတ် ဘယ်မှာ တွေ့ဖူးပါသလဲ။

ဘုန်းကြီးကျောင်းတိုင်းမှာ တွေ့ရတဲ့ ရှင်တော်ဗုဒ္ဓရဲ့ ပန်းချီကား ပုံတွေမှာ တွေ့ရပါတယ်။ ပြီးတော့ ဗုဒ္ဓသာသနာ့အလံတော်ရဲ့ အရောင်လှိုင်းတွေမှာလည်း တွေ့တယ်။ ပထမဆုံး သီရိလင်္ကာမှာ ပြုလုပ်ခဲ့ပေမယ့် ယခုတော့ ကမ္ဘာတစ်လွှားက ဗုဒ္ဓဘာသာ နိုင်ငံတွေမှာ အဲဒီလံကို အသုံးပြုနေကြပါတယ်။

၃၃၈။ ဗုဒ္ဓက ဘယ်သုတ္တန်မှာ အရှင်မြတ်ရဲ့ ခန္ဓာကိုယ်ရောင် အကြောင်းကို ကိုယ်တိုင် ဟောကြားတော်မူထားပါသလဲ။

မဟာပရိနိဗ္ဗာနသုတ်တော်မှာ ညီတော် အာနန္ဒာက ရှင်တော်မြတ်ရဲ့ ခန္ဓာကိုယ်မှ ကြီးမားခမ်းနားတဲ့ တောက်ပြောင်မှုကို သတိပြုမိတဲ့အခါမှာ ရှင်တော်ဗုဒ္ဓက အထူးအချိန်အခါ နှစ်မျိုးမှာ အဲဒီ လွန်ကဲထူးခြားတဲ့ တောက်ပမှုကို တွေ့ရကြောင်း ဟောကြားပါတယ်။ အဲဒါက (က) ဗုဒ္ဓရှင်တော်မြတ် သဗ္ဗညုတဉာဏ်ကို ရတော်မူတဲ့အချိန်၊ ပြီးတော့ (ခ) ရှင်တော်ဗုဒ္ဓ နောက်ဆုံး ပရိနိဗ္ဗာန်စံတော်မူတဲ့အချိန်တို့ ဖြစ်ပါတယ်။

www.kelasa.org

www.kelasa.org



သိပ်ထင်ရှားတာပေါ့။ ဒါကို စိတ်ညှို့ပညာ၊ အိပ်မွေ့ချပညာကို သင်ယူနေသူတွေ ကောင်းကောင်း နားလည်ပါတယ်။

၃၅၉။ ကျွန်တော်တို့ရဲ့ ခေတ်သစ် သိပ္ပံနည်းကျတဲ့ ယုံကြည်မှုက ဘယ်လို နေရာမှာ ဗုဒ္ဓဝါဒက သင်ကြားတဲ့ ကမ္မသီအိုရီကို ထောက်ခံပါသလဲ။

ခေတ်သစ် သိပ္ပံပညာရှင်တွေက 'လူတွေရဲ့ မျိုးဆက်တိုင်းဟာ ယခင်မျိုးဆက်ရဲ့ အလုပ်ကောင်း အလုပ်ဆိုးတွေရဲ့ အကျိုးဆက်တွေကို ဆက်ခံရတယ်၊ အဲဒီလိုဖြစ်တာဟာ အများစုမှာ မဟုတ်ဘဲ ပုဂ္ဂိုလ် တစ်ဦး တစ်ယောက်စီမှာ ဖြစ်တယ်'လို့ ဆိုတယ်။ ဗုဒ္ဓဝါဒအရ ကျွန်ုပ်တို့ လူသားတိုင်းဟာ ယခင်ဘဝက ကိုယ်တိုင် လုပ်ဆောင်ခဲ့တဲ့ အကြောင်းတရားက ပေးအပ်တဲ့ ဘဝတစ်ခုကို ရကြတာပါ။ ဒါကတော့ ကမ္မ အယူအဆပါပဲ။

၃၆၀။ ဝါသေဋ္ဌသုတ်မှာ သဘာဝ ကြောင်းကျိုး ဖြစ်ပုံအကြောင်းကို ဘယ်လို ဟောကြားထားပါသလဲ။

အဲဒီ သုတ်မှာ 'လောကဟာ အကြောင်းကြောင့် ဖြစ်တည်တယ်၊ အရာအားလုံး အကြောင်းကြောင့် တည်ရှိနေရတယ်၊ သတ္တဝါအားလုံးဟာ အကြောင်းတရားရဲ့ တုပ်နှောင်ထားတာကို ခံရတယ်'လို့ ဟောတော်မူပါတယ်။

၃၆၁။ ကျွန်ုပ်တို့ရဲ့ ကမ္ဘာမြေ၊ နေ၊ လ၊ ကြယ်တာရာ၊ အရာဝတ္ထု၊ သစ်သီးသစ်ရွက်၊ တိရိစ္ဆာန်၊ လူသားလောကလို့ဆိုတဲ့ မြင်နေရတဲ့ စကြဝဠာရဲ့ ထာဝရတည်မြဲမှုကို ဗုဒ္ဓဝါဒက သင်ကြားပါသလား။

မသင်ကြားပါဘူး။ သက်ရှိသက်မဲ့ အားလုံးဟာ အမြဲမပြတ် ပြောင်းလဲနေပြီး၊ အချိန်တန်ရင် အားလုံး ပျောက်ကွယ်ရမယ်လို့ သင်ကြားပါတယ်။



သဘာဝအရ ရှိနေတာပါ။ လူသားတွေသာမက တိရိစ္ဆာန်တွေ၊ သစ်ပင်တွေ၊ ဟင်းရွက်ပင်တွေအပြင် ကျောက်တုံးတွေမှာတောင် ရှိတယ်ဆိုတာကို သက်သေပြပြီး ဖြစ်ပါတယ်။

၃၄၅။ ဗုဒ္ဓ သို့မဟုတ် ရဟန္တာတွေ ရောင်ခြည်ထွက်ရာမှာ ဘယ်လို အဆန်းတကြယ် ဖြစ်တာပါလဲ။

အခြား သက်ရှိတွေ အရာဝတ္ထုတွေရဲ့ အလင်းရောင်တွေထက် များစွာ တောက်ပ ရှည်လျားပါတယ်။ ဒါက ဣဒ္ဓိလို့ခေါ်တဲ့ တန်ခိုးစွမ်းရည် အဆင့်မြင့် တိုးတက်မှုရဲ့ ရလာဒ်ပါပဲ။ ရှင်တော်ဗုဒ္ဓရဲ့ ဓာတ်တော်တွေကို ဌာပနာ ထည့်သွင်းထားတယ်လို့ ဆိုတဲ့ သီဟိုဠ်က စေတီတော်တွေက ထွက်တဲ့ ရောင်ခြည်တွေကိုလည်း တွေ့မြင်ရပါတယ်။

၃၄၆။ ဗုဒ္ဓဝါဒီနဲ့ ဟိန္ဒူဘာသာဝင်တွေမှတစ်ပါး အခြားဘာသာဝင် ပုဂ္ဂိုလ်တွေကော အဲဒီ ရောင်ခြည်ကို ယုံကြည်ကြပါသလား။

ယုံကြည်ကြပါတယ်။ ခရစ်ယန်ဘာသာဝင်တွေရဲ့ အနုပညာ လက်ရာတွေ အားလုံးမှာ အဲဒီ အလင်းရောင်ကို ၎င်းတို့ တမန်တော်တွေရဲ့ ကိုယ်ခန္ဓာပတ်လည်မှာ တင်စားထားပါတယ်။ ဒါကြောင့် အခြားဘာသာတွေမှာလည်း အဲဒီ ယုံကြည်ချက်တွေ ရှိတာကို တွေ့ရတယ်။

၃၄၇။ Hyonotic suggestion နဲ့ ပတ်သက်တဲ့ ခေတ်သစ် ယူဆချက်ကို ထောက်ခံတဲ့ သမိုင်းဝင် ရှောင်တခင် ဖြစ်ရပ်က ဘာပါလဲ။

ဓမ္မပဒအဋ္ဌကထာ စတဲ့ ပါဠိကျမ်းဂန်တွေမှာ ဖော်ပြတဲ့ စူဠပန္ထက မထေရ်အကြောင်း ဖြစ်ပါတယ်။

၃၄၈။ အချက်လက်တွေကို ပြောပြပါအုံး။

စူဠပန္ထကဆိုတာ ရဟန္တာဖြစ်ပြီးတဲ့ ရဟန်းတော်ပါ။ ရဟန္တာဖြစ်တဲ့ နေ့မှာပဲ ရှင်တော်ဗုဒ္ဓက သူ့ကို ခေါ်ခိုင်းလိုက်တယ်။ သွားခေါ်သူ ဘုန်း

www.kelasa.org

www.kelasa.org



ကြီးကျောင်းကို ရောက်တဲ့အခါ ရဟန်းပေါင်း သုံးရာလောက်ကို အုပ်စုလိုက် တွေ့ရတယ်။ တစ်ပါးနဲ့ တစ်ပါး ချွတ်စွပ် တူနေပြီး အချင်းချင်း အရိုအသေပြုပြီး နေကြတယ်။ ဘယ်သူက စူဠပန္ထကဖြစ်ပါသလဲလို့ မေးလျှောက်တဲ့အခါ ရဟန်းသုံးရာ လုံးရဲ့ အဖြေက ‘ကျုပ် စူဠပန္ထကပဲ’တဲ့။

၃၄၉။ အဲဒီတော့ လာပင့်သူက ဘာလုပ်သလဲ။

စိတ်ရှုပ်ထွေးသွားပြီး လာပင့်သူဟာ ပြန်လာပြီး ရှင်တော်ဗုဒ္ဓကို အဲဒီ အကြောင်းကို လျှောက်ထားတယ်။

၃၅၀။ ဗုဒ္ဓက လာပင့်သူကို ဘယ်လို မိန့်တော်မူလိုက်သလဲ။

ဘုန်းကြီးကျောင်းကို ပြန်သွားပြီး အဲဒီအတိုင်း ဖြစ်ခဲ့ရင် စူဠပန္ထကလို့ ကိုယ့်ကိုယ်ကို ပြောတဲ့ ပထမဆုံး ပုဂ္ဂိုလ်ရဲ့ လက်မောင်းကို ဖမ်းကိုင်ထားပြီး ထိုပုဂ္ဂိုလ်ကို မိမိထံ ခေါ်ဆောင်လာခဲ့ဖို့ မိန့်တော်မူပါတယ်။ ရဟန္တာဖြစ်ခါစ အရှင်မြတ် (အရှင်စူဠပန္ထကမထေရ်)က လာပင့်သူ ကျေနပ်သွားအောင် မိမိရရှိထားတဲ့ တန်ခိုးနဲ့ အရှင်မြတ်ရဲ့ အဲဒီလို ဖန်ဆင်းရုပ်သွင်တွေ ဖော်ပြမှာကို ရှင်တော်ဗုဒ္ဓ သိတော်မူထားပြီး ဖြစ်ပါတယ်။

၃၅၁။ အဲဒီလို ရုပ်သွင်တွေ ဖန်ဆင်းမှုကို ပါဠိလို ဘယ်လို ခေါ်ပါသလဲ။

မနောမယ ဣဒ္ဓိလို့ ခေါ်ပါတယ်။

၃၅၂။ ရဟန္တာပုဂ္ဂိုလ်ရဲ့ ပုံတူ ရုပ်သွင်တွေက ဘယ်က ဖြစ်လာတာလဲ။ အဲဒီ ရုပ်ပုံတွေကို အခြေခံတစ်ခုနဲ့ တည်ဆောက်ထားပြီး လာပင့်သူက အဲဒီ ဖန်ဆင်း ရုပ်သွင်တွေကို လဲအောင် လှဲနိုင်၊ ဖမ်းဆွဲနိုင်ပါသလား။

အဲဒီလို မလုပ်နိုင်ပါဘူး။ အဲဒါတွေက အရှင်မြတ်ရဲ့ စိတ်နဲ့ လေ့ကျင့် အားထုတ်ထားတဲ့ စိတ်စွမ်းရည်နဲ့ လာပင့်သူရဲ့ စိတ်ထဲမှာ မြင်ရအောင် ဖန် ဆင်းထားတာ ဖြစ်ပါတယ်။



၃၅၃။ အဲဒီလို ဖြစ်တာကို ဘာနဲ့ နှိုင်းယှဉ်ပြမလဲ။

လူတစ်ယောက်ကို မှန်မှာ တွေ့ရသလိုပါပဲ။ အဲဒီလူနဲ့ လုံးဝချွတ်စွပ်တူပေမယ့် ကိုင်တွယ်လို့ မရသလိုပါဘဲ။

၃၅၄။ လာပင့်သူရဲ့ စိတ်ထဲမှာ အဲဒီ ဖန်ဆင်း ရုပ်သွင်တွေကို မြင်ဖို့ ဘာတွေ မရှိမဖြစ် လိုအပ်ပါသလဲ။

စူဠပန္ထကဟာ မိမိရဲ့ တိကျတဲ့ သွင်ပြင်ကို မိမိစိတ်ထဲမှာ ရှင်းလင်းစွာ သိအောင် လုပ်ရမယ်၊ အဲဒီနောက် အဲဒီသွင်ပြင်ကို လာပင့်သူရဲ့ အာရုံခံ ဦးနှောက်မှာ အရှင်မြတ် ရွေးထားသလောက် များအောင် ထပ်ခါထပ်ခါ လုပ်ပါတယ်။

၃၅၅။ အဲဒီ ဖြစ်စဉ်ကို ယခေတ်လို ဘယ်လို ခေါ်ပါသလဲ။

Hypnotic suggestion (စိတ်ညှို့ခြင်း) လို့ ခေါ်ပါတယ်။

၃၅၆။ အခြား လူတစ်ယောက်လည်း အဲဒီ ဖန်ဆင်းရုပ်သွင်တွေကို မြင်နိုင်ပါသလား။

အဲဒါကတော့ ရဟန္တာ သို့မဟုတ် စိတ်ညှို့သူရဲ့ စိတ်စွမ်းရည် အပေါ်မှာ တည်ပါတယ်။

၃၅၇။ ခင်ဗျား ဘာကို ဆိုလိုပါသလဲ။

လူတစ်ယောက်အစား ငါးဆယ် သို့မဟုတ် ငါးရာရှိတယ်လို့ ယူဆပြီး ရဟန္တာပုဂ္ဂိုလ်ဟာ မိမိရဲ့ ဖန်ဆင်းမှုကို အားလုံးသူ တစ်ပုံစံတည်း မြင်ဖို့ ဆန္ဒပြုနိုင်တယ်၊ သို့မဟုတ် အကယ်၍ သူရွေးခဲ့ရင် အဲဒီ ဖန်ဆင်း ရုပ်တွေကို လာပင့်သူ တစ်ယောက်တည်းပဲ မြင်နိုင်ဖို့ ဆန္ဒပြုနိုင်တယ်။

၃၅၈။ အဲဒီ သိပ္ပံပညာ ဘာသာရပ်ကွဲတစ်ခုဟာ ကျွန်ုပ်တို့ခေတ်မှာ ထင်ရှားရှိပါသလား။

www.kelasa.org

www.kelasa.org



အင်မတန် လှပတဲ့ဝတ္ထုမှာ ရှင်တော်ဗုဒ္ဓက အဲဒါနဲ့ ပြောင်းပြန် ဟောကြားပါတယ်။ ဒါပေမယ့် လူတစ်ယောက်ဟာ သေပြီလို့ ယူဆရပေမယ့် အမှန် တကယ် မသေတဲ့ အခါမှသာလျှင် ပြန်လည် ထမြောက်ခြင်းဆိုတာမျိုး ဖြစ်နိုင်ပါတယ်။

၃၇၃။ လောကုတ္တရာ တန်းခိုးဣဒ္ဓိပါဒ်တွေ တိုးတက်မှုအတွက် အဲဒီ တိုးတက်မှု အဆင့်ဆင့်ဆိုတာနဲ့ ပတ်သက်တဲ့ အတွေးအမြင် တစ်ရပ်ကို ရှင်းပြပေးပါလား။

ရဟန္တာတွေ ရနိုင်တဲ့ ဒီဂရီခြောက်မျိုး ရှိတယ်။ အဲဒီ ခြောက်မျိုး ထက် မြင့်တဲ့အဆင့်ကိုတော့ ရှင်တော့ဗုဒ္ဓပဲ ရရှိနိုင်တယ်။

၃၇၄။ အဲဒီ ဒီဂရီ ခြောက်မျိုးကို ပြောပြပါလား။

အဲဒီ ခြောက်မျိုးကို သုံးမျိုးစီပါဝင် အုပ်စုနှစ်ခု ခွဲနိုင်တယ်။ ပထမ အုပ်စုမှာပါဝင်တဲ့ သုံးမျိုးက (၁) ပွားများ အားထုတ်ထားပြီး ဖြစ်တဲ့ ရှေ့နောက်ကို မြင်သိနိုင်ခြင်း၊ နောက်တစ်မျိုးဆိုရင် ယခင်က ရှိခဲ့တာတွေရဲ့ မူလဘူတကို ယခု သိမြင်နိုင်တဲ့ တဖြည်းဖြည်း ပွားများထားတဲ့ စွမ်းရည် (၂) တဖြည်းဖြည်း တိုးတက်လာတဲ့ အနာဂတ်ကို ကြိုတင်ဟောစွမ်းနိုင်ခြင်း (၃) ရုပ်ဝတ္ထုတွေအပေါ် တပ်မက်မှု အာသာရမ္မက်တွေ တဖြည်းဖြည်း ချုပ်ငြိမ်းသွားခြင်း။

၃၇၅။ ဒုတိယအုပ်စုမှာ ဘာတွေ ပါသလဲ။

အဲဒီ ဉာဏ်တွေ အတိုင်းပါပဲ။ ဒါပေမယ့် အကန့်အသတ်မဲ့စွာ ပွားများ အားထုတ်ထားပြီး ဖြစ်ပါတယ်။ ဒီလိုနဲ့ ရဟန္တာ အရှင်မြတ်ဟာ ပြည့်စုံ တဲ့ အတိတ်အနာဂတ်ကို မြင်တဲ့ဉာဏ်၊ ပြီးပြည့်စုံတဲ့ ကြိုသိတဲ့ ဉာဏ်တွေကို ပိုင်ဆိုင်ပြီး နောက်ဆုံးတော့ အလိုရမ္မက်နဲ့ တပ်မက်မှုကို လုံးဝ ငြိမ်းစေခဲ့ပြီး ဖြစ်ပါတယ်။



၃၆၂။ နောက်ထပ် လုံးဝ ပြန်မဖြစ်တော့ဘူးလား။

ဒီလိုလည်း မဟုတ်ပါဘူး။ အသီးသီး စုဆောင်း သိုလှောင်ထားတဲ့ ကမ္မသတ္တိရဲ့ လမ်းညွှန်မှုအရ တဖြည်းဖြည်း ပြောင်းလဲတဲ့ အခြေခံ တရားဟာ အခြားစကြဝဠာ တစ်ခုအဖြစ် အဲဒီအထဲမှာ ပါဝင်တဲ့ အရာဝတ္ထုတွေနဲ့အတူ တိုးတက် ဖြစ်ထွန်းလာပါလိမ့်မယ်။ ကျွန်ုပ်တို့ စကြဝဠာဟာ အာကာသထဲမှ တိုးတက် ဖြစ်ပေါ် လာသလိုပါပဲ။

၃၆၃။ လူသားတစ်ယောက်မှာ ‘တန်ခိုး’လို့ အများခေါ်ဝေါ်တဲ့ သဘာဝရဲ့ သွင်ပြင်တစ်ခုကို ဖြစ်စေဖို့ ကိန်းဝပ်နေတဲ့ စွမ်းရည်ဟာ သဘာဝအရ ရှိနေတယ် ဆိုတာကို ဗုဒ္ဓဝါဒက ဝန်ခံပါသလား။

ဝန်ခံပါတယ်။ ဒါလည်း သဘာဝအရ ဖြစ်တာပါ။ သဘာဝလွန် မဟုတ်ပါဘူး။ အဲဒီ (တန်ခိုး) ဆိုတာကို ဝိသုဒ္ဓိမဂ်လို ကျွန်ုပ်တို့ရဲ့ ကျမ်းမြတ်တွေမှာ ဖော်ပြထားတဲ့ နည်းစနစ်တစ်ခုခုနဲ့ တိုးတက်အောင် လုပ်ပြီး ရယူနိုင်ပါတယ်။

၃၆၄။ အဲဒီ သိပ္ပံဘာသာရပ်ကွဲကို ဘယ်လိုခေါ်ပါသလဲ။

ပါဠိဘာသာနဲ့ ဣဒ္ဓိဝိဓဉာဏ်လို့ ခေါ်ပါတယ်။

၃၆၅။ ဣဒ္ဓိဝိဓ ဘယ်နှစ်မျိုးလောက် ရှိပါသလဲ။

နှစ်မျိုး ရှိပါတယ်။ ဗာဟိရ ဣဒ္ဓိ (သာသနာ့ ပြင်ဖက်မှာ ရှိတဲ့ တန်ခိုး)။ တန်ခိုးပြနိုင်တဲ့ စွမ်းရည်ကို ရသေ့ ရဟန်းတွေရဲ့ ကျင့်စဉ်တွေ အပြင် မှုးယစ်ဆေး သုံးစွဲခြင်း၊ မန္တရတွေ ရွတ်ဖတ်ခြင်း၊ သို့မဟုတ် ပြင်ပအကူအညီတွေနဲ့လည်း ယာယီ ရရှိနိုင်တယ်။ နောက်တစ်ခုက သာသနိက ဣဒ္ဓိ။ မိမိကိုယ်ကို မိမိ ကိုယ်တွင်းမှာ တိုးတက်အောင် ပွားများ အားထုတ်မှုနဲ့ ရရှိပြီး ဖော်ပြထားတဲ့ လောကိယ ဣဒ္ဓိတွေ အားလုံးထက် သာလွန်တဲ့ စွမ်းရည် ဖြစ်ပါတယ်။

www.kelasa.org

www.kelasa.org



၃၆၆။ အဲဒီ တန်ခိုးစွမ်းရည်ကို ဘယ်လို အဆင့်အတန်းရှိတဲ့ လူတွေ ရရှိနိုင်ပါသလဲ။

ဈာန (ဈာန်)လို့ ခေါ်တဲ့ ရသေ့ရဟန်း ကျင့်စဉ်အချို့ကို လိုက်နာကျင့်သုံးသူရဲ့ အတွင်းသန္တာန်မှာ တဖြည်းဖြည်း တိုးတက်အောင် ပွားများပြီး ရရှိနိုင်ပါတယ်။

၃၆၇။ ရရှိပြီး တန်ခိုးစွမ်းရည်က ပြန်ပြီး ဆုံးရှုံးသွားနိုင်ပါသလား[၁]။

ဗာဟိရဣဒ္ဓိတွေက ဆုံးရှုံးသွားနိုင်ပါတယ်။ ဒါပေမယ့် သာသနိကတန်းခိုးတွေကတော့ ဘယ်တော့မှ မဆုံးရှုံးနိုင်ပါဘူး။ လောကုတ္တရာစွမ်းရည်ကတော့ တစ်ခါရပြီးရင် ဘယ်တော့မှ မဆုံးရှုံးတော့ပါဘူး။ ရဟန္တာပုဂ္ဂိုလ်တွေ နိဗ္ဗာန်ရဲ့ သန္တိသုခသဘာဝကို သိမြင်နိုင်တာလည်း ဒီအသိပညာပဲ ဖြစ်ပါတယ်။ ဒီပညာကို မဂ္ဂင်ရှစ်ပါးကျင့်စဉ်ကို လိုက်နာပြီး ရရှိနိုင်ပါတယ်။

၃၆၈။ ဗုဒ္ဓမှာ လောကုတ္တရာ ဣဒ္ဓိ ရှိပါသလား။

ရှင်တော်ဗုဒ္ဓမှာ ပြီးပြည့်စုံတဲ့ လောကုတ္တရာ ဣဒ္ဓိ ရှိပါတယ်။

၃၆၉။ ဗုဒ္ဓရဲ့ တပည့်သာဝကတွေကော အဲဒီ ဣဒ္ဓိမျိုး ရှိပါသလား။

ရှိတာပေါ့။ ဒါပေမယ့် အချို့ပဲရှိတယ်။ စွမ်းရည်အားလုံး မရှိဘူး။ အဲဒီ သဘာဝလွန် တန်ခိုးစွမ်းရည်ကို ရရှိကြရာမှာ ပုဂ္ဂိုလ် တစ်ဦးနဲ့

[၁] ကိလေသာကို လုံးဝ ပယ်သတ်ပြီးဖြစ်တဲ့ ရဟန္တာပုဂ္ဂိုလ်တွေမှပဲ မိမိ ရရှိထားတဲ့ မြင့်မြတ်တဲ့ တန်ခိုးစွမ်းရည်ကို အမြဲတမ်း ပိုင်ဆိုင်နိုင်ကြောင်း အရှင်သုမင်္ဂလ မဟာထေရ်က ကျွန်ုပ်ကို ရှင်းပြပါတယ်။ လူဆိုးဟာ တန်ခိုးရအောင် လုပ်နိုင်ပြီး တန်းခိုးကို မကောင်းတာမှာ အသုံးချနိုင်ပေမယ့် ခဏပဲဖြစ်ပြီး ကိလေသာ သောင်းကျန်းမှု အောက်ကို ပြန်ရောက်သွားတဲ့အပြင် ကိလေသာတွေရဲ့ သားကောင်တောင် ဖြစ်သွားနိုင်ပါတယ်။



တစ်ဦး မတူညီကြဘူး။

၃၇၀။ နမူနာလေး တစ်ခုလောက် ပေးပါလား။

ရှင်တော်ဗုဒ္ဓရဲ့ တပည့်သာဝကတွေ အားလုံးထဲမှာ အရှင်မဟာမောဂ္ဂလ္လာန် မထေရ်ဟာ သွင်ပြင်မျိုးစုံ ပြုလုပ်ဖို့ အထူးခြားဆုံး တန်ခိုးစွမ်းရည်နဲ့ ပြည့်စုံသူ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာ အရှင်အာနန္ဒာ မထေရ်ကတော့ ရှင်တော်ဗုဒ္ဓလို ပုဂ္ဂိုလ်ရဲ့ ပုဂ္ဂိုလ်ရေး အနီးစပ်ဆုံးအနေနဲ့ နှစ်ပေါင်း နှစ်ဆယ့်ငါးနှစ်တာ ရှိခဲ့ပေမယ့် မည်သည့် တန်ခိုးစွမ်းရည်မျှ မရရှိခဲ့ပါဘူး။ နောက်ပိုင်းမှာတော့ ရှင်တော်ဗုဒ္ဓ ကြိုတင် မိန့်တော်မူထားတဲ့အတိုင်း အရှင်အာနန္ဒာလည်း တန်ခိုးစွမ်းရည်ကို ရသွားပါတယ်။

၃၇၁။ လူတစ်ယောက်ဟာ အဲဒီလို တန်ခိုးတွေကို ရုတ်တရက် ရသွားတာလား၊ တဖြည်းဖြည်းနဲ့ ရတာလား။

ပုံမှန် အနေနဲ့တော့ တပည့် သာဝကတွေဟာ တဖြည်းဖြည်းနဲ့ ကိုယ့်ကိုယ်ကို တိုးတက်အောင် လုပ်ရပါတယ်။ ဘာကြောင့်ဆို တပည့်သာဝက တစ်ယောက်ဟာ တဖြည်းဖြည်း တိုးတက် တိုးတက်ပြီးတော့ ဘဝဖြစ်စဉ်အတွင်း ၎င်းရဲ့ နိမ့်ကျ သဘာဝကို ထိန်းချုပ်ရလို့ပါပဲ[၁]။

၃၇၂။ သေပြီးသူတွေကို ရှင်ပြန် ထမြောက်ဖို့ တန်ခိုးစွမ်းရည်ဟာ ဖြစ်နိုင်တယ်လို့ ဗုဒ္ဓဝါဒက ဟန်ဆောင်ထားပါသလား။

ဟန်ဆောင်မထားပါဘူး။ ကိသာဂေါတမီနဲ့ မုန်ညင်းစေ့အကြောင်း

[၁] တန်းခိုးစွမ်းရည်ကို ကိုယ်တိုင် ရှောင်တခင် ပြကြတဲ့အခါ သေချာတာကပုဂ္ဂိုလ်တိုင်း မိမိကိုယ်ကို မိမိ နောင်ဘဝ ပြန်လည် မွေးဖွားစဉ်က တိုးတက်အောင် အားထုတ်ခဲ့ပြီးပြီ။ ကျွန်ုပ်တို့အနေနဲ့ သဘာဝနိယာမထဲမှ သွေဖည်ဆန်းပြားတဲ့ ဖောက်ပြန်မှုတွေကို မယုံကြည်ပါဘူး။

www.kelasa.org

www.kelasa.org

## နောက်ဆက်တွဲ

မြောက်ပိုင်း ဗုဒ္ဓဝါဒီတွေရော တောင်ပိုင်း ဗုဒ္ဓဝါဒီတွေပါ နှစ်ဦးလုံးက အခြေခံ သင်ကြားချက် ဓမ္မတွေ အနေနဲ့ လက်ခံထားပြီးဖြစ်တဲ့ အောက်ပါ ယုံကြည်ချက် ဆယ့်လေးမျိုးဟာ ကျွန်ုပ်ကိုယ်တိုင် လူကိုတွေ့ပြီး အဲဒီ ဆယ့်လေးချက်ကို တင်ပြခဲ့တဲ့ လေးစားလောက်တဲ့ အဖွဲ့အစည်းတွေအရ ယခုအကြိမ်ရိုက်တဲ့ ဒီဗုဒ္ဓဝါဒအမေးအဖြေကျမ်းမှာ နောက်ဆက်တွဲအနေနဲ့ ထည့်သွင်းရသည်ထိ သမိုင်းအရ အလွန် အရေးကြီးပါတယ်။ ပညာရှင် ရုရှားလူမျိုး အရှေ့တိုင်းကျွမ်းကျင်သူ မင်းသား အိပ်ချ် အီး အို့ချ်တွမ်စကီ (H. E. Ouchtomsky)က ဒီကျမ်း ဘာသာပြန်စာမူကို ဖတ်ပြီးတဲ့အခါ မွန်ဂိုလီယား ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းတိုက်ကြီးတွေရဲ့ အကြီးအကဲတွေ ဖြစ်ကြတဲ့ လားမား (ဘုန်းကြီး)တွေက ၎င်းတို့အလို ဗုဒ္ဓမွေးဖွားနှစ်ကို စာမူထဲမှာ ကျွန်ုပ်တင်ပြထားတဲ့ ခုနှစ်ထက် နှစ်ပေါင်း ထောင်ကျော် ရှေးကျကြောင်း ယုံကြည်တာကလွဲလို့ တင်ပြထားတဲ့ အချက်အလက် အားလုံးကို လက်ခံကြောင်း ၎င်းအား ဖွင့်ပြောကြတယ်လို့ မကြာမီက ကျွန်ုပ်ကို ပြောပြပါတယ်။

ဒီအံ့သြဖွယ် အချက်ကို ယနေ့အချိန်ထိ ကျွန်ုပ် နားမလည်သေးပါ။ မွန်ဂိုလီယန် ရဟန်းတော်တွေဟာ သကျမုနိဗုဒ္ဓရဲ့ အဖြစ်အပျက်မှန်နဲ့ နောက်ပွင့်တော်မူမယ့် ဗုဒ္ဓနဲ့ ရောသွားတာ ဖြစ်လေမလားပါပဲ။ ဒီကိစ္စကတော့ ၎င်းတို့ ဆိုတိုင်းပဲ ရှိပါစေ။ ယခု ဗုဒ္ဓဝါဒလောက တစ်ခုလုံးအနေနဲ့ အနည်းဆုံး အဲဒီ ဆယ့်လေးချက်ကို သဘောတူပြီး စည်းလုံးညီညွတ်ကြောင်း ပြောဆိုဖို့ အင်အားအရှိဆုံးသောအချက် ဖြစ်ပါတယ်။

အိပ်ချ် အက်စ် အို



၃၇၆။ တန်ခိုး ဣဒ္ဓိပါဒ်တွေကို ရဖို့အတွက် နည်းလမ်း လေးမျိုးက ဘာတွေပါလဲ။

ရရှိလိုတဲ့ ဆန္ဒ၊ ဝီရိယ (အားထုတ်မှု)၊ စိတ်ပိုင်းဘဝ တိုးတက်မှု၊ အမှားနဲ့ အမှန်ကို ခွဲခြားပြီး သိမြင်နိုင်မှု။

၃၇၇။ ကျမ်းဂန်တွေမှာ ရဟန္တာတွေ ဖော်ပြတဲ့ တန်ခိုးပြာဋိဟာတွေ အကြောင်း ရာနဲ့ချီပြီး ဖော်ပြပါတယ်။ အဲဒီ တန်ခိုးတွေရဲ့ အမည်နာမတွေက ဘာတွေလဲ။

ဣဒ္ဓိဝိဓလို့ ခေါ်တယ်။ ဒီတန်ခိုးကို ပိုင်ဆိုင်သူဟာ သဘာဝရဲ့ ဖိအားကို ကျော်လွန်ပြီး အခြား နှစ်သက်ဖွယ် ပုံစံအမျိုးမျိုးကို ဖြစ်စေနိုင်တယ်။ အဓိပ္ပာယ်က သူရွေးချယ်တဲ့ သိပ္ပံနည်းကျ အတွေ့အကြုံကို ဖန်တီးပြနိုင်ပါတယ်။

၃၇၈။ ဗုဒ္ဓက အဲဒီလို တန်ခိုးပြာဋိဟာကို ဖန်ဆင်းပြတာမျိုးကို အားပေးခဲ့ပါသလား။

မပေးပါဘူး။ သက်ဆိုင်ရာ စည်းမျဉ်း စည်းကမ်းတွေကို ကောင်းကောင်း မသိသေးသူတွေရဲ့ စိတ်ထဲမှာ ရှုပ်ထွေးမှုကို တည်ဆောက်ဖို့ ဦးတည်သွားစေတဲ့အတွက် ရှင်တော်ဗုဒ္ဓက အဲဒါ(တန်ခိုးပြတာ)ကို အားမပေးပါဘူး။ အဲဒီ ပုဂ္ဂိုလ်တွေဟာ တန်းခိုးရှိသူကို အဓိပ္ပာယ်မရှိတဲ့ စုံစမ်းမှုပြုရုံနဲ့ ၎င်းတို့ရဲ့ ပုဂ္ဂိုလ်ရေး မဆိုစလောက် ကိစ္စတွေကို နှစ်သက်စေရုံ သက်သက်နဲ့ တန်ခိုးပြအောင် ကြိုးစားကြတယ်။ ဒါ့အပြင် အလားတူ အံ့သြစရာ တန်ခိုးတွေကို လောကီ သို့မဟုတ် တန်ခိုးသိပ္ပံရဲ့ အခြေခံကျတဲ့ ပုံစံကို တတ်မြောက်ကြတဲ့ မျက်လှည့်ဆရာတွေနဲ့ မှော်ဆရာတွေလည်း ပြနိုင်တယ်။ သံဃာတော်တွေရဲ့ တန်ခိုးစွမ်းအင်ကို ရရှိမှုအတွက် မှားယွင်းတဲ့ ဆွဲဆောင်မှု အားလုံးဟာ ခွင့်မလွှတ်နိုင်တဲ့ အပြစ်တွေထဲမှာ ပါဝင်တယ်။ (တေဝိဇ္ဇသုတ်)။

www.kelasa.org

www.kelasa.org



၃၇၉။ သွင်ပြင် ပုံစံ အမျိုးမျိုးနဲ့ မင်းသား သိဒ္ဓတ္ထကို ကိုယ်ထင်ပြကြတဲ့ နတ်တွေအကြောင်းကို ခင်းဗျား ပြောတယ်။ လူသားတွေနဲ့ ဆက်စပ် ပတ်သက်မှုရှိတဲ့ ရုပ်သဏ္ဍာန်ကို မမြင်နိုင်တဲ့ သတ္တဝါတွေကို ကိုယ်စား ပြုတာကို ဗုဒ္ဓဝါဒီတွေ ယုံကြည်ပါသလား။

ဗုဒ္ဓဝါဒီတွေဟာ အဲဒီလို မမြင်နိုင်ကောင်းတဲ့ သတ္တဝါတွေဟာ ၎င်း တို့ရဲ့ ဘုံဌာနမှာ နေထိုင်တယ်လို့ ယုံကြည်ကြပါတယ်။ ဗုဒ္ဓဝါဒရဲ့ ယူဆ ချက်က မိမိကိုယ်ကို မိမိ တိုးတက်အောင် လုပ်ခြင်း၊ မိမိရဲ့ သဘာဝ အခြေခံတွေကို အောင်နိုင်ခြင်းဖြင့် ရဟန္တာတွေဟာ နတ်ဒေဝါတွေရဲ့ အ ကြီးကျယ်ဆုံး တန်ခိုးထက်ပင် ကြီးမြတ်ပြီး နိမ့်သူတွေကို စိုးပိုင်ပြီး ထိန်းချုပ်နိုင်တယ်လို့ ဖြစ်ပါတယ်။

၃၈၀။ နတ်ဒေဝါတွေ ဘယ်နှစ်မျိုး ရှိပါသလဲ။

သုံးမျိုးရှိပါတယ်။ ကာမာဝစရနတ် (ရာဂတွေရဲ့ ချုပ်ထိန်းမှု အောက်မှာပဲ ရှိနေကြတဲ့ နတ်ဒေဝါတွေ)၊ ရူပါဝစရနတ်တွေ (အသီးသီး ရဲ့ ပုံစံရှိနေသေးတဲ့ အဆင့်မြတ် ဒေဝ)၊ အရူပါဝစရ (ရုပ်ဒြပ်မဲ့ စင်ကြယ် မှုရဲ့ အဆင့်အမြင့်ဆုံး ဒေဝ) တို့ ဖြစ်ပါတယ်။

၃၈၁။ သူတို့တွေကို ကျွန်ုပ်တို့က ကြောက်ရွံ့ရမှာလား။

နှလုံးသား စင်ကြယ်ပြီး ကြင်နာတတ်တဲ့ ကျယ်ပြန့်တဲ့ စိတ်ထားရှိ သူဟာ ဘာမှ ကြောက်စရာ မလိုပါဘူး။ အဲဒီလို ပုဂ္ဂိုလ်မျိုးကို လူ၊ ဖန် ဆင်းရှင်၊ ဗြာဟ္မဏ၊ မကောင်းဆိုးဝါး၊ နတ် ဘယ်သူမှ အန္တရာယ် မပြု နိုင်ဘူး။ ဒါပေမယ့် အချို့ (နတ်ဒေဝါ)တွေက မစင်ကြယ်သူတွေနဲ့ ၎င်းတို့ကို မိမိတို့ဆီကို လာဖို့ ဖိတ်ကြားသူတွေကို နှိပ်စက်ဖို့ တန်ခိုး စွမ်းရည် ရှိကြပါတယ်။

---

www.kelasa.org

www.kelasa.org



၁၄။ အယူသည်း ယုံကြည်လွယ်မှုကို ဗုဒ္ဓဝါဒက အားမပေးပါဘူး။ မိမိရဲ့ သားသမီးတွေကို သိပ္ပံနဲ့ ဝိဇ္ဇာ အတတ်ပညာတွေ သင်ပေးဖို့ မိဘတွေမှာ တာဝန်ရှိကြောင်း ဂေါတမဗုဒ္ဓ ဟောကြားတယ်။ ပညာရှင်တွေ ဟောကြားရုံမျှနဲ့၊ ကျမ်းစာအုပ်တွေမှာ ရေးသားဖော်ပြရုံမျှနဲ့၊ အစဉ်အလာဖြစ်ရုံမျှနဲ့၊ ကြောင်းကျိုး ဆီလျော်ရုံမျှနဲ့ မယုံကြည်ဖို့လည်း ဗုဒ္ဓ ညွှန်ကြားပါတယ်။

ဖော်ပြထားတဲ့ အချက်တွေကတော့ ဗုဒ္ဓဝါဒီ အားလုံး လက်ခံတဲ့ ယေဘုယျ ရပ်တည်ချက် ဖြစ်ကြောင်းပါ။

အိပ်ချ် အက်စ် အိုလ်ကော့ (တ်)၊ ပါဠိတော်အသင်း။

၁၈၉၁ ခုနှစ် (သာသနာနှစ်၊ ၂၄၃၄) ဇန်နဝါရီလ ၈–ရက်နေ့မှ ၁၂–ရက်နေ့ထိ မဒရပ်ခရိုင်၊ အဍျာမြို့မှာ ကျင်းပတဲ့ ဗုဒ္ဓဘာသာညီလာခံမှာ ကျွန်ုပ်တို့ အကြိမ်များစွာ တွေ့ရှိရတဲ့ ဗုဒ္ဓဘာသာနိုင်ငံက အဆင့်မြင့်ဘာသာရေး ခေါင်းဆောင်တွေရဲ့ သဘောတူညီမှုအတွက် လေးစားစွာ တင်ပြခဲ့တယ်။

| | |
|---|---|
| ဂျပန် | ကိုဇင် ဂုဏာရတန<br>ချိုင်ဗို တိုကူဇာဝါ |
| မြန်မာ | ဦးမွှေးသာအောင် |
| သီဟိုဠ် | ဓမ္မပါလ ဟေဝဝိဋ္ဌရန |
| စစ်တကောင်း | ခရစ်သျှန စန္ဒြစောဓြီ<br>ငင်းရဲ့ ကိုယ်ရေးအရာရှိ မောင်သာဒွေး |

**မြန်မာ**

၁၈၉၁ ခုနှစ် (သာသနာနှစ်၊ ၂၄၃၄)၊ ဖေဖော်ဝါရီ ၃–ရက်နေ့မှာ မြန်မာ ဗုဒ္ဓဘာသာဝင်တွေရဲ့ကိုယ်စား သာသနာပိုင်ဆရာတော်ကြီးတွေ ဖြစ်ကြ



## ဗုဒ္ဓဝါဒ အခြေခံ ယုံကြည်ချက်များ

၁။ တူညီနဲ့ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းနှင့် လူသားအားလုံးကို ခွဲခြားခြင်းမရှိဘဲ မိသားစု ညီအစ်ကို မောင်နှမလို ချစ်ခင်ကြောင်း ပြဖို့၊ ပြီးတော့ တိရစ္ဆာန်တွေကိုလည်း မပြောင်းလဲတဲ့ အကြင်နာတရား ထားရှိဖို့ ဗုဒ္ဓဝါဒီတွေကို သင်ကြားပါတယ်။

၂။ စကြဝဠာဟာ သူ့အလိုလို တဖြည်းဖြည်း ပြောင်းလဲ တိုးတက်ခဲ့တယ်၊ (တစ်ဦးဦးက) ဖန်ဆင်းလို့ ဖြစ်ပေါ်လာတာ မဟုတ်၊ စကြဝဠာရဲ့ လုပ်ဆောင်မှုဟာ သဘာဝနိယာမကြောင့် ဖြစ်ပြီး ထာဝရဘုရားရဲ့ လုပ်ဆောင်ချက်ကြောင့် မဟုတ်။

၃။ ဗုဒ္ဓဝါဒကို အခြေခံထားတဲ့ အမှန်တရားတွေက သဘာဝပါပဲ။ အဲဒီ သဘာဝ အမှန်တရားတွေကို ဗောဓိဉာဏ်ကို ရပြီးသူလို့ အဓိပ္ပာယ်ရတဲ့ ဗုဒ္ဓလို့ခေါ်တဲ့ ထိုးထွင်းသိမြင်သူတွေက ကမ္ဘာလောက အဆက်ဆက်မှာ ဟောကြားတော်မူကြတယ်လို့ ယုံကြည်ပါတယ်။

၄။ ဒီကမ္ဘာပေါ်က လေးဦးမြောက် ဆရာအရှင်ကတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ ကျော်အလွန်က အိန္ဒိယ မင်းမျိုးမင်းနွယ်က မွေးဖွားခဲ့တဲ့ သကျမုနိ သို့မဟုတ် ဂေါတမဗုဒ္ဓ ဖြစ်ပါတယ်။ ဗုဒ္ဓဟာ သမိုင်းမှာ ထင်ရှားခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်ပြီး အမည်ရင်းက သိဒ္ဓတ္ထ ဂေါတမ ဖြစ်ပါတယ်။

၅။ သကျမုနိဗုဒ္ဓက အဝိဇ္ဇာဟာ တပ်မက်မှုကို ဖြစ်စေပြီး မရောင့်ရဲနိုင်တဲ့ အဲဒီတပ်မက်မှုက ဘဝတစ်ဖန် ပြန်ဖြစ်ရဲ့ အကြောင်းတရား ဖြစ်တဲ့ အပြင် ဘဝသစ်ရရှိခြင်းဟာ ဒုက္ခရဲ့ အကြောင်းဖြစ်တယ်လို့ ဟောကြားတယ်။ ဒါကြောင့် ဒုက္ခကို ဖယ်ရှားဖို့ဆိုရင် ဘဝသစ် ဖြစ်ပြန်ခြင်းက လွတ်မြောက်ရမယ်။ ဘဝသစ် ပြန်ဖြစ်ခြင်းက လွတ်မြောက်ဖို့ ဆိုရင် တဏှာကို ရှင်းပစ်ရမယ်။ တဏှာကို ရှင်းဖို့ကလည်း အဝိဇ္ဇာကို ရှင်းပစ်ရမယ်။

www.kelasa.org

www.kelasa.org



၆။ အဝိဇ္ဇာက ဘဝသစ် ပြန်ဖြစ်ခြင်းဟာ လိုကိုလိုတယ်ဆိုတဲ့ ယုံကြည်မှုကို ဖြစ်ပေါ်စေတယ်။ အဝိဇ္ဇာကို ဖျက်ဆီးလိုက်တဲ့ အခါမှာ အဲဒီဘဝရဲ့ အဆုံးကနေ သိမြင်ရတဲ့ ဘဝသစ်ဖြစ်တိုင်းရဲ့ အသုံးမကျမှုကို နားလည်ရသလို ထပ်ခါထပ်ခါ ပြန်လည်မွေးဖွားဖို့ လိုအပ်ချက်ဖြစ်တဲ့ ဘဝတစ်ခု ရရှိခြင်းအတွက် မဖြစ်မနေလိုအပ်မှုကို ရပ်သိမ်းနိုင်လိမ့်မယ်။ အဝိဇ္ဇာဟာ လူသားတွေမှာ (ဒီ)ဘဝ တစ်ခုပဲ ရှိတယ်ဆိုတဲ့ တွေဝေပြီး ယုတ္တိမရှိတဲ့ အယူအဆနဲ့ မပြောင်းလဲနိုင်တဲ့ ပျော်ရွှင်မှု သို့မဟုတ် ဆင်းရဲဒုက္ခအခြေအနေတွေဟာ ဒီဘဝ တစ်ခုမှာပဲ ရှိတယ်ဆိုတဲ့ အခြား မသိမိုက်မဲမှုကိုလည်း မွေးဖွားပေးတယ်။

၇။ ဒီအဝိဇ္ဇာကို လုံးဝဥဿုံ ဖျက်ဆီးပစ်ခြင်းဆိုတာကို အားလုံး ခြုံငုံပါဝင်တဲ့ ကိုယ်ကျိုးစွန့် ပရဟိတ သူတစ်ပါး အကျိုးဆောင်တဲ့ ကိုယ်ကျင့်တရား၊ အသိပညာနဲ့ အတွေးအခေါ် တိုးတက်မှုနဲ့ ပုထုဇဉ်တို့ရဲ့ ပျော်ရွှင်မှုကို တပ်မက်ခြင်းကို ဖျက်ဆီးတဲ့ အကျင့်တွေကို ဇွဲသန်သန်နဲ့ ကြိုးစား အားထုတ်ခြင်းဖြင့် ရရှိနိုင်တယ်။

၈။ ပြန်လည် မွေးဖွားခြင်းရဲ့ အကြောင်းတရားဖြစ်တဲ့ ဘဝတဏှာ ချုပ်ငြိမ်းသွားတဲ့အခါ ဘဝသစ်ပြတ်စဲပြီး ပြီးပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ ကမ္မဋ္ဌာန်းဘာဝနာ ပွားများခြင်းဖြင့် နိဗ္ဗာန်လို့ ခေါ်တဲ့ အဲဒီအမြင့်ဆုံး ငြိမ်းချမ်းမှုကို ရရှိတယ်။

၉။ သကျမုနိဗုဒ္ဓက သစ္စာလေးပါးကို သိမြင်ခြင်းဖြင့် အဝိဇ္ဇာကို ဖျက်ဆီးပြီး ဒုက္ခကို ပယ်နိုင်ကြောင်း ဟောပါတယ်။ သစ္စာလေးပါးဆိုတာ –

၁) ဒုက္ခ တည်ရှိခြင်း၊
၂) ဘယ်တော့မှ အဆုံးသတ်နိုင်ခြင်း မရှိဘဲ ကိုယ့်ကိုယ်ကို ကျေနပ်နှစ်သက်မှုအတွက် အမြဲတမ်း သစ်လွင်နေတဲ့ အာသာရမ္မက်ဖြစ်တဲ့ ဒုက္ခကို ဖြစ်စေတဲ့ တဏှာ၊
၃) အဲဒီ တဏှာကို ဖျက်ဆီးပစ်ခြင်း၊ သို့မဟုတ် ကိုယ့်ကိုယ်ကို အဲဒီ တဏှာက လွတ်မြောက်စေခြင်း၊



၄) တဏှာ ပယ်သတ်မှုကို ရရှိရေးအတွက် နည်းလမ်းတွေ။ ရှင်တော်ဗုဒ္ဓ ညွှန်ပြတဲ့ နည်းလမ်းတွေကို မဂ္ဂင်ရှစ်ပါးလို့ ခေါ်ပါတယ်။ အဲဒီ ရှစ်မျိုးက မှန်သော အမြင်၊ မှန်သော အကြံ၊ မှန်သော စကား၊ မှန်သော အလုပ်၊ မှန်သော သက်မွေးဝမ်းကျောင်း၊ မှန်သော လုံ့လ၊ မှန်သော သတိ၊ မှန်သော သမာဓိ ဖြစ်တယ်။

၁၀။ မှန်သော သမာဓိ၊ သို့မဟုတ် လူသားတိုင်းမှာ ကိန်းဝပ်နေတဲ့ ဗုဒ္ဓနဲ့တူတဲ့ ဉာဏ်ဖွံ့ဖြိုးတိုးတက်မှုဟာ စိတ်ပိုင်းဘဝ ထိုးထွင်းသိမြင်မှုကို ရရှိစေတယ်။

၁၁။ ရှင်တော်ဗုဒ္ဓ ကိုယ်တိုင် အနှစ်ချုပ်ပြီး ဖော်ပြတဲ့အတိုင်း ဗုဒ္ဓဝါဒရဲ့ အနှစ်ချုပ်က ...

မကောင်းမှု အားလုံးကို ဖယ်ရှားရန်
ကောင်းမှုမှန်သမျှ ဆောင်ရွက်ရန်
နှလုံးသားကို စင်ကြယ်အောင် ပြုပြင်ရန် ဖြစ်တယ်။

၁၂။ စကြဝဠာ ကမ္ဘာလောကဟာ ကံလို့ခေါ်တဲ့ သဘာဝအကြောင်း တရားရဲ့ စီမံမှုအောက်မှာ ရှိတယ်။ အတိတ်ဘဝ တစ်ခုမှာ ရှိခဲ့တဲ့ သတ္တဝါတစ်ယောက်ရဲ့ ကောင်းကံ မကောင်းကံတွေဟာ အဲဒီပုဂ္ဂိုလ်ရဲ့ မျက်မှောက်ဘဝ အခြေအနေကို ဆုံးဖြတ်တယ်။ ဒါကြောင့် လူတိုင်းဟာ ယခု သူတွေကြုံနေရတဲ့ အကျိုးဆက်တွေရဲ့ အကြောင်းတရားတွေကို ပြင်ဆင်ထားခဲ့ပြီး ဖြစ်တယ်။

၁၃။ ကံကောင်းတွေ ရရှိခြင်းရဲ့ အနှောင့်အယှက်တွေကို ဗုဒ္ဓဝါဒရဲ့ ကိုယ်ကျင့်တရားမှာ ပါဝင်တဲ့ အောက်ပါ သီလတွေကို လိုက်နာ ကျင့်သုံးပြီး ဖယ်ရှားနိုင်တယ်။ အဲဒါတွေက ၁) အသက်ကို မသတ်ရ ၂) သူ့ပစ္စည်း မခိုးရ ၃) သူ့အိမ်ရာကို မပြစ်မှားရ ၄) မလိမ်ရ ၅) အရက်သေစာ မူယစ်ဆေးဝါး မသုံးစွဲရ။ ဒီနေရာမှာ စာရင်း ထုတ်ပြဖို့ မလိုတဲ့ နောက်သိက္ခာပုဒ် ၅ ခု ကိုတော့ ဒုက္ခနဲ့ ဘဝသံသရာက သာမန်တွေထက် ပိုမိုလျင်မြန်စွာ ရလိုကြတဲ့ ပုဂ္ဂိုလ်တွေ စောင့်သုံးရမှာ ဖြစ်ပါတယ်။

www.kelasa.org

www.kelasa.org



BIBLIOGRAPHY


*Romantic History of Buḍḍha* ... Beal.

*Uḍānavarga* ... ... ... Rockhill.

*Twelve Japanese Buḍḍhist Sects.* ... B. Nanjio.

*The Gospel of Buḍḍha* ... ... Paul Carus.

*The Ḍharma* ... ... ... Do.

*Ancient India* ... ... ... R. C. Dutt.

*The "Sacred Books of the East" Series* Max Müller's Edition.

*Encyclopædia Britannica.*


---



တဲ့ အောင်မြေရွှေဘုံဆရာတော်၊ မေဃဝတီဆရာတော်၊ မတ္တရာ ဆရာတော်၊ ထီးလင်းဆရာတော်၊ မြတောင်ဆရာတော်၊ လှုတွေဆရာတော်နဲ့ အခြား ဆရာတော် ဆယ့်ခြောက်ပါးက သဘောတူခဲ့ပါတယ်။

## သီဟိုဠ်

၁၈၉၁ ခုနှစ် (သာသနာနှစ်၊ ၂၄၃၄)၊ ဖေဖော်ဝါရီ ၂၅–ရက်နေ့မှာ သီဟိုဠ် ဗုဒ္ဓဘာသာဝင်တွေရဲ့ ကိုယ်စား သဘောတူတယ်။

မဟာနုဝရ ဥပေါသထ ဥပါရာမ ဝိဟာရာဓိပတိ ဟိပ္ပေါလ ဓမ္မရက္ခိတ သောဘိတာဘိဓာန မဟာနာယက တိဟာဝိရာယန် ဝဟန်ဆေ ဝမှ (ဟိပ္ပေါလ ဓမ္မရက္ခိတ သောဘိတာဘိဓာန၊ ကန္ဒီမြို့ မာလဝတ္တ ကျောင်းတိုက် ပဓာနနာယကထေရ်) လက်မှတ် ... ဟိပ္ပေါလ

မဟာနုဝရ အဿဂိရိ ဝိဟာရာဓိပတိ ယတဝတ္တေ စန္ဒဇောတျာဘိဓာန မဟာနာယက တိဟာဝိရာယန် ဝဟန်ဆေ ဝမှ (ယတဝတ္တေ စန္ဒဇော–တျာဘိဓာန၊ ကန္ဒီမြို့ ယတဝတ္တေ ကျောင်းတိုက် ပဓာနနာယကထေရ်)

လက်မှတ် ... ယတဝတ္တေ

ဟိက္ကဒုဝေ သိရိသုမင်္ဂလ သိရိပါဒဋ္ဌာနေ သဟကောလမ္ဗ ပလတေ ပဓာနနာယက ဌာဝိရယော။ (ဟိက္ကဒုဝေ သိရိသုမင်္ဂလ၊ သိရိပါဒနှင့် ကိုလံဘိုခရိုင် ပဓာနနာယက မထေရ်)

လက်မှတ် ... ဟိက္ကဝတ္တေ သိရိသုမင်္ဂလ

မလိဂါဝေ ပါစီန ပုဋ္ဌကာလာယချက္ခက သူရိယဂေါဒ သောနုတ္တရ ဌာဝိ–ရယော။ (သူရိယဂေါဒ သောနုတ္တရ၊ ကန္ဒီမြို့ စွယ်တော်ကျောင်းတိုက်၊ အရှေ့တိုင်းဆိုင်ရာ စာကြည့်တိုက်၊ စာကြည့်တိုက်မှူး)

လက်မှတ် ... သူရိယဂေါဒ သောနုတ္တရ

www.kelasa.org

www.kelasa.org



သုဂတသာသနဓဇ ဝိနယာစရိယ ဓမ္မာလင်္ကာရဘိဝံသ နာယက ဥာဝိရ။
လက်မှတ် … ဓမ္မာလင်္ကာရ

ပဝရ နေရုတ္တိကာစရိယ မဟာဝိဘဝိ ဝသဃကဒုဝ သုဘူတိ။
လက်မှတ် … သုဘူတိ

**ဂျပန်**

မြောက်ပိုင်း ဗုဒ္ဓဝါဒရဲ့ အစိတ်အပိုင်းထဲမှာ ပါဝင်ကြောင်း လက်ခံတယ်။

| | |
|---|---|
| သျှုကုဂေညု | (ရှင်ဂွန် ဂိုဏ်း) |
| ပုကုဒ နိချိယို | (နိချိရင် ဂိုဏ်း) |
| သနဒ ဆိကျို | (ဇင် ဂိုဏ်း) |
| အိတို ကွန်ယင် ရှူ | (ဇင် ဂိုဏ်း) |
| တာကေဟာန ဟာကူယို | (ဂျိုဒို ဂိုဏ်း) |
| ကိုနို ဟိယိုရှင် | (ဂျိရှူ ဂိုဏ်း) |
| ကိရိကိကို | (ဂျိုဒို ဆိုင်ဇန် ဂိုဏ်း) |
| ဟရုတနိရှင်ရှို | (တင်ဒိုင်း ဂိုဏ်း) |
| မနာဘိ ရွှန်မျို | (ရှင်ဂွန် ဂိုဏ်း) |

**စစ်တကောင်း**

စစ်တကောင်း ဗုဒ္ဓဘာသာဝင်များကိုယ်စား လက်ခံတယ်။

နဂဝ ပဝဋ္ဌ ဝိဟာရာဓိပတိ ဂုဏာမေဃ ဝိနိလင်္ကာရ၊
ဟာဘင်မြို့ စစ်တကောင်းခရိုင်၊ ဘင်္ဂလားပြည်နယ်။

―――――――――――――――



## BIBLIOGRAPHY

THE BUDDHIST CATECHISM has been compiled from personal studies in Ceylon, and in part from the following works:

| | |
|---|---|
| *Vinaya Texts* … … … | Davids and Oldenberg. |
| *Buddhist Literature in China* . . | Beal. |
| *Catena of Buddhist Scriptures* … | Do. |
| *Buddhaghosa's Parables* … … | Rogers. |
| *Buddhist Birth Stories* … … | Fausboll and Davids. |
| *Legend of Gautama* … … | Bigandet. |
| *Chinese Buddhism* … … | Edkins. |
| *Kalpa Sutra and Nava Patva* … | Stevenson. |
| *Buddha and Early Buddhism* … | Lillie. |
| *Sutta Nipāta* … … … | Sir Coomara Swami. |
| *Nāgananda* … … … | Broyd. |
| *Kusa Jataka* … … … | Steele. |
| *Buddhism* … … … | Rhys-Davids. |
| *Dhammapada* … … … | Fausboll and Max Müller |


www.kelasa.org

www.kelasa.org



ဇယား (၂)

ဗုဒ္ဓဘာသာဝင်ဦးရေ အရေအတွက် အများဆုံး နိုင်ငံပေါင်း ၂၀

| စဉ် | နိုင်ငံများ | ဗုဒ္ဓဘာသာသာဝင်ဦးရေ | ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၁,၂၀၂,၈၈၅,၂၁၈ | ၉၁ |
| ၂ | ဂျပန် | ၁၂၃,၃၁၇,၉၅၃ | ၉၆.၃ |
| ၃ | ဗီယက်နမ် | ၇၄,၂၆၈,၇၅၀ | ၈၅ |
| ၄ | ယိုးဒယား (ထိုင်း) | ၆၁,၈၁၄,၇၄၂ | ၉၅ |
| ၅ | မြန်မာ | ၄၈,၀၁၉,၂၀၀ | ၉၆ |
| ၆ | ထိုင်ဝမ် | ၂၁,၅၃၀,၃၅၈ | ၉၃ |
| ၇ | သီရိလင်္ကာ | ၁၆,၀၅၀,၄၈၄ | ၇၁ |
| ၈ | တောင်ကိုရီးယား | ၁၈,၅၇၂,၅၀၀ | ၃၈ |
| ၉ | မြောက်ကိုရီးယား | ၁၇,၆၇၇,၆၄၆ | ၇၃.၅ |
| ၁၀ | ကမ္ဘောဒီးယား | ၁၃,၉၃၈,၄၆၀ | ၉၆.၄ |
| ၁၁ | အိန္ဒိယ | ၁၃,၂၇၄,၆၆၈ | ၄.၀၅ |
| ၁၂ | အင်ဒိုနီးရှား | ၈,၀၉၂,၀၀၀ | ၃.၄ |
| ၁၃ | ဟောင်ကောင် | ၆,၄၉၆,၃၀၄ | ၉၂ |
| ၁၄ | လောဝ | ၆,၁၉၅,၈၉၈ | ၉၈ |
| ၁၅ | နီပေါ | ၆,၁၅၉,၅၁၀ | ၂၁ |
| ၁၆ | အမေရိကန်ပြည်ထောင်စု | ၆,၀၃၉,၈၀၀ | ၂ |
| ၁၇ | မလေးရှား | ၅,၉၇၀,၈၀၀ | ၂၂ |
| ၁၈ | စင်္ကာပူ | ၃,၃၄၁,၆၉၂ | ၆၇ |
| ၁၉ | မွန်ဂိုလီးယား | ၂,၈၁၆,၆၄၄ | ၉၈ |
| ၂၀ | ဖိလစ်ပိုင် | ၂,၇၅၉,၄၉၀ | ၃ |

www.kelasa.org

www.kelasa.org

# ဗုဒ္ဓဘာသာဝင် လူဦးရေ
# အခြေပြဇယားများ

နှလုံးသား ပြည့်ဝတဲ့ Free thinker (လွတ်လပ်စွာ တွေးခေါ်သူ) ပညာတတ် အထက်တန်းလွှာတို့ စုဝေးရာဖြစ်တဲ့ ကမ္ဘာကျော် တက္ကသိုလ်ကြီးတွေမှာ Doe's God exist? ဆိုတဲ့ ခေါင်းစဉ်နဲ့ စကားအချေအတင် ငြင်းခုံ ဆွေးနွေးပွဲတွေ အရှိန်ရလာသလောက် ဗုဒ္ဓဝါဒကျင့်စဉ်လည်း တစ်နေ့ထက် တစ်နေ့ ရေပန်းစားလာနေပါတယ်။ အဲဒီလို ဗုဒ္ဓဝါဒကို လူကြိုက် များလာတာ၊ သူ့အလိုလို တည်ငြိမ် အေးချမ်းစွာ ပြန့်ပွားလာနေတာတွေကို အချို့သော ဘာသာရေး အစွန်းရောက်တွေက စိုးရိမ်တကြီးနဲ့ ခုခံကြတာတွေလည်း ရှိတာပေါ့။

သို့တစေ လူ၊ ငွေ၊ အာဏာ ဘာကိုမျှ အသုံးမပြုရပါဘဲ အဲဒါတွေထက် များစွာ အင်အားကောင်းတဲ့ မြတ်ဗုဒ္ဓရဲ့ ငြိမ်းချမ်းတဲ့ ဓမ္မလမ်းစဉ်ကို ရုပ်မြင်သံကြားနဲ့ အင်တာနက် သတင်းမီဒီယာတွေမှ တစ်ဆင့် သိရှိနားလည်ကြလို့ လိုက်နာ ကျင့်သုံးနေကြသူတွေ လျော့မသွားတဲ့အပြင် ကမ္ဘာတစ်လွှားမှာ တိုးပွားလာနေပါတယ်။

ဗုဒ္ဓဝါဒမှာ အရေအတွက်ထက် အရည်အချင်းသာ ပဓာနပါ။ ဒါပေမယ့် သုတေသနပြု လေ့လာလိုကြတဲ့ ဗုဒ္ဓဝါဒီတွေအတွက် Wikipedia Online စွယ်စုံကျမ်းမှာ ဖော်ပြထားတဲ့ ဗုဒ္ဓဘာသာဝင် ဦးရေအခြေပြဇယားတွေကို ကူးယူပြီး ဗဟုသုတအဖြစ် ဖော်ပြပေးလိုက်ပါတယ်။

ဘာသာပြန်သူ



ဇယား (၁)
ဗုဒ္ဓဘာသာဝင်ဦးရေ ရာခိုင်နှုန်း အများဆုံး နိုင်ငံပေါင်း ၂၀

| စဉ် | နိုင်ငံများ | ရာခိုင်နှုန်း | ဗုဒ္ဓဘာသာဝင်ဦးရေ |
|---|---|---|---|
| ၁ | လောပြည်သူ့သမ္မတနိုင်ငံ | ၉၈ | ၆,၁၉၅,၈၉၈ |
| ၂ | မွန်ဂိုလီးယား | ၉၈ | ၂,၈၁၆,၆၄၄ |
| ၃ | ဂျပန် | ၉၆.၇ | ၁၂၃,၃၁၇,၉၅၃ |
| ၄ | ကမ္ဘောဒီးယား | ၉၆.၄ | ၁၃,၉၃၈,၄၆၀ |
| ၅ | မြန်မာ | ၉၆ | ၄၈,၀၁၉,၂၀၀ |
| ၆ | ယိုးဒယား (ထိုင်း) | ၉၅ | ၆၁,၈၁၄,၇၄၂ |
| ၇ | ဘူတန် | ၉၄ | ၂,၁၄၁,၆၂၂ |
| ၈ | ထိုင်ဝမ် | ၉၃ | ၂၁,၅၃၀,၃၅၈ |
| ၉ | ဟောင်ကောင် | ၉၂ | ၆,၄၉၆,၃၀၄ |
| ၁၀ | တရုတ် | ၉၁ | ၁,၂၀၂,၈၈၅,၂၁၈ |
| ၁၁ | မကာအို | ၈၉ | ၄၀၈,၈၅၀ |
| ၁၂ | ဗီယက်နမ် | ၈၅ | ၇၄,၂၆၈,၇၅၀ |
| ၁၃ | မြောက်ကိုရီးယား | ၇၃.၅ | ၁၇,၆၇၇,၆၄၆ |
| ၁၄ | သီရိလင်္ကာ | ၇၁ | ၁၆,၀၅၀,၄၈၄ |
| ၁၅ | စင်္ကာပူ | ၆၇ | ၃,၃၄၁,၆၉၂ |
| ၁၆ | ခရစ္စမတ်ကျွန်း | ၆၇ | ၉၄၀ |
| ၁၇ | တောင်ကိုရီးယား | ၃၈ | ၁၈,၅၇၂,၅၀၀ |
| ၁၈ | မလေးရှား | ၂၂ | ၅,၉၇၀,၈၁၀ |
| ၁၉ | နီပေါ | ၂၁ | ၆,၁၅၉,၅၁၀ |
| ၂၀ | ပြင်သစ် ပိုလင်နီးရှားကျွန်း | ၁၁ | ၂၉,၀၄၀ |

www.kelasa.org

www.kelasa.org



ဇယား (၉) အဆက်

ကမ္ဘာတစ်လွှား ဗုဒ္ဓဘာသာဝင်များ

| ဒေသ | နိုင်ငံ | လူဦးရေ(၂၀၀၇) | ရာခိုင်နှုန်း | ဗုဒ္ဓဘာသာဝင် |
|---|---|---|---|---|
| ကာရစ်ဘီယံ | ကျူးဘား | ၁၁,၃၉၄,၀၄၃ | ၀.၂၅ | ၂၈,၄၈၅ |
| အရှေ့အလယ်ပိုင်း | ဆိုက်ပရပ်စ် | ၇၈၈,၄၅၇ | ၁ | ၇,၈၈၅ |
| အလယ်ဥရောပ | ချက်ပြည်ထောင်စု | ၁၀,၂၂၈,၇၄၄ | ၀.၅ | ၅၁,၁၄၄ |
| အနောက်ဥရောပ | ဒိန်းမတ် | ၅,၄၆၈,၁၂၀ | ၀.၅ | ၂၅,၀၀၀ |
| ကာရစ်ဘီယံ | ဒိုမီနီကန် | ၉,၃၆၅,၈၁၈ | ၀.၁ | ၉,၃၆၆ |
| အရှေ့တောင်အာရှ | အရှေ့တီမော | ၁,၀၈၄,၉၇၁ | ၀.၁ | ၁,၀၈၅ |
| တောင်အမေရိက | အီကွေဒေါ် | ၁၃,၇၅၅,၆၈၀ | ၀.၂ | ၂၇,၅၁၁ |
| အမေရိက အလယ် | အယ်လ်ဆာဗာဒေါ် | ၆,၉၄၈,၀၇၃ | ၀.၀၃ | ၂,၀၈၄ |
| အရှေ့အာဖရိက | အေရစ်ထရီယား | ၄,၉၀၆,၅၈၅ | ၀.၁ | ၄,၉၀၇ |
| အရှေ့ ဥရောပ | အစ်စ်တိုနီးယား | ၁,၃၁၅,၉၁၂ | ၀.၄ | ၅,၂၆၄ |
| သမုဒ္ဒရာကျွန်းစု | ဖီဂျီ | ၉၁၈,၆၇၅ | ၁ | ၉,၁၈၇ |
| အနောက် ဥရောပ | ဖင်လန် | ၅,၂၃၈,၄၆၀ | ၀.၁ | ၅,၂၃၈ |
| အနောက် ဥရောပ | ပြင်သစ် | ၆၃,၇၁၈,၁၈၇ | ၁.၂ | ၇၆၄,၆၁၈ |
| အရှေ့ အမေရိက | ပြင်သစ် ဂူယာနာ | ၂၀၃,၃၂၁ | ၄ | ၈,၁၃၂ |
| သမုဒ္ဒရာကျွန်းစု | FrenchPolynesia | ၂၇၈,၉၆၃ | ၇.၅ | ၂၀,၉၂၂ |
| ကော့ကေးရှန်း | ဂျော်ဂျီယာ | ၄,၆၄၆,၀၀၃ | ၀.၁ | ၄,၆၄၆ |
| အနောက် ဥရောပ | ဂျာမနီ | ၈၂,၄၀၀,၉၉၆ | ၁ | ၈၂၄,၀၀၁ |
| အနောက် အာဖရိက | ဃာနာ | ၂၂,၉၃၁,၂၉၉ | ၀.၀၅ | ၁၁,၄၆၆ |
| ဘာကင်းစ် | ဂရိကို | ၁၀,၇၀၆,၂၉၀ | ၀.၁ | ၁၀,၇၀၆ |
| အမေရိက အလယ် | ဂွါတီမာလာ | ၁၂,၇၂၈,၁၁၁ | ၀.၁ | ၁၂,၇၂၈ |
| အနောက် အာဖရိက | ဂူယင်နာ | ၉,၉၄၇,၈၁၄ | ၀.၁ | ၉,၉၄၈ |
| တောင်အမေရိက | ဂူယာနာ | ၇၆၉,၀၉၅ | ၀.၂၅ | ၁,၉၂၃ |
| အမေရိက အလယ် | Honduras | ၇,၄၈၃,၇၆၃ | ၀.၁ | ၇,၄၈၄ |
| အရှေ့ အာရှ | ဟောင်ကောင် | ၆,၉၈၀,၄၁၂ | ၁၀.၁ | ၆,၄၂၁,၉၈၀ |



ဇယား (၃) အာဖရိကတိုက်ရှိ ဗုဒ္ဓဘာသာဝင် ဦးရေ

| ဒေသ | စုစုပေါင်း လူဦးရေ | ဗုဒ္ဓဘာသာဝင် | ရာခိုင်နှုန်း |
|---|---|---|---|
| အာဖရိကအလယ်ပိုင်း | ၈၈,၁၆၆,၉၂၃ | မရှိ | မရှိ |
| အရှေ့အာဖရိက | ၂၀၂,၇၁၁,၈၇၃ | ၄၀,၄၅၄ | ၀.၀၁၉ |
| မြောက်အာဖရိက | ၂၁၁,၅၈၄,၆၀၄ | မရှိ | မရှိ |
| တောင်အာဖရိက | ၁၄၃,၈၇၁,၆၆၀ | ၇၇,၁၂၇ | ၀.၀၃၅ |
| အနောက်အာဖရိက | ၂၈၀,၉၆၅,၃၅၄ | ၄၀,၀၀၀ | မရှိ |
| စုစုပေါင်း | ၉၂၇,၃၀၀,၄၁၄ | ၁၅၇,၅၈၁ | ၀.၀၁၂ |

ဇယား (၄) အာရှတိုက်ရှိ ဗုဒ္ဓဘာသာဝင် ဦးရေ

| ဒေသ | စုစုပေါင်း လူဦးရေ | ဗုဒ္ဓဘာသာဝင် | ရာခိုင်နှုန်း |
|---|---|---|---|
| ဗဟိုအာရှ | ၉၅,၃၉၈,၅၃၂ | ၂,၈၇၉,၂၈၀ | ၃.၀၁၈ |
| အရှေ့အာရှ | ၁,၅၈၅,၀၈၃,၂၉၈ | ၁,၃၉၇,၂၆၈,၉၆၃ | ၈၈.၁၅၁ |
| အာရှအလယ်ပိုင်း | ၂၈၅,၁၉၄,၉၁၁ | ၅၈၅,၀၂၅ | ၀.၂၀၅ |
| တောင်အာရှ | ၁,၄၉၁,၀၁၉,၀၁၁ | ၃၈,၉၉၇,၂၈၄ | ၂.၆၁၅ |
| အရှေ့တောင်အာရှ | ၅၉၂,၇၃၈,၄၃၀ | ၂၁၄,၇၂၃,၈၆၀ | ၃၆.၂၂၆ |
| စုစုပေါင်း | ၄,၀၄၉,၄၃၄,၁၈၂ | ၁,၆၅၅,၇၅၇,၃၆၉ | ၄၀.၈၈၈ |

ဇယား (၅) ဥရောပတိုက်ရှိ ဗုဒ္ဓဘာသာဝင် ဦးရေ

| ဒေသ | စုစုပေါင်း လူဦးရေ | ဗုဒ္ဓဘာသာဝင် | ရာခိုင်နှုန်း |
|---|---|---|---|
| Balkans | ၆၇,၃၇၉,၃၈၃ | ၁၀၁,၀၇၀ | ၀.၁၅ |
| အလယ်ပိုင်းဥရောပ | ၇၇,၀၅၂,၆၆၀ | ၂,၉၁၂,၅၉၁ | ၃.၇၈ |
| အရှေ့ဥရောပ | ၂၁၂,၁၄၄,၉၈၇ | ၃၈၇,၁၆၅ | ၁.၈၂၅ |
| အနောက်ဥရောပ | ၃၈၉,၉၃၃,၁၆၀ | ၂၀,၆၆၆,၄၅၇ | ၅.၃ |
| စုစုပေါင်း | ၇၄၆,၅၁၀,၁၉၀ | ၂၄,၀၆၇,၂၈၃ | ၃.၂၂၃ |

www.kelasa.org

www.kelasa.org



ဇယား (၆)
အမေရိကတိုက်ရှိ ဗုဒ္ဓဘာသာဝင် ဦးရေ

| ဒေသ | စုစုပေါင်း လူဦးရေ | ဗုဒ္ဓဘာသာဝင် | ရာခိုင်နှုန်း |
|---|---|---|---|
| ကာရစ်ဘီယံဒေသ | ၂၄,၆၈၃,၅၃၆ | ၄၃,၄၉၈ | ၀.၁၇၆ |
| အမေရိကအလယ်ပိုင်း | ၄၄,၀၃၀,၀၉၂ | ၁၅၂,၂၂၈ | ၀.၃၄၅ |
| မြောက်အမေရိက | ၄၆၂,၃၈၂,၆၇၄ | ၇,၂၄၁,၈၄၅ | ၁.၅၆၆ |
| တောင်အမေရိက | ၃၈၄,၈၆၃,၀၂၈ | ၄၉၉,၀၂၀ | ၀.၁၂၉ |
| စုစုပေါင်း | ၉၁၅,၉၅၉,၃၃၀ | ၇,၉၃၆,၄၂၀ | ၀.၈၆၆ |

ဇယား (၇)
ပစိဖိတ်ကျွန်းရှိ ဗုဒ္ဓဘာသာဝင် ဦးရေ

| ဒေသ | စုစုပေါင်း လူဦးရေ | ဗုဒ္ဓဘာသာဝင် | ရာခိုင်နှုန်း |
|---|---|---|---|
| ပစိဖိတ်ကျွန်း | ၃၂,၀၂၁,၈၈၅ | ၅၄၂,၉၂၀ | ၁.၆၉၅ |

ဇယား (၈)
ကမ္ဘာ့လူဦးရေနှင့် ဘာသာရေးအခြေပြ

| ကမ္ဘာ့လူဦးရေ | ၆.၈ ဘီလီယံ | ရာခိုင်နှုန်း |
|---|---|---|
| ခရစ်ယန် | ၁.၉ ဘီလီယံ – ၂.၁ ဘီလီယံ | ၂၉–၃၂ |
| အစ္စလမ် | ၁.၅၇ ဘီလီယံ | ၂၀–၂၅ |
| ဟိန္ဒူဘာသာ | ၉၀၀ သန်း – ၁ ဘီလီယံ | ၁၄ |
| ဗုဒ္ဓဘာသာ | ၅၀၀ သန်း | ၇ |
| စုစုပေါင်း | ၄.၆၅ ဘီလီယံ – ၆ ဘီလီယံ | |



ဇယား (၉)
ကမ္ဘာတစ်လွှား ဗုဒ္ဓဘာသာဝင်များ

| ဒေသ | နိုင်ငံ | လူဦးရေ(၂၀၀၇) | ရာခိုင်နှုန်း | ဗုဒ္ဓဘာသာဝင် |
|---|---|---|---|---|
| အာရှအလယ်ပိုင်း | အာဖဂန်နစ္စတန် | ၃၁,၈၈၉,၉၂၃ | ၀.၂ | ၆၃,၇၈၀ |
| တောင်အာဖရိက | အာဂျင်တီးနား | ၄၀,၃၀၁,၉၂၇ | ၀.၁ | ၄၀,၃၀၂ |
| သမုဒ္ဒရာကျွန်းစု | သြစတြေးလီယား | ၂၀,၄၃၄,၁၇၆ | ၂.၁ | ၄၂၉,၁၁၉ |
| ဥရောပ အလယ် | သြစတြီးယား | ၈,၁၉၉,၇၈၃ | ၀.၁၃၀ | ၁၀,၆၆၀ |
| တောင်အာရှ | ဘင်္ဂလားဒေ့ရှ် | ၁၅၀,၄၄၈,၃၃၉ | ၀.၇ | ၁,၀၅၃,၁၃၈ |
| အနောက်ဥရောပ | ဘယ်လ်ဂျီယံ | ၁၀,၃၉၂,၂၂၆ | ၀.၂၉ | ၃၀,၁၇၇ |
| အမေရိကအလယ် | ဘဲလစ်ဇ် | ၂၉၄,၃၈၅ | ၀.၃၅ | ၁,၀၃၀ |
| တောင်အာရှ | ဘူတန် | ၇၀၈,၄၂၇ | ၉၄ | ၆၆၅,၉၂၁ |
| တောင်အမေရိက | ဘော်လီဗီယာ | ၉,၁၁၉,၁၅၂ | ၀.၂၆ | ၂၃,၇၁၀ |
| ဘာကင်းစ် | ဗိုစနီယား | ၄,၅၅၂,၁၉၈ | ၀.၀၁ | ၄၅၅ |
| တောင်အမေရိက | ဘရာဇီးလ် | ၁၉၀,၀၁၀,၆၄၇ | ၀.၁၃၀ | ၂၄၇,၀၁၄ |
| အရှေ့တောင်အာရှ | ဘရူနိုင်း | ၃၇၄,၅၇၇ | ၉.၀၉ | ၂၉,၈၂၂ |
| အနောက်ဥရောပ | ဘူလ်ဂေးရီးယား | ၇,၃၂၂,၈၅၈ | ၀.၀၁၅ | ၁,၀၉၈ |
| အရှေ့တောင်အာရှ | မြန်မာ | ၅၅,၄၀၀,၀၀၀ | ၉၀ | ၄၈,၀၁၉,၂၀၀ |
| အရှေ့တောင်အာရှ | ကမ္ဘောဒီးယား | ၁၄,၈၀၅,၃၅၈ | ၉၆.၄ | ၁၄,၂၇၂,၃၆၅ |
| မြောက်အမေရိက | ကနေဒါ | ၃၃,၃၉၀,၁၄၁ | ၁.၀ | ၃၀၀,၃၄၅ |
| တောင်အမေရိက | ချီလီ | ၁၆,၂၈၄,၇၄၁ | ၀.၀၄ | ၆,၅၁၄ |
| အရှေ့အာရှ | တရုတ် | ၁,၃၂၁,၈၅၁,၈၈၈ | ၉၁ | ၁,၂၀၂,၈၈၅,၂၁၈ |
| တောင်အမေရိက | ကိုလံဘီယာ | ၄၄,၃၇၉,၅၉၈ | ၀.၀၁ | ၄,၄၃၈ |
| အမေရိက အလယ်ပိုင်း | ကိုစတာရီကာ | ၄,၁၃၃,၈၈၄ | ၂.၃၄ | ၉၆,၇၃၃ |
| အနောက် အာဖရိက | ကိုတီအိုင်ဗိုရီ | ၁၈,၀၁၃,၄၀၉ | ၀.၀၆ | ၁၀,၈၀၈ |
| ဘာကင်းစ် | ခရိုအေးရှား | ၄,၄၉၃,၃၁၂ | ၀.၀၃ | ၁,၃၄၈ |

www.kelasa.org
www.kelasa.org

www.kelasa.org



ဇယား (၉) အဆက်

ကမ္ဘာတစ်လွှား ဗုဒ္ဓဘာသာဝင်များ

| ဒေသ | နိုင်ငံ | လူဦးရေ(၂၀၀၇) | ရာခိုင်နှုန်း | ဗုဒ္ဓဘာသာဝင် |
|---|---|---|---|---|
| အရှေ့ ဥရောပ | ဟန်ဂေရီ | ၉,၉၅၆,၁၀၈ | ၀.၀၅ | ၅,၂၂၃ |
| အနောက် ဥရောပ | အိုက်စ်လန် | ၃၀၁,၉၃၁ | ၀.၁၅ | ၄၅၃ |
| တောင်အာရှ | အိန္ဒိယ | ၁,၁၂၉,၈၆၆,၁၅၄ | ၀.၈ | ၃၇,၉၁၃,၁၃၄ |
| အရှေ့တောင်အာရှ | အင်ဒိုနီးရှား | ၂၃၄,၆၉၃,၉၉၇ | ၁ | ၂,၃၄၆,၉၄၀ |
| အရှေ့အလယ်ပိုင်း | အီရန် | ၇၂,၁၂၂,၀၀၀ | မရှိ | မရှိ |
| အနောက် ဥရောပ | အိုင်ယာလန် | ၄,၁၀၉,၀၈၆ | ၀.၂ | ၈,၂၁၈ |
| အရှေ့အလယ်ပိုင်း | အစ္စရေး | ၆,၄၂၆,၆၇၉ | ၀.၁ | ၆,၄၂၆ |
| အနောက် ဥရောပ | အီတလီ | ၅၈,၁၄၇,၇၃၃ | ၀.၂ | ၁၁၆,၂၉၅ |
| ကာရစ်ဘီယံ | ဂျမေကာ | ၂,၇၈၀,၁၃၂ | ၀.၃ | ၈,၃၄၀ |
| အရှေ့အာရှ | ဂျပန် | ၁၂၇,၄၃၃,၄၉၄ | ၄၅ | ၁၂၃,၃၁၇,၉၅၃ |
| အရှေ့အာရှ | မြောက်ကိုးရီးယား | ၂၃,၃၀၁,၇၂၅ | ၄.၅ | ၁၅,၀၂၉,၆၁၃ |
| အရှေ့အာရှ | တောင်ကိုးရီးယား | ၄၉,၀၄၄,၇၉၀ | ၃၈ | ၁၈,၅၇၂,၅၀၀ |
| အရှေ့တောင်အာရှ | လာအို | ၆,၅၂၁,၉၉၈ | ၉၈ | ၆,၃၉၁,၅၅၈ |
| အရှေ့ ဥရောပ | လတ်ဗီးယား | ၂,၂၅၉,၈၁၀ | ၀.၀၀၄ | ၉၀ |
| အနောက် အာဖရိက | လစ်ဗေးရီးယား | ၃,၁၉၅,၉၃၁ | ၀.၁ | ၃,၁၉၆ |
| မြောက် အာဖရိက | လစ်ဗျား | ၆,၀၃၆,၉၁၄ | ၀.၃ | ၁၈,၁၂၀ |
| အရှေ့အာရှ | မကာအို | ၄၅၆,၉၈၉ | ၈၅ | ၃၈၈,၄၄၁ |
| အရှေ့ အာဖရိက | မဒါဂါစကာ | ၁၉,၄၄၈,၈၁၅ | ၀.၁ | ၁၉,၄၄၉ |
| တောင်အာရှ | မလေးရှား | ၂၄,၈၂၁,၂၈၆ | ၂၂ | ၅,၄၆၀,၆၈၃ |
| တောင်အာရှ | မော်လဒိုက် | ၃၆၉,၀၃၁ | ၀.၄၅ | ၁,၆၆၁ |
| အရှေ့ အာဖရိက | မောရစ်သျှန်း | ၁,၂၅၀,၈၈၂ | ၂.၅ | ၃၁,၂၇၂ |
| တောင်အမေရိက | မက္ကဆီကို | ၁၀၈,၇၀၀,၈၉၁ | ၀.၁ | ၁၀၈,၇၀၁ |
| အာရှ အလယ်ပိုင်း | မွန်ဂိုလီးယား | ၂,၉၅၁,၇၈၆ | ၉၄ | ၂,၇၇၄,၆၇၉ |
| တောင် အာဖရိက | နမီးဗီးယား | ၂,၀၅၅,၀၈၀ | ၀.၁ | ၂,၀၅၅ |

www.kelasa.org

www.kelasa.org

www.kelasa.org



ဇယား (၉) အဆက်

ကမ္ဘာတစ်လွှား ဗုဒ္ဓဘာသာဝင်များ

| ဒေသ | နိုင်ငံ | လူဦးရေ(၂၀၀၇) | ရာခိုင်နှုန်း | ဗုဒ္ဓဘာသာဝင် |
|---|---|---|---|---|
| တောင်အာရှ | နီပေါ | ၂၈,၉၀၁,၇၉၀ | ၂၁ | ၆,၁၅၉,၅၁၀ |
| အနောက်ဥရောပ | နေသာလန် | ၁၆,၅၇၀,၆၁၃ | ၁ | ၁၆၅,၇၀၆ |
| ကာရစ်ဘီယံ | Netherlands Antilles | ၂၂၃,၆၅၂ | ၀.၇ | ၁,၅၆၆ |
| သမုဒ္ဒရာကျွန်းစု | New Caledonia | ၂၂၁,၉၄၃ | ၃ | ၆,၆၅၇ |
| သမုဒ္ဒရာကျွန်းစု | နယူးဇီလန် | ၄,၁၁၅,၇၇၁ | ၁.၂ | ၄၉,၃၈၉ |
| အမေရိက အလယ်ပိုင်း | နီကာရာဂွါ | ၅,၆၇၅,၃၅၆ | ၀.၁ | ၅,၆၇၅ |
| အနောက်ဥရောပ | နော်ဝေ | ၄,၆၂၇,၉၂၆ | ၀.၄၂ | ၁၉,၄၃၇ |
| တောင်အာရှ | ပါကစ္စတန် | ၁၆၄,၇၄၁,၉၂၄ | ၀.၁ | ၁၆၄,၇၄၂ |
| အမေရိက အလယ်ပိုင်း | ပနားမား | ၃,၂၄၂,၁၇၃ | ၂.၁ | ၆၈,၀၈၆ |
| သမုဒ္ဒရာကျွန်းစု | Papua New Guinea | ၅,၇၉၅,၈၈၇ | ၀.၃ | ၁၇,၃၈၈ |
| တောင်အမေရိက | ပါရာဂွေး | ၆,၆၆၉,၀၈၆ | ၀.၅ | ၃၃,၃၄၅ |
| တောင်အမေရိက | ပီရူး | ၂၈,၆၇၄,၇၅၇ | ၀.၃၁ | ၈၈,၈၉၂ |
| အရှေ့တောင်အာရှ | ဖိလစ်ပိုင် | ၉၁,၀၇၇,၂၈၇ | ၃ | ၂,၇၃၉,၄၉၀ |
| အနောက်ဥရောပ | ပေါ်တူဂီ | ၁၀,၆၄၂,၈၃၆ | ၀.၁၈ | ၂၀,၀၀၀ |
| ဥရောပ အလယ်ပိုင်း | ပိုလန် | ၃၈,၅၁၈,၂၄၁ | ၀.၁ | ၃၈,၅၁၈ |
| ကာရစ်ဘီယံ | ပူရာတိုရီတို | ၃,၉၄၄,၂၅၉ | ၀.၀၃ | ၁,၁၈၃ |
| အရှေ့ အာဖရိက | ရီယူနီယံ | ၇၈၄,၀၀၀ | ၁ | ၇,၈၄၀ |
| အရှေ့ ဥရောပ | ရိုမေနီးယား | ၂၂,၂၇၆,၀၅၆ | ၀.၀၁ | ၂,၂၂၈ |
| အရှေ့ ဥရောပ | ရုရှား | ၁၄၁,၃၇၇,၇၅၂ | ၁.၄၅ | ၂,၀၄၉,၉၇၇ |
| တောင် အာဖရိက | ဆီနီဂဲလ် | ၁၂,၅၂၁,၈၅၁ | ၀.၀၁ | ၁,၂၅၂ |
| ဘာကင်းစ် | ဆားဗီးယား | ၁၀,၁၅၀,၂၆၅ | ၀.၀၁ | ၁,၀၁၅ |
| အရှေ့ အာဖရိက | Sino-Seychellois | ၈၁,၈၉၅ | ၁ | ၈၁၉ |
| အရှေ့တောင်အာရှ | စင်္ကာပူ | ၄,၅၅၃,၀၀၉ | ၆၁.၁ | ၂,၇၈၁,၈၈၈ |
| ဥရောပ အလယ်ပိုင်း | ဆလိုဗားကီးယား | ၅,၄၄၇,၅၀၂ | ၀.၁ | ၅,၄၄၇ |
| ဥရောပ အလယ်ပိုင်း | ဆလိုဗီနီးယား | ၂,၀၀၉,၂၄၅ | ၀.၀၇၅ | ၁,၅၀၀ |



ဇယား (၉) အဆက်

ကမ္ဘာတစ်လွှား ဗုဒ္ဓဘာသာဝင်များ

| ဒေသ | နိုင်ငံ | လူဦးရေ(၂၀၀၇) | ရာခိုင်နှုန်း | ဗုဒ္ဓဘာသာဝင် |
|---|---|---|---|---|
| အနောက် ဥရောပ | စပိန် | ၄၀,၄၄၈,၁၉၁ | ၀.၇၅ | ၃၀၀,၀၀၀ |
| တောင် အာဖရိက | တောင် အာဖရိက | ၄၃,၉၉၇,၈၂၈ | ၀.၁ | ၄၃,၉၉၈ |
| တောင်အာရှ | သီရိလင်္ကာ | ၂၀,၉၂၆,၃၁၅ | ၇၀ | ၁၄,၆၄၈,၄၂၁ |
| တောင်အမေရိက | ဆူရီနာမီ | ၄၇၀,၇၈၄ | ၁ | ၄,၇၀၈ |
| အနောက် ဥရောပ | ဆွီဒင် | ၉,၀၃၁,၀၈၈ | ၀.၂ | ၁၈,၀၆၂ |
| အနောက် ဥရောပ | ဆွစ်ဇာလန် | ၇,၅၅၄,၆၆၁ | ၀.၂၉ | ၂၁,၉၀၉ |
| အရှေ့အာရှ | တိုင်ဝမ် | ၂၂,၈၅၈,၈၇၂ | ၉၃ | ၂၁,၅၃၀,၃၅၈ |
| အရှေ့ အာဖရိက | တန်ဇန်နီးယား | ၃၉,၃၈၄,၂၂၃ | ၀.၁ | ၃၉,၃၈၄ |
| အရှေ့တောင်အာရှ | ယိုးဒယား | ၆၅,၀၆၈,၁၄၉ | ၉၅ | ၆၁,၈၁၄,၇၄၂ |
| ကာရစ်ဘီယံ | Trinidad and Tobago | ၁,၀၅၆,၆၀၈ | ၀.၇ | ၇,၃၉၆ |
| အနောက် ဥရောပ | ယူကရိန်း | ၄၆,၂၉၉,၈၆၂ | ၀.၁ | ၄၆,၃၀၀ |
| အနောက် ဥရောပ | ဗြိတိန် | ၆၀,၇၇၆,၂၃၈ | ၀.၃ | ၁၅၂,၀၀၀ |
| မြောက်အမေရိက | အမေရိကန် | ၃၀၁,၁၃၉,၉၄၇ | ၀.၇ | ၆,၀၂၂,၇၉၉ |
| တောင်အမေရိက | ဥရုဂွေး | ၃,၄၆၀,၆၀၇ | ၀.၁ | ၃ယ၄၆၁ |
| သမုဒ္ဒရာကျွန်းစု | နော်ဝေ | ၂၁၁,၉၇၁ | ၁ | ၂,၁၂၀ |
| တောင်အမေရိက | ဗင်နီဇွဲလား | ၂၆,၀၂၃,၅၂၈ | ၀.၂ | ၅၂,၀၄၇ |
| အရှေ့တောင်အာရှ | ဗီယက်နမ် | ၈၅,၂၆၂,၃၅၆ | ၈၅ | ၇၂,၄၇၃,၀၀၃ |
| အရှေ့တောင်အာရှ | ဇင်ဘာဘွေ | ၁၂,၃၁၁,၁၄၃ | ၀.၁ | ၃၇ |
| | စုစုပေါင်း | ၆,၆၇၉,၂၅၂,၀၄၀ | ၂၈.၇၇၅ | ၁,၉၂၁,၉၈၉,၆၄၁ |

_______________________

www.kelasa.org

www.kelasa.org